www.burmeseclassic.com

# ဘကြီးတော်မင်း

အဆေပ္ပတ္တိတာန် ရညသသမိုင်းနောက်ခံဝတ္ထု

BURMESE CLASSIC



မောင်ဖေငယ်



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၂၀၀၈၁၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၅၁၀၁၀၉

ပုံနှိပ်ခြင်း
ပထမအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၀၉ ခုနှစ်။
အုပ်ရေ - ၅၀၀

မျက်နှာဖုံးပုံနှိပ်ခြင်း
စမ္ပူမော်ပုံနှိပ်တိုက်
အမှတ် (၁၀၆)၊ ၄၁ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်ခြင်း
ဇွယ်တော်ပုံနှိပ်တိုက်
အမှတ် (၈၇)၊ (၅၆) လမ်း၊ (၂) ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ဝင်းမြင့်ဦး

တန်ဖိုး
၂၃၀၀ ကျပ်

## အခန်းစဉ်

၁။ မဟာခွယ် မဟာသွေး

၂။ ထီးမွေနန်းရဲ

၃။ ဆရာတော် ဦးဗုဒ်

၄။ ရန်ကုန်စစ်ပွဲ

၅။ ကျားကိုက်တာ နွားသလား

www.burmeseclassic.com

www.burmeseclassic.com

# မဟာနွယ် မဟာသွေး

www.burmeseclassic.com

www.burmeseclassic.com

၁

ဘိုးတော် ဗဒုံမင်းတရားကြီး နတ်ရွာစံသည်နှင့် အိမ်ရှေ့စံ စစ်ကိုင်းမင်းသားသည် ဘုရင်မင်းတရား ဖြစ်လာသည်။

၇-၆-၁၈၁၉ မှာ ဖြစ်တယ်။

ရွှေနန်းတော် သိမ်းကာစ မြန်မာရှင်ဘုရင်တို့အတိုင်းပဲ ပြုတယ်ပေါ့။ ထုံးစံအတိုင်း သစ္စာရေတိုက်တယ်။ ရာထူးအဆင့်နဲ့အလိုက်ပေါ့။ ချီးမြှောက်သင့်သူများကို ချီးမြှောက်တော် မူတယ်။ အခွန်အကောက် လွတ်ငြိမ်းခွင့် အမိန့်များကိုလည်း ထုတ်တယ်။

ဘွဲ့ထူး ဂုဏ်ထူး ဆုလာဘ်အသီးသီးကိုလည်း ချီးမြှင့်တော်မူတယ်။ အဲဒီအထဲမှာ မကျေနပ်တဲ့သူတွေကလည်း ဒုနဲ့ဒေးပဲ။

အကြောင်းက ရှိပါတယ်။ မဆိုင်တဲ့ လုံးဝ မပတ်သက်သင့်တဲ့သူတွေ တပါ မြို့စား ရွာစားတွေ ရနေတာကိုး။ ပြီးတော့လည်း သည်ဖြစ်ရပ်က ဘယ်သူတွေကမှ မျှော်လင့်မထားကြဘူး။ မျှော်လင့်မထားတာတွေက ဖြစ်လာတော့ ဘယ်သူကမှ မကျေနပ်ချင်ကြဘူးပေါ့။

ဒါကြောင့် ဘုရင်မင်းတရားကြီးအဖို့ မေးငေါ့စရာတွေ၊ အတင်းအဖျင်း ပြောဖို့ရာတွေဟာ ဖြစ်လာတာပဲပေါ့။

ဘုရင်မင်းတရားကြီးရဲ့ မိဖုရားမယ်နုရဲ့အစ်ကို မောင်အိုတာ စလင်းမြို့ကို မြို့စား သနားခြင်းခံရတယ်။ မြို့စားက ရိုးရိုးသနားခံရတာ မဟုတ်ဘူး။ မဟာမျိုး မဟာနွယ် မင်းတို့ရဲ့ အစီးအနင်း အဆောင်အရွက်များပါ ချီးမြှင့်ခြင်း ခံရခြင်း ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်ပဲပေါ့ သာမန်ကျေးတောသားကလေး မောင်အိုဟာ စလင်းမင်းသားကြီး ဦးအိုအဖြစ် ကျော်ကြားခဲ့ပြီလေ။

ဒါကို ရွှေနန်းတော်အတွင်းမှာ ရှိနေတဲ့ ဆွေတော်မျိုးတော်က စုတ်သတ်ကြတယ်။ လုပ်ရက်တော်မူလေခြင်းလို့လည်း ပြောနေကြတယ်။ ညည်းညူနေကြတယ်။

ဒီကိစ္စဟာ ကောင်းတဲ့ လက္ခဏာ မဟုတ်ဘူး။ နောက်ဖြစ်ရပ်တွေက သည့်ထက်များ ဆိုးလာဦးမလား၊ပဲ။ ဒါဟာ သူတို့အတွက် ရှေ့ပြေးများလားဆိုတဲ့ အတွေးများဟာ တစ်ဖက်အုပ်စုရဲ့ အတွေးတွေမှာ ရှိနေကြတယ်။

တကယ်တော့ မဟာနွယ် မဟာသွေး ဆိုတဲ့သူတွေမှာလည်း အူတိုတတ်တဲ့ စိတ်ထားတွေဟာ ရှိနေတာပဲ။

ဟုတ်တာပဲလေ။ အခုဆိုရင် ရွှေနန်းတော်ထဲမှာက တခြား ချီးပစရာ၊ မြှောက်စားဖို့ ညီတော်၊ နောင်တော်တွေဟာ မနည်းလှဘူး။ ဒါတွေကိုကျော်ပြီး မောင်အိုကို မင်းသားဘွဲ့ ချီးပေးတယ်ဆိုတာဟာ လွန်တာပေါ့။

တို့အရှင်သခင်က မယားဘက် ခပ်ပါပါ ဖြစ်နေပြီကိုး။ သည်တော့ တိုးတိုးတိတ်တိတ် အတင်းပြောတဲ့ အသံတွေဟာ ရွှေနန်းတော်အတွင်းမှာ ပျံ့နှံ့နေလေရဲ့။

ဒါကို မကျေနပ်ဘူး ဖြစ်ရသူကတော့ ပြည်မြို့စားနှင့် ဘထွေးတော်တောင်ငူစားတို့ပဲ။ ပြည်မြို့စားဆိုတာက သေဆုံးသွားခဲ့ပြီ ဖြစ်တဲ့ အိမ်ရှေ့မိဖုရား ဆင်ဖြူမယ်ရဲ့ ခမည်းတော်ပဲ။ စစ်ကိုင်းမင်းသားရဲ့ ယောက္ခမပေါ့။

ဒါပေမဲ့ ရုတ်ချည်း အရေးမယူသေးဘူး။ သူတို့ရဲ့ အခြေအနေကို စောင့်ပြီး အတဲခတ်နေဟန် ရှိတယ်။ ဒါကလည်း အကြောင်းရှိပါတယ်။ မကြာခင်မှာ နိုင်ငံတော်ရဲ့ မိဖုရားခေါင် ကြီးကို ရွေးချယ်ရတော့မယ်။

ဘုရင်မင်းတရားကြီးအသစ် ဖြစ်လာသည့် စစ်ကိုင်းမင်းသားဟာ နိုင်ငံရေး အရှုပ်အထွေးများကို ဖြေရှင်းနေရတယ်။ အုပ်ချုပ်ပုံ စနစ်အသစ် ခန့်ခွဲနေရတယ်။ ရွှေနန်းတော် အတွင်းမှာ ငြိမ်သက်အောင်



ကျေနပ်မှုရှိရလေအောင် စီမံနေရတယ်။

သည်ကိစ္စရပ်တွေကို ဆောင်ရွက်နေရလို့ နှစ်ဝက်ကျိုးသွားခဲ့ရပြီ ဖြစ်တယ်။ ဖြစ်ရမှာက ရှင်းရှင်းလေးပါပဲ။ အစဉ်အလာကို ပြောမယ်ဆိုရင် အိမ်ရှေ့မိဖုရားသာလျှင် တောင်ညာစံဖြစ်ရိုးရှိတယ်။ သည်အတွက် တစ်စုံတစ်ရာ ဘာမျှစီမံနေဖို့ မလိုဘူး။ ခေါင်းရှုပ်ခံနေဖို့ မလိုဘူး။ ပြီးတော့လည်း ကိုယ်ကိုနှိုက်က လုပ်ချင်တာ လုပ်ချင်လို့ ဖြစ်နေတာပဲ။

တကယ်တော့ ဒါဟာ အများနဲ့ဆိုင်တဲ့ ပြဿနာ မဟုတ်ဘူး။ တစ်ဦးတစ်ယောက်တည်းနဲ့သာ သက်ဆိုင်တယ်။ တခြားအရေးကြီးတဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ရှင်းနေရလို့ မိဖုရားကြီးတင်မြှောက်ရေးကို ခဏဘေးဖယ်ထားရတယ်။ တခြားမိဖုရားများ ရာထူးခန့်ထားရေးများကို လှည့်မကြည့်နိုင်ဘဲ ရှိခဲ့တယ်။

လောင်မီးကျနိုင်တဲ့ ပြဿနာကို အေးအေးဆေးဆေး ကိုင်တွယ်လိုဟန်တူရဲ့။ ဟုတ်တာ ပေါ့။ ဘိုးတော်မင်းတရားရဲ့ ချမှတ်ခဲ့တဲ့ အမိန့်တော်ကလည်း ရှိနေတယ်။ ပန်းတောင်းမင်းသမီးကို တောင်ညာစံ တင်ရမယ်ဆိုတာပေါ့။ ပြီးတော့လည်း အဲဒီမင်းသမီးက လက်ရှိမိဖုရားတစ်ပါးဖြစ်နေတယ်။

အခုဆိုရင် သူ့အသက်ဟာ တစ်ဆယ့်တစ်နှစ် ရှိနေပြီ။ ဒါပေမဲ့ မိဖုရားတို့ တတ်အပ်တဲ့ အဌာရဿတော့ တတ်ဟန် မတူသေးဘူး။ နန်းမတော်တို့၏ တာဝန်ဝတ္တရားများကိုလည်း ဆောင်ရွက်နိုင်စွမ်း မရှိသေးဘူး။ ကလေးအရွယ်ဆိုပေမဲ့ စစ်ကိုင်းမင်းသားအပေါ် ဆက်ဆံရာမှာ မောက်မာမှု ရှိလှတယ်။ ရိုရိုသေသေ မဆက်ဆံဘူး။

တွေ့တိုင်း ဆူလိုက် ဆောင့်လိုက်နှင့်ပဲ ရှိနေတယ်။ သူ့ရဲ့နောက်မှာက ဆွေတော် မျိုးတော်ရဲ့ အင်အားက နည်းတာ မဟုတ်ဘူး။ သူတို့ရဲ့ ချယ်လှယ်မှု၊ ကြိုးကိုင်မှုတွေ ပါမှာအမှန်ပဲ။ သူတို့ရဲ့ ဩဝါဒစကားတွေကို ပန်းတောင်းမင်းသမီးကလေးက နားယောင်နေရှာတယ်။ သည်အတွက်ကြောင့် စစ်ကိုင်းမင်းအဖို့ ကြီးစွာသော အခက်အခဲနဲ့ ကြုံတွေ့နေရတယ်။

နတ်ရွာစံပြီးဖြစ်တဲ့ ဘိုးတော်ဘုရားရဲ့ ရာဇသံအမိန့်တော်ကိုလည်း မဖီဆန်ရဲဘူး။ နှစ်သက်မြတ်နိုးခြင်း မရှိတဲ့ ပန်းတောင်းမင်းသမီးကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



တောင်ညာမတင်ချင်ဘူး။ ခုမှ ဘကြီးတော်မင်းအဖို့ အခက်တကာ့ အခက်နဲ့ ကြုံနေရရှာတယ်။

မိမိမြတ်နိုးလှတဲ့ မယ်နုအတွက်လည်း ထည့်စဉ်းစားနေရတယ် ဟုတ်တာပေါ့။ မစဉ်းစားလို့ မဖြစ်ဘူး။ သူ့အင်မတန်မှ ချစ်ခင်ရတဲ့ မယ်နု တစ်ယောက် အထင်လွဲမှာ စိတ်ဒုက္ခ ရောက်သွားမှာကို သူအင်မတန် စိုးရိမ်တယ်။ ချစ်သူရဲ့ အထင်လွဲမှု၊ စိတ်မချမ်းသာမှုကို ဘယ်သူက တော ခံချင်မှာတဲ့လဲ။

စလင်းမြို့စားအဖြစ်ရော မင်းသားဘွဲ့ပါ ပေးထားလိုက်တဲ့ မောင်အိုကို မကျေနပ်ကြဘူး။ သည်တော့ မကျေနပ်သူတစ်စုက တစ်ထောင့်က ပွက်နေတယ်။ ဒါကို ဆွေတော် မျိုးတော်များက အဲဒီအမိန့် ကို ပြန်ရုပ်သိမ်းဖို့ ဆူပူနေကြတယ်။

ဒါကတော့ ပဒေသရာဇ် စနစ်ရဲ့ လောင်းရိပ်အောက်ကလူတွေ မဟုတ်လား။ ဆူပူတယ်ဆိုပေမဲ့ ပြောင်ပြောင်တင်းတင်းကြီးတော့ ဘယ်သူကမှ ပြောရဲကြတာ မဟုတ်ဘူး။ မင်းသားကြီး မလုပ်ရလို့ ပတ်မ ကြီး ထိုးဖောက်ချင်ကြသည့် ဆွေတော်မျိုးတော် တစ်စုပဲပေါ့။ ကြာလာ တော့ ဘုရင်မင်းတရားကြီးလည်း သည်းခံနိုင်စွမ်း မရှိတော့ဘူးထင်ပါရဲ့။

"မောင်အိုနဲ့ ပတ်သက်လို့ နောက်ထပ် မတင်ရ" လို့ အမိန့်တော် ရှိလိုက်တယ်။

သည်တော့မှပဲ ငြိမ်သွားတော့တယ်။ ညီတော် သာယာဝတီ မင်းသားကြီး၊ နှမတော် တောင်တွင်းကြီး မင်းသမီးနှင့် ဘထွေးတော်ကြီး များလည်း ပါတယ်။

ဗဒုံမင်းတရားကြီး နတ်ရွာစံချိန်မှာ ဆွေတော်မျိုးတော်ပေါင်း ငါးရာနီးပါး ကျန်ရစ်ခဲ့တယ်။ သားတော် ခုနစ်ဆယ်၊ သမီးတော် ခြောက် ဆယ့်ငါးယောက်၊ မြေးတော် မင်းသား တစ်ရာကျော်၊ မြေးတော် မင်းသမီး တစ်ရာ့လေးဆယ်၊ မြစ်တော်မင်းသား ငါးဆယ်၊ မြစ်တော် မင်းသမီး နှစ်ဆယ့်ငါးတို့ပဲ။ သူတို့ကို ဘထွေးတော်၊ အရီးတော်များက အုပ်ချုပ် တယ်။



သည်တော့ သူတို့ရဲ့ ဩဇာက မင်းသား၊ မင်းသမီးများအပေါ်မှာ ရှိနေတယ်။ ဘကြီးတော်မင်းတောင်မှ သူတို့လောက် ဩဇာမကြီးဘူး။ သည်လို ဆွေတော်မျိုးတော်များ နေ့လို့ပဲထင်ရဲ့ သူတို့တစ်တွေဟာ တယ် ဂရုမစိုက်ချင်ကြဘူး။ လောလောဆယ်ကတော့ သူတို့ကို ကျော်လွန်ပြီး အလုပ်လုပ်လို့ မရသေးဘူး။

သွေးအေးသလောက်ရှိမှပဲ လုပ်ရမှာပဲ။ အမိကကတော့ ချစ်သူ ကောင်းစားရေး၊ စိတ်ချမ်းသာရေးအတွက်ပေါ့။ သည်အရေးမှာ မယ်နုတို့ ဘက်ကလည်း ကြိုးစားတန် သလောက်တော့ ကြိုးစားကြမှာပါပဲ။

တကယ်ဆိုရလျှင် ဆွေတော်မျိုးတော်များကို အုပ်ချုပ်ရသည့် ဘထွေးဝတော်၊ အရီးတော်များကား နန်းတော်အတွင်းမှာသာ အာဏာ ရှိတာ မဟုတ်ဘူး။

တိုင်းပြည်အပေါ်မှာလည်း တန်ခိုးရှိသူများ ဖြစ်တယ်။ ချယ်လှယ် နိုင်တယ်။ သူတို့ရဲ့ ဩဇာခံဖြစ်တဲ့ မှူးမတ်များဟာ လွှတ်တော်၊ ဗြဲတိုက် တော်နဲ့ စစ်ဘက်ဌာနများကို အုပ်ချုပ်နေ သူများ ဖြစ်တယ်။ သည်တော့ ဘကြီးတော်မင်းအဖို့ မလွယ်သာဘူးပေါ့။

ဒါဟာ ဘုရင်မင်းတရားကြီး လုပ်နေပြီး မိမိလုပ်ချင်တိုင်း လုပ်လို့ မဖြစ်တဲ့ဖြစ်ရပ်ကလေးတွေပေါ့။ ရှင်ဘုရင်လုပ်နေပြီး ဆင်းရဲသားတွေ လောက်မှ လွတ်လွတ်လပ်လပ် မရှိတဲ့ အဖြစ်ဘဲ။ သည်အရေးဟာ ရွှေနန်းတော်အတွင်းမှာ တငွေ့ငွေ့ တောက်လောင်နေတယ်။

နတ်ရွာစံပြီး ဖြစ်တဲ့ ဘိုးတော် ဗဒုံမင်းတရားရဲ့ ရာဇသံကလည်း သူ့ကို သတိပေးနေ သယောင်ယောင် ခြောက်လှန့်နေသယောင်ပေါ့။ အဲဒီရာဇသံက သူ့ကို အခက်အခဲ တွေ့စေတယ်။

သည်အချိန်မှာ မယ်နုအဖို့ သားတော်တစ်ပါးနှင့် သမီးတော်တစ်ပါး ကို မွေးဖွားခဲ့ပြီး ဖြစ်တယ်။ စစ်ကိုင်းမင်း အိမ်ရှေ့မင်းဖြစ်စမှာပဲ သမီး တော် ဖွားမြင်ခဲ့သည်။ နှစ်ဝက်မျှပဲ အသက်ရှည်တယ်။

နောက်တစ်နှစ်မှာ သားတော်တစ်ပါး ဖွားမြင်တယ်။ ခုနစ်နှစ်သား အရွယ် မှာ ကံကုန်ရှာ တယ်။ ပလိုင်းရွာစားကြီး ဖြစ်ပြီးမှ တော့တော်ပေါင်း

www.burmeseclassic.com



တဲ့အတွက် ကံကုန်ခြင်း ဖြစ်တယ်။ မယ်နုအဖို့ကား တစ်နေ့တခြား လှပတင့်တယ်ခြင်းများနဲ့ ပြည့်စုံနေတယ်။ သူ့အဖို့မှာတော့ လှပမယ့် အနာဂတ်ကို ငံ့လင့်နေဟန်တူတယ်။ တစ်နေ့မှာ နိုင်ငံတော်ရဲ့ အမြင့်မားဆုံးသော နေရာမှာ ရှိရမယ်လို့လည်း အားတင်းနေဟန်တူရဲ့။

မကြာပါဘူး။ ကုသိုလ်ကံကြမ္မာဟာ ပြောင်းလဲလာပါပြီ။ အတွင်းတော်မှာ စိုးရိမ်မကင်း ဖြစ်နေကြတဲ့ ပြဿနာဟာ ပြီးပြေသွားခဲ့ပြီး အဖြေပေါ်သွားခဲ့ပြီပေါ့။ ဘယ်သူမှ မမျှော်လင့်တဲ့ အဖြစ်ပဲ။

တောင်ညာစံ ရာထူးအတွက် သောကများနေကြတဲ့ မင်းဆွေမင်းမျိုးတွေအဖို့ ဟာကနဲ ဖြစ်သွားကြပြီပေါ့။ တခြားသမီးတော်တွေကို တောင်ညာစံ မတင်သည့်တိုင်အောင် ခုလက်ရှိ မိဖုရား ပန်းတောင်းမင်းသမီးတော့ တင်မှာပဲပေါ့။ ဒါက သူတို့ရဲ့ ထင်တစ်လုံး။

ပြီးတော့လည်း သည်လောက်များတဲ့ ဆွေတော်မျိုးတော်တွေရဲ့ အရှိန်ကြောင့် ဘကြီးတော်မင်းဟာ ဘာမှလုပ်ရဲမှာ မဟုတ်ဘူးပေါ့။ ဘိုးတော်ဘုရားရဲ့ အမိန့်တော်တမ်းကြီးကလည်း မဟာသွေး မဟာနွယ်များဘက်က ရှိနေတယ် မဟုတ်လား။

ခုတော့ သည်လို မဟုတ်ဘူး။ သူတို့ မလိုလားဆုံးသော မယ်နုကို တောင်ညာစံဒေဝီ အဖြစ် နန်းတင်လိုက်ပြီ ဆိုပါကလား။ အတွင်းတော်မှာ လှုပ်လှုပ်ရွရွ ဖြစ်သွားတယ်။ သူ့အစုနှင့်သူ တိုးတိုး ပြောနေကြတယ်။

သည်ဖြစ်ရပ်ဟာ လုံးဝကောင်းတဲ့ အဆင်အပြင် မဟုတ်ဘူး။ ဘိုးတော်မင်းတရားကြီး ရဲ့ ရာဇသံကို ဦးထိပ်ထားရမှာပဲ။ အဲဒီအမိန့်တော်အတိုင်း လိုက်နာရမှာပဲ။ ရွှေဘိုထီးနန်း စည်းကမ်းဥပဒေအရ မိဖုရားခေါင်ကြီးဆိုတာဟာ မင်းမျိုးမင်းနွယ်အစစ်မှ ဖြစ်ထိုက်တာပဲ။

ကြက်မှာအရိုး၊ လူမှာ အမျိုး ဆိုသလိုပေါ့။ ဒါကို ဘုရင်မင်းတရားကြီးက ဂရုစိုက်တော် မမူဘူး။ သူလုပ်ချင်တဲ့ ကိစ္စရပ်တွေကို ဖန်တီးပြီးပြီ။ လုပ်ကိုင်ပြီးခဲ့ပြီမို့ ကျေနပ်နေတော်မူတယ်။

လူမှုရေးထက် ကိုယ့်ရေးကိုယ်တာကို ပိုပြီး အသုံးချခွင့် ပေးရမယ်ပေါ့။ ဘကြီးတော်မင်းရဲ့ အမြင်မှာတော့ ဒါဟာ စွန့်စားမှုတစ်ရပ်လို့ပဲ မြင်ဟန်ရှိတယ်။ သူတို့ ပြောသလို မယ်နုဟာ သာမန်အရပ်သူ ဖြစ်တယ်။ ဒါပေမဲ့ ဘုရင်က ကောက်တော်မူတော့ မိဖုရားပေါ့။



တရုတ်ပြေးမင်းရဲ့ မိဖုရားခေါင်ကြီး မိဖုရားစောညိုဆိုတာဟာ မင်းသွေးစင်စစ် မဟုတ်ဘူး။ ဆိတ်ထိန်း ကမ်းဖြူရွာက ကျေးတောသူတစ်ယောက်ပဲ။ မြင်စိုင်းဝက်ဝံအရပ် ဝါးတောထဲက ရတဲ့ ဝေဠုဝတီကို မိဖုရားကြီးအဖြစ် မြှောက်စားသေးတာပဲ။ ကဲ. . . သူ့ လောက် တောသူကျတာ ဘယ်မှာ ရှိသေးလို့လဲ။

ခြောက်ဆယ့်လေးပါးသော မိန်းမမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံလျှင် မိဖုရားခေါင်ကြီး မြှောက်ထိုက်သည်လို့ သာသနာတော်ကျမ်း၊ လောကီကျမ်းမှာ ရှိခဲ့တယ်။

ဒါပဲပေါ့။ တောင်ညာစံမိဖုရားဆိုတာ ရုပ်လက္ခဏာနှင့် အရည်အချင်း ပြီးတော့ အကျင့်သီလကောင်းရင် ပြီးတာပဲ။ အမျိုးအရိုးဆိုတာ မလိုပါဘူး။ ဘုရင်မင်းတရားကြီး စိတ်ကျေနပ်ရင် ပြီးတာပဲ။ တကယ်တမ်း နီးနီးကပ်ကပ် နေရတာက သူတို့မဟုတ်လား။

သည်တော့ လူမှာအမျိုး၊ ကြက်မှာ အရိုးဆိုတဲ့အစား ကြက်မှာအမြစ်၊ လူမှာ အချစ်လို့ ပြောင်းလိုက်ရုံပဲပေါ့။ ဘယ်သူတွေ ဘာပဲပြောပြောပေါ့။ ရွှေနန်းရှင်သခင်ဘုရားဟာ သူ လုပ်ချင်ရာကို လုပ်တော့မှာပဲ။ တကယ်တော့ ပုထုဇဉ်လူသားထဲက လူသားတစ်ဦးဖြစ်တဲ့ ဘကြီးတော်မင်းဟာ သူ့ချစ်သူ ကောင်းစားဖို့ ကြံတာပဲပေါ့။

သူပြောပြခဲ့တဲ့ အကြောင်းပြချက်တွေဟာလည်း အချက်ကျကျနဲ့ လှပတဲ့ အကြောင်းအရာတွေပဲ။ ရှေ့မှာရှိခဲ့ ဖြစ်ခဲ့တာတွေကို မှတည်ပြီး ပြောတာပဲ ဖြစ်တယ်။

ဘကြီးတော်မင်းဟာ စကားပရိယာယ် မတတ်ဘူး။ စကားနည်းတယ်။ ဖြစ်ချင်တာကို တိုက်ရိုက်ပြောတယ်။ ဣန္ဒြေကြီးတယ်။ ဒါကြောင့် သူ့ကို အတွန့်မတက်ရဲပဲ ရှိနေကြတယ်။

ဘကြီးတော်မင်း နန်းတက်စ နှစ်အနည်းငယ်အထိ သည်အရေးဟာ မပြတ်ခဲ့သေးဘူး။ ရွှေနန်းတော်အတွင်းမှာ တငွေ့ငွေ့တောက်လောင်နေခဲ့တယ်။ သူ့အဖို့ မယ်နုသာလျှင် တောင်ညာစံဒေဝီဖြစ်စေဖို့ ကြိုးစားနေတယ်။ သည်အရေးမှာ မိမိတို့ဘက်က လုံးဝ အလျှော့ပေးလို့ မဖြစ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သည်အခါ တိမ်းလိုက်လျှင်တော့ တစ်သက်လုံး နလန်ထူနိုင်မှာ မဟုတ်ဘူး။ အထူး သဖြင့် မယ်နုအဖို့ အဖိအနှိမ့်ခံရမှာပဲ။ ဒါပေမဲ့ပေါ့ လူဆိုတာ အခက်သားကလား။ ဘယ်သူမှ အထွဋ်အထိပ်ကို မရောက်ချင် ဘူးဆိုတာ မရှိဘူး။

ရောင့်ရဲတတ်တဲ့သူဟာ နည်းလှတယ်။ ရှိနေတဲ့ နေဥစ္စာနဲ့ အဆင့် အတန်းထက်ပိုပြီး လိုချင်တဲ့သူ၊ ယူချင်တဲ့သူတွေချည်းပဲ။ အခု တောင်ညာ စံဒေဝီနေရာအတွက်ကလည်း အလျှော့ပေးလို့ မဖြစ်ဘူး။ အကြောင်းက ရှိတယ်။ မယ်နုကိုသာ မိဖုရားခေါင်ကြီးအဖြစ် မအပ်နှင်းနိုင်ခဲ့ရင်တော့ ရွှေနန်းတော်အတွင်းမှာ ပိုမိုရှုပ်ထွေးလာစရာ အကြောင်းတွေ ရှိလာမယ် လို့ ထင်နေတယ်။

ပူပူနွေးနွေး မင်းသားအရာ ရထားတဲ့ မောင်အို၊ ပြည်မင်းသားရဲ့ မိဖုရား၊ ပေါင်းထည် မြို့စား မယ်ပုတို့ အုပ်စုအနေနဲ့ ဆွေတော်မျိုးတော် များ အုပ်စုက အားပြိုင်နေကြပြီ မဟုတ်လား။

ခက်တာက ဆွေတော်မျိုးတော်တို့ရဲ့ သဘောထားပဲ။ သူတို့အားလုံး ဟာ မယ်နုကို မိဖုရားခေါင်ကြီးဖြစ်မှာ စိုးရိမ်နေကြတယ်။ မိမိတို့အထဲက မင်းသမီးတွေကို ခေါင်းခေါက် ယူနိုင်လျက်နဲ့ မထင်ရှားတဲ့ တောင်နန်း တော် အပျိုကလာတဲ့ မယ်နုကို မယူစေချင်ဘူး

မင်းသွေးမင်းသက်တွေရဲ့ကြားမှာ အရပ်သူတစ်ယောက် ကြီးကျယ် မှာတို့ မမြင်လိုဘူး။ မရှုစိမ့်ကြဘူး။ မနာလိုကြဘူးပေါ့။ ပြီးတော့လည်း သာမန်အရပ်သူမျှသာရှိတဲ့ မယ်နုကို ခုရထားတဲ့ အဆင့်အတန်းတောင်မှ များနေပြီလို့ ထင်ဟန်ရှိနေကြတယ်။

နဂိုက ထက်ထက်မြက်မြက် ရှိနေတဲ့ မယ်နုကို ဦးချိုးထားချင်ကြ တယ်။ ဒါမှလည်း ခေါင်းထောင်စပြုနေတဲ့ မယ်နုတို့ အုပ်စုဟာ ငြိမ်ကျ သွားမယ်ပေါ့။ သည်အရေးကို သာယာဝတီမင်းသားကြီးက မြင်တော် မူတယ်။ သင်းတို့ မောင်နှမသာ ကောင်းစားခဲ့လျှင်တော့ အားလုံးသော ဆွေတော်မျိုးတော်တွေဟာ ပြားပြားဝပ်ရတော့မှာပဲ။ ဘာမဟုတ်တဲ့ အနုံ ညာတ တောသူကို ဒူးထောက်ခစားရမှာ ဝန်လေးစရာပဲပေါ့။



ဘကြီးတော်မင်းအဖို့ကား ဘေးကြပ်နံကြပ် ဖြစ်နေတယ်။ ဝေခွဲလို့ မရသေးဘူး။ တိတိကျကျ အဖြေရှာမရတော့ဘူး။ ဒါပေမဲ့ မယ်နု မိဖုရား ခေါင်ကြီးဖြစ်ရမယ်လို့ စဉ်းစားနေဟန် ရှိတယ်။ ရွှေနန်းတော်တစ်ခုလုံး က မယ်နုကို မလိုမုန်းတီး ရှိနေတာကိုလည်း သူသိတယ်။

တကယ်တော့ သူတို့ကသာ မုန်းနေတာပဲ။ မယ်နုကတော့ ဘာမျှ လုပ်ရတာ မဟုတ်ဘူး။ သူ့ဘာသာသူ အေးအေးနေနေတာပဲ။ သူ့အဖို့က တော့ အိမ်တော်ပါ မိဖုရား ဖြစ်နေတော့ အချိန်ပိုတာ မဆန်းပါဘူး။ နောက်ပြီး မယ်နုရဲ့ ယုယမှု၊ ကြင်နာမှု အရိပ်လက္ခဏာတွေကလည်း သူ့ကို ပွေ့ဖက်ထားတယ်။

အမှန်ပြောရလျှင် မယ်နုအဖို့ ရွှေနန်းတော်အထဲမှာ နေရတာ မျက်နှာငယ်စရာပါပဲ။ ပြေးကြည့်မှ မောင်တော် မောင်အိုနှင့် အရီးတော် မယ်ပုတို့ပဲ ရှိတယ်။ သည်တော့ သည်လင် ကလွဲပြီး ရွှေနန်းတော်အတွင်း မှာ အားကိုးစရာ မရှိဘူးပေါ့။ ဒါကြောင့်လည်း စစ်ကိုင်းမင်းက မယ်နု အပေါ် အသနားစိတ် ပိုနေခြင်းပဲ ဖြစ်တယ်။

တကယ်တော့ သည်မိဖုရားခေါင်ကြီးအရေးဟာ ရွှေနန်းတော် အတွင်းရဲ့ အရေးမဟုတ်ဘူး။ နေပြည်တော်တစ်ခုလုံးနှင့် ယှက်နွယ်နေတဲ့ အရေးအခင်းပဲ။ စစ်ကိုင်းမင်းရဲ့ မိဖုရားခေါင်ကြီး လုပ်သူဟာ နိုင်ငံရဲ့ အရေးမှာ စွက်ဖက်နိုင်ခွင့် ရှိတယ်။

တကယ်တော့ တရားဝင် မဟုတ်ပေမဲ့ လင်ဖြစ်သူကို ကိုင်ထားတဲ့ သူ ဖြစ်လေတော့ ကောင်းကျိုးဆိုးကျိုးကို ဖန်တီးနိုင်တယ်။

*'ကြက်ဥအရောင်၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ်'* ဆိုထားသည်မို့လား။

မယ်နုကိုသာ တောင်ညာစံဒေဝီ မဟေသီအဖြစ် မတင်နိုင်လျှင် ရွှေနန်းတော်အပေါ်မှ ဆွဲချကြမှာပဲ။

*'မောင်မောင်ဆိုလေ. . . ထီးရိုးရှည်'* ဆိုသလိုပေါ့။

လူဆိုတာက စွာလို့ရရင်၊ ဗိုလ်ကျလို့ရရင် ဆက်ပြီး ဗိုလ်ကျစွာပဲ စွာနေမှာပဲ။ အတင့်ရဲ လာမှာပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်။ ပန်းတောင်းမိဖုရားသည် အရွယ်တော် ငယ်သဖြင့် အရိယာမည်သော မဟာတာဝန်အတွက် မကျေပွန်သေးဘူး။ မစွမ်းဆောင်နိုင်သေးဘူး။ ဒါပေမဲ့ အခြားအရေး ကိစ္စများမှာတော့ စွမ်းဆောင်နိုင်မှာပါပဲ။

*'လူမှတတ်သော်လည်း လက်ဖက်ထုပ်တတ်တယ်'* ဆိုသလိုပေါ့။ သူ့နေရာနဲ့သူ စွမ်းဆောင်နိုင်မှာ မလွဲဘူး။ ရှစ်နှစ်အရွယ်မှာ ဝေါရီ တစ်ဆယ်နှစ်အရွယ်မှာ ကညာမို့ ပန်းတောင်းမိဖုရားသည် အရွယ်တော် ငယ်သည်လို့ မငြင်းဆန်ထိုက်ဘူးပေါ့။ သူတို့ကလည်း ပန်းတောင်းမိဖုရား နေရာရရေးအတွက် အစွမ်းကုန် လုံးပန်းနေကြတယ်။

တကယ်တော့ ဘုရင့်စကားဟာ မိုးကြိုးသွားပဲ။ သည်တော့ အတွင်းတော်ကနေပြီး အမိန့်တော်တစ်ခု ထုတ်ပြန်လိုက်တယ်။ မယ်နုကို သာ တောင်ညာစံဒေဝီအဖြစ် တင်မြှောက်မယ်။ တကယ်လို့ မတင်မြှောက်ရဘူးဆိုလျှင်တော့ ထီးနန်းကို စွန့်မယ်ဆိုတာပဲပေါ့။

သည်အကြောင်းကို ကြားသိလိုက်ရတဲ့ ဆွေတော်မျိုးတော်များဟာ ရင်ပတ်စည်တီး ဖြစ်သွားကြတယ်။ ဒါဟာ အကြွပ်ကိုင်တာပဲ။ သူတို့ရဲ့ ရွှေနန်းရှင်သခင်ဟာ မယ်နု တစ်ယောက်တည်းသာ မိန်းမပဲ ထင်နေဟန် တူတယ်။

မယ်နုမှ မယ်နုသာ ဖြစ်နေတော့ သူတို့အထင်များဟာ အလဟဿ ဖြစ်တော့တာပဲ။ သူတို့ကလည်း နောက်ဆုံးမှာတော့ ပန်းတောင်းစုဖုရားကိုပဲ နန်းတင်မှာ ထင်နေကြတယ်။ ခုတော့ သူတို့ရဲ့ စိတ်ကူးယဉ် ဘုံနန်းဟာ ပြိုကွဲရပြီပေါ့။

သည်ဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် ဘကြီးတော်မင်းဟာ မယ်နု အပေါ် ဘယ်မျှ မေတ္တာ ကြီးတယ်။ ကြင်နာတယ်ဆိုတာ သိနိုင်တယ်။ ကိုယ့်ချစ်သူ ကောင်းစားဖို့ ချစ်ရတဲ့သူ အမြင့်ရောက်ဖို့ကို ချစ်သူတိုင်း လိုလားကြတာပါပဲ။

ဒါပေမဲ့ ဘကြီးတော်မင်းရဲ့ အချစ်က လွန်ပါတယ်။ သူတို့နှစ်ဦး၏ ချစ်ခြင်းကား ဟောင်းသွားသည် မရှိဘဲ အသစ်အသစ်များသာ ဖြစ်နေတယ်။ ခုတော့ သည်ခရီးဟာ လမ်းဆုံးရောက်နေပြီ။



သည်တော့ ထီးဆောင်းမင်္ဂလာ မဟာဥကင်သဖွင့်ရတော့မယ်။ အခါကောင်း ရက်ကောင်းကိုပဲ ရွေးကြတော့မှာပေါ့။

၃-၁၁-၁၈၁၉ ရက်၊ ဗုဒ္ဓဟူးနေ့မှာပဲ ဖြစ်တယ်။

သီဟာသန ရာဇပလ္လင်ထက်မှာ မိဖုရားခေါင်ကြီး မယ်နုနှင့်အတူ စံပယ်တော်မူတယ်။ ထီးဆောင်းမင်္ဂလာ ဥကင်သဖွင့်တော်မူလိုက်တယ်။

အဲဒီနေ့မှာပဲ မိဖုရား၊ ကိုယ်လုပ်တော်၊ မောင်းမမိဿံ၊ နှမတော်၊ ညီတော်၊ ဆွေတော် မျိုးတော်၊ မှူးမတ်၊ စော်ဘွား၊ မြို့စားတို့ကို အထိုက်အလိုက် ဘွဲ့မည်ရည် ရာထူးများ၊ ဂုဏ်ထူးများ ပေးတယ်။ မြို့ရွာများ ပေးတန်သူ ပေးတယ်။ ဝတ်စားတန်ဆာ ထိုက်တန်သူကို ပေးတယ်။

မင်းသစ်တို့ရဲ့ လုပ်ရိုးလုပ်စဉ် အစဉ်အလာများကိုလည်း ပြုလုပ်တော်မူတယ်။ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ပိဋကတ်တော်များကို အစုံများစွာ ကူးရေးစေတယ်။ အဲဒီပိဋကတ်တော် ရေးကူးသည်ကို ဆရာတော်ကြီး နှစ်ဆယ့်တစ်ပါးတို့က ကြပ်မတ်ရတယ်။

ဆရာတော်ကြီး ၅၈ ပါးက ပိဋကတ်တော်ကို တည်းဖြတ်တယ်။ သာသနာတော်ကို စောင့်ရှောက်ရန် သာသနာပိုင် အပ်နှင်းတယ်။ စလင်းဆရာတော်ကြီးက သာသနာပိုင်ပဲပေါ့။ မြသိန်းတန်ဆရာတော် စသည့် အနီးအဝေး ဆရာတော်များကို တံဆိပ်တော်များ ဆက်ကပ် သည်။

ဒါနဲ့ မပြီးသေးဘူး။

၁၈-၁၁-၁၈၁၉ ရက်၊ ကြာသပတေးနေ့မှာ ဖြစ်တယ်။ ဘကြီးတော်မင်းဟာ မိဖုရား ခေါင်ကြီး ဖြစ်လာတဲ့ မယ်နုနှင့်အတူ ရွှေဝေါတော်စီးပြီး မြို့တော်သိမ်းပွဲ ကျင်းပတယ်။ အမရပူရမြို့တော်ရဲ့ အရှေ့မျက်နှာ ဦးနှိမ်တံခါးမှ မင်းခမ်းမင်းနား ကြီးကျယ်စွာ ဆင်ယင်ပြီး ထွက်တော်မူတာပဲ။

မြို့တော်ကို လက်ယာရစ်လှည့်ပြီး မြို့သိမ်းပွဲကြီး ကျင်းပခဲ့တာပဲ။ တကယ်တော့ သည်လုပ်ရပ်တွေဟာ လုပ်ရိုးလုပ်စဉ် မှန်သော်လည်း မလိုသူများ ရှေ့မတိုးရဲအောင် ဟန့်တားလိုက်သလိုလည်း ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းက ရှိနေတယ် မဟုတ်လား။ အစကတည်းက မယ်နု အပေါ် မလိုမုန်းတီး နေကြတဲ့ သူတွေကို ငြိမ်သက်စေဖို့လည်း ဖြစ်တယ်။ မလိုသူများ ရှေ့မတိုးရဲအောင် ဟန့်တား ဖို့လည်း ဖြစ်တယ်။ ပြီးတော့ မယ်နုရဲ့ သိက္ခာကိုလည်း တိုးတက်စေတယ်။ မြင့်မားစေတယ် ပေါ့။ ***နဝါးမုန်း သိအောင်တော့ အစကတည်းက အမောက်ထောင်ပြထား ခြင်းပေါ့။***

ဒါမှလည်း တစ်ဖက်က မကျေနပ်တဲ့သူတွေအဖို့တော့ ငြိမ်သွားကြ မှာပဲ။ သည်သို့အားဖြင့် ဘကြီးတော်မင်းတရားကြီးအဖို့ သူ့ရဲ့ အလိုတော် ပြည့်သွားတယ်ပေါ့။ မင်္ဂလာအိမ်တော်ပါ မယ်နုကို နန်းမတော်မိဖုရား ခေါင်ကြီးအဖြစ် မြှောက်စားလိုက်တော့တယ်။

ဘကြီးတော်မင်းဟာ သာယာဝတီမင်းသားကြီးကို သီရိသုဓမ္မရာဇာ ဟူသည့် ဘွဲ့နှင့် အဆောင်အယောင်တို့ကို ပေးတယ်။ သူဟာ မင်းတရား ကြီးရဲ့ ညီတော်ရင်း ဖြစ်တယ်။

သည်တုန်းက မောင်ရစ်ဟာ အလုံမြို့ဝန် ဖြစ်တယ်။ နေမျိုးသူရ မဲခေါင်ပေါ့။ သူလည်းပဲ အဆောင်အယောင် အစီးအနင်းများနှင့် ချီးမြှင့်ခြင်း ခံရတယ်။ သူနဲ့ ကစားဖော်ကစားဖက်ဖြစ်တဲ့ ငမှန်ကတော့ ငပယင်းရွာမှာပဲ ကျန်ရစ်ခဲ့တယ်။ ထန်းတက်စားနေတယ်။

တကယ်တော့ ဘကြီးတော်မင်းအဖို့ ***'စကားမို့ဆို၊ ပျားသို့ချို၊ တမာမို့ခါး၊ ပိန်းသို့ ယား'*** ဆိုတဲ့ ထုံးကို နှလုံးမူလိုက်တာပဲ။

မကြာခင်ပဲ ပြဿနာတစ်ခုက ဝင်လာခဲ့သေးသည်။ ကောင်းတဲ့ လက္ခဏာတော့ မဟုတ်ဘူး။ ရွှေနန်းတော်အတွင်းမှာဖြစ်တဲ့ နန်းတွင်း ရေး ပြဿနာတစ်ခုပဲ။

မယ်နုကို တောင်ညာစံ တင်တဲ့တွက် မကျေနပ်တဲ့သူတွေဘက်ကပဲ တစ်စိတ်ကို တစ်အိတ်လုပ်ပြီး သည်ပြဿနာကို အကျယ်ချဲ့ချင်ဟန်တူ ရဲ့။ တပ်ဗိုလ်ပါ လူစုပြီး ထောင်ထားခြားနားဖို့ ကြံစည်ခြင်းပဲ။

သိသိချင်း နှိမ်နင်းလိုက်လို့ တော်တော့တာပေါ့။ အဲဒီကိစ္စကို ကြံစည်သည့် ဦးဆောင်သည့် သူတွေက တခြားသူတွေ မဟုတ်ဘူး။



ဆင်ဖြူမယ်၏ ခမည်းတော် ပြည်မြို့စားနှင့် ဘထွေးတော် တောင်ငူစား တို့ ဖြစ်တယ်။

ဆင်ဖြူမယ်ဆိုတာက စကြာမင်းသားရဲ့ မယ်တော်။ သူ့ရဲ့အိမ်ရှေ့စံ မိဖုရားပေါ့။ သည်တော့ ပြည်မြို့စားဟာ သူ့ရဲ့ ယောက္ခမ တော်တာပေါ့။ သူတို့ရဲ့ အပြုအမူဟာ ထင်ထင်ပေါ်ပေါ် ရှိနေတယ်။ သူတို့ စကား ပယ်ရှားတဲ့ ဘုရင်ကို သတ်မယ်။ ပြီးတော့ ထီးနန်းကို ယူမယ်ပေါ့။

ဒါဟာ ဆွေတော်မျိုးတော်များရဲ့ တုံ့ပြန်ချက်ပဲ။ အချိန်မီသိလို့ တံကြီးပေလို့ပေါ့။ သူတို့အားလုံးကပဲ စုပေါင်း လုပ်ကြံတာလား။ သူတို့ နှစ်ဦးတည်းပဲဆိုတာ မသိရဘူး။ သူတို့ကတော့ ဘူးခံတာပေါ့။ ပြည်မြို့စား ကတော့ ယောက္ခမ တော်စပ်ခဲ့ဖူးသူမို့ သည်တစ်ခါ မှာ ခွင့်လွှတ်လိုက် တယ်။ ဘထွေးတော်နဲ့ တောင်ငူစားကိုတော့ ထုံးစံနှင့်အညီ စီရင်တော်မူ တယ်။

ထုံးစံနှင့်အညီ စီရင်တယ်ဆိုတာက တခြားမဟုတ်ဘူး။ ပထမ လည်မြိုကို ဝါးရင်းတုတ် တိုနဲ့ ရိုက်သတ်လိုက်တယ်။ ပြီးမှ ကိုယ်ခန္ဓာမှာ ရှိနေတဲ့ အရိုးတွေကို ဖေယ်တေသလို သေအောင် ထပ်ပြီး ရိုက်တယ်။

အားလုံးပျော့ဖပ် ကြေမွသွားမှ စိတ်ချရတဲ့ အချိန်ကျမှ ကတ္တီပါ အိတ်ထဲ ထည့်တယ်။ နောက်တော့ အလေးချိန်ကဲတဲ့ ခဲနဲ့ ဆွဲပြီး ရေထဲ ပစ်ချလိုက်တာ ဖြစ်တယ်။ တကယ်တော့ ဒါတွေဟာ စိတ်နှလုံး နောက်ကျို ဖွယ်ကောင်းတဲ့ ဖြစ်ရပ်တွေပဲ။

ပြုသူအသစ်၊ ဖြစ်သူအဟောင်းဆိုတဲ့ တရားလမ်းကြောင်းနှင့် ဖြေသိမ့်ရတော့မပေါ့။ တကယ်တော့ မင်းခယောက်ျား၊ ကမ်းနားသစ်ပင် လို့ ဆိုကြတယ်။ ဒါပေမဲ့ ဘုရင်မင်းတရား တောင်မှ သင်္ခါရတရားဆိုတာ ရှိနေတာပဲ။

အသက်ထက်ဆုံး မနေရဘူး။ အိုခြင်း၊ နာခြင်း။ သေခြင်းတရားတို့ နဲ့ မကင်းဘူး။ ဖြစ်ခြင်းပျက်ခြင်း ဆိုသည်မှာ အမြဲရှိနေတယ်။ ဒါနဲ့ပဲ ရွှေနန်းတော်အတွင်းမှာ မိဖုရားခေါင်ကြီးနှင့် ပတ်သက်တဲ့ မီးတော ငြိမ်သက်သွားတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗဒုံမင်းလက်ထက်တုန်းက အရှုံးတော်လို့ ခေါ်ခံခဲ့ရတဲ့ နေမျိုးမင်းလှနော်ရထာ အမတ်ကြီး ဦးပေါ်ဦးလည်း ရာထူးတိုးပြီး ချီးမြှောက်ခံရတယ်။ မင်းလှမဟာ နော်ရထာ ဘွဲ့တော်ပေါ့။

သည်တုန်းက ဘကြီးတော်မင်းတရားကြီးဟာ မင်းကွန်းဘက်မှာ စံနေတယ်။ သူဟာ မင်းကွန်းတဲနန်းဘက် ရောက်ကတည်းက ပွဲတော်တည်ရာမှာ အသားလုံးဝ မပါဘဲ စားတယ်။ သူခံတွင်းတွေ့နေတာက တော့ ငါးပိရည်နှင့် ကြက်ဟင်းခါးရွက်အစိမ်းတို့ပဲ။ အဲဒီတစ်မျိုးတည်းနဲ့ ပွဲတော်တည်တယ်။ အလွန်စားကောင်းတယ်လို့ ဆိုတယ်။

ဒါကို အနားမှာ ခစားနေကြတဲ့ မှူးမတ်တွေက ဟုတ်ပါ့ဘုရား။ မှန်ပါ့ဘုရားဆိုပြီး ရှင်ဘုရင်ရဲ့ အလိုကို လိုက်ပြီး လျှောက်တယ်။ ဘကြီးတော်မင်းကလည်း အဲဒီအတိုင်းပဲ ကျွေးလိုက်တယ်။ ဘယ်သူမှ မစားနိုင်ကြဘူး။

ခါးလိုက်တဲ့ဖြစ်ခြင်း ထမင်းကို မျိုမကျဘူး။ သူတို့တစ်တွေဟာ ထမင်းဝိုင်းမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မဲ့တဲ့တဲ့ ဖြစ်နေကြတယ်။

ဘကြီးတော်မင်းက မေးတော့လည်း စားကောင်းကြောင်းပဲ ဖြေကြတယ်။ ဒါကြောင့် ဘကြီးတော်မင်းက တခြားဟင်း မကျွေးတော့ပဲ အဲဒီဟင်းချည်းပဲ ကျွေးစေတော့တယ်။ စားသောက်ပြီးစီးလို့ မင်းတရားကြီး ရှေ့တော်မှောက် ရောက်တော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ရယ်မိကြတယ်။

သည်တော့ ဘကြီးတော်မင်းက အမေးတော် ရှိလိုက်တယ်။ ဘာများ ပြုံးနေကြပါသလဲပေါ့။ ဘယ်သူမှ မတင်လျှောက်ဝံ့ကြဘူး။ အမတ်ကြီး ဦးပေါ်ဦးကသာ တင်လျှောက်တယ်။

အကြောင်းကတော့ နတ်တို့ပုဆိုး တိမ်မီးခိုး ဆက်သတဲ့အကြောင်းပါပဲ။ အရင်တုန်းက တိုင်းပြည်တစ်ပြည်မှာ ဘုရင်ကြီးတစ်ပါး အုပ်စိုးစံနေတော်မူပါသတဲ့။ တစ်နေ့တော့ အညတရ လုလင်တစ်ယောက်ဟာ အကြံတစ်ခု ရပါတယ်။



ဒါနဲ့ပဲ ဘုရင်ကြီးရှေ့တော်မှောက် အရောက်သွားပြီး ဘုန်းတော်ကြောင့် နေပြည်တော်ရဲ့ အရှေ့တောင်ဘက်က ညောင်ပင်ကြီးမှာနေတဲ့ ရုက္ခစိုးနတ်က ဘုရင်မင်းမြတ်ဆီ အမြန်သွားပြီး သံတော်ဦးတင်ရမယ် စေလွှတ်လိုက်လို့ လာရောက်ရခြင်း ဖြစ်ကြောင်း မနက်မိုးလင်းလင်းချင်း မှူးကြီးမတ်ရာ၊ သေနာပတိတို့ကို ရွှေကလပ်နဲ့ သူ့ညောင်ပင်အောက်ကို လွှတ်လိုက်ဖို့ ပြောပါတယ်။

အကြောင်းကတော့ ဘုန်းတော်ကြောင့် နတ်တို့ပုဆိုး တိမ်မီးခိုးကို ရှင်ဘုရင်ကြီး ဆင်မြန်းဖို့ ရုက္ခစိုးက ဆက်သချင်လို့ပါတဲ့။ အဲဒီနတ်ပုဆိုး တိမ်မီးခိုးဆိုတဲ့ ဝတ်လဲတော်ဟာ ဘုန်းကံရှိသူများသာ မြင်အပ်၊ ဝတ်ဆင်အပ်တဲ့ နတ်တို့ပုဆိုး ဖြစ်ကြောင်းကိုပါ တစ်ဆက်တည်း လျှောက်တင်လိုက်တယ်။

ဘုရင်ကြီးဟာ သိပ်ပြီးသဘောတော်ကျတော်မူသွားတယ်။ ဘဝင်ခိုက်သွားတယ်ပေါ့။ ငါကိုယ်တော်မြတ်ရဲ့ ရွှေဘုန်းတော် တေဇာဟာ သည်လောက်တောင် ပြန့်နှံ့လိမ့်မယ် မထင်ဘူး။ လူမပြောနဲ့ နတ်တောင်မှ မနေသာဘူး။ လူမင်းဘုန်းကြီး နတ်မင်း မနေသာ ဆိုသလိုပေါ့။ ကိုယ်တော်မြတ်ရဲ့ ဘုန်းတန်ခိုး ကြီးမားပုံဟာ အံ့ဩစရာပဲနော်ဆိုပြီး ကျေနပ်နှစ်သိမ့် အားရနေတော်မူတယ်။ အညတရလုလင်ကိုလည်း ဆုတော်လာဘ်တော်များ ချီးမြှင့်လိုက်တယ်။

မနက်မိုးလင်းတော့ မှူးကြီးမတ်ရာတို့ဟာ ရွှေကလပ်ကြီး ပိုက်ပြီး ညောင်ပင်ကြီးရှိရာ ကို သွားကြတာပေါ့။ ရောက်တာနဲ့ အရှင်ရုက္ခစိုးနတ်မင်း၊ ငါတို့ဘုရင်အတွက် နတ်တို့ပုဆိုး တိမ်မီးခိုးကို ပေးပါလော့ဆိုပြီး စောင့်နေကြတယ်။ နေ့လယ်အထိတောင် ရွှေကလပ်ပေါ်မှာ ဘာမျှမမြင်ရဘူး။ ဘာအစအနမျှလည်း မတွေ့ရဘူး။

အမတ်ကြီးတို့ဟာ မစောင့်နိုင်တဲ့အတွက် ဗလာသက်သက်နဲ့ပဲ ရွှေကလပ်ကို ပိုက်ပြီး နန်းတော်ထဲ ပြန်ခဲ့သတဲ့။ သည်အချိန်မှာ ဘုရင်ကြီးကတော့ နန်းတွင်းကနေပြီး တမျှော်မျှော် စောင့်နေတာပေါ့။ နတ်တို့ပုဆိုးတိမ်မီးခိုးကို သိပ်ပြီး ဝတ်ချင်လှပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီးများဟာ ဘာမျှမပါတဲ့ ဗလာရွှေကလပ်ကိုပဲ ဘုရင့်လက်တော် ဆက်သတဲ့။ ဘာမျှတော့ မပြောကြဘူး။ မပြောရဲဘူးလေ။

သည်တော့ ဘုရင်ကြီးက ငါဘုန်းကံ မရှိလို့မမြင်ရတာပဲလို့ မှူးမတ်တွေက ပြောမှာ စိုးတဲ့အတွက် နတ်တို့ပုဆိုး တိမ်မီးခိုးဆိုတာ မရှိပေမဲ့။ မမြင်ပေမဲ့။ ရှိဟန်မြင်ဟန်ဆောင်ပြီး ငါကိုယ်တော်မြတ်ရဲ့ ဘုန်းတော်ကြောင့် ရုက္ခစိုး ဆက်သလိုက်တဲ့ ဝတ်လဲတော်ကို ခုပဲ ဆင်မြန်းကြည့်ရဦးမယ်ဆိုပြီး ဝတ်ထားတဲ့ ခါးကပုဆိုးကို တစ်ခါတည်း ချွတ်ပစ်လိုက်ပါတယ်။

ပြီးမှ ဘာမျှ မရှိတဲ့ ရွှေကလပ်ပေါ် နတ်ဝတ်ပုဆိုးဆိုတာကို ကောက်ပြီး ဝတ်ဆင်ဟန် ပြုပါတယ်။ ပြီးတဲ့အခါကျမှ ဘယ့်နှယ့်လဲ ဝန်မင်းတို့ နတ်တို့ပုဆိုး တိမ်မီးခိုးဟာ ငါကိုယ်တော်မြတ်နဲ့ မလိုက်ဖက်ပေဘူးလား။ မလှပေဘူးလားလို့ မေးမြန်းတော်မူတယ်။

သည်တော့ မင်းပရိသတ်ကြီးဟာ ပုဆိုးမရှိဘဲ ကိုယ်တုံးလုံး ဖြစ်နေတဲ့ ဘုရင်ကြီးကို မကြည့်ဝံ့တာနဲ့ ငုံ့ထားကြတယ်။ ပြီးမှ ဘုန်းတော်ကြောင့် နတ်ဝတ်ပုဆိုးတိမ်မီးခိုးဆိုတဲ့ အတိုင်း ဘုရင်မင်းမြတ်နဲ့ အလွန်တော်ပါပေတယ်။ အလွန်တရာ ကောင်းပါပေတယ်။ ဒါပေမဲ့ အရောင်ကတောက်ပြောင်လှတဲ့အတွက် မျက်စိစူးလို့ နဂိုရ်ရှိရင်း လူဝတ်ပုဆိုးကိုသာ မြန်မြန်ဝတ်သင့်တော်မူပါတယ်ဘုရားလို့ ဝိုင်းပြီး သံတော်ဦး တင်လိုက်ပါတယ်။

အခုလည်းပဲ တိမ်မီးခိုးနတ်ဝတ်တန်ဆာလို ကောင်းပါတယ်ဘုရားလို့ မင်းအလိုလိုက် မင်းအကြိုက် တင်ရသော်လည်း မျို့၍မကျနိုင်အောင် ဖြစ်ရတဲ့အတွက် ကျွန်တော်မျိုးတို့မှာ တိမ်မီးခိုးဖြစ်ပုံနှင့် အလုံးစုံတူလှသောကြောင့် တစ်ဦးကိုတစ်ဦး ကြည့်ပြီးပြုံးရပါတယ်ဘုရား။

သည်အခါမှာ ဘကြီးတော်မင်းတရားက ပြောတယ်။ ကြက်ဟင်းခါးရွက်အစိမ်းတို့ ကိုယ်တော်မြတ် ကြိုက်သလို ဝန်မင်းတို့လည်း ကြိုက်မယ်ထင်လို့ ပြောမိပါတယ်။ ကြက်ဟင်း ခါးရွက်အစိမ်းက နတ်ဝတ်တန်ဆာ တိမ်မီးခိုးအရောင်ထက် အခါးလွန်နေကြပြီပဲကိုးဗျလို့ အမိန့်တော်ရှိလိုက်



တယ်။ အနီးအနားမှာ ရှိနေတဲ့ ခစားနေကြတဲ့သူတွေဟာ တဟိဟိနဲ့ပဲ ပြုံးနေကြရသတဲ့။

ဒါပဲပေါ့။ လူဆိုတာက တစ်ဦးနဲ့တစ်ဦးဟာ ဘယ်တော့မှ အကြိုက်ချင်း မတူညီကြဘူး။ မိမိခံစားရသလို တစ်ဖက်သူကို စေတနာနှင့် ခံစားစေလိုသော်လည်း ဝေဒနာ ဖြစ်ရတယ်ပေါ့။ တစ်ဦးနှင့်တစ်ဦး ဝိရောဓိ ဆန့်ကျင်ခြင်း ဖြစ်ရတယ်ပေါ့။

သူတစ်ပါးကို ကိုယ်နှင့်ထပ်တူထပ်မျှ မပြုမူလေနှင့် အကြိုက်ချင်း မတူကြဘူး။ သည်တုန်းက ဆင်ဖြူမယ်တော် မိဖုရားက မွေးဖွားထားတဲ့ စကြာမင်းသားသည် တောင်စွန် နန်းဆောင်တော်ထဲမှာ စံနေတယ်။ ခုဆိုရင် သက်တော် ရှစ်နှစ်သားပင် ရှိချေပြီ။ သို့သော် နိုင်ငံတော်ကို အုပ်ချုပ်ဖို့အတွက်မူ များစွာ နုနယ်သေးတယ်။

ခုထက်ထိပါပဲ။ တောင်ညာစံဒေဝီနေရာအတွက် ရှုံးနိမ့်ခဲ့ကြတဲ့ ဆွေတော်မျိုးတော်များဟာ အောင့်သက်သက် ဖြစ်နေကြတယ်။ သည်အတွက်ကြောင့်လည်း ဘထွေးတော် တောင်ငူ စားဟာ အသက်ခန္ဓာကြွေခဲ့ပြီးပြီ။

အဲဒီဖြစ်ရပ်ဟာ သူတို့အတွက် အနှောင့်အယှက်တစ်ခုလို ဖြစ်နေတယ်။ ဘာမဟုတ် ညာမဟုတ်တဲ့ အနုပ်အစုတ်ကုပ်စုတ် တောကဆွဲထုတ်လာခဲ့တဲ့ သင်းတို့ကို မိမိတို့က ရှိသေသမှု ပြုနေကြရတယ် မဟုတ်လား။ ဟုတ်တာပေါ့။ မျိုးရိုးနဲ့ချီပြောရလျှင်တော့ မိုးနှင့်မြေတမျှ ကွာခြားလွန်းနေတယ် မဟုတ်လား။

တကယ်တော့ အခုမိဖုရားခေါင်ကြီး ဖြစ်နေတဲ့ မယ်နုဟာ တောသူတစ်ယောက်ပဲ။ ရွှေဘိုခရိုင် ဖလဲခုံဆိုတဲ့ ရွာကလေးကပဲ။ မြစ်ရဲ့အနောက်ဘက်မှာ ရှိတဲ့ ရေဦးမြို့ရဲ့ အနောက်မြောက်အရပ်မှာ ရှိတယ်။ မိုးလေမမှန်တဲ့ အရပ်မို့ထင့်။ ဆင်းရဲတွင်းက နက်လှတယ်။ မိုးရာသီဖြစ်ပေမဲ့ မိုးကောင်းပါမှ ဆန်စပါး စိုက်ပျိုးရတယ်။

မိုးမမှန်တဲ့နှစ်ဆိုလျှင် လူတွေဟာ သစ်ဥသစ်ဖုများကို ရှာစားကြရတယ်။ သည်လောက် လူမှုအဆင့်အတန်း နိမ့်တဲ့ဘဝက ခုလို နန်းမတော်မယ်နုရယ်လို့ ဖြစ်အောင် ကြိုးစားလာရတဲ့ သူ့ဘဝဟာ အင်မတန်အားကျဖို့ ကောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတင်လားဆိုတော့ မဟုတ်ဘူး။ သူ့ရဲ့ မောင်အရင်းဖြစ်တဲ့ မောင်အိုရောပေါ့။ ခုဆိုလျှင် စလင်းမင်းသားကြီးမောင်အိုဟာ ခမ်းခမ်းနားနား ရှိနေတယ်။ ရှိမှာပေါ့ သူက မင်းသားဆိုပေမဲ့ သာမန်မင်းသား မဟုတ်ဘူး။

ဘကြီးတော်မင်းတရားရဲ့ ညီတော် ဒွါရာဝတီမင်းသား၊ ရမ္မာဝတီမင်းသား၊ ကလေး မင်းသားများနှင့် အဆင့်အတန်း တူညီသည့် မင်းသားဖြစ်တယ်။ အသက်အရွယ်ငယ်တဲ့ မင်းသား၊ မင်းသမီးမှန်သမျှဟာ သူ့ကို ဝတ်ပြုရတယ်။ အရိုအသေ ပေးရတယ်။

တော်ရုံတန်ရုံ မင်းသား၊ မင်းသမီးများဆိုရင် သူက ဂရုစိုက်တာ မဟုတ်ဘူး။ အဖက် လုပ်တာ မဟုတ်ဘူး။ ဒါပဲပေါ့ အစ်မတော်ဖြစ်တဲ့ သူက နိုင်ငံတော်ရဲ့ မိဖုရားခေါင်ကြီး မဟုတ်လား။ ဘကြီးတော်မင်းတရားရဲ့ ချစ်ခင်ယုယမှုကို ရထားနိုင်တယ်။

သည်တော့ လင်အပေါ် ဆိုးတတ်နွဲ့တတ်တော့တာပေါ့။ သည်လို ဆိုးတာနွဲ့တာကို ဆွေတော်မျိုးတော်တွေက တစ်မျိုးမြင်ကြတယ်။ ဘကြီးတော်မင်းတရားဟာ မယ်နုကို ကြောက်ရတယ်ပေါ့။ မယားသြဇာခံရတယ်ပေါ့ စသည့် စကားတင်းများ ဆိုနေကြတယ်။

ဒါပဲပေါ့။ သည်လို အစ်မတော်ရဲ့ သြဇာသက်ရောက်မှု၊ အာဏာစက် မြန့်ကျက်မှုရဲ့ အောက်မှာ စလင်းမင်းသားကြီးအဖို့ မော်ချင်တိုင်းမော်၊ ပျော်ချင်တိုင်းပျော်ခဲ့တာပေါ့။

သူဟာ အလွန်မာန်မာန ကြီးမားတယ်။ အမြဲတမ်း မောက်မာနေတယ်။ ဖော်ရွေခြင်း မရှိဘူး။ သူ့ကို ခင်မင်ရင်းနှီးမှုရဖို့ရန် မလွယ်ကူဘူး။ ဒါပဲပေါ့ မိဖုရားခေါင်ကြီးရဲ့ စိတ်ချရတဲ့ တစ်ဦးတည်းသောမောင် မဟုတ်လား။

ပြီးတော့လည်း အိပ်မက်တောင် မမက်ဝံ့နိုင်တဲ့ ဘဝမျိုးကိုလည်း ရယူထားတယ် မဟုတ်လား။ ခုဆိုရင် သူတို့အဖို့မှာ ဘယ်အရာမဆို လိုတိုင်းတရနေပြီပေါ့။ ဘယ်သူ့ကိုမှ မယုံကြည်ဘူး။ ဘကြီးတော်မင်းသည် စလင်းမင်းသားကြီးအပေါ်မှာ အတော်ပင် အားကိုးတကြီး ရှိခဲ့



သည်။ အားထားသလောက်လည်း စလင်းမင်းသားကြီးက အမှုတော်ထမ်းရွက်ခဲ့သည်။

သူနေတဲ့ အိမ်တော်ကို ကြည့်ခြင်းအားဖြင့် စလင်းမင်းသားကြီးရဲ့ အဆင့်အတန်းကို သိနိုင်တယ်။ သည်တုန်းက နေပြည်တော်မှာ ရွှေနန်းတော် အဆောက်အဦကလွဲလျှင် အိမ်တော်ဟာ အခမ်းအနားဆုံးလို့ ဆိုကြတယ်။ အလွန်ကျယ်ဝန်းတဲ့ ဥယျာဉ်တော်ကြီးတစ်ခု အတွင်းမှာ အိမ်တော်ကို ဆောက်လုပ်ထားတယ်။

အိမ်တော်ဟာ ခမ်းနားကြီးကျယ်သည်နှင့်အမျှ ပန်းမျိုးစုံ၊ သစ်ပင်မျိုးစုံတို့သည်လည်း စိုစိုပြည်ပြည် ဝေဝေဆာဆာနှင့် ရှိနေသည်။ အိမတော်သာ ခမ်းနားခြင်း မဟုတ်ဘူး။ အိမ်တော်အတွင်းမှာ ခင်းကျင်းထားပုံမှာလည်း တငေးတမော ကြည့်ရှုမဆုံး ရှိနေသည်။ ဒါကတော့ သတိုးမဟာရာဇာဘွဲ့ရထားတဲ့ စလင်းမင်းသားကြီးရဲ့ ကြီးကျယ်မှုရဲ့ တစ်စိတ်တစ်ဒေသပါပဲ။

တခြားမင်းညီမင်းသားများထက် သူ့မှာရှိသည့် ကျေးတော်၊ ကျွန်တော်များက ပိုမိုများပြားတယ်။ နောက်ပါအင်အား တောင့်တင်းတယ်။ ဒါကြောင့်လည်းထင်ရဲ့ တခမ်းတနားကြီး ဖြစ်နေတယ်။

သူဟာ ကိုယ်လုံးကိုယ်ပေါက် ထွားကြိုင်းတယ်။ အသားဖြူတယ်။ ခန့်ငြားတည်ငြိမ်တဲ့ ရုပ်ရည်ရှိတယ်။ မသိတဲ့သူကဆိုရင် တကယ့်မဟာသေွး မဟာနွယ်လို့ပဲ ထင်ကြမှာပဲ။

သူ မကြာခဏ ပြောတတ်တဲ့ စကား ရှိတယ်။

"မင်းခစား ယောကျ်ားဆိုတာ ဘက်စုံ ပြည့်ဝရတယ်။ ဘုန်းသမ္ဘာနှင့် ပညာပဲပေါ့။ မင်းရဲ့အလိုကို သိတတ်ရတယ်။ သည်းခံနိုင်စွမ်း ရှိရတယ်။ လုပ်ရည်ကြံရည် ရှိရမယ်။ ပါရမီလည်း ပါရမယ်ပေါ့။

ပါရမီဆိုတာက ရူပကာသမ္ပတ္တိ၊ ဥပမိရုပ် စတဲ့ ပညာအရည်အချင်းနှင့် ပြည့်စုံရမည်။ လောကဓမ္မ၊ ရာဇသုံးပါးကိုလည်း တတ်ကျွမ်းရမည်၊ နားလည်ရမည်ပေါ့။ အထူးသဖြင့် လူ့ရဲ့သဘောကို သိဖို့လိုတယ်။

တကယ်တော့ မင်းသားဖြစ်တယ်ဆိုတာက မင်းသွေးစစ်ဖို့ သာသီဝင်မျိုး စစ်ဖို့က အဓိက မဟုတ်ဘူး။ အရည်အချင်းက အဓိကပဲ။ မွေးခတ်

www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ကြည့်စမ်း။ ငါတစ်ပါးမင်းဆိုတာ မင်းမျိုး မဟုတ်ဘူး။ လက်လုပ်လက်စား ဆင်းရဲသားထဲကပဲ။

နောက်ပြီး ပုဂံခေတ်ကို ကြည့်စမ်း။ သူရဲမင်းတို့၊ သက်ရာဇ်မင်းတို့၊ မြင်ကြွေးမင်း၊ တောင်သူကြီးမင်းတို့ဆိုတာဟာ သာကီဝင်လည်း မဟုတ်ဘူး။ မင်းသွေးမင်းသက် ဆင်းသက်လာသည့် မင်းလည်း မဟုတ်ဘူး။ ဆင်းရဲသားသက်သက်ပဲ ဖြစ်သည်။"

ဒါပဲပေါ့ မင်းညီမင်းသား ဖြစ်တယ်ဆိုတာက သူ့အဖို့ လွယ်လွယ်နှင့် ဖြစ်လာတာကိုး။ သူတို့ မောင်နှမကို ဆင်းရဲသား အမျိုးအနွယ်ရယ်လို့ ထင်နေကြတာကိုလည်း ကျေနပ်ဟန် မတူဘူး။ ဒါကြောင့်လည်း သည်လို စကားမျိုး ပြောတာပဲနေပါ့။ ဆွေတော်မျိုးတော်များနှင့် ဆက်ဆံရာမှာ ဂရုပြုတယ်။ သတိထားတယ်။ မပြောမဖြစ်သည့် ကိစ္စရပ်လောက်ပဲ ပြောဆိုတယ်။ ဆက်ဆံတယ်။

ကျန်သည့် အချိန်မှာတော့ သူ့ဘာသူ အိမ်တော်မှာပဲ နေတယ်။ သူ့ရဲ့စံအိမ်တော်မှာတော့ မိဖုရားနှင့် သမီးတော် နှစ်ပါးရှိတယ်။ ဘကြီးတော်မင်းတရား ကိုယ်တိုင်က ပါစားပေးထားတဲ့အတွက် အရာရာကို ထင်တစ်လုံးနှင့် ရှိနေဟန်တူသည်။

ဘကြီးတော်မင်းတရားသည် ပြည်သူတွေအပေါ်မှာ စေတနာရှိသည်က မှန်သည်။ ဒါပေမဲ့ ပြည်ရေးပြည်ရာများမှာ ကြာကြာ ခေါင်းလေးခံတတ်သူ မဟုတ်ဘူး။ လွတ်လပ်ခြင်း ရဲ့ အရသာကို ခံစားတတ်သူမို့ မြင်းတစ်ကောင်နှင့် သွားချင်ရာ သွားတတ်သူ ဖြစ်တယ်။

ဆင်ကို ကျုံးသွင်း ဖမ်းတယ်။ ကျန်တဲ့ အချိန်မှာတော့ မိဖုရားခေါင်ကြီး မယ်နုနဲ့ အချိန်ကုန်လွန်နေတတ်တယ်။ ပြည်ရေးပြည်ရာ မှန်သမျှကိုတော့ မှူးမတ်များနဲ့သာ လွှဲအပ် ထားတာပဲ။

စလင်းမင်းသားကြီးအဖို့မှာလည်း နိုင်ငံတော်တွင် သာယာဝတီမင်းသားမှတစ်ပါး ပြိုင်ဘက်မရှိ ဖြစ်နေတယ်။ တခြားမင်းညီမင်းသားတွေကို ဂရုမပြုပေမဲ့ သာယာဝတီ မင်းသားကိုတော့ လေးစားရတယ်။ လေးစားရတယ်ဆိုတာထက် ရွံ့ကြောက်ကြောက်ရတယ်ပေါ့။

ခုဆိုရင် သူတို့ မောင်နှမဟာ အမြင့်ဆုံး နေရာကို ရထားကြပြီ။



ဒါပေမဲ့ ရန်ဘက် ရရှိနေသေးတယ်။ သည်ရန်ဘက်က နယ်နယ်ရရ မဟုတ်ဘူး။ ဘကြီးတော်မင်းရဲ့ ညီတော် တစ်ယောက် ဖြစ်တယ်။ ထက်ထက်မြက်မြက် ရှိတယ်။ သာယာဝတီမင်းသားဟာ ရာဇသွေး အပြည့်ရှိတဲ့ မင်းသားပဲ။ သူဖြူရင် ငါမည်းမယ်လို့ ဂွတိုက်နေဟန် ရှိရဲ့။

ရွှေနန်းတော်အတွင်းမှာ နန်းမတော်မယ်နုနှင့် စလင်းမင်းသားကြီးတို့ရဲ့ ဩဇာဟာ အထွဋ်အထိပ် ရောက်နေပြီ။ ဒါကြောင့် သာယာဝတီမင်းသား အမှူးပြုတဲ့ ဆွေတော်မျိုးတော်တို့ရဲ့ အရှိန်အဝါ အာဏာသည် လျှော့ကျလျက် ရှိနေတယ်။

ရွှေနန်းတော်အတွင်း အာဏာလုပွဲ ချိန်ခွင်လျှာသည် တစ်ဖက်စောင်းနင်း ဖြစ်နေပြီ။ သည်တော့ နန်းမတော်ဖုရားတို့ရဲ့ အတိုက်အခံများဟာ မလှုပ်ရဲကြဘူး။ ငြိမ်သက်နေကြတယ်။ နေပြည်တော် တစ်လွှားမှာလည်း ကောလာဟလတွေ ပေါ်နေတယ်။ ကလေးတွေက တဘောင်သီချင်း သီဆိုနေကြတယ်။

ကောင်းမြတ်တဲ့ ခါအကြိမ်၊ လျှံထိန်သည့် ရွှေဝ၊ မယ်နှင့်မောင်
တူရုံပြောင်းမယ်၊ ကောင်းတဲ့ဌာန၊ လောင်းမြတ်စကြာ၊
မန္တာတုမြေ၊ ရိပ်နန်းတော် ပြည်ပလ္လင်နှင့် အောင်လံတွင်
တံဆိပ်ထူးတယ်၊ ပူးမင်းနတ်သွေး။

သည်တဘောင်ဟာ လူတိုင်းပါးစပ်ဖျားမှာ ရွတ်ဆိုနေကြတယ်။ အိုးသစ်အိမ်သစ်။ မြို့သစ်ရွာသစ်မှာ ပြောင်းရတော့မယ်လို့လည်း ပြောနေကြတယ်။ ရုတ်ရုတ်သဲသဲ ဖြစ်နေကြတယ်။

မကြာပါဘူး။ တိုက်ဆိုင်မှုပဲ ထင်ပါရဲ့။ ဖြစ်ရပ်တစ်ခုက ဖြစ်လာခဲ့ပြန်တယ်။

၂၅-၄-၁၈၂၁ ခုမှာပဲ။ အမရပူရရွှေနန်းတော် တောင်ဘက်တောင်ကုန်းသာ ရန်ကစပြီး မီးသင့်သည်။ ရွှေနန်းတော် ပတ်လည်မှာ မီးလောင်တယ်။ လမ်းတန်း၊ အိမ်စဉ် အိမ်ဝင်း၊ လွှတ်တော်၊ ရုံးတော်ကျောင်း၊ ဗဟိုရ်ဝင်းနှင့် မြို့တော်၏ မြောက်ဘက်တံခါးတိုင် မီးသင့်သည်။

ဒါနှင့်ပဲ အင်းဝမြို့ကို ပြောင်းရွှေ့ နန်းတည်ထိုက်ကြောင်း လူ့ညာ

www.burmeseclassic.com

www.burmeseclassic.com



ရှိ ပုဏ္ဏားပညာရှိတို့က ဘကြီးတော်မင်းထံ စာဆက်သွင်းကြတယ်။

ဘကြီးတော်မင်းကလည်း စိတ်မြန်လက်မြန် ရှိသည့် မင်းတစ်ပါးပဲ။ သူကိုယ်နှိုက်ကလည်း နေရာသစ်တစ်ခု ထပ်မံ တည်ဆောက်လိုတယ်။ နေရာဟောင်းမှာ မပျော်မွေ့တော့ဘူး။ သည်တော့ မင်းကြီးမဟာသက်တော်ရှည် မြို့ဝန်မဟာ သီဟသူရကို သည်အရေးမှာ အပြီးလွှဲလိုက်သည်။

၉-၆-၁၈၂၁ နေ့မှာ ရတနာပူရအင်းဝမြို့တော်သို့ ကိုယ်တော်တိုင်ကြွချီတယ်။ နန်းတက်မယ့် မြေနေရာကို ကြည့်တော်မူတယ်။ အဲဒီနှစ်ဝါဆိုလပြည့်ကျော် သုံးရက်နေ့မှာပဲ အင်းဝမြို့တော်၏ ပန္နက်ကို ချတော်မူသည်။

၂၂-၁၁-၁၈၂၁ ရက်၊ ကြာသပတေးနေ့မှာ မိဖုရားခေါင်ကြီး မယ်နုသည် သမီးတော်တစ်ပါးကို ဖွားမြင်တော်မူသည်။ အင်းဝမြို့တော်ကို တည်ဆောက်ဆဲကာလမှာ ဖြစ်တယ်။ အဲဒီမင်းသမီးတော်ကလေးကို မယ်သဲလို့ အမည်တော်မှည့်တယ်။ အမရပူရရွှေနန်းတော်မှာ ဖွားမြင်ခြင်းဖြစ်သည်။

နန်းမတော်ဖုရားဟာ အင်းဝရွှေတိုက်အတွင်းမှာ အုတ်ကျောင်းတော်ကြီးတစ်ဆောင်ကို တည်ဆောက်စေတယ်။ ၃-၁၂-၁၈၂၂ နေ့ကပေါ့။ သည်တုန်းက ရတနာပူရအင်းဝ ရွှေနန်းတော်သည်လည်း ဆောက်လုပ်ဆဲ၊ တည်ဆောက်ဆဲ ဖြစ်တယ်။

နန်းမတော်ဖုရားဟာ သူ့ရဲ့အုတ်ကျောင်းတော်ကြီး 'မဟာအောင်မြေဘုံစံ' လို့ ကမ္ပည်း တပ်တော်မူတယ်။ ၃-၃-၁၈၂၄ ခုနှစ်မှာ ရတနာပူရအင်းဝရွှေနန်းတော်သည် ဆောက်လုပ်ပြီး ဖြစ်တယ်။ ဘကြီးတော်မင်းသည် အမရပူရနေပြည်တော်မှ ရတနာပူရအင်းဝမြို့တော်သို့ ပြည်တောင်နှင့်တကွ ပြောင်းရွှေ့တော်မူတယ်။

အဲဒီနေ့ဟာ ကြေးကွဲစရာများဖြင့် ပြည့်နှက်နေတဲ့ စတုတ္ထအင်းဝနေပြည်တော်ကို ဖန်ဆင်းတဲ့နေ့လို့ ပြောကြတယ်။

သည်တုန်းက ပြည်သူတွေဟာ တည်တည်ငြိမ်ငြိမ် ရှိဟန်မတူဘူး။ တစ်နေရာမှာ အခြေတည်မဟုတ်လို့ရှိတုန်း ပြောင်းရွှေ့ကြတာကိုး။ မရွှေ့



ချင်လို့ကလည်း မရဘူး။ မြို့တော် ပြောင်းတယ်ဆိုတာက အားလုံး ပြောင်းရတာပဲ။ ချန်ရစ်ခဲ့လို့ မရဘူး။ မြို့တော်ဟောင်းမှာ အခြေကျပြီးသားကို ဖျက်ခဲ့ရတယ်။ စွန့်ပစ်ခဲ့ရတယ်။

နေရာသစ်၊ ဌာနအသစ်မှာ ထပ်ပြီး တည်ဆောက်ရတယ်ဆိုတာမလွယ်ဘူး။ အားလုံး လိုလိုဟာ အသစ်ချည်းပဲ ပြန်တည်ဆောက်ရတော့ ပင်ပန်းတာပေါ့။ နေရာတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့တယ်ဆိုတာက ဝန်လည်းကျယ်တယ်။ မပြောင်းရွှေ့ချင်ကြပေမဲ့ ဘယ်သူကကော နေရဲပါ့မနည်း။

ဘုရင်တို့ဘုန်း မိုးသို့ချွန်းဆိုတာ တယ်မှန်တာပဲ။ ၂၉-၁-၁၈၂၈ ခုနှစ်မှာ နန်းမတော် မိဖုရားခေါင်ကြီးဟာ ပြီးစီးသွားပြီဖြစ်သည့် ကျောင်းဦးပြာသာဒ်ပါ အုတ်ကျောင်းတော်ကြီး ကို လှူဒါန်းတော်မူသည်။

ပုညာတိသီရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇာဂုရုတံဆိပ်နာမည်တော်ရ ညောင်ကန် ဆရာတော်ကို ရေစက်သွန်းချ လှူဒါန်းတော်မူတယ်။ အကျဉ်းခံနေရသည့် လူပေါင်း ၆၈ ယောက်ကိုလည်း လွှတ်တော်မူသည်။ တခြားလှူဒါန်းဒါန အမျှပေးဝေခြင်းကိုလည်း ပြုလုပ် တော်မူတယ်။

စလင်းမင်းသားကြီး ဦးအိုကလည်း နန်းမတော်ဖုရားနှင့်အပြိုင် တံတားကြီးတစ်ခုကို တည်ဆောက်ခဲ့တယ်။ 'မဟာဇေယျာပထတံတား' လို့ ခေါ်တယ်။ အင်းဝမြို့တောင်ဘက် ဟံသာဝတီတံခါးအထွက်မှ နေပြီး တံတားဦး မင်္ဂလာစေတီဘုရားအထိ ဖြစ်တယ်။ အရှည်မှာ တာငါးရာရှည်တယ်။ ဒါပဲပေါ့ ဘကြီးတော်မင်းတရားရဲ့ ယောက်ဖလည်း ဖြစ်တယ်။ ကိုယ်ကိုယ်တိုင်ကလည်း လုပ်ချင်တိုင်း လုပ်လို့ဖြစ်နေသည့် မင်းသားဆိုတော့ လက်ညှိုးညွှန်ရာမှာ ရေဖြစ်တော့တာပဲ။ ဆန်းတဲ့ကိစ္စတော့ မဟုတ်ဘူးပေါ့။

နောက်မကြာခင်မှာပဲ စလင်းမင်းသားကြီး ဦးအိုဟာ သူဆောက်လုပ်သည့် ပြာသာဒ်နှင့်တကွ အုတ်ကျောင်းကြီးကို ရေစက်ချပွဲ ပြုလုပ်သည်။

သာယာဝတီမင်းသားကလည်း ၂၈-၃-၁၈၂၈ ခုနှစ်မှာ သားတော် သတိုးမင်းထင်ကို နားထွင်းမင်္ဂလာ ဆင်ယင်တယ်။ သိမိုးတော်အခွ

www.burmeseclassic.com



ရာဇာဟူသော ဘွဲ့ကို ပေးတော်မူတယ်။

ဒါပဲပေါ့ ဘုရင်က မွေးတဲ့ မင်းသားတွေဆိုတော့ အလကားနေရင်း နားထွင်းတာတို့ ဥသျှောင်ထုံးတာတို့ လုပ်နေတော့တာပဲ။

သည်တုန်းက မိုးတားစားအမတ်ကြီးဟာ ပညာဉာဏ်နှင့် ပြည့်စုံတယ်။ ပညာမာန မာန်စွယ်ဟာ ပြလွန်းတယ်လို့ နေပြည်တော်မှာ ထင်ရှားနေတယ်။ လူပြောသူပြောလည်း များနေတယ်။ ဒါကို အမတ်ကြီး ဦးပေါ်ဦးက ကြည့်ရဟန် မတူဘူး။ သည်တော့ မိုးတားစား အမတ်ကြီး ကြားသိအောင် သတင်းစကားဆောင်တယ်။ အမှန်တော့ မိုးတားစားမှာ ပညာတည်းဟူသော အမြီးပေါက်နေတာပဲ။ ပမာဆိုရလျှင်တော့ ခွေးများမှာ ပေါက်နေတဲ့ အမြီးလိုပေါ့။

ရွှေနန်းတော်အတွင်းမှာ ခစားနေသည့် သူတို့၌ ပေါက်သည့် ပညာတည်းဟူသော အမြီးသည် ဆင်၊ မြင်း၊ ခြသေ့ စသည့် သတ္တဝါတို့မှာ ပေါက်သောအမြီးနှင့် တူကုန်သည်။ အဲဒီသတ္တဝါတို့မှာ ပေါက်သော အမြီးတို့သည် လွန်စွာ အသုံးကျသည်။ မှက်၊ ခြင်၊ ယင်တို့ကို ချောက်ရတယ်။ မိမိရဲ့ အင်္ဂါဇာတ်ကိုလည်း ဖုံးလွှမ်းရတယ်။

ခွေးမှာပေါက်သော အမြီးမှာ မှက်၊ ခြင်၊ ယင်တို့ကိုလည်း ချောက်လှန့်လို့ မရဘူး။ ဘာမျှ မလုံခြုံဘူး။ ဒါကြောင့် မိုးတားစားသည် ပညာဖြင့် လုံလောက်သူ မှန်တယ်။ သို့သော် မိမိ၏ အရှက်ကိုလည်း မဖုံးလွှမ်းနိုင်ဘူး။

တခြားသူတို့မှ လာလတ္တံ့သော အရေးကိုလည်း ကာကွယ်ဆီးတားခြင်း မပြုနိုင်ဘူး။ ဒါကြောင့် ခွေး၏ အမြီးကဲ့သို့ ပညာတည်းဟူသော မာန်မြီးကို တထောင်ထောင်နေခြင်းသည် ပညာရှိတို့ ရယ်ဖွယ်သာ ဖြစ်စေသည်။

သည်ဥပမာကို ကြားသိတဲ့သူတိုင်းက လွန်စွာ ရယ်မောကြတယ်။ တွယ်ရာမှာ မိုးတား စားအမတ်ကြီးကို ကဲ့ရဲ့ကြတယ်။ မပြည့်သည့်အိုးက ဘောင်ဘင်ခတ်တယ်ပေါ့။

အဲဒီကတည်းကပဲ မိုးတားစားအမတ်ကြီးဟာ ငြိမ်ကျသွားတယ်။ အရင်လို မောက် မောက်မာမာ မနေထိုင်တော့ဘူး။ သူ့ကို ခွေးနဲ့ပမာနှိုင်း



လိုက်လို့ အမတ်ကြီး ဦးပေါ်ဦးကို လည်း စိတ်မဆိုးဘူး။ စောစောစီးစီး အခုလို အသိပညာပေးလိုက်တာကိုပဲ ကျေးဇူးတင်နေမိတယ်။ ဒါပဲပေါ့ ပညာရှိဆိုတာက နေတတ်ထိုင်တတ် စားတတ်ရတယ်။ ငါပညာရှိတစ်ဆူပဲ။ ငါ့လောက်တော်တာ မရှိဘူးလို့ ကိုယ့်ကိုယ်ကို အထင်မကြီးရဘူး။

မဟာအောင်မြေဘုံစံအုတ်ကျောင်းအမသည် ပထမညောင်ကန် ဆရာတော်ကြီး ဦးပိုးကို ကြာကြာ ဆည်းကပ်ခြင်း မပြုလိုက်ရဘူး။ ဆရာတော် ဦးပိုးဟာ ၇-၄-၁၈၃၀ ခုနှစ်မှာ ပျံလွန်တော်မူသည်။

ပျံလွန်တော်မူချိန်တွင် ဆရာတော်သည် သက်တော် ၄၆ နှစ်၊ သိက္ခာတော် ၂၆ ဝါပဲ ရှိသေးတယ်။ တစ်နှစ် နှစ်လနှင့် နှစ်ရက်လောက်ပဲ မိဖုရားကြီးအဖို့ ကိုးကွယ်လိုက်ရတယ်။ ညောင်ကန်ဆရာတော်သည် အဘိဓမ္မတ္ထသင်္ဂဟာ အဋ္ဌကထာသိသျှ။ သူဗောဓာလင်္ကာရနိ သျှ ဗုဒ္ဓပူဇာဏာသတ္တရှကျမ်းသုံးကျမ်းကို ပြုစုတော်မူခဲ့တယ်။ ဒါနဲ့ပဲ အုတ်ကျောင်းဆရာတော် အဖြစ် အသစ်ထပ်မံရွေးချယ်ဖို့ လိုလာသည်။

သာသနာပိုင်ဆရာတော်ကြီး အမှူးပြုသည့် လူပညာရှိ ပုဏ္ဏားပညာရှိများတို့သည် ညှိနှိုင်းကြတယ်။ နောက်ဆုံးမှာ တစ်ခုတည်းသော အဖြေ ထွက်လာတယ်။ ဘာလဲဆိုတော့ ညောင်တန်မှာ သီတင်းသုံးနေသည့် ဆရာတော် ဦးဗုမ်ကို ပင့်ဖို့ပဲ။

သည်တုန်းက ဆရာတော် ဦးဗုမ်ဟာ ပရိယတ္တိအရာမှာ သူမတူအောင် စွမ်းအားရှိတယ်လို့ ထင်ပေါ်ကျော်ကြားနေသည်။ တိပိဋကတ်သားယောက်ျားမြတ် ဆရာတော်ဦးဗုမ်သည် ဖြောင့်မှန်တည်ကြည်သည်။ ကြီးမြတ်သော သမာဓိကမ္မဋ္ဌာန်းဖြင့် နေထိုင်သည်။

အဲဒီတုန်းက ကျမ်းဂန်ပိဋကတ်ခေါင်ထိအောင် တတ်မြောက်ကြသည့် ရဟန်းများ ရှိကြသည်။ ဒါပေမဲ့ ဆရာတော် ဦးဗုမ်ကဲ့သို့ မထက်မြက်ဘူး။ နှုတ်ရအာဂုံအားဖြင့်လည်း မတူဘူး။ ဆရာတော်ဟာ ပေစာ အင်္ဂါ ၁၀၀ ခန့် အမြဲနှုတ်တက်ရနေသည်။

ဘယ်အချိန်ပဲ မေးမေး အရေးကိစ္စရှိပါက ကောက်ကောင်ထား ရွတ်တတ်နိုင်တယ်။ ဆုံးဖြတ်နိုင်တယ်။ ဒါပေမဲ့ ဆရာတော် ဦးဗုမ်သည် မိမိကိုယ်ကို စာတတ်တယ်လို့ ဘယ်တော့ မျှ မပြောဘူး။

www.burmeseclassic.com

www.burmeseclassic.com



"စာများ အားထုတ်သင်ရာမှာ ခက်မှန်း သိရှိပဲ ရှိတယ်။ တို့အပေါ်မှာ ဆရာလုပ်ပြီး သင်ကြားပို့ချပေးနိုင်တဲ့သူ ရှိပါက စာတတ်ချင်သေးရဲ့" လို့ မကြာခဏ ပြောတော်မူသည်။

ဗဒုံကျေးလက်ညောင်ကန်ရွာ၊ သာခေါင်ရပ်မှာ ၁၁၄၉ ခုနှစ်၊ နယုန်လပြည့်ကျော်၊ ၅ ရက်၊ အင်္ဂါနေ့မှာ ဖွားသန့်စင်တယ်။ ခမည်းတော် ဦးအိုနှင့် မယ်တော် ဒေါ်မွေးတို့ ဖြစ်တယ်။ ငယ်မည်မှာ မောင်ပုပ်လို့ ခေါ်တယ်။ လငပုပ် ဖမ်းသည့် အချိန်နှင့် ထပ်တူထပ်မျှ ကျနေလို့ ဖြစ်တယ်။ ဒါကြောင့် မောင်ပုပ်လို့ ခေါ်တာပေါ့။ နောက်တော့မှ ဆရာတော် ဦးသာပုံက မောင်ပုပ်ကို မောင်ဗုမ်လို့ ပြောင်းလဲခေါ်ခဲ့တယ်။

ဆရာတော် ဦးဗုမ်ဟာ ငယ်ဆရာတော် များခဲ့တယ်။ ညောင်ကန်ရွာ အနောက်တိုက်ခေါ်တဲ့ ရတနာမဥ္ဇူတိုက်ဆရာတော် ဦးဖြေ၊ ဆရာတော် ဦးသာပုံ၊ ဆရာတော် ဦးပိုး၊ ဆရာတော် ဦးကွင်း၊ မြို့ကြီးဆရာတော် စသည်တို့ ဖြစ်တယ်။

သည်လို ဆရာတော်များထံမှ ပညာရင်နို့ သောက်စို့သော်လည်း မပြေဘူး။ အားရ တင်းတိမ်ခြင်း မရှိဘူး။ ဒါကြောင့် ဗန်ကျိုနယ်ဘက်ကို ထွက်ခဲ့ပြန်တယ်။ အဲဒီအရပ်မှာ မြို့ကြီးဆိုတဲ့ ရွာတစ်ရွာ ရှိတယ်။ အဲဒီရွာက ဆရာတော်ဟာ ဝိနည်းအဖြတ် ကောင်းလှတယ်လို့ ကျော်ကြားနေတယ်။

ဒါကြောင့် နိဿယျာည်းယူရန်အတွက် ထွက်ခဲ့တာပဲ။ အဖော်အဖြစ် ဦးဉာဏဆိုတဲ့ ဦးပဥ္စင်းလည်း ပါတယ်။ မြို့ကြီးရွာ ရောက်တော့ ကျောင်းမှာ သံဃာတစ်ရာကျော်နေပြီ ဖြစ်တယ်။ များပြားလှတယ်။ ဒါကို တာဝန်ယူထားရသည့် မြို့ကြီးရွာသူကြီးဟာ နောက်ထပ် ရောက်လာတဲ့ သံဃာနှစ်ပါးအတွက် မတတ်နိုင်တော့ဘူး။

ဆွမ်းတွမ်း မပြည့်စုံဘူးပေါ့။ သို့အတွက် လက်သင့်မခံနိုင်တော့ပါလို့ စာချဆရာတော်က အမိန့်ဆိုပါတယ်။ သည်တော့ ဆရာတော် ဦးဗုမ်နှင့် ဦးဉာဏတို့က ဆွမ်းအတွက်မှာ မြို့ကြီးရွာက မတတ်နိုင်သော် တခြားရွာမှာ သွားပြီး ဆွမ်းခံစားပါမည်။ နေရမည်ကိုသာ ခွင့်ပြုတော်မူပါဘုရားလို့ တောင်းပန်လျှောက်ထားကြတယ်။



မြို့ကြီးရွာမှာ ဆရာတော် နည်းခံကာ တစ်ဝါဆိုနေကြသည်။ နောက်နှစ်မှာ ညောင်ကန် ရွာကို ပြန်ကြွလာပြီး စာပေပို့ချနေတယ်။ အဲဒီတုန်းက ညောင်ကန်ရွာရဲ့ ဂိုဏ်းအုပ်ဆရာတော် ဦးပိုး (ခ) အရှင်ပုညာဘိ ဖြစ်တယ်။ ဦးဗုမ် ညောင်ကန်ရွာ ပြန်ရောက်ပြီး နောက်တစ်နှစ်မှာ ဆရာတော်ဦးပိုးကို ဘကြီးတော်မင်းက နေပြည်တော်ကို ပင့်ဆောင်သွားသည်။

ဒါကြောင့် ညောင်ကန်ရွာမှာ ဂိုဏ်းအုပ် လစ်လပ်သွားသည်။ သည်တော့ ဝါတော် တစ်ဆယ့်သုံးဝါရနေပြီဖြစ်သည့် ဆရာတော် ဦးဗုမ်ကို ဂိုဏ်းအုပ်နေရာမှာ ခန့်အပ်လိုက် သည်။

သည်တုန်းက ဂိုဏ်းအုပ်ဖြစ်ဖို့ သိပ်မလွယ်ဘူး။ သဘာတောဝိဘင်းကို ပြန်ဆိုရတယ်။ ဒွေမာတိုက် ပြန်ဆိုနိုင်မှ ကျောင်းထိုင်ကျောင်းပိုင် လုပ်ရတယ်။

သည်ကတည်းက ဘကြီးတော်မင်းသည် ဆရာတော် ဦးဗုမ်ကို ကြည်ညိုနေခြင်း ဖြစ်သည်။ "စတ္တာဘိစမ မဟာဓမ္မရာဇာဂုရု" ဆိုသည့် ဘွဲ့တံဆိပ်တော်ကို ကပ်လှူတယ်။ ဒါကြောင့် တံဆိပ်ရဂိုဏ်းအုပ် ဆရာတော် ဖြစ်သည်။

ဆရာတော် ဦးဗုမ်ဂိုဏ်းအုပ် ဖြစ်သည်နှင့် ရွာတွင်းမှာ ဖိနပ်မစီးရ၊ ထီးမဆောင်းရဘူး။ နေလွှဲလျှင် ကွမ်းဆေးမစားရဘူး။ ပွဲလမ်းသဘင် မကြည့်ရှုရဘူး။ နှစ်ဖက်ဝန်ကို မထမ်းရဘူး လို့ ဆင့်ဆိုတော်မူသည်။

ဒါကို အရွဲ့တိုက်သည့်သူကလည်း ရှိသေးတယ်။ တောထွက်ရဟန်းကြီးတစ်ပါးပေါ့။ တစ်နေ့တော့ သူရေခပ်လာတယ်။ တံပိုးရဲ့ ရှေ့မှာ ရေအိုးနှင့် တံပိုးရဲ့ နောက်မှာတော့ ဇီးမြစ်သားကို ထမ်းလာတယ်။ ဒါတို့ တွေ့သည့် လူတွေက မေးတော့ "ကိုဗုမ်တို့များဗျာ. . . နှစ်ဖက်ဝန်ကို မထမ်းရဘူးဆိုလို့ ရေအိုးနှင့် ညီမျှအောင် ဇီးမြစ်သားကို ထမ်းလာရခြင်း ဖြစ်တယ်" လို့ ပြောလိုက်သတဲ့။

ဆရာတော်ဦးဗုမ်သည် ညောင်ကန်ရွာ ရတနာမြေတိုက်ကြီး အတွင်းမှာ သံဃာတော် တစ်ရာကျော်တို့အား နေ့ဝါဥပါ စာပေကျွမ်း

www.burmeseclassic.com

www.burmeseclassic.com



များကို သင်ကြားပို့ချပေးနေသည်။ တစ်ခါ တစ်ရံလည်း ဆွမ်းစဉ်ပရိတ် ရွတ်လိုက်သေးသည်။

တစ်နေ့တော့ အုပ်အိုင်ရွာ အလှူကို မကျည်းကန်ရွာမှ ဆရာတော် ဦးဗုမ်က "ယနေ့ ကိုညာဏ ဘယ်တေးဆိုလိမ့်မှန်း" လို့ ပြောတယ်။ ဒါကို ဆရာတော် ဦးညာဏက "လူပုံက ကိုယ်ဖြင့် အဖြစ်မရှိဘဲနဲ့. . . သူတကာ ပြောဟောသည်ကို လှောင်ပြောင်ချင်သေးတယ်" လို့ ပြန်ဆိုတယ်။ ဒါနဲ့ ဆရာတော် ဦးဗုမ်တ မခံချင်ဖြစ်ရော။ သည်တော့ သူအဖြစ်ရှိကြောင်း ပြလိုက်တယ်။ "ဒါန ဖလုပ္ပတ္တိကျမ်း" ကို ရေးသားလိုက်တာ ဖြစ်တယ်။ သည်တုန်းက နိမိတ်တဘောင် သီချင်းဟာ နေရာအနှံ့မှာ ဖြစ်ပေါ်နေတယ်။

*<u>မိုးကြိုးချပ်လို့ ဘုတ်ကြီးမည် ပုစီတဲ့ဘုန်း၊ သာသနာ ဝါယမာ တဘန်ထုတ်ရန်ဖို့၊ ရွှေဘုတ်မယ်ဆံထုံး နားလှည့်ပါဦး. . .</u>* ဆိုတာ ဖြစ်သည်။ မကြာပါဘူး။ ဆရာတော် ဦးဗုမ်ကို ရွှေနန်းတော်က ပင့်ဆောင်တော်မူတယ်။ ဆရာတော် ဦးဗုမ်သည် ညောင်ကန်ရွာမှာ သီတင်းသုံးနေစဉ် ကျမ်းပေါင်း တစ်ဆယ့်ကိုးကျမ်း ပြုစုခဲ့သည်။

ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့။ ကျောင်းအမဖြစ်သည့် နန်းမတော် မယ်နုအဖွဲ့ ဆရာတော်ကို ကျောင်းတင် ကိုးကွယ်ခြင်းဟာ အလွန်တရာ အကျိုးထူးတယ်။ ဆရာတော်နှင့်ဒကာ သူ့ကဏ္ဍနှင့်သူ ထက်မြက်သည်ချည်း ဖြစ်တယ်။ တစ်ဦးကိုတစ်ဦးက နားလည်တယ်။

ဆရာတော်သည် လောကီရေးရာကို လုံးဝ စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ် မဟုတ်ဘူး။ စာပေ နှင့် ပျော်မွေ့နေသူ ဖြစ်တယ်။ မလွှဲသာ မကင်းသာလို့ ပြောရရင်လည်း ဓမ္မကြောင်းအမြင်မှ ကြည့်ပြီး ပြောတယ်။ ပြောရင်လည်း တိတျပြတ်သားစွာ ပြောတယ်။ သည်လိုပြောခြင်းဟာ လူပိန်းတို့အဖို့ ဝွကျတာ ဖြစ်နေမည်မှာ မလွဲဘူး။

ဒါပေမဲ့ ဆရာတော်ရဲ့ သဘောကို နားလည်တဲ့ ကျောင်းအမအဖို့ ဆရာတော်၏ ပြောဆိုမှုကို အထူးဝမ်းမြောက်ရတယ်။ ဒါကြောင့်ပဲထင်ရဲ့ အကြောင်းမဲ့စကားမပြောသည့် ဆရာတော်အား စကားပြောအောင်



ကြံဖန်လုပ်ဆောင်ခဲ့ရခြင်း ဖြစ်တယ်။

အဲဒီနေ့က ဆရာတော်သည် နောက်ပါ တပည့်အချို့နှင့် အင်းဝသို့ ရောက်လာတယ်။ ကြိုတင် အစီအစဉ် လုပ်ထားသည့်အတိုင်း ကျောင်းတော်တင်ပွဲသဘင် ဆင်ယင်ကျင်းပ တယ်။ နေ့ဆွမ်းစားတယ်။ သည့်နောက် ဘကြီးတော်မင်းနှင့် မိဖုရားခေါင်ကြီး နန်းမတော် မယ်နုတို့ တင်လှူသော မဟာအောင်မြေဘွဲ့ခံ အုတ်ကျောင်းတော်ကြီးကို အလှူခံတော်မူတယ်။

စတ္တိန္နာဘိသိရိပုဓဇမဟာဓမ္မရာဇာဓိရာဇာဂုရုတံဆိပ်တော်ကို အလှူခံတော်မူတယ်။ ဘကြီးတော်မင်းနှင့် မိဖုရားခေါင်ကြီးတို့သည် အလှူတော်ကို ရေစက်သွန်းချတော်မူတယ်။ "တပည့်တော်တို့ ဒကာ၊ ဒကာမများကို သနားသဖြင့် ဆုမွန်ဩဝါဒ ပေးတော်မူပါ ဘုရား" လို့ လျှောက်ထား တောင်းပန်သည်။

သည်တော့ ဆရာတော်က ခပ်ပြတ်ပြတ်ပဲ မိန့်တော်မူတယ်။

"မင်းနှင့်တူအောင် ကျင့်က ငါတို့ ဆုံးမဩဝါဒ ပေးရန် မလို. . . မင်းနှင့်တူအောင် မကျင့်က ငါနှင့်မဆိုင် အဝီစိနှင့်သာ ဆိုင်တယ်"

တစ်ခွန်းတည်းသော ဩဝါဒကြီးပေါ့။ ဘကြီးတော်မင်းနှင့် နန်းမတော်မယ်နုတို့အတွက် တစ်သက်လုံး မှတ်သားလောက်သည့် စကားပါပဲ။

ဆရာတော်ရဲ့ ဩဝါဒစကားဟာ နန်းမတော်မိဖုရားရဲ့ အကြောတွေထဲထိ စိမ့်ဝင်သွားအောင် နှစ်ခြိုက်သွားတယ်။ ကိုးကွယ်ရကျိုးနပ်ပြီလို့လည်း ပီတိဖြာနေတယ်။ ဆရာတော်၏ ပညာဂုဏ် အတိမ်အနက်ကိုလည်း သိသွားခဲ့ပြီ။ သဘောကိုလည်း နားလည်ခဲ့ချေပြီ။

သည်တော့ ငါ့ဆရာမှ ငါ့ဆရာလို့လည်း ဆရာမာန်တက်ရသည်။ သည်တုန်းက ရွှေနန်းတော်အတွင်းမှာ တန်ခိုးလုပ္ပွဲ ဖြစ်နေတယ်။ မိဖုရားခေါင်ကြီးနှင့် သာယာဝတီ မင်းသားတို့ပဲ။ သူတို့ဟာ ထင်ထင် ပေါ်ပေါ် မဟုတ်ဘူး။ အတွင်းကြိတ် ကြံစည်မှုတွေပဲပေါ့။ သာမန်အရပ်သူဘဝက လာခဲ့သည့် နန်းမတော်မိဖုရားဟာ အကြံအစည် ကြီးတယ်။

သူတန်ခိုးထက်ချိန်မှာ လုပ်ပိုင်ခွင့် ရှိသမျှကို အကုန်လုပ်ထားတယ်။ သူ့ရဲ့ဆွေမျိုး အားလုံးနီးပါးခန့်ကို ရာထူးအဆင့်ဆင့် ပေးထားတယ်။ ပေးလို့က ဖြစ်တယ်လေ။ သည်တုန်း က—ရွှေနန်းရှင် ဘကြီးတော်မင်းသာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်အရေးကို လိုက်မကြည့်နိုင်ဘူး။ သူ့ရဲ့ ကျန်းမာရေးကိုပဲ ဂရုစိုက်နေရတယ်။

သည်မှာ နန်းမတော်ဖုရားတို့ မောင်နှမအဖို့ လုပ်ချင်ရာ လုပ်လို့ရတော့တာပဲ။ အခုဆိုရင် သာယာဝတီမင်းသားအဖို့ အိမ်ရှေ့ဥပရာဇာနေရာကို ရထားပြီး ဖြစ်တယ်။ နန်းမတော်ဖုရားတို့ စိုးရိမ်တာကလည်း သူ့ကိုပဲ။ အစစအရာရာမှာ ထက်ထက်မြက်မြက် ရှိလှသည့် သာယာဝတီမင်းသားကို မျက်ခြည်မပြတ် ကြည့်နေရတယ်။

နန်းမတော်ဖုရားကလည်း သူ့လုပ်ပိုင်ခွင့်အားလုံးကို လုပ်ပစ်တာပဲ။ သူ့မောင်တော် စလင်းမင်းသားအား အိမ်ရှေ့မင်းကို ကျော်လွန်ပြီး နိုင်ငံတော် အုပ်ချုပ်ရေးမှာ ပါဝင်စေတယ်။ မိမိတို့အတွက် ရသမျှ အင်အားစုနေသည်။

တောင်တွင်း၊ ပြည်၊ ပုသိမ် စသည့် နိုင်ငံတော်၏ နေရာအနှံ့အပြားမှာ ခန့်ထားခဲ့သည့် အကြီးအကဲများမှာ နန်းမတော်ဖုရား၏ ဆွေမျိုးသားချင်းတွေပါပဲ။ စလင်းမင်းသားကြီးကလည်း နေရာတကာမှာ ပါဝင်နေလေရဲ့။ သည်လို စလင်းမင်းသားကြီး တွင်ကျယ်နေတာကို ဆွေတော်မျိုးတော်များက ကြည့်မရဘူး။ မကျေနပ်ကြဘူး။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့။ နန်းမတော်ဖုရားအဖို့ အကြံကြီးသည့် အမျိုးသမီးတစ်ယောက် ပဲ။ သူ့ရဲ့အကြံအစည်နှင့် စွမ်းရည်သတ္တိများသည် သွေးမြေကျမှုများနှင့် ကင်းလွတ်ခြင်း မရှိဘူး။ ဒါပေမဲ့ သူ့ရဲ့ အထွဋ်အထိပ်ရောက်မှုအတွက် အဲဒီသွေးမြေကျမှုများကြောင့် သူ့ကို အပြစ်တင်လို့ မရဘူး။

ဆရာတော် ဦးဗုမ်သည် အောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးသို့ စရောက်သည့် နှစ်မှာပဲ ကျမ်းသုံးဆူ ပြုတော်မူသည်။ အဲဒီကျမ်းထဲမှာ ကျောင်းအမ နန်းမတော်ဖုရား၏ လျှောက်ထားတောင်းပန်ချက်အရ ***'ဝုဏ်တော်ဖွင့်ကြီး'*** ကိုလည်း ရေးသားတော်မူခဲ့သည်။

ခုဆိုရင် ရွှေနန်းတော်အတွင်းရဲ့ အာဏာလုပွဲ ချိန်ခွင်လျှာ တစ်ဖက်စောင်းနင်း ဖြစ်နေသည်။ သည့်အတွက်ကြောင့်လည်း နန်းမတော်ဖုရား၏ အတိုက်အခံများသည် ငြိမ်သက်နေသည်။



၁၁၉၄ ခုနှစ်မှာ မိဖုရားခေါင်ကြီး မယ်နုသည် ဇာတိရွာဖြစ်သည့် ဖလံခုံရွာမှာ စေတီကြီးတစ်ဆူ တည်တော်မူသည်။ ဉာဏ်တော် အတောင်တစ်ရာကျော် မြင့်သည်။ မောင်တော် စလင်းမင်းသားကြီးကလည်း အစ်မတော်ရဲ့ စေတီအနားမှာ စေတီတစ်ဆူ ထပ်တည်သည်။

ဖလံခုံရွာအနီးမှာ မြင်းပေါက်ရွာ၊ ပဲအိုရွာ၊ ဝက်ဖိုရွာ စသည်တို့ရှိတယ်။ အဲဒီရွာက လူတွေဟာ နန်းမတော်ဖုရားတို့ မောင်နှမရဲ့ အမျိုးတွေပဲ။ ဒါကြောင့် အဲဒီရွာတွေကလည်း ကြီးပွားချမ်းသာလာကြပြီပေါ့။

ဖလံခုံရွာသူရွာသားဆိုပြီး အထင်သေးလို့ မရဘူး။ ကိုယ်က နေရာပေးချင်ဦးပေမဲ့ ယူတဲ့သူက ယူတတ်ဦးမှ။ ပေးလိုက်တဲ့ ရာထူးနှင့် မတန်မှဒုက္ခပေါ့။ ခုတော့ ဖလံခုံရွာသားများ ကြီးကျယ်ထည်ဝါကြသည်မှာ အံ့ဖွယ်မဟုတ်။ ရာထူးနှင့် ထိုက်တန်သော အရည်အချင်းရှိခြင်း၊ နန်းမတော်ဖုရား၏ မစမှု ရရှိခြင်းတို့ကြောင့် ဖြစ်သည်။

တကယ်တော့ သူတို့ရဲ့ ဆွေမျိုးညာတိများကို အရည်အသွေးလိုက်ပြီး မစခြင်းသည် သစ်တစ်ပင်ကောင်း ငှက်အပေါင်း ခိုလှုံရသကဲ့သို့ပေါ့။ ဘကြီးတော်မင်းနှင့် မိဖုရားခေါင်ကြီး တို့သည် ကထိန်ပွဲ ခင်းကျင်းတယ်။

ဆရာတော် ဦးဗုမ်ကို အမှူးပြုပြီး ကျင်းပတာပေါ့။ ကထိန်ခံယူချိန်ရောက်လာပြီမို့ သံဃာများသည် စုံစုံညီညီ ရှိနေသည်။ အဲဒီထဲမှာ နွမ်းပါးသည့် ရဟန်းတစ်ပါး ပါလာတယ်။ ဝတ်ရုံထားသည့် သင်္ကန်းဟာ အလွန်ပင် နွမ်းရိနေသည်။

ဒါကို ဆရာတော် ဦးဗုမ်က မြင်တွေ့တယ်။ သူ့စိတ်တော် မကောင်းဘူး။ ပြည့်စုံတဲ့ သူများကျတော့ ပြည့်စုံနေပြီး နွမ်းပါးသည့်သူများကျတော့ ဘာမျှ မရှိတာကို ကြည့်ရဟန် မတူဘူး။ ဒါနဲ့ သူရထားတဲ့ မိဖုရားခေါင်ကြီး၏ ညတ်မကြီးကို အဲဒီနွမ်းပါးသည့် ရဟန်းငယ်ကို လှူတော်မူလိုက်သည်။

သည်တော့ ဆရာတော်၏ ရင်းနှီးသည့် တခြားဆရာတော်များတောမိန့်ကြားကြသည်။

"နန်းမတော်မိဖုရားကြီးဟာ ကိုယ်တော်ကို ရည်စူးပြီး အဓိဋ္ဌာန်

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများနှင့် ခင်းကျင်းထားတာ ဖြစ်တယ်။ ဒါကို သာမန်ရဟန်းငယ်တလေးကို ကထိန်ခံယူစေလျှင် နန်းမတော်မိဖုရားကြီးရဲ့ စိတ်ထဲမှာ ကောင်းနိုင်ပါ့မလား" ပေါ့။ သည်တော့ ဆရာတော် ဦးဗုဓ်က ပြန်မေးလိုက်သည်။

"ကိုယ်တော်တို့ဟာ ဘုရားသာသနာမှာ နေသလား။ မိဖုရားသာသနာမှာ နေသလား" သည်တော့ တခြားဆရာတော်များက ဘာမျှ ပြန်မပြောကြတော့ဘူး။

ဘကြီးတော်မင်းသည် ဆင်စီး၊ မြင်းစီး ကျွမ်းကျင်သူ ဖြစ်တယ်။ ဆင်ကြန်၊ မြင်းကြန်၊ ပန်းချီ၊ ပန်းပု အတတ်တို့ကိုလည်း တတ်သည်။ နံနက်ခင်းမှာ ဖြစ်ဖြစ်၊ ညနေခင်းမှာ ဖြစ်စေ မြင်းတစ်စီးစီးနှင့် လာလေ့ရှိတယ်။ မန္တလေးတောင် ဘုရားတန်ဆောင်းနှင့် ကြက်ယက်တောင် ဘုရားတန်ဆောင်းများကို ပြင်ဆင်သည်။ သည်လိုသွားသည့် အခါများတွင် ဘကြီးတော်မင်းလည်း ဆင်စီးသွားတယ်။

နောက်မှ ပါလာသည့်သူများလည်း ဆင်စီးလိုက်ပါကြတယ်။ ဒါပေမဲ့ ဘကြီးတော်မင်း ၏ ဆင်ကို လိုက်မှီသူ နည်းသည်။ ဆင်မင်းဝန်နှင့် ဆင်ဝန် စသည့် ဆင်အရာရှိများ စီးသည့် တစ်စီးနှစ်စီးသာ လိုက်ပါနိုင်သည်။

သည်လို ရွှေနန်းတော်အတွင်း အေးအေးချမ်းချမ်း ရှိနေချိန်မှာ ဘကြီးတော်မင်းနှင့် နန်းမတော်ဖုရားတို့သည် ဘုရားသွားရင်း ကျောင်းတက်ရင်းနှင့် အချိန်ကုန်လွန်ကြရတာပဲ။ အများအားဖြင့်တော့ အုတ်ကျောင်းဆရာတော်ထံ အဖူးအမြော် ရောက်တာပဲပေါ့။

တကယ်တော့ အုတ်ကျောင်းဆရာတော်သည် စာပေနှင့်သာ မွေ့လျော်သည့် ပုဂ္ဂိုလ် ဖြစ်တယ်။ ဒါကြောင့် လောကဝတ်ဆိုတာ မရှိဘူး။ ဘုရင်မင်းတရားတို့ နန်းမတော်မယ်နုတို့ ကိုလည်း ဂရုမပြုဘူး။ မိမိ၏ သိက္ခာ၊ မိမိ၏ သမာဓိနှင့်ဘဲ ပေနှင့်မျက်စိ မခွာဘဲ ရှိနေတယ်။

တစ်နေ့တော့ အုတ်ကျောင်းအမသည် လှူဖွယ်ဝတ္ထုများဖြင့် ဆရာတော်အား လှူဒါန်း ပူဇော်သည်။ သည့်နောက် ဘုရားတပည့်တော်မအား



ငါးပါးသီလ ပေးသနားတော်မူပါဘုရား" လို့ လျှောက်ထားတယ်။ သည်တော့ ဆရာတော်က "ငါးပါးသီလ ဆောက်တည်ချင်ရင် ကိုယ်တိုင်နှုတ်ကဆိုပြီး ဆောက်တည်သွား" လို့ မိန့်ကြားလိုက်တယ်။ အုတ်ကျောင်းအမလည်း ကိုယ့်ဘာသာကိုယ် ရွတ်ဖတ်ခံယူ ဆောက် တည်သွားရတယ်။

နန်းမတော် မယ်နုအဖို့ မဟာအောင်မြေဘုံစံအုတ်ကျောင်းကြီးကို ငွေသုံးသိန်းကျော်မျှ အကုန်အကျခံပြီး လှူဒါန်းတယ်။ မွေးရပ်မြေဖြစ်တဲ့ ဖလဲခုံရွာမှာလည်း သည်အုတ်ကျောင်းနှင့်ဆင်တူ အုတ်ကျောင်းတစ်ခုကို လှူဒါန်းခဲ့သေးတယ်။

ဖလံခုံရွာမှာ ဆောက်လုပ်လှူဒါန်းခဲ့တဲ့ အုတ်ကျောင်းက အရွယ်အစားငယ်တယ်။ အင်းဝ နေပြည်တော်က အုတ်ကျောင်းလောက်မကြီးဘူး။ ကျပ်ငွေ တစ်သိန်းကျော် ကုန်ကျတယ်။

နေ့စဉ်လည်း လိုအပ်သည့် ပစ္စည်းမှန်သမျှကို လှူဒါန်းခဲ့သည်။ ဒါပေမဲ့ တင်းတိမ် ရောင့်ရဲခြင်းကား မရှိသေးပါ။ အခါခပ်သိမ်း ပစ္စည်းများကို လှူဒါန်းနေဆဲ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလှူဒါန်းရသော ကုသိုလ်ကောင်းမှုရဲ့ အကျိုးတရားတို့ကို ဟောကြားတော်မူပါ ဘုရားလို့ လျှောက်ကြားတယ်။

သည်တော့ ဆရာတော်က ကျောင်းအမကို ရေဖလားနှင့်ရေအပြည့် ခပ်ယူစေတယ်။ နောက်တော့ ရေဖလားမှ ရေကို အကြွင်းအကျန် မရှိအောင် သွန်ပစ်စေတယ်။

ပြီးမှ "ယခု သွန်ပစ်လိုက်သော ရေနှင့် လှူ၍ ကုန်သော ပစ္စည်းနှင့် တူညီတယ်။ ဖလားထဲမှာ ကပ်ကျန်ရစ်တဲ့ ရေနှင့် အကျိုးရသည်နှင့် တူတယ်" လို့ ခပ်ပြတ်ပြတ် ဟောလိုက်တယ်။

ဒါကို အုတ်ကျောင်းအမက မကျေနပ်ဘူး။ သူ့ရဲ့ လျှောက်ထားချက်ထဲမှာ လှူဒါန်းရသော ကုသိုလ်၏ အကျိုးတရားဆိုတာ ပါရှိတယ်။ သည်အတွက် ဘဝသမ္ပတ္တိစည်းစိမ် ချမ်းသာတို့ကို လိုလားတောင့်တမှုမှ ပြုလုပ်တဲ့ အလှူဒါနမျိုးဟာ ယုတ်ညံ့တဲ့ ဒါနမျိုး ဖြစ်သည်။ ဒါကြောင့် အနည်းငယ်မျှသော အကျိုးကိုသာ ရနိုင်သည်လို့ ဟောတော်မူခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ချက်ချင်း နားလည်လိုက်တဲ့ အုတ်ကျောင်းအမသည် စိတ်ထဲတာ မကျေနပ်ချင်ဘူး။ ဒါကြောင့်ပဲ ထင်ပါရဲ့။ အဲဒီရေဖလားတရားကို တောင်ဘီလူးဆရာတော်ကြီးထံ သွားပြီး လျှောက်ထားတယ်။ သည်တော့ တောင်ဘီလူးဆရာတော်ကြီးက-

"တကတဲဗျာ. . . ငါတို့ သာသနာမှာ စာတတ်သူ နည်းပါးလို့ အားမဲ့နေပါတယ်။ ခုတော့ တောင်ဘက်ကမ်းက ဦးဗုဓ်တစ်ပါးတော့ ရှိသေးရဲ့လားလို့ အားကိုးမိပါတယ်။ မျက်နှာလိုက်သကိုး" လို့ မိန့်တော်မူလိုက်တယ်။

သည်တွင်မှ ကျောင်းအမသည်လည်း အုတ်ကျောင်းဆရာတော်၏ ရေဖလားတရားကို အလွန်သဘောကျ ကျေနပ်သွားတော့သည်။

တောင်ဘီလူးဆရာတော်ရဲ့ ဆိုလိုချက်က သည်လိုပါ။

မိဖုရားခေါင်ကြီးကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်၍သာ အဲဒီတရားကို ဆရာတော် ဦးဗုဓ်က ဟောပြောခြင်း ဖြစ်တယ်။ သဒ္ဓါနည်းပါးသေးသိမ်သူ ဖြစ်ပါက ဤမျှလောက်သော အကျိုးကို ပင် ရရှိနိုင်တယ်လို့ ဆရာတော် ဦးဗုဓ်က ဟောမည် မဟုတ်ဘူးဆိုတဲ့ အဓိပ္ပာယ် ဖြစ်တယ်။

အဲဒီရေဖလား တရားကို နာယူပြီးကတည်းက အုတ်ကျောင်းအမသည် ဆရာတော်ကို ပိုပြီး ကြည်ညိုလာတယ်။ အထူးအဆန်း လှူဖွယ်ရာ အဖြာဖြာကို လှူဒါန်းတယ်။ ဒါတွေ အားလုံးကို ဆရာတော်က သိမ်းဆည်း မထားဘူး။

ကျောင်းတိုက်အတွင်းမှာ ရှိနေကြသည့် သံဃာတော်များကို အလှည့်ကျ ဝေငှလိုက်ပြန်တယ်။ ဒါပေမဲ့ နန်းမတော်ဖုရားအဖို့ အကြည်ညို မပျက်ဘူး။

တစ်ခုသော သီတင်းဝါလကျွတ်ပြီး စာအံချိန် ဖြစ်တယ်။ အာဂန္တု သာမဏေငယ် တစ်ပါးဟာ အုတ်ကျောင်းကြီးပေါ်သို့ တက်လာတယ်။ ရဲရင့်တဲ့ အသွင်ပဲ။ ဘာကိုမှ ကြောက်ရမှန်း သိဟန်မတူဘူး။ ဆရာတော် ဦးဗုဓ်ရှိရာကို တန်းကြွသွားတယ်။ သည်အချိန်မှာ ဆရာတော်သည် စာကြည့်နေတယ်။



သည်တော့ သာမဏေငယ်သည် ရိုသေစွာ ဝတ်ပြုပြီး ထိုင်နေတယ်။ အတန်ကြာသည့်တိုင်အောင် ဆရာတော်ဟာ မလှုပ်ရှားဘူး။ သူ့ရဲ့စာပဲ ဆက်ဖတ်နေတယ်။ ဒါကို ထိုင်စောင့် နေရတဲ့ သာမဏေငယ် ကလေးက စိတ်မရှည်တော့ဘူး။

"ဆရာတော်ကြီး ဦးဗုဓ်. . . ဦးဗုဓ်နဲ့ ကျမ်းတတ်အရာမှာ တစ်ဖက်ကမ်းခတ်တယ်ဆိုတာ ကျော်လွန်းလို့ ခြေတော်ရင်းကို လာခဲ့ပါတယ်။ အာဂန္တုက ဝတ်မကျေလည်ကို မြင်မှ အနေခက်လိုက်လေ" လို့ ရဲရဲဝံ့ဝံ့ ပြောလိုက်တယ်။

အသံကြားလို့ ဆရာတော်က ပေမှ မျက်နှာခွာပြီး လှမ်းကြည့်လိုက်တော့တယ်။ မိမိနှင့် မလှမ်းမကမ်းမှာ သာမဏေငယ်ကို မြင်လိုက်တယ်။

သည်တော့မှ "အေး. . . အေး. . . ဟုတ်ပေတယ်။ ဟုတ်ပေတယ်။ ကိုင်း. . . ကိုင်း. . ဖျာပေါ်ကြွပါဗျာ. . ." လို့ ညွှန်ပြတယ်။ သာမဏေငယ်လည်း ပုဆစ်တုပ် ဒူးချထိုင်တယ်။ လာရင်းကိစ္စ မေးတော့ စာပြန်လိုတဲ့အတွက် လာကြောင်း သိရတယ်။ ဒါနဲ့ ဘယ်စာကို ပြန်လိုကြောင်း မေးတော့ ဆရာတော် ဘုရားစီရင် ရေးသားထားတဲ့ ဓမ္မစကြာပါဠိအနက်ကို ပြန်ဆိုလိုကြောင်း ပြောတယ်။

ဆရာတော်က သာမဏေငယ်ကို နေရာထိုင်ပေါ်မှာ ထိုင်စေတယ်။ ပြီးမှ သေသေချာချာ ကျကျနန ရိုသေစွာ နာယူတော်မူတယ်။ ပြီးသွားတဲ့ အခါကျမှပဲ ဆရာတော်က သာဓု သုံးကြိမ်ခေါ်တယ်။ သင်္ကန်းတစ်စုံကို လည်း လှူဒါန်းတော်မူတယ်။

အဲဒီဓမ္မစကြာ ပြန်ဆိုသည့် သာမဏေငယ်ကို အုတ်ကျောင်းအမတေ ပဋ္ဌင်းလောင်း အဖြစ်နဲ့ မှတ်သား ကိုးကွယ်ထားသည်။

အုတ်ကျောင်း ဆရာတော်သည် ဓမ္မစကြာတရားတော်ကို ပထမဦးစွာ မြန်မာပြန်ဆိုခဲ့သူ ဖြစ်သည်။ အနက်ပြန်ရုံတင်မကဘူး။ ပါဠိတော်ထအစမှာ အဖွင့်ကိုလည်း ရေးသား ထည့်သွင်းခဲ့ပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ထီးမွေနန်းရုံ

www.burmeseclassic.com

www.burmeseclassic.com

## ၂

သည်အချိန်တုန်းက နိုင်ငံတော်ရဲ့ ဘုရင်မင်းတရားကြီးဟာ ဗဒုံမင်းပဲ ဖြစ်တယ်။ ဘိုးတော်ဘုရားလို့လည်း ခေါ်တယ်။

ဗဒုံမင်းတရားရဲ့ အာဏာစက်ဟာ မဏိပူရ၊ ဇင်းမယ်နှင့် ယိုးဒယားအထိ ကျယ်ဝန်းလျက် ရှိတယ်။ ဒါကလည်း သူ့ခမည်းတော် အလောင်းဘုရား အုတ်မြစ်ချပေးသွားခဲ့တာပဲ။ သည်တတိယ မြန်မာနိုင်ငံတော်ကြီးသည် အရှေ့တစ်လွှားတွင် နိုင်ငံတကာ၏ လေးစားခြင်းကို ခံယူရဆဲဝင် ဖြစ်သည်။

မြန်မာတို့သည် မင်းအဆက်ဆက်ကပင် အိန္ဒိယ၊ အင်္ဂလိပ်၊ ပြင်သစ်နိုင်ငံများနှင့် တိုက်ပွဲများ ဆင်နွှဲခဲ့ရဖူးသည်။ တိုက်ပွဲတိုင်းပင် အောင်မြင်မှုအများ ရခဲ့သည်။ ဒါကြောင့်ပဲ ထင်ရဲ့။ အဲဒီတုန်းက မြန်မာတွေမှာအစွဲတစ်ခု ဖြစ်နေခဲ့သည်။ အဲဒီနိုင်ငံတွေကို မမှုလောက် ဘူးဆိုတဲ့ အစွဲပဲ။

ဒါပေမဲ့ ယိုးဒယားနိုင်ငံကိုတော့ မြန်မာတို့နှင့် တန်းတူလူမျိုးဆိုပြီး ယူဆထားကြတယ်။ ဒါကလည်း ဓလေ့ထုံးတမ်းစဉ်လာများက ကူညီနေတယ် မဟုတ်လား။ သည်အချိန်ကဆိုပါမူ တရုတ်လူမျိုးများသည်ကားအမှာအရှေ့ဘက်တွင် ပြိုင်ဘက်မရှိအောင် ဘုန်းတန်ခိုး ကြီးမြင့်နေသူများ ဖြစ်သည်။

သည်အချိန်မှာ 'ဆင်တင်း' မြို့စားဖြစ်သည့် 'ငချင်းပြန်' ဆိုသူမှာ ပုန်ကန်ထကြွနေလေရဲ့။ သည်လို ပုန်ကန်ထကြွနေတာကို မြန်မာစစ်သားများက သွားရောက် နှိမ်နင်းတယ်။ မြန်မာစစ်သားများကို

www.burmeseclassic.com

www.burmeseclassic.com



မခုခံနိုင်တဲ့အတွက် သူနှင့်အတူ နောက်လိုက် နောက်ပါများသည် စစ်တကောင်းနယ်ထဲကို ပြေးဝင်သွားကြသည်။

သည်တုန်းက စစ်တကောင်းနယ်သည် အင်္ဂလိပ်ပိုင်နက် ဖြစ်သည်။ ဒါကို မြန်မာစစ်သည်များက စစ်တကောင်းနယ်ထဲအထိ လိုက်လံဖမ်းဆီးသည်။ ချေင်းပြန်တို့၏ ဂဏှာ မငြိမ်မှုကိုလည်း စစ်တကောင်း အစိုးရသိသည်။ ဒါကြောင့်ပဲထင်ရဲ့ နယ်စပ်ဒေသကို ထိန်းသိမ်းလိုက်သည်။ တကယ်တော့ စစ်တကောင်းအစိုးရမှာ တာဝန်ပျက်ကွက်မှုတွေ အတော်များခဲ့တယ်။

အဲဒီဖြစ်ရပ်နှင့် ပတ်သက်ပြီး စဉ်းစားဖို့ တွေးတောဖို့တွေ ဖြစ်လာတယ်။ သူတို့မှာ ချေင်းပြန်တို့ရဲ့ လုပ်ရပ်တွေကို လုံးဝ အလစ်မပေးဘဲ စောင့်ကြည့်ရန် တာဝန်ရှိပါလျက် ပျက်ကွက်ခဲ့သည်။ ဒါဟာ နိုင်ငံရေး ကျင့်ဝတ်နှင့် လူ့ကျင့်ဝတ် မှန်သမျှကို လုံးဝဥပေက္ခာ ပြုခြင်းပဲ မဟုတ်လား။

နယ်စပ်မှ မည်ကဲ့သို့သော အစောင့်အနေ ထားခဲ့နိုင်ပါသနည်း။ စစ်တကောင်း အရေးပိုင် အနေနှင့်ကော သူ့ပိုင်နက်တစ်ဝန်းရဲ့ အခြေအနေကို ဘယ်ပုံစောင့်ကြည့်ခဲ့ပါသနည်း။

လူအင်အား အနည်းဆုံးတစ်သောင်းထက် လျော့ဟန် မရှိတဲ့ တပ်ကြီးတစ်တပ်အနေနှင့် စစ်တကောင်း အရေးပိုင် မသိအောင် မြန်မာနယ်စပ်ကို ထွက်သွားခဲ့သည်ဆိုခြင်းမှာ ယုံကြည်စရာမရှိပါ။

ချေင်းမြန်တို့ရဲ့ လုပ်ရပ်ဟာ အချိန်ယူပြီး လုပ်ရတဲ့ လုပ်ရပ် ဖြစ်တယ်။ တိတ်တဆိတ် စီစဉ်၍ မရနိုင်ဘူး။ နတ်မြစ်ကို ချင်းပြန် ဖြတ်ကျော်သွားသည့် အချိန်ထိ ချင်းပြန်၏ ပြင်ဆင်စိုင်းပြင်းမှုများကို စစ်တကောင်း အရေးပိုင် မသိပါလို့ ပြောခြင်းဟာ အကြီးမားဆုံး လိမ်လည်ခြင်းပဲ။

ဒါပေမဲ့ နယ်ချဲ့အင်္ဂလိပ်တို့ဟာ သူတို့အဆိုးကို မပြောဘူး။ မြန်မာတို့ကို လုံးဝ မကျေနပ်ကြဘူး။ ၁၈၁၂ ခုနှစ်၊ ဒီဇင်ဘာလ ကုန်ခါနီးမှာ



ချင်းပြန်အဖွဲ့ဟာ မြန်မာနယ်စပ် ကို ထိပါးလာပြန်တယ်။ သည်တစ်ကြိမ် တိုက်ခိုက်ခြင်းဟာ တတိယအကြိမ်ပဲ ဖြစ်တယ်။ မင်္ဂလာဂီရိလို့ ခေါ်တဲ့ အရပ်မှာ ခံကတုတ်များ ဆောက်လုပ်ပြီး တပ်စွဲထားသည်။

သည်တစ်ကြိမ်မှာလည်း ချင်းပြန် အရေးနိမ့်ပြီး သူ့ရဲ့ ခံတပ်လည်း ဖျက်ဆီးခံရသည်။ မြန်မာတပ်များက စစ်တကောင်းနယ်ထဲသို့တိုင် လိုက်လံတိုက်ခိုက်သည်။ ချင်းပြန်နှင့် သူ၏ နောက်လိုက်များသည် ခိုလှုံခဲ့တဲ့ဒေသကို ပြန်လည်ပြေးဝင်သွားကြသည်။

သည်အခါမှာ ကာလကတ္တားအစိုးရက မြန်မာအစိုးရထံ ကန့်ကွက်သည့် စာတစ်စောင် ပေးပို့လိုက်သည်။ ဗြိတိသျှပိုင်နက် စစ်တကောင်း နယ်ထဲသို့ မြန်မာတပ်များ ဝင်ရောက် တိုက်ခိုက်ခြင်းကို အရေးဆို ကန့်ကွက်စာ ဖြစ်သည်။

စစ်တကောင်း နယ်ထဲမှ မြန်မာတပ်များ ဆုတ်ခွာဖို့ အကြောင်းကြားတာပဲ ဖြစ်သည်။ အကယ်၍ နောက်ထပ် ဆက်လက်ကျူးကျော်ရန်စနေမည်ဆိုပါက နှစ်နိုင်ငံ ချစ်ကြည်ရေးမှာ ပျက်ပြားခဲ့ပြီဟု မှတ်ယူရတော့မည် ဖြစ်ကြောင်းလည်း ရေးသားထားသည်။

တကယ်တော့ မြန်မာတပ်များဟာ စောစောပိုင်းကပဲ စစ်တကောင်းနယ်ထဲက ထွက်သွားခဲ့ပြီး ဖြစ်တယ်။ ဒါပေမဲ့ မြန်မာအစိုးရ ကိုယ်စား ရခိုင်ဝန်ကြီးက အလွန်ယဉ်ကျေး သိမ်မွေ့စွာ ချစ်ကြည်ရင်းနှီးစွာ ရေးထားသည့် စာတစ်စောင်ကို ကာလကတ္တားအစိုးရထံ ပေးပို့လိုက်သည်။

မြန်မာတပ်များ၏ ပြုမူပုံကို မိမိလုံးဝ မသိရှိခဲ့ကြောင်း၊ အကြီးအကဲဖြစ်သူတို့အား အပြစ်ပေးပြီး ဖြစ်ပါကြောင်း၊ သောင်းကျန်းခေါင်းဆောင်များကို ဖမ်းမိရေးအတွက် ဗြိတိသျှ အစိုးရ ပူးပေါင်းကူညီရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ရေးသားထားသည်။

တကယ်တော့ အဲဒီဖြစ်ရပ်ဟာ အလွန်ခံပြင်းစရာ ကောင်းသည်။ မြန်မာတို့ရဲ့ သည်းခံ တရားထားပုံ၊ ချစ်ကြည်ရင်းနှီးမှုကို လိုလားပုံတို့မှာ ပေါ်လွင်နေသည်။ ဒါပေမဲ့ စစ်တကောင်း အရေးပိုင်အနေနှင့် တစ်စက်သား မခံချိမခံသာအောင်ပဲ ဆက်လက်ပြုမူနေသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်တတောင်းအရေးပိုင်သည် သူ့လက်အောက်ရှိ အမှုထမ်းများ၏ ဝူဏ်သိက္ခာနှင့် အကျိုးစီးပွားကို ငဲ့ညှာသူလည်း မဟုတ်ချေ။ အတွေ့ အကြုံအားဖြင့်လည်း သင်ခန်းစာ မယူတတ်။ လက်တွေ့လုပ်ငန်း ဆောင်ရွက်မှုဖြင့်လည်း တိုးတက်အောင် မလုပ်တတ်။

ဝေဖန်ပိုင်းခြားမှုဖြင့်လည်း မှန်ကန်သင့်တင့်စွာ ဆောင်ရွက်နိုင်စွမ်း မရှိသူ ဖြစ်သည်။ အသိဉာဏ်မှာ ဗလာနတ္ထိမျှပင်။ သည်လိုပုဂ္ဂိုလ်မျိုးကို ဤလို ရာထူးမျိုးနှင့် ထားရှိခြင်းကား နယ်ချဲ့တို့၏ ပရိယာယ်တစ်ခု မဟုတ်ဘူးလို့ ဘယ်သူကကော ပြောရဲမှာတဲ့လဲ။

၁၈၁၃ ခုနှစ်၊ ဧပြီလတွင် မြန်မာအစိုးရမင်း၏ သံအဖွဲ့တစ်ဖွဲ့သည် ကာလကတ္တားမြို့သို့ ရောက်ရှိလာသည်။ ချင်းပြန်နှင့် အခြားသောင်းကျန်းသူများကို ပေးအပ်ရေးအတွက် ယင်းသံအဖွဲ့က တရားဝင် တောင်းဆိုသည်။ အဲဒီသံအဖွဲ့ဟာ မြန်မာမင်းအစိုးရ၏ ကိုယ်စားပဲပေါ့။ သည်သံအဖွဲ့က ချင်းပြန်နဲ့ ပတ်သက်ပြီး မြန်မာအစိုးရ၏ သဘောထားကို ရှင်းပြတယ်။

သောင်းကျန်းသူတို့အား တောင်းဆိုခြင်းမှာ မြန်မာဘုရင်မင်းမြတ်က အရေးယူ အပြစ် ပေးဖို့ မဟုတ်ကြောင်း၊ မြန်မာဘုရင်မင်းမြတ်၏ ဩဇာပျက်ပြားအောင် နောက်ထပ် မပြုမူနိုင် ရေးအတွက် ယင်းတို့အား မြန်မာအစိုးရက ထိန်းချုပ်ထားရန် ဖြစ်ပါသည်ဟု သံတို့က မြန်မာဘုရင်၏ ရည်ရွယ်ချက်ကို ဗြိတိသျှအာဏာပိုင်များအား ရှင်းလင်းတင်ပြကြသည်။

သည်အချိန်မှာ သောင်းကျန်းသူ အမြောက်အမြားကို ဗြိတိသျှအာဏာပိုင်တို့က ဖမ်းဆီးမိပြီး ဖြစ်သည်။ ဒါပေမဲ့ ခေါင်းဆောင်ဖြစ်သည့် ချင်းပြန်ကိုမူကား မမိသေးဘူး။ ပန်းဝါနှင့် ကောက်(စ်)ဘဇား အနီး အနားတစ်ဝိုက်ရှိ တောတောင်ထဲတွင် ရှောင်တိမ်းခို အောင်းဆဲပင် ဖြစ်သည်။ သူ့တပည့်တပန်းတို့မှာ မြေပြန့်တွင် နေထိုင်သူတို့အား လုယက်တိုက်ခိုက်ခြင်းအားဖြင့် အသက်ဆက်လျက် ရှိကြသည်။



သူတို့သည် လူစုလူဝေးနှင့် အုပ်ဖွဲ့ပြီး တိုက်ခိုက်ကြသည်။ ပြီးတော့မှ သူတို့အား လိုက်လံခြေရာခံခြင်း မပြုနိုင်သည့် တောတောင်ထဲသို့ အမြန်ပြေးဝင် ခိုလှုံလေ့ ရှိသည်။ အဲဒီအချိန်တုန်းက စစ်တကောင်းနှင့် မြန်မာ နယ်စပ်တစ်လျှောက်ဝယ် အုပ်ချုပ်ရေး ပျက်ပြားခဲ့ရသည်။ အခြေအနေဆိုးနှင့် ကြုံခဲ့ရသည်။

၁၈၁၃ ခုနှစ်၊ ဩဂုတ်လမှာ ချင်းပြန်က တစ်စခန်း ထလာပြန်သည်။ ပန်းဝါစခန်းမှူး ထံ စာတစ်စောင် ပို့လိုက်ခြင်းပဲ။ အဲဒီတုန်းက ပန်းဝါကို ဗြိတိသျှတို့က သိမ်းပိုက်ထားသည်။ စာမှာပါတဲ့ အကြောင်းအရာကတော့ မြန်မာပြည်ကို သူပြန်လည်တိုက်ခိုက်ဦးမည် ဖြစ်ကြောင်း၊ ဗြိတိသျှအစိုးရ၏ အကျိုးစီးပွားကို ထိခိုက်ရန် မရည်ရွယ်သဖြင့် ဗြိတိသျှအစိုးရက ဤကိစ္စရပ်များကြားဝတွင် ကြားဝင်ဟန့်တားခြင်း မပြုစေလိုကြောင်း ပါရှိသည်။

သည်တော့မှ စစ်တကောင်းအစိုးရအဖို့ ချင်းပြန်၏ အန္တရာယ်ကြီးမားပုံကို သိလာကြတော့သည်။ အကြောင်းကား ချင်းပြန်နှင့် အပေါင်းပါများ ရှိနေသ၍ မြန်မာအစိုးရကို ပြန်တိုက်နေဦးမှာ ဖြစ်တယ်။ သည်တော့ သူ့ကို အားပေးအားမြှောက် ပြုသကဲ့သို့ ဖြစ်နေတော့မည်။

သည်တော့ နောက်ဆုံးမှာ စစ်တကောင်း အစိုးရအဖွဲ့က ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်ရတော့တယ်။ ချင်းပြန်တို့ အဖွဲ့သားများကို စစ်တကောင်းအစိုးရက ရာဇဝတ်ကောင်များအဖြစ် သတ်မှတ်လိုက်ခြင်းပဲ။

မြန်မာတို့နှင့် စစ်မဖြစ်ပွားရေးကို လည်းကောင်း၊ မြန်မာတို့ နယ်စပ်တစ်လျှောက်မှာ နောက်ထပ် လုယက်တိုက်ခိုက်မှုများ မပေါ်ပေါက်ရေးကို လည်းကောင်း၊ စစ်တကောင်း အစိုးရက ကြိုးပမ်းနေသည်။

ဗြိတိသျှ ပိုင်နက်အတွင်းသို့ ဝင်ရောက်ခြင်း မပြုရန် မြန်မာထောင် များကို ရခိုင်ဝန်ကြီးက အမိန့်ထုတ်ထားသည်။ ဒါပေမဲ့ ၁၈၁၄ ခုနှစ် ဇန်နဝါရီလဆန်းမှာ မြန်မာတပ်သား ၃၀၀ သည် ဗြိတိသျှပိုင်နယ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



သို့ ဝင်လာသည်။ ပြီးတော့ ဗွန်ဂူနီးယားရွာကို တိုက်ခိုက် လုယက်သည်။ ရွာသားအချို့ကို ဖမ်းဆီးသွားသည်။

၁၈၁၄ ခုနှစ်၊ ဖေဖော်ဝါရီလမှာ စစ်တကောင်းအစိုးရက မြန်မာအစိုးရထံ အကြောင်းကြားလွှာ ပေးပို့ခဲ့သည်။ မိမိတို့အနေဖြင့် ချင်းပြန်အား ဖမ်းဆီးရန် လုံးဝ မတတ်စွမ်းနိုင်တော့ကြောင်း။

"တောတောင်ထဲရှိ သောင်းကျန်းသူများကိုလည်း မရှင်းလင်း မသုတ်သင်နိုင်ခဲ့ကြောင်း။ ဒါကြောင့် စစ်တကောင်းနယ်ဘက်ရှိ တောင်များထဲသို့ မြန်မာတပ်များ ဝင်ရောက်ပြီး၊ ရခိုင်သောင်းကျန်းသူတို့အား ဖမ်းဆီးချေမှုန်းရန် ဖိတ်ခေါ်ပါတယ်" ဆိုတာပဲ။

တကယ်တော့ ဒီလို ဝန်ခံချက်မျိုးပေးရတယ်ဆိုတာက အင်္ဂလိပ်တွေအဖို့ ရှက်ဖွယ်လီလီပါပဲ။ ကိုယ့်ကိုယ်ကို ယုံကြည်မှုနဲ့ မတရားမှုတွေ လုပ်နေတဲ့ အင်္ဂလိပ်တို့ဟာ သည်တစ်ပွဲမှာ လွန်စွာပဲ ရှက်စရာ ကောင်းလှတယ်။

သူများနိုင်ငံကို လက်နက်ပြပြီး ခြိမ်းခြောက်ယူဖို့ ကြိုးစားနေတဲ့ နယ်ချဲ့တွေအဖို့ မျက်နှာကတော့ ပြောင်ပြောင်ပဲ။ ဒါပဲပေါ့ ရှက်နေကြောက်နေမှတော့ နယ်ချဲ့အမည်ခံလို့ ဘယ်ဖြစ်ပါ့မတုန်း။ အင်္ဂလိပ်တို့အဖို့ သူပုန်ချင်းပြန်နဲ့ အခြားသူပုန်ခေါင်းဆောင်များကို ဖမ်းဆီးဖို့ ခွင့်ပြုတာဟာ သဘောထား မှန်ပုံ မရပါဘူး။ နယ်ချဲ့ပီပီ ပရိယာယ်များတယ်။ အထူးသဖြင့်ကတော့ ခုလောလောဆယ်မှာ မြန်မာတွေနဲ့ စစ်ဖြစ်ဖို့ မလိုလားသေးဘူး။ ဒါကြောင့် ရှောင်တိမ်းလိုက်တာပဲ။

အဲဒီတုန်းက ဥရောပမှာ စစ်ဖြစ်နေတယ်။ ပြင်သစ်တော်လှန်ရေး စစ်ပွဲပေါ့။ အဲဒီစစ်ပွဲဟာ အင်္ဂလိပ်တို့အဖို့ သေရေးရှင်ရေးတမျှ အရေးကြီးနေတယ်။ ဒါကြောင့် အရှေ့ဘက်မှာ ဖြစ်နေတဲ့ ကိစ္စတွေကို ရှောင်တိမ်းနေခြင်းပဲ။

အခုလည်း မြန်မာတို့နဲ့ ဖြစ်နေတဲ့ ကိစ္စကြီးငယ်များကို လျှော့ပေးတန်က လျှော့ပေးနေ ခြင်း ဖြစ်တယ်။ နောက်ဆုတ်တန်က နောက်ဆုတ်



ပေးပေးနေတာပဲ။ ဒါကို အချို့သူတွေက တွေးကြတယ်။ အင်္ဂလိပ်ကုလားဖြူတို့ဟာ မြန်မာတို့ကို ကြောက်ရှာတယ်ပေါ့။ ဘာပဲဖြစ်ဖြစ်ပေါ့ ကိုယ်လိုရာ ဆွဲတွေးတတ်တဲ့သူတွေအဖို့ စိတ်ချမ်းသာကြတာပဲ။ နောက်မှသာ ရောက်ရားပဲ။ ခုလောလောဆယ်တော့ စိတ်ထင်တိုင်း ဖြစ်နေတယ်ပေါ့။

အဲဒီတုန်းက အင်္ဂလိပ်တွေ အနေနဲ့က အနေးနဲ့အမြန် ဆိုသလိုပဲ နိုင်ငံတော်ကို နယ်ချဲ့ဖို့ ကြံစည်နေကြပြီ။ ဘယ်လိုပဲဖြစ်ဖြစ် နယ်ချဲ့ဖို့ပဲ ကြိုးစားနေတာပဲ။ သူတို့ရဲ့ နိုင်ငံတော်အာဏာစက် ကျယ်ပြန့်ဖို့ လုပ်နေတာပဲ။ သည်တုန်းက စာပြန်ပွဲဆိုတာ ရှိတယ်။ စာပြန်ပွဲဆိုတာက ပညာရှိလောင်း ရွေးပွဲပေါ့။

အဲဒီစာပြန်ပွဲများက လူတော်လူကောင်းများကို ရွေးချယ်တယ်။ ပြီးတော့ လွှတ်တော်၊ ဗြဲတိုက်တော်တို့မှာ အသုံးချတယ်။ အချို့ကတော့ စာရေးတော်များ ဖြစ်လာတယ်။ လောကရေး၊ ရာဇရေး၊ ဓမ္မရေးရာများမှာ တစ်ဖက်ကမ်းခတ် တတ်မြောက်တဲ့ စာဆိုတော်ကြီးများ ဖြစ်လာတယ်။

၁၆ နှစ်ရွယ်၊ ၁၅ နှစ်ရွယ် နောက်ဆုံး အသက် ၂၀ မကျော်သေးတဲ့ လူဝတ်ကြောင်များ က စာပြန်ကြရတယ်။ သင်္ကန်းဝတ်နဲ့ စာမပြန်ရဘူး။ တချို့ စာပြန်ပွဲ ဝင်သူတွေဟာ အသက် ၂၀ ရှိနေပေမဲ့ ရဟန်းမခံသေးဘူး။ လူဝတ်ကြောင်နဲ့ ပထမကျော်ဖြစ်ဖို့ ကြိုးစား တုန်း ရှိသေးတယ်။ ဒါကြောင့် တချို့ ရဟန်းတော်တွေဟာ သက်တော် ၂၂ နှစ်ကျမှပဲ ရဟန်းခံကြတယ်။

သည်လို ရဟန်းမခံသေးတာကလည်း အကြောင်းရှိတယ်။ စာပြန်ပွဲမှာ တော်လို့ ဘုရင်က ရွေးကောက်ခံရမယ်။ သည်လိုအခါကျရင် မင်းမှုထမ်း တစ်ခုခုတော့ ရမယ်ဆိုတာ သေချာပြီ။ ဒါကို မျှော်တိုးလို့ပေါ့။

အဲဒီတုန်းက ပထမကျော်ထွက်တဲ့ ကျောင်းတိုက်ဟာ အလွန်နာမည်ကြီးတယ်။ သက်ဆိုင်ရာ ဆရာတော်ဟာ မင်းပေါင်း ဦးပေါက် ဖြစ်လာတယ်။ အဲဒီတုန်းက မှူးမတ်မျိုး ၁၄ ပါး ရှိတယ်။ အဲဒီထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



လက်ဝှေ့သတ် အမတ်ဟာလည်း တစ်ပါးအပါအဝင် ဖြစ်တယ်။ ဘုရင်မင်းမြတ်က မြှောက်စားခံရလျှင် ဘုရင့်လက်ဝှေ့တော်သတ် ဖြစ်လာတယ်။

လက်ဝှေ့သတ်ခြင်းကို 'နိဗ္ဗုဒ္ဓ' လို့ ခေါ်တယ်။ မြန်မာမင်းတို့ရဲ့ စစ်သည်တော်များဟာ လက်ဝှေ့သတ် ကျွမ်းကျင်ကြရတယ်။ သည်တုန်းက စာပြန်ပွဲမှာ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ကြမ်းပြင်ပေါ်မှာ ဒူးတုပ်ထိုင်နေရတယ်။ စာမေးဆရာတော် နှစ်ပါးထံမှာ စာပြန်ရတယ်။

စာမေးဆရာတော်က အလိုရှိရာ အခန်းကို ပြန်ခိုင်းတယ်။ အသံဖြတ်သားတယ်။ မပြတ်သားဘူး။ မထစ်မငေါ့ ရွတ်နိုင်ခြင်း ရှိမရှိ၊ မကြောက်မရွံ့ ရွတ်နိုင်ခြင်း ရှိမရှိ၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကို အကဲခတ်ကြည့်ပြီး အမှတ်ပေးနေရတယ်။

လောကမှာ သတ္တိနှင့် ဗျတ္တိဆိုတာ ရှိတယ်။ ရန်သူကို ရဲရဲဝံ့ဝံ့နဲ့ ထိုးခုတ်သတ်ဖြတ်ရဲသူဟာ သတ္တိရှိတယ်။ စားပွဲသဘင်များမှာ လည်းကောင်း၊ မင်းမှုမတ်သဘင်များမှာ လည်းကောင်း၊ ဆွေးနွေးကြတဲ့ ကိစ္စများကို ပြောရဲတယ်။ ဆိုရဲတယ်။ မကြောက်မရွံ့ခြင်းတို့ဟာ ဗျတ္တိရှိသူဖြစ်တယ်။ ဒါကြောင့် အဲဒီတုန်းက စာပြန်ပွဲတွေမှာ ဗျတ္တိရှိသူကို ဦးစားပေးတယ်။

ပထမကျော် အောင်သူကို ဘုရင်မင်းမြတ်က သားတော်အဖြစ် ကောက်ရတယ်။ ပြီးမှ ဘုရင်မင်းမြတ်ထံက မိဖုရားကြီးများဟာ တောင်းယူ မွေးစားရတယ်။ ရဟန်းဒါယိကာ ခံယူရတယ်။

ပထမကျော် အောင်သူကို ရွှေထမ်းစင်၊ ရွှေဝေါတော်များဖြင့် ရှေ့ဆုံးက ထမ်းပြီး လှည့်လာရတယ်။ စာအောင်သူဟာ ခေါင်းပေါင်း စလွယ် ဝတ်စားပြီး လာရတယ်။ ပထမကျော်ရဲ့ နောက်မှ တခြားစာအောင်သူများက ဝတ်စားဆင်ယင်ပြီး အသီးသီး ထမ်းစင်နဲ့ ဖြစ်ဖြစ်၊ မြင်းနှင့်ဖြစ်ဖြစ် နန်းတော်ကို တစ်ပတ်ပတ်ရတယ်။

ပြီးမှ မဏ္ဍပ်ရှေ့ကို လာရတယ်။ လူအပေါင်းကလည်း ရွှေပေါက်ပေါက်များ ကြဲပစ်နေရတယ်။ ဒါကို ဘုရင်မင်းမြတ်က လွှတ်တော်ပေါ်မှနေပြီး ဝမ်းသာကြည်နူးနေရတယ်။



သူတို့အားလုံးဟာ ဝေါတော်ပေါ်မှာဖြစ်ဖြစ်၊ မြင်းပေါ်မှာပဲဖြစ်ဖြစ် မြေပေါ် မဆင်းသက်ရဘူး။ စီးနေမြဲစီးနေရတယ်။ ဘုရင်ရဲ့ အပူဇော်ကို ခံရတယ်။ ဘုရင်မင်းမြတ်ဟာ မိမိရှေ့ကို စာအောင်သူများ ချည်းကပ်လာသည်နဲ့ ရွှေကရားနဲ့ ရေသွန်းပြီး ကောင်းချီးပေးရတယ်။

သည်အခါမှာ စိန်ဆိုင်း၊ မြဲဆိုင်းတို့ကလည်း တစ်ခဲနက် တီးမှုတ်ကြရတယ်။ ဝန်ကြီး၊ အမတ်၊ သေနာပတိ၊ အတွင်းဝန်၊ နယ်စား၊ မြို့စားစသည့် အမှုထမ်း၊ အရာထမ်းတို့သည် မင်းတရားကြီး၏ ကိုယ်စားဖြစ်သည်။ ဒါကြောင့်မို့ သူတို့ရဲ့ အမိန့်ဩဇာကိုလည်း ထပ်တူ ထပ်မျှ နားထောင်ရသည်။ လိုက်နာရသည်။

ဒါတင်မကသေးဘူး။ မင်းမှုမင်းတာ မင်းမှုကြေး၊ မင်းမိန့် စသည်တို့မှာ မင်းကို အမှီပြုရခြင်း ဖြစ်တယ်။ သည်တော့ အမိန့်အာဏာကို ဖီဆန်ခြင်း မပြုရဘူး၊ အားလုံး လိုက်နာကြရသည်။

သူတို့အားလုံးကို ဖီဆန်လျှင် ရာဇတော၀ါ သင့်ရတော့သည်။ အထူးသဖြင့်ကတော့ တောနေခြုံကြားမှာ မှီတင်းနေထိုင်ကြရတဲ့ ဆင်းရဲသား နင်းပြားတွေပဲ။ ဗဟုသုတအရာမှာ ရောပညာအရာမှာပါ မပြည့်စုံရှာတဲ့ အဲဒီနလပိန်းတုံး ဆင်းရဲသားတွေဟာဆိုရင် အလူး အလိမ့် ခံခဲ့ရတယ်။

မတရားတာ လုပ်နေမှန်း သိလျက်နှင့် မပြောရဲကြဘူး။ ဘယ်ပြောရဲပါ့မတုန်း။ သေစေ၊ ရှင်စေဟာဆိုတဲ့ အာဏာက သူတို့လက်ထဲမှာ ရှိနေတော့ သူတို့ လုပ်ချင်တိုင်း လုပ်တာကို ကြိတ်ခံနေရသည်။ မျက်လုံးစုံစုံတန်းပြီး မှိတ်ခံရသည်။

နယ်စွန်နယ်ဖျားဆိုလျှင် ပိုပြီးဆိုးသေး။ နေပြည်တော်နဲ့ အလှမ်းကွာဝေးတဲ့ဒေသဆိုတော့ သူတို့ လုပ်ချင်တိုင်း လုပ်နေကြတာပေါ့။ အဲဒီရာဇတော၀ါတွေကြောင့် ဆင်းရဲသား ပြည်သူ အချို့ဟာ အသက်ဆုံးခဲ့ရတယ်။ အတိဒုက္ခ ရောက်ကြရတယ်။ တချို့ဆိုရင် လယ်ယာတွေကို ပစ်ပြီး ထွက်ပြေး တိမ်းရှောင်ကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ရွှာသား ချောင်းရဲ့ ဖြစ်ရပ်ကတော့ ကြေကွဲဖွယ် အတိပြီးသည်။ ချောင်းအား စစ်မြေ ပြင်အရပ်မှာ အပြစ်ရှိသည်ဆိုပြီး ကွပ်မျက်လိုက်သည်။ ဒါကို ရင်ရွှာစားက မိမိ၏ အစီရင်အတွင်းဖြစ်သည်ဆိုကာ ချောင်း၏ သားမယား စည်းစိမ်အားလုံးတို့ကို သိမ်းယူသည်။ ဘုရင် မင်းတရားကြီးရဲ့ တစ်မိန့်တစ်သံတည်းဆိုတော့ ဘယ်သူကမျှ မပြောရဲကြဘူး။

နောက်ဖြစ်ရပ်တစ်ခုလည်း ရှိသေးသည်။ တပယင်းမြို့အပိုင်မှာ တျောကူဖြူရွာဆိုတာ ရှိသည်။ အဲဒီမှာ နေထိုင်ကြတဲ့ ပေန်းညွန့်နဲ့ အပေါင်းပါ ၁၄ ဦးတို့သည် မင်းမှုထမ်းရန် ငြင်းဆိုသည်။ တစ်ရပ်တစ်ကျေးကို ထွက်ပြေးကြသည်။ တိမ်းရှောင်နေကြသည်။

သည်လို ထွက်ပြေးတိမ်းရှောင်သည့်အတွက် သူတို့ရဲ့ ကိုယ်ပိုင်လယ်တွေကို အသိမ်းခံရသည်။ အဲဒီခေတ် မတိုင်ခင်ကတည်းကပဲ မင်းမှုမင်းတာ မဆောင်ရွက်နိုင်လို့ ထွက်ပြေးကြသည်။ မင်းနှင့် မဆက်ဆံလို၍လည်း တိမ်းရှောင်နေကြရတဲ့ ဖြစ်ရပ်တွေဟာ မနည်းလှဘူး။

တကယ်တော့ အဲဒီလို ခေတ်ကာလမှာ မတရားမှုတွေ၊ အာဏာအလွဲသုံးစားမှုတွေဟာ ဒလစပ်ပေါ်နေမှာပဲ။ ဖြဟ္မစိုရ်တရား မရှိတဲ့ အဲဒီခေတ်ကာလမှာ လူဖြစ်ရတဲ့ သူတွေအဖို့ ဒုက္ခအဖုံဖုံနဲ့ တွေ့ကြုံနေရတာပါပဲ။

ချောင်းပြန်သည် ၁၈၁၅ ခုနှစ်တွင် စစ်တကောင်းနယ်ထဲ၌ သူ့အလိုအလျောက် သေဆုံးသွားခဲ့သည်။ အဲဒီကတည်းကပင် မြန်မာနှင့် အင်္ဂလိပ်တို့သည် မသင့်မတင့် ဖြစ်နေကြရသည်။ သည်နေရာတွင် သူပုန်တွေကို မြင်ပုံမြင်နည်းက ကိုယ့်အမြင်နဲ့ ကိုယ်မြင်နေကြသည်။

အင်္ဂလိပ်တွေက သူတို့ဆီကို ထွက်ပြေးလာသည့်သူများကို သူပုန်လို့ မမြင်ဘူး။ နိုင်ငံရေး ညှဉ်းပန်းမှုအတွက် အင်္ဂလိပ်နယ်ထဲသို့ ခိုလှုံရန် ဝင်လာသောသူများဟု ယူဆကြသည်။

မြန်မာတို့က သည်လိုမဟုတ်ဘူး။ နိုင်ငံတော်ကို တော်လှန်ပုန်ကန်နေသူများ၊ အနှောင့်အယှက်ပေးနေသူများရယ်လို့ မြင်နေကြသည်။

ဒါကြောင့်ပင် သူပုန်များကို မြန်မာတို့က ပေးအပ်ရမည်ဟု တောင်းဆိုသည့်အခါတွင် အင်္ဂလိပ်တို့က ငြင်းဆန်ခဲ့ခြင်း ဖြစ်သည်။



သည်တော့ အင်္ဂလိပ်တို့သည် သူပုန်များကို အားပေးနေသည်လို့ မြန်မာတို့က ထင်လာမြင်လာကြသည်။ သည့်အတွက်ကြောင့်ပဲပေါ့ အင်္ဂလိပ်နှင့် မြန်မာတို့သည် မသင့်မတင့် ဖြစ်လာနေကြသည်။

ပြီးတော့ နယ်နိမိတ်ပြဿနာလည်း ရှိသေးသည်။ အဲဒီတုန်းက မြန်မာတို့ ပိုင်နက်ဖြစ်သည့်ရခိုင်နယ်သည် စစ်တကောင်းနယ်နှင့် တစ်စပ်တည်း ဖြစ်နေသည်။ စစ်တကောင်း ဆိုတာက အင်္ဂလိပ်ပိုင်နက် နယ်မြေ ဖြစ်သည်။

သည်လို မြေချင်းဆက်စပ်နေသည့် နိုင်ငံများအဖို့ အနည်းနှင့်အများတော့ ပြဿနာ ရှိမှာပါပဲ။ အနေးနှင့်အမြန် ဆိုသလို သဘောထားကွဲလွဲမှုများသည်လည်း ဖြစ်ပေါ်လာတတ်သည်။ သည်တုန်းက မြန်မာအရာရှိ အချို့သည်လည်း နိုင့်ထက်စီးနင်းမှုများ အတော်ပြုလုပ်ခဲ့ကြသည်။

အခွန်အတုပ် ကောက်ခံမှုများသည် ကြီးလေး၏။ ဘိုးတော်မင်းတရားကြီး ကန်ဆည်ဖို့အတွက် ဘုရားစေတီများ တည်ဆောက်ရာများတွင် ချွေးတပ်ဆွဲသည်။ စစ်ထဲသို့လည်း အတင်းအဓမ္မ ဝင်ရောက်စေသည်။

သည်ဒဏ်ကို မခံနိုင်တော့သည့်အတွက် သူတို့သည် ၁၇၉၃ ခုနှစ်မှစပြီး ပုန်ကန်ထကြွသည်။ မြန်မာတို့က အပြတ်ချေမှုန်းသည်။ နှိပ်ကွပ်သည်။ သည်တော့ မြန်မာတပ်၏ အင်အားကို မခံမရပ်နိုင်တော့ဘူး။ သည့်အတွက် သူပုန်များသည် စစ်တကောင်း နယ်ထဲသို့ ပြေးဝင် သွားကြရန်သည်။

ဒါကို မြန်မာစစ်သည်များက ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးသည်။ ဒါကြောင့် မြန်မာတို့သည် အင်္ဂလိပ်နယ်မြေအတွင်းသို့ ဒုတိယအကြိမ် ကျူးကျော်ဝင်ရောက်သွားခဲ့ သည်။

သည်တစ်ကြိမ်တွင်မတော့ စစ်တကောင်းမှာ ရှိနေသည့် အစောင့်များက မြန်မာ စစ်သားများကို စတင်ပစ်ခတ်ကြသည်။ မြန်မာတို့က

www.burmeseclassic.com

www.burmeseclassic.com



လည်း ပြန်လည်၍ ပစ်ခတ်သည်။ သည့်အတွက် တိုက်ပွဲကလေးများ ဖြစ်ပေါ်လာသည်။ သည်အရေးကို မြန်မာတို့က သည်းခံမနေဘူး။ အိန္ဒိယဘုရင်ခံချုပ်ထံ စာလွှာပေးပို့သည်။

စစ်တကောင်းနယ်ကို အခြေပြုပြီး မြန်မာတပ်များကို လာရောက်တိုက်ခိုက်နေသည့် သူပုန်များကို ပေးအပ်ရန် တောင်းဆိုလိုက်သည်။ ဒါကို အိန္ဒိယဘုရင်ခံချုပ်သည် နောက်နောင်ကို သူပုန်များ မြန်မာတို့နယ်ထဲသို့ မကျူးကျော် မဝင်ရောက်စေရပါလို့ ကတိပေးလိုက်သည်။

အိန္ဒိယဘုရင်ခံချုပ်က ဘိုးတော်မင်းတရားကြီးထံ သံအမတ်များ စေလွှတ်ခဲ့သေးသည်။ သဘောထား ကွဲလွဲမှုတွေကို ဖြေရှင်းဖို့အတွက်ပေါ့။ သို့ပေမဲ့ ဘုရင်မင်းတရားကြီးက အတွေ့မခံလိုတော်မူဘူး။ ဒါကလည်း အကြောင်းရှိပါတယ်။

အိန္ဒိယဘုရင်ခံချုပ်ဆိုတာက အင်္ဂလိပ်အစိုးရ၏ ကိုယ်စား မဟုတ်လား။ လက်အောက် ခံ မဟုတ်လား။ ပြီးတော့လည်း အိန္ဒိယဘုရင်ခံဆိုတာက မြန်မာပြည်မှာ ရှိသည့် မြို့စား၊ ရွာစားအဆင့်လောက်ပဲ ရှိတာပဲ။ လူချင်းကလည်းမတူ၊ အာဏာချင်းကလည်း တူတာမဟုတ်ဘူး။ သည်တော့ ဘုရင်မင်းတရားကြီးအဖို့ ဘယ်ဆက်ဆံချင်ပါမတုံး။

လူချင်း၊ အာဏာချင်းသာတူသည့် ဘုရင်မင်းတရားအချင်းချင်း အင်္ဂလိပ်ဘုရင်နှင့်သာ ဆက်ဆံလိုတာပေါ့။ မကြာပါဘူး။ အင်္ဂလိပ်တို့နှင့် ပြဿနာတက်စရာ အကြောင်းတွေက ထပ်ပြီး ဖြစ်လာသေးသည်။

အဲဒီတုန်းက မြန်မာတို့နှင့် ဆက်ဆံနေကြသည့် အင်္ဂလိပ်တွေမှာ ရိုင်းပျတာလေးတွေ ရှိနေသည်။ မြန်မာနိုင်ငံမှာနေပြီး မြန်မာ့ထုံးဓလေ့ကို မလိုက်နာကြဘူး။ တခြားနေရာ မပြောနဲ့။ ဘုရင်မင်းတရားကြီး၏ ရှေ့တော်မှောက် ခစားဝင်လျှင် ဖိနပ်မချွတ်လိုကြဘူး။ ဦးတုပ်မခစားလိုဘူး။

မြန်မာဘုရင်ထံ ခင်ခစားလျှင် မြန်မာ့ဓလေ့ ထုံးတမ်းအစဉ်အလာကိုတော့ လိုက်နာရ မှာပဲ။ မလိုက်နာနိုင်ရင် မခစားနဲ့။ မြန်မာနိုင်ငံထဲ ဝင်မလာကြနဲ့ပေါ့။ နိုင်ငံတစ်ခုမှာ အဓိက အရေးကြီးသည်က ဓလေ့ထုံးတမ်းအစဉ်အလာကို ရိုသေကိုင်းရှိုင်းမှုပဲ။



သည်ဓလေ့ထုံးတမ်းကလေးများကြောင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရေး ပျက်ပြား ရတတ်သည်။ ဥရောပတိုက်မှ ယဉ်ကျေးမှုနှင့် အာရှတိုက်မှ ယဉ်ကျေးမှုများ သည်မဟာမိတ် ပြုရေးတွင် အနှောင့်အယှက် ဖြစ်ကြရသည်။

အဲဒီတုန်းက အင်္ဂလိပ်တို့သည် မြန်မာမင်းတို့၏ ရှေ့တော်မှောက် ခစားလျှင် ဖိနပ်ချွတ်ရသည်ကိုပဲ ပြဿနာအကြီးအကျယ် ဖြစ်စေသည်။ ဖြစ်အောင် ဖန်တီးသည်။

သည်လို ဘုရင်မင်းတရားကြီး၏ ရှေ့တော်တွင် ဖိနပ်ချွတ်ဝင်ရသော ဓလေ့သည် မြန်မာနိုင်ငံတစ်ခုတည်းတွင်သာ ရှိသည် မဟုတ်ဘူး။ အိန္ဒိယ၊ ယိုးဒယား၊ အာသံပြည် စသည့်နိုင်ငံများမှာလည်း သည်လိုပဲ ရှိသည်။

ဘယ်လိုဖြစ်ဖြစ်ပေါ့ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ဆက်ဆံသည့်နေရာမှာ ဒါတွေဟာ အသေးအဖွဲလေးတွေပဲ။ ဒါပေမဲ့ အင်္ဂလိပ်တွေအဖို့တော့ ရေးကြီးခွင်ကျယ် ထားကြတာပဲ။ ဘယ်လောက်ပဲ ရာထူးကြီးပါစေပေါ့။ ရိုသေထိုက်သူကို ရိုသေရမှာပါပဲ။ ဘုရင်မင်းတရား ဆိုတာက နိုင်ငံတော်ရဲ့ အကြီးဆုံးသော မိဘပဲ မဟုတ်လား။ သည်လို ရိုသေထိုက်သူတို ရိုသေရတာဟာ လူမျိုးတိုင်းရဲ့ ယဉ်ကျေးမှုပဲပေါ့။ ဘုရင်မင်းတရားကြီး၏ သားတော် ဖြစ်ပါစေ။ ရှေ့တော်မှောက်မှာ ဖိနပ်မစီးရဘူး။

သည်တုန်းက အင်္ဂလိပ်တွေဟာ မြန်မာလူမျိုးတို့၏ ထုံးတမ်းစဉ်လာတို သိသည်။ ယဉ်ကျေးမှုကို နားလည်သည်။

နိုင်ငံတစ်နိုင်ငံကို နယ်ချဲ့တော့မည်၊ အပိုင်သိမ်းတော့မည်လို့ ကြံစည်ကတည်းက အဲဒီနိုင်ငံရဲ့ ယဉ်ကျေးမှုဓလေ့တွေကို လေ့လာနေတာပဲ။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းဖြစ်တဲ့ အိန္ဒိယပြည်မှာ အခြေတုတ်ပြီး မြန်မာနိုင်ငံကို နယ်ချဲ့ဖို့ သူတို့ကြံစည်နေကြသည်။

သည်ကတည်းက အင်္ဂလိပ်တို့သည် မြန်မာတို့၏ ဓလေ့၊ ယဉ်ကျေးမှုတို့ သိနေခဲ့ကြတာ ပဲ။ သည်လို သိပေမဲ့ အသိခေါက်ခက် အဝင်နှက်ဆိုသလို သူတို့ရဲ့ အပြုအမူတွေက ရိုင်းပျလှသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်တို့က သူတို့၏ ဓလေ့ထုံးစံများနှင့် ယှဉ်ပြီး သည်အရှေ့ထုံးစံတို ပြောဆိုကြသည်။ ပုတ်ခတ်ကြသည်။ ဒါပေမဲ့ အရှေ့နှင့်အနောက် မတူသည့် ယဉ်ကျေးမှုကို သူတို့ ဥပေက္ခာ ပြုထားကြသည်။

အင်္ဂလန်ပြည်တွင် ဘုရင့်ရှေ့တော်သို့ ဝင်ရောက်သည့်အခါတွင် ဦးထုပ်ချွတ်ပြီး ဝင်ရသည့် ဓလေ့ထုံးစံ ရှိသည်။ ဘုရင့်ရှေ့တော်တွင် မတောဘူး။ ဘုရားဝတ်ကျောင်းများတွင် ဖြစ်စေ၊ မိတ်ဆွေတစ်ယောက်နှင့် တွေ့ဆုံသည့်အခါမှာ ဖြစ်စေ ဦးထုပ်ကို ချွတ်ရသည်။

ဦးထုပ်ချွတ်ပြီးမှ စကားကို စပြောရသည်။ သည်လို ပြုမူကျင့်ကြံမှသာ တစ်ဦးနှင့် တစ်ဦး ရိုသေလေးစားမှုကို ပြသည်။

တကယ်လို့သာ ဦးထုပ်ကို မချွတ်ဘဲ နှုတ်ဆက်မိပါလျှင် သိပ်ပြီး ရိုင်းပျသည့် လက္ခဏာပဲပေါ့။ ဘယ်သူကမှလည်း သည်းခံကြမှာ မဟုတ်ဘူး။

ဒါတွေဟာ အင်္ဂလိပ်တို့အဖို့ ဦးထုပ်ချွတ်ခြင်းသည် အရေးကြီးသလောက်၊ မြန်မာတို့ အဖို့မှာလည်း ဖိနပ်ချွတ်ခြင်းသည် အရေးကြီးတယ်ဆိုတာပဲ။ ဖြစ်ရပ်တွေက ရှိခဲ့ဖူးသားပဲ။

နရသီဟပတေ့မင်း လက်ထက်မှာပေါ့။ ရွှေနန်းတော်အတွင်းမှာ ဖိနပ်စီးပြီး ဝင်ရောက် ခစားသည့် တရုတ်သံများကို ဖိနပ်စီးမှုအတွက် ကွပ်မျက်ခဲ့သေးသည် မဟုတ်လား။

တကယ်တော့ မြန်မာမင်းများ၏ ရှေ့တော်မှောက်တွင် ဖိနပ်စီး၍ ဝင်ခစားသည် ဆိုတာက မြန်မာဘုရင်ကို မရိုမသေ လုပ်တာပဲ။ ပြီးတော့လည်း ဘုရင်မင်းတရားကြီး၏ ဂုဏ်သိက္ခာတော်ကို တိုက်ရိုက်စော်ကားတာပဲ။ ဒါကတော့ အမျိုးမျိုးပဲ။ မင်းအစဉ်အဆက်များမှာ သည်အတိုင်းပဲ သဘောထားခဲ့သည်။

သည်လို ဘုရင်မင်းမြတ်ရှေ့တော်တွင် ဖိနပ်စီးခြင်းသည် မြန်မာတို့ တစ်မျိုးသားလုံးနှင့် သက်ဆိုင်နေပေသည်။ ရွှေနန်းတော်အတွင်း ညီလာခံသဘင်မှာကား နိုင်ငံတော်၏ ညီလာခံ သဘင် ဖြစ်သည်။ မှူးကြီးမတ်ရာ၊ စစ်သေနာပတိတို့အလယ်တွင် ရွှေနန်းရှင်ဘုရား၏ ရှေ့တော်သို့ ဖိနပ်စီးဝင်ခြင်းသည်။ ရွှေနန်းရှင်ဘုရား တစ်ဦးတည်းကို စော်ကားသည်



မဟုတ်ဘဲ ညီလာခံသဘင်တွင် ရှိနေသည့် မြန်မာလူမျိုးအားလုံးတို စော်ကားလိုက်တာ ဖြစ်သည်။

သည်အရေးအခင်းကြောင့် မြန်မာတို့နှင့် အင်္ဂလိပ်တို့သည် မသင့်မတင့်သော ဖြစ်ရပ်ကလေးများ ဖြစ်လာခဲ့ကြသည်။ ဗဒုံမင်းတရားနန်းစံသည့် နှစ်များအတွင်းဝယ် အိန္ဒိ ဘုရင်ခံချုပ်ထံမှ သံတမန်များ စေလွှတ်လာသည်။

သည်လို စေလွှတ်ရတာကလည်း အကြောင်းရှိပါသည်။ အင်္ဂလိပ်အစိုးရက မြန်မာ အစိုးရကို မယုံသင်္ကာသည့် အရိပ်အယောင်များပဲ။ သည်အချိန်မှာ ဥရောပတိုက်တွင် အင်္ဂလိပ်တို့သည် ပြင်သစ်ပြည်နှင့် အကြီးအကျယ် စစ်ဖြစ်နေ၏။ သည်စစ်မီးသည် အိန္ဒိပြည်ကို ကူးစက်ပြန့်ပွားလာသည်။

အဲဒီတုန်းက အိန္ဒိယပြည်မှာ ရှိနေသည့် အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် တစ်ဦးနှင့် တစ်ဦး တိုက်ခိုက်နေကြသည်။ ပြင်သစ်တို့သည် အာရှတိုက်မှာ အခြေစိုက်ဖို့ ကြိုးစား၏။ အထူးသဖြင့် အာရှတိုက်တောင်ပိုင်း၊ အင်ဒိုချိုင်းနား ကျွန်းဆွယ်ဘက်ကို ပိုမိုအလိုရှိနေသည်။

ဒါကြောင့်ပဲ ထင်ရဲ့ မြန်မာနိုင်ငံတွင် ပြင်သစ်တို့ အခြေစိုက်သွားမည်၊ ခြေကုပ်ရသွားမည်ကို အင်္ဂလိပ်တို့သည် စိုးရိမ်တကြီး ဖြစ်နေသည်။

ဟုတ်တာပေါ့။ သူတို့စိုးရိမ်ကြီးမည် ဆိုတာကလည်း ကြီးသင့်သည်။ ပြင်သစ်တို့သည် မြန်မာပြည် ဆိပ်ကမ်းမြို့များမှနေပြီး အင်္ဂလိပ်ပိုင်သင်္ဘောများကို တိုက်ခိုက် အနှောင့်အယှက် ပေးနိုင်သောကြောင့် ဖြစ်သည်။

သည်လိုနှင့် မြန်မာနှင့်အင်္ဂလိပ်တို့၏ ဆက်ဆံရေးသည် မလျော့မတင်း ရှိနေသည်။ အင်္ဂလိပ်တို့သည် သံတမန်များကို မပြတ် စေလွှတ်သည်။ ဒါပေမဲ့ မြန်မာဘုရင်က သူတို့ရဲ့ တောင်းဆိုချက်များကို မပေးခဲ့ဘူး။

ဗဒုံမင်းတရားကြီးသည် မြို့တော်၏ အရှေ့ဘက်တွင် ရှိနေသော တန်ကြီးကို ပြုပြင် မွမ်းမံတော်မူသည်။ အောင်ပင်လယ်ကန်နှင့် သူ၏ မြောက်ဘက်ရှိသော မောင်းမကန်တို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com



သည်မောင်မင်းမကန်ကို နန္ဒာကန်တော်လို့လည်း ခေါ်ဆိုကြသေးသည်။ မိတ္ထီလာကန် တော်ကြီးကိုလည်း အသစ်ဆည်ဖို့တော်မူသေးသည်။

ရှင်ဘုရင်ဆိုတာက ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြင်ရာန်း ကိုယ်လုပ်ချင်သလို လုပ်လို့ ဖြစ်ပေမဲ့ ပြည်သူတွေနဲ့ ကင်းကွာလို့ ရကောင်းတာမဟုတ်ဘူး။ ဘယ်မင်းပဲဖြစ်ဖြစ်၊ အမျိုးကို ချစ်သည်၊ နိုင်ငံကို ချစ်သည်၊ နိုင်ငံတော်အကျိုးအတွက် အလေးပေးလုပ်သည်။

သည်အချိန်က နိုင်ငံခြားသားများကို သင်္ဘော တည်ဆောက်ခွင့်ပေးထားသည်။ နိုင်ငံတော်မှ ရရှိသည့် ကျွန်းသစ်များဖြင့် တည်ဆောက်လုပ်ကိုင်တာ ဖြစ်တယ်။

သို့ပေမဲ့ နိုင်ငံတော်မှ တန်ဖိုးအရှိဆုံး ထွက်ကုန်ဖြစ်သည့် ရွှေငွေရတနာ ကျောက်သံ ပတ္တမြားများကိုမူ ပြည်ပသို့ မရောင်းဘူး။ ထုတ်လည်း ထုတ်ခွင့် မပြုတော်မူဘူး။

လက်စွဲကိုယ်ရံတော်၊ စုသားဝန်းသား၊ အသည်ကိုင်တန်းတို့ကို ရှေးအစဉ်အဆက်အတိုင်း ထားရှိသည်။ အမှန်အကန် သီးသန့်ထားတော်မူသည်။ အသည်တိုင်တန်းတို့ကို အိမ်ခြေ နှစ်ဆယ့်ငါးအိမ်လျှင် တစ်တိုင်စည်းကြပ်တော်မူသည်။ ဒါ့ကလည်း နိုင်ငံတော်၏ စီးပွားရေး အခြေအနေ သိဖို့ စီမံတာပဲပေါ့။

ခမည်းတော် အလောင်းမင်းတရားကြီး ပြီးလျှင် ဗဒုံမင်းတရားသည် နန်းသက်အရှည်ဆုံး ဖြစ်သည့် မင်းတစ်ပါး ဖြစ်သည်။ သူ့လက်ထက်မှာ ထပ်ဆင့် ထီးနန်းသိမ်းပွဲတွေ၊ ပုန်ကန်ထကြွမှုတွေ မရှိခဲ့ဖူး။ မင်းပြောင်းမင်းလွှဲ မရှိဘဲနဲ့ နှစ်ပေါင်း ၃၈ နှစ်တိုင်တိုင် အုပ်စိုးရသည်။

သည့်အတွက် ပြည်သူပြည်သားများအဖို့ ဘ်ဝရပ်တည်မှု ရှိကြသည်။ ဒါပဲပေါ့၊ ဘယ် ကာလမှာပဲဖြစ်ဖြစ် စစ်မက်ထူတဲ့ နိုင်ငံအဖို့ အကြပ်အတည်းများစွာနဲ့ ကြုံရတတ်သည်။ စစ်ဘေးစစ်ဒဏ်ကြောင့် ပြည်သူတွေ ဒုက္ခအများဆုံး ရောက်ကြရသည်။ မိဘဆွေမျိုး သားသမီးနှင့်လည်း သေကွဲကွဲကြရသည်။



သည်တော့ စစ်တိုက်ရသည်ဆိုတာဟာ မုန်းတီးရွံရှာဖွယ် ကောင်းကဲ့အလုပ်တစ်ခုပဲ။ ဒါကို သဘောပေါက်မိဟန်တူသည့် ဗဒုံမင်းတရားကြီးအဖို့ သူ့လက်ထက်တော်မှာ ပြေပြေ ငြိမ်းငြိမ်းဖြစ်ဖို့ ကြိုးစားခဲ့တာပေါ့။

ဒါပေမဲ့ တိုင်းပြည် အုပ်ချုပ်ရသည်ဆိုတာက အခက်သားကလား။ ပြဿနာပေါင်း သောင်းခြောက်ထောင်က ဒုနဲ့ဒေးပဲ။ ဟိုခြားထဲက ရောက်လာ၊ သည်ချောင်ထဲက ထွက်လာနှင့် ရှင်းလို့ လင်းလို့ကို မပြီးနိုင်ဘူး။

မြန်မာသက္ကရာဇ် ၁၁၇၈ ခု၊ ခရစ်နှစ် ၁၈၁၆ ခုနှစ်မှာပဲ ဖြစ်သည်။ မြန်မာတို့ ပိုင်သည့် အာသံ၊ မဏိပူရပြည်နယ်များ၏ အရေးပဲ။ အဲဒီအရေးမှာ အင်္ဂလိပ်တို့သည် ကြားက ကန့်လန့် ပါလာနေသည်။

သည်တုန်းက အာသံမှာ နန်းထိုင်နေသည့် ဘုရင်ခံက တခြားသူမဟုတ်ဘူး။ စန္ဒရဂန္ဒ ရှိန် ဖြစ်သည်။ သူ့ကို မြန်မာတို့က နန်းတင်ထားခဲ့တာပဲ။ ဒါကို အာသံမှာရှိတဲ့ မှူးမတ်အချို့ တို့က အခြားသော ပြည်နယ်သားများနှင့် ပူးပေါင်းသည်။ ပြီးတော့ အဲဒီဘုရင်ခံကို နန်းမှ ချထားလိုက်ကြသည်။ ပူရံတော်ရှိန်ဆိုသူကို သူတို့ နန်းတင်ထားလိုက်ကြသည်။

နန်းချခံထားရသည့် စန္ဒရဂန္ဒရှိန်အဖို့ ဘူတန်နယ်ထဲသို့ ထွက်ပြေးရတော့သည်။ ဤသို့ ဖြစ်ပျက်သည့် အကြောင်းစုံကို စန္ဒရဂန္ဒရှိန်တမြန်မာပြည် ဗဒုံမင်းတရားကြီးထံသို့ အကြောင်းကြားသည်။ စစ်ကူတောင်းတာပေါ့။ မြန်မာတို့ရဲ့ နေပြည်တော်ကို ဂေါဟတ္တိဆိုသည့် မြို့စားတလာပြီး အကြောင်းကြားတာ ဖြစ်သည်။

နေ့ဝက်ကား ကျိုးတော့မည်။ ညီလာခံသဘင်ကား မစဲသေး။ ရာဇပလ္လင်ပေါ်မှာ ဗဒုံမင်းတရားအဖို့ တစ်စုံတစ်ခုကို တွေးနေဟန်ရှိသည်။ ဂေါဟတ္တိမြို့သားရဲ့ မျက်နှာကို လည်း တစ်ချက်လှမ်းကြည့်လိုက်သည်။ ဦးညွှတ်ခစားနေသည့် ညီလာခံသဘင်သည် ငြိမ်သက်နေ၏။

တိတ်ဆိတ်ခြင်းကား ချောက်ချားဖွယ်လိလိ။ အသက်ရှိသည့်လူတွေ မရှိသယောင်ပင်။ နိုင်ငံတော်၏ အမြင့်ဆုံးနေရာ၊ အကြီးအကျယ်ဆုံးသော အခမ်းအနား ဖြစ်သည့် ညက်ဦး ဆံပိုင် ဘုရင်မင်းတရားကြီး

www.burmeseclassic.com

www.burmeseclassic.com



ရွှေတော်မှောက်ဝယ် ခစားနေကြရတော့ ပျပ်ဝပ်နေကြ၏။ ရှိကျိုးနေကြသည်။

မပျပ်ဝပ်လို့ မရှိကျိုးလို့က မဖြစ်။ သူက သေဆိုသေ။ ရှင်ဆိုရှင်ကိုး။ သည်တုန်းက ပေယင်းရွာသားကလေး မောင်ရစ်သည် ဒီပဲယင်းမြို့ဝန် ဖြစ်နေသည်။ နေမျိုးသူရရဲခေါင်ဆိုတဲ့ ဘွဲ့ထူးနှင့်ပဲ။ ဗဒုံမင်းတရားကြီးသည် ဒီပဲယင်းမြို့ဝန်ကို အရေးမှာ အရေးကုန် လွှဲအပ်လိုက်သည်။

စစ်သူကြီး ဗိုလ်ချုပ်အဖြစ်ကတော့ ဗန်းမော်မြို့ဝန် နေမျိုးသူရကျော်ခေါင်ပဲပေါ့။ (အာသံ) ဝေသာလီပြည်သို့ ချီတက်စေခြင်းပဲ။ မြင်းစစ်သည် ၁၇၀၀၊ ခြေလျင် စစ်သည်သူရဲ ၁၇,၀၀၀ ပါဝင်သည်။ တပ်ပေါင်း တစ်ဆယ့်နှစ်တပ်ကို ဖွဲ့စည်းစေသည်။

သည်တုန်းက ဝက်မစွက်မြို့စား နဝဒေးလည်း အာသံကို ချီသည့် စစ်ကြောင်းမှာ ပါဝင်ခဲ့၏။ အဲဒီစစ်ပွဲ၏ အတွေ့အကြုံကို အာသံနိုင်မော်ကွန်း ရေးထိုးခဲ့သေး၏။

စူးစမ်းမှု၊ ဉာဏ်ပညာတို့နှင့် ပြည့်စုံသည့် ဝက်မစွတ်မြို့စား နဝဒေးသည် ရွာစား၊ ရွာသူကြီးမျိုး ဖြစ်သည်။ စစ်ကိုင်းမြို့နယ်၊ မြောက်လက်တောင်ပို့ရွာ၊ သူဌေးကုန်းရွာ၊ ရေကြည် ရွာ၊ ရွာစိုက်ရွာ၊ ရွာဝေးရွာရယ်လို့ ရှိခဲ့သည်။

သူရဲ့ ငယ်အမည်မှာ ဦးနု၊ သူကြီးဘွဲ့မှာ ဗလနန္ဒသူ ဖြစ်သည်။ ဗဒုံမင်းတရားကြီး၏ သားတော် ပခန်းမင်းသားထံမှာ စတင်ခစားသည်။ ကျွန်တော်ရင်း ဖြစ်၏။ ဗဒုံမင်းတရား ကြီး ၁၁၅၈ ခုနှစ်တွင် မိတ္ထီလာကန်တော်ဆည်ဖို့ ပြုစုရန် ကြွချီတော်မူ၏။

__ရှုလော့စည်ရှည်__ ချီတဲ့ မိတ္ထီလာကန်တော် မော်ကွန်း ပေ ၁၂ ချပ်ရှိ တစ်အင်္ဂါခန့်ကို ရေးသားဆက်သွင်းသဖြင့် ဆုတော်ချီးမြှင့်ခြင်း ခံရ၏။ ပုခန်းမင်းသား သတိုးမင်းရဲ ကျော်ခေါင်ကို ရွှေဂူမင်းသမီးနှင့် စုံဖက်ရာတွင် "တက်ဖြိုးလှဝေ" ချီ မင်္ဂလာလက်ထပ်ရတုကို ဆက်သွင်းသည်။

ဗဒုံမင်းတရားကြီး၏ သားတော်၊ သမီးတော်လက်ထပ်ရတုများ နားထွင်းသျှောင်ထုံး ရတုများ၊ ဘုန်းတော်ဘွဲ့ရတု စသည်တို့ကို ရွှေနား



တော်သင့် ရေးသားဆက်သွင်းခဲ့သည်။ ရေကြည်မှအပြန်တွင် နဝဒေးဘွဲ့ အသနားခံရ၏။

ဗဒုံမင်းတရားကြီး မင်းကွန်းစံနန်းတော်တွင် စံမြန်းနေစဉ်တဖြစ်သည်။ တွင်းသင်း မင်းကြီး မဟာစည်သူဘွဲ့ခံ ထွန်းညို ကွယ်လွန်အနိစ္စ ရောက်သဖြင့် ဝက်မစွတ်မြို့စား နဝဒေးအား တွင်းသင်းတိုက်ကို စားစေသည်။ မဟာသိခ်မဟာစည်သူ၊ မဟာသီရိစည်သူဘွဲ့ နှစ်ထပ် ချီးမြှင့်လေသည်။

မြန်မာတို့ တပ်တော်နှင့် ချီတက်လာသည် ကြားကတည်းက အာသံဘုရင်ခံသည် နယ်စပ်တစ်လျှောက်မှာ တားဆီးပိတ်ဆို့ ခုခံနေ၏။ သူ၏ သားတော်၊ သမီးတော်များနှင့် မိဖုရားများကိုလည်း အက္ကပတ်မြို့သို့ ပို့ထားသည်။

အာသံပြည်မှ ခရီးတစ်သောင်းကျော် ကွာသည့် လက်စိန်အရပ်မှလည်း မြေကတုတ်များ တည်လုပ်ပြီး အကြံ့အခိုင် နေလေသည်။

စစ်သွေးစစ်မာန်နှင့် ပြည့်ဝနေသည့် မြန်မာတပ်များသည် တပ်စဉ်အတိုင်း ချီတက်လာ ကြ၏။ ဒါပဲပေါ့ စစ်တိုက်သည်ဆိုတာ အနိုင်ရရေးနဲ့ နယ်ချဲ့ဖို့ပဲ အဓိကပဲ။ အောင်မြင်တဲ့ ဘုရင်မင်းတရားကြီးအဖို့ ဘုန်းတန်ခိုး၊ လက်ရုံးနှင့် အာဏာစက် ပိုမိုကျယ်ပြန့်တာပေါ့။

သည်တော့ လက်အောက်ခံ မင်းခစားများအဖို့ သေသေကျေကျေ တိုက်ရတာပေါ့။ သည်လို တိုက်ခိုက်လို့ အသက်မသေလျှင်တော့ ထိုက်သင့်သလို မြို့စားကလေး၊ နယ်စား ကလေးအဆင့်ထိတော့ ချီးမြှင့်ခံရတော့တာပါပဲ။

ဒါကလည်း ဘုရင်မင်းတရားကြီးကိုယ်တိုင် သိတော်မူလို့ ကြည်ဖြူ၍ ပေးတော်မူတာပါ ပဲပေါ့။ နောက်ဆုံးမှာတော့ ဘုရင်မင်းတရားကြီး ဘုန်းသမ္ဘာနှင့် ပြည့်စုံဖို့အတွက် ဝဋ်က ကျွန်ခံရတာပါပဲ။ ပဒေသရာဇ် ခေတ်ရဲ့ ကောင်းကျိုးပေးမှုလေးတွေပေါ့။

ချီတက်လာသည့် မြန်မာတပ်များသည် နတ်ကျွန်းအောင်မြေသို့ ရောက်လာ၏။ သလ္လာဝတီမြစ်ကို ဖြတ်ကူးကြပြီး မလိနိ်ခွေးဟုခေါ်သော

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်နှင့် ဒီပဲယင်းမြို့ဝန် နေမျိုးသူရ ရဲခေါင်တို့ပါ စစ်ကြောင်းနှစ်ကြောင်းခွဲပြီး တစ်မူးပန်းသာကြောင်းကို ချီတက်ခဲ့ကြသည်။

တစ်မူးသို့ ရောက်လျှင် တပ်ပေါင်းငါးတပ်တွင် မြင်းငါးရာ၊ စစ်သည်သူရဲ ငါးထောင်ကို တပ်မတော် အကြီးအကဲ အိမ်ရှေ့စံ နေမျိုးရာဇသူကို အုပ်ချုပ်ကြီးကြပ်စေ၏။ ပြီးမှ ဆူးပုံ ကြောင်းသို့ ခွဲပြီး ချီတက်စေ၏။

အဲဒီတပ်မှာ ဒီပဲယင်းမြို့ဝန်နေမျိုးသူရရဲခေါင်၏ တပ်လည်း ပါဝင်သည်။ ကျန်တပ် တော်များကိုမူ ဗိုလ်ချုပ်ကြီး နေမျိုးမင်းလှမဟာနော်ရထာ ကိုယ်တိုင် ကြီးကြပ်အုပ်ထိန်း၍ တစ်မူးကြောင်းသို့ ချီတက်လေသည်။

နေကားမြင့်လှလေပြီ။ တောင်အကွေ့မှာ ခပ်ဝေ့ဝေ့ တိုက်ခတ်လာသည့် လေနုအေးကလေးကြောင့်သာ ရင်ထဲအေးကြရ၏။ နေကပူ၊ တောင်ကလည်း ကတုန်းတောင်၊ သစ်ရိပ် ကီးဟူ၍ မရှိသလောက်။ တောင်စောင်းကလေးတွေမှာ ပေါက်နေသည့် ဆူးခြုံကလေး လောက်သာ ရှိ၏။

နေမြင့်လာပြီမို့ အပူရှိန်ကလည်း တရစပ်တက်ခဲ့ချေပြီ။ မနေ့က တစ်ညဥ့်လုံး အပြင်း ချီတက်လာခဲ့ရသည်။ နေမျိုးသူရရဲခေါင်၏ တပ်မှာ ခုထိ မနားရသေး။ မအိပ်စက်ရသေး။ မအိပ်စက်ရသေး။ တပ်၏ ရှေ့တန်းမှ ဦးဆောင်လာသည့် နေမျိုးသူရရဲခေါင်မှာ အလျင်း ပင်ပန်းပုံ မရသေး။

အနီးအပါးတွင် ရှိနေသည့် လက်ထောက်တပ်မှူးကလေးကို ညွှန်ကြားချက်တွေကို တစ်ခုချင်း ထုတ်နေလေ၏။ မည်သည့် အခါကမှ ရယ်ရွှင်မြူးထူး မရှိခဲ့သည့် မိမိတို့၏ တပ်မှူးကို သူတို့ အံ့ဩတကြည့် နေကြသည်။

နေမျိုးသူရရဲခေါင် အမည်ခံ မောင်ရစ်မှာ ပျော်ရွှင်မှုအတိ ပြီးနေ၏။ ပြုံးရွှင်ရယ်မော ခြင်း ခဲယဉ်းသည့် သူ့ရဲ့မျက်နှာပြင်မှာ ခုတော့ ပြုံးလို့ပဲ။ ဒါပဲပေါ့ လူဆိုတာဟာ မိမိဘဝအတွက် ကျေနပ်မှုတွေ ပြည့်ဝတော့မယ်။ ပြည့်ဝခဲ့ပြီဆိုရင် ကျေနပ်ကြတာချည်းပဲ။



ဘယ်သူပဲဖြစ်ဖြစ်ပေါ့။ အထွဋ်အထိပ် မရောက်ချင်ဘူးဆိုတာ မရှိဘူး။ မိမိကျော်ကြား ရေး၊ အာဏာရရှိရေးအတွက်တော့ ကြိုးစားရမှာပဲ။ အားထုတ်ကြမှာပဲ။ အချိန်သင့်လို့၊ အခိုက်သင့်လို့ ကြုံကြိုက်လျှင်တော့ ဆန္ဒဆိုတာ ပြည့်ဝကြတာပဲ။

မကြာခင် တိုက်ပွဲဝင်ရတော့မည်။ သည်တိုက်ပွဲမှာ နေမျိုးသူရရဲခေါင်အဖွဲ့ အောင်ပွဲရ ဖို့ ကြိုးစားရတော့မည်။ သူ့ရဲ့ ဦးစီးသော စစ်ပွဲဖြစ်သဖြင့် နာမည်ကောင်းရဖို့ထက် အကဲ့ရဲ့ လွတ်အောင် တိုက်ရမှာပဲ။ အကြောင်းက ရှိတယ်။ မင်းခစားယောက်ျားတွေ ဖြစ်ပြီး ရွှေနန်းရှင်သခင်ကို မျက်နှာကောင်းရဖို့ ကြိုးစားသူတွေက မနည်းဘူး။

သက်ဦးဆံပိုင် ဘုရင်မင်းတရားကြီး အလိုကို ကြည့်နေကြရတာပဲ။ အချင်းချင်း သူ့ထက်ငါ ကဲသွားမှာ၊ ပိုသွားမှာကို မရှုစိမ့်ကြဘူး။ မနာလိုကြဘူးပေါ့။ သည်တော့ မိမိတို့ရဲ့ ဘဝတည်မြဲရေး၊ ခါးထက်ရေးအတွက် အပြိုင်အဆိုင် ဖြစ်နေကြတာ မဆန်းပါဘူး။

အိုင်မွန်ချောင်း၏ ဟိုဘက်ကမ်းမှာ ကသည်းစစ်တပ်ကြီးသည် မဲမဲလှုပ်မျှ ရှိနေ၏။ ကသည်းစစ်တပ်ရဲ့ အင်အားကို နှိုင်းဆနေဟန် ရှိသည်။

နေမြင့်လာသည်နှင့်အမျှ စစ်သည်များ၏ သွေးများကလည်း ဆူကြွနေဟန် ရှိသည်။ မကြာပါဘူး။ 'ကျား' ဆိုသည့်အသံဟာ ဟိန်းဟိန်းထသွားလေရဲ့။ မိမိတို့ရဲ့ အသက်လုပွဲကြီးပေမို့ အားနှင့်အင်နှင့် ထုနှက်နေကြသည်။

မိမိတို့၏ အရှင်သခင်များ၊ ဘုန်းတန်ခိုးလက်ရုံး ကြီးစေဖို့၊ အာဏာတော် ဖြန့်ကျက်နိုင်ဖို့ အတွက် သေသေကျေကျေ တိုက်ခိုက်နေကြသည်။

ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့။ စစ်ပွဲဆိုတာက ဇာတ်ကတာ မဟုတ်ဘူး။ အနုပညာ မဆန်ရဘူး။ ရက်စက်ရဲရတယ်။ ရန်သူရဲ့ ချွေးသံရဲရဲ့ကို သောက်မျိုရဲရတယ်။

တသည်းစစ်သံည် သုံးသောင်းတို့ဟာ ချောင်းတစ်ဖက်က ခုခံတယ်။ ပြင်းပြင်းထန်ထန်ပဲ။ အဲဒီတိုက်ပွဲဟာ အလွန်ကြီးကျယ်တယ်။ ပြင်းထန်တယ်။ အင်အားချင်း မမျှဘူး။

www.burmeseclassic.com

www.burmeseclassic.com



စတိုက်ကြတော့။ မြန်မာတို့ဟာ ရှုံးနိမ့်တော့ မယောင်ယောင် ရှိနေသည်။ ဒါကြောင့် နောက်က ကပ်ပြီး လိုက်လာတဲ့ တပ်မတော်ကြီးနဲ့ ပူးပေါင်းပြီး တိုက်ကြရတယ်။ စွန့်စွန့် စားစား တိုက်ရတာပေါ့။

နေမျိုးသူရရဲခေါင်ရဲ့ အအုပ်အစီး ကောင်းလို့သာပေါ့။ သတ်မှတ်ထားသည့် ချောင်းကို ဖြတ်ကူးပြီး ရှုပ်ရှုပ်ချွံချွံ တစ်ဟုန်ထိုး အပြင်းတိုက်ကြတယ်။ နှစ်ဖက်စလုံး အကျအဆုံး များလှတယ်။ မြေပြင်အနှံ့မှာ လူသေအလောင်းများ ပြန့်ကြဲနေတာပဲ။ ချောင်းရဲ့ရေပြင်ဟာလည်း သွေးချင်းချင်းနီနေတယ်။

စစ်သည်တို့ရဲ့ ချပ်ဝန်တန်ဆာများဟာလည်း သွေးအလိမ်းလိမ်း လူးကပ်နေပြီး ဟိုတစ်စ သည်တစ်စနဲ့ မြေပြင်မှာ ပြန့်ကြဲနေသည်။ မသေမရှင် ဖြစ်နေတဲ့ စစ်သည်အချို့ရဲ့ ငိုညည်းသံများဟာလည်း ငရဲအလား ပွက်ပွက်ညံနေလေရဲ့။

မသေလို့ ကျန်နေသေးတဲ့ စစ်သည်အချို့ဟာ ဆက်လက်ပြီး အသက်လုပွဲတွေ ကျင်းပနေကြတယ်။ အမြောက်သံ၊ မီးပေါက်သေနတ်တို့၏ အသံများဟာလည်း ဟိန်းဟိန်းထနေလေရဲ့။ မီးညွန့်မီးခိုးများလည်း အနှံ့အပြား လောင်ကျွမ်းနေတယ်။

ဘယ်လိုဖြစ်ဖြစ်ပေါ့။ စစ်ဆိုတဲ့ တိုက်ပွဲတွေဟာ အနိဋ္ဌာရုံတွေချည်းပါပဲ။ တစ်ဦးပေါ် တစ်ဦး ဗိုလ်ကျနိုင်ရေးအတွက် စစ်ဆိုတဲ့ ဘီလူးကြီးဟာ လူသားတွေကို သတ်ဖြတ် စားသောက်နေတာပဲ။ မိမိတို့ရဲ့ ဘဝရှင်မင်းတရားကြီး ရာဇပလ္လင်ပေါ်မှာ တည်မြဲရေးအတွက် အသက်သွေးတိုပေးဆပ်နေရတာပဲ။

သေနတ် ၁၀၀၀ နှင့် ဆင် ၁၀၀ ကို ရလိုက်တယ်။ အပြေးသန်တဲ့ ကသည်းတပ်သား အနည်းငယ်တို့သာ လွတ်မြောက်သွားကြတယ်၊ သူတို့ဟာ တပ်အကူများရှိရာ အိုင်မုန် ချောင်းကြီးဆီသို့ ပြေးသွားကြတာပဲ။

သည့်နောက် တပ်ပေါင်းတစ်ဆယ့်ရှစ်တပ်ဟာ ကစိန်တပ်နှင့် တစ်တိုင်ကျော် ကွာတဲ့ အရပ်မှာ သွားပြီး တပ်စွဲနေတယ်။ အဲဒီအရပ်ကတော့ ပလ္လင်အရပ်လို့ ခေါ်တယ်။



စစ်သည်သူရဲ ၁၅၀၀ နှင့် ဝန်းသိုမြို့ဝန် ရဲခေါင်နော်ရထာတို လက်ယာကြောင်း ချီစေတယ်။ စစ်သည် ၁၅၀၀ နှင့် မြေဒူးမြို့ဝန် ရဲလှပျံချီက လက်ဝဲကြောင်း ချီတယ်။ နေမျိုးသူရ ရဲခေါင်ကတော့ အလယ်ကြောင်း စစ်သုံးကြောင်း ဖြန့်ပြီး ချီတက်တယ်။

ကသည်းစော်ဘွား ခံရပ်နေသည့် ကက်စိန်တပ်ဆီကို ချီတက်တာပဲ။ ကသည်း စော်ဘွားလည်း ရပ်တန့်စောင့်နေတယ်။ သူဟာ ဆင်ကို စီးပြီး ထီးဖြူဆောင်းထားတယ်။ ဆင်ရဲ ၃၀ ကျော်၊ မြင်းက ထောင်ကျော်၊ စစ်သည်ရဲမက်က တစ်သောင်းကျော်တပ်မှ ထွက်ခံနေတယ်။

သည်ပွဲမှာ နေမျိုးသူရရဲခေါင် နာမည်ရတယ်။ သူဟာ သန်မြန်ဖြတ်လတ်တဲ့ အရွယ်ရှိ နေတော့ စိတ်သွားတိုင်း ကိုယ်ပါနိုင်တာပေါ့။

စစ်သည်များဟာ ဇွဲသန်သန်နှင့် တိုက်ခိုက်နေကြတယ်။ မြန်မာဟေ့ဆိုတဲ့ အတွေးများ၊ အသိများဟာ သူတို့ရဲ့ ရင်ထဲမှာ ခံတပ်ကြီးသဖွယ်ဖြစ်နေတယ်။ မြန်မာတို့ကို ထိပါးလာတဲ့ ရန်သူ မှန်သမျှကို တစ်စစီခဲ့ပြစ်ရမှာပဲ။

ညနေစောင်းလောက်မှာပဲ ကသည်းတို့ဟာ ဆုတ်ခွာထွက်ပြေးကြတယ်။ ကက်စိန်တပ်ဟာ များစွာ ခိုင်ခန့်စိတ်ချရတဲ့ တပ်ဖြစ်တယ်။ တောင်နှစ်လုံးကို ပိတ်ဆို့ဆောက်လုပ်ထား တာ ဖြစ်တယ်။ ကသည်းတွေဟာ သူတို့ရဲ့ ခံတပ်ကို အားကိုးတကြီး ရှိနေကြတယ်။

ဒါပေမဲ့ မြန်မာစစ်သည်တော်တွေဟာ သတ္တိအရာမှာ ပြည့်စုံကြတယ်။ အမြင်မှာ နူးနူးညံ့ညံ့ရှိတဲ့ မြန်မာစစ်သားတွေဟာ ကသည်းတွေကို အထိတ်တလန့် ဖြစ်စေတယ်။ စစ်ဆိုတဲ့ သွေးကြောဟာ ခန္ဓာကိုယ်ထဲမှာ သွည့်ပတ်နေပြီမို့ သူတို့ရဲ့ အသွင်ဟာ ဘီလူး သဘက်ကဲ့သို့ ရှိနေတယ်။

ကသည်းတွေရဲ့ မီးပေါက်သေနတ်တွေကို ထီမထင်ကြဘူး။ သေစေတဲ့ လက်နက်တွေ ကို၊ ကျည်ဆန်တွေကို ပန်းတစ်ပွင့်အလား ထင်နေကြတယ်။ ရန်သူရဲ့ တပ်အတွင်းသို့ အတင်း ဝင်ရောက်တိုက်ခိုက်ကြတယ်။ ထိုးခုတ်တယ်၊ သတ်ဖြတ်တယ်၊ တောင်ပေါ်ကို အတင်း တက်ကြတယ်။ အထဲရောက်နေပြီ ဖြစ်တဲ့ စစ်သည်များက တံခါးမကြီးကို အသက်စေးပြီး ပြေးဖွင့်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



တသည်းတို့ဟာ စစ်သည်များစွာ ကျပြီး နောက်ဆုတ် ပြေးကြတယ်။ နေဝင်တာနဲ့ မြန်မာရဲမက်တော်များဟာ တပ်တွင်းမှာ ဝင်ရောက်နေထိုင်ကြပြီ။ တသည်းစော်ဘွားလည်း တပ်ရဲ့မြောက်မျက်နှာဘက်မှ အပြင်းဆုတ်ခွာ ပြေးကြတယ်။

နေမျိုးသူရရဲခေါင်လည်း ကက်စိန်ခံတပ်ကြီးကို သိမ်းပိုက်မိတယ်။ ရရှိလိုက်တဲ့ သုံ့ပန်း လူသူတွေကို နေပြည်တော်သို့ ပြန်ပို့တယ်။ ဒါတွေကို အလျင်အမြန် လုပ်ကြတာပဲ။ သည်လို ပို့လိုက်ခြင်းဟာ စစ်အောင်ခြင်းရဲ့ ဂုဏ်ယူခြင်းတစ်ရပ်ပေါ့။ ကျော်စွာသိဒ္ဓိကို စစ်သည်ရဲမက် ၁၅၀၀ နဲ့ စော်ဘွားပြေးရာကို အပြင်းလိုက်စေတယ်။

မြစ်ချောင်းတွေ၊ တောင်ကြောတွေကို ဖြတ်ပြီးနောက်မှာ သူတို့ကို မီသွားခဲ့တယ်။ နဂိုကတည်းက တပ်ပျက်နေပြီဖြစ်တဲ့ ကသည်းတွေဟာ ထိန်းမနိုင်သိမ်းမရဘဲ ပြေးကြရ တယ်။

ဒါပဲပေါ့ ဦးဆိုတာ တော်မလဲခင် အပိုင်ချိုးနှိမ်ထားရတာပဲ။ အမြစ်ကို လှန်ပစ်မှ ပင်စည်ဟာမြေမှာ လဲတဲ့ ထုံးလိုပေါ့။ ပြတ်ပြတ်သားသား ခြေမှုန်းရမယ်။ အဲဒီတိုက်ပွဲမှာ ဆင်တစ်ဆယ်နှင့် မြင်းတစ်ရာကျော်တို့ကို သိမ်းယူရရှိခဲ့တယ်။

နေမျိုးသူရရဲခေါင်ဟာ တပ်မတော်များကို ပြန်စုရုံးစေတယ်။ သည့်နောက် ကသည်းပြည်အထိ ချီတက်ခဲ့တယ်။ စစ်ချီရာ လမ်းတစ်လျှောက်မှာ ဘာအနှောင့်အယှက်မှ မရှိဘူး။ မြို့တော်ကို အလွယ်တကူ သိမ်းယူခဲ့တယ်။ အာသံတစ်ပြည်လုံးကို သိမ်းပိုက်နိုင်ခဲ့တယ်။

အာသံပြည်ရဲ့ မြို့တော်ဖြစ်တဲ့ ဇူရတတ်မှာ မြန်မာတို့ဟာ အောင်ပွဲခံယူခဲ့ရတယ်။ ပြီးမှ စန္ဒရဂန္ဓရှိန်ကို အာသံပြည်မှာ အုပ်ချုပ် စိုးမိုးစေတယ်။ ဗဒုံမင်းအဖို့ သည်လိုအောင်ပွဲတွေ ရနေတော့ ဘုန်းတန်ခိုး ကြီးမြတ်တယ်ပေါ့။ အမြို့မြို့အနယ်နယ်က ဆက်သလိုက်တဲ့ အခွန်ဘဏ္ဍာတွေကလည်း မနည်းလှဘူး။ သမီးရတနာ၊ စိန်ရတနာတွေပေါ့။

သူ့အဖို့ ဘုန်းတန်ခိုးကို သည့်ထက် ပိုကြီးချေချင်လှတယ်။ ဒီတော့ ဘာလုပ်မလဲ သူ စဉ်းစားပြီ။



ရတနာပူရ အင်းဝ ရွှေမြို့တော်မှာ နေ့ရက်ကြာပြီ။ နေရာသစ်ကို တောင့်တလာတယ်။ ကြာပြီဖြစ်တဲ့ အင်းဝမြို့တော်မှာ နေချင်စိတ်မရှိတော့ဘူး။ ထီးသစ်၊ နန်းသစ်၊ မြို့သစ် တည်လိုတော်မူတယ်။ ဒါကြောင့် မြို့သစ် တည်ဆောက်တို့ ရွေးချယ်နေပြီ။

သူ့အဖို့မှာတော့ မင်းတရားကြီး မဟုတ်လား။ တခြားလုပ်စရာတွေ အများကြီး ရှိတာကို ဘေးချိတ်ထားပြီး အလုပ်မရှိ အလုပ်ရှာပြီး လိပ်ခေါင်းသန်းရှာနေတာပဲ။

ရွှေမြို့တော်သစ် တည်ခြင်းအတွက်နဲ့ လူတွေ ပင်ပန်းတယ်။ အချိန်ကုန်တယ်။ ငွေကုန်တယ်။ အဲဒီကုန်ကျမည့် စရိတ်အစား နိုင်ငံတော်တွင် တည်ဆောက်မှု တစ်ခုခုမှာ သုံးလို့ မရပေဘူးလား။

သည်တော့ ဗဒုံမင်းဟာ သူ့လုပ်ချင်ရာ ဖြစ်နေတာပေါ့။ တကယ်တော့ အင်းဝရွှေမြို့ တော်ဟာ မင်းနေပြည်တော်အဖြစ်နဲ့ လေးကြိမ်ဖြစ်ခဲ့တယ်။ ပထမ အင်းဝနေပြည်တော်ကို သတိုးမင်းဖျားက တည်ထောင် ဖန်ဆင်းခဲ့တယ်။ သတိုးမင်းဖျား ဆိုတာဟာ ပင်းယမြို့ကို စတည်ခဲ့တဲ့ သီဟသူမင်းရဲ့ မြစ်ဖြစ်တယ်။

သတိုးမင်းဖျား နန်းသက်လေးနှစ် ရောက်တော့ နတ်ရွာစံတယ်။ သူ့နောက် မင်းကြီး စွာစော်ကဲမင်းပြုတယ်။ အင်းဝခေတ်ရဲ့ ပထမပိုင်းဟာ တည်ငြိမ်မှု ရှိခဲ့တယ်။

မင်းကြီးစွာစော်ကဲ လက်ထက်မှာလည်း နယ်စားပယ်စားတွေဟာ အားလုံး လေးစားခဲ့ကြတယ်။ ပထမ မင်းခေါင်လက်ထက်မှာတော့ အကောင်းဆုံးပဲ။ တိုင်းပြည်ဟာ ဆထက် ထမ်းပိုး တိုးတက်စည်ကားခဲ့တယ်။ သက္ကရာဇ် ၈၈၈ ခုနှစ်မှာပဲ သိုဟန်ဘွား စစ်ကြောင့် ပျက်စီးခဲ့တယ်။

ဒုတိယအင်းဝနေပြည်တော်ကို မင်းကြီးရန်နောင် တည်သည်ဟု ဆိုရမည်။ အကြောင်းရှိပါတယ်။ မင်းကြီးရန်နောင်ဟာ သိုဟန်ဘွားထီးသုပ်ကြဲပြီး နောက်မင်းအဖြစ်ကို မယူခဲ့ဘူး။ သူ့ရဲ့ ကိုယ်စားအနန္တဘောင်(သီပေါ) ခုံမှိုင်းကို နန်းတင်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဒုတိယ အင်းဝနေပြည်တော်လည်း သက္ကရာဇ် ၂၂-၃-၁၇၅၂ ခုနှစ်မှာ ဖျက်ခဲ့ပြန် တယ်။ ဟံသာဝတီမင်းတရားကြီး လက်ထက်ပေါ့။

အလောင်းဘုရားဟာ အင်းဝကို ၂၃-၁၂-၁၇၅၃ ခုနှစ်မှာ ပဲခူးသားတို့လက်မှ ပြန်သိမ်းတယ်။ စစ်ကာလအခြေအနေ ဖြစ်နေသဖြင့် မြို့ဝန်ကိုသာ အုပ်ချုပ်စေတယ်။ သူကိုယ်နိုက်မူကား ရွှေဘိုမှာပဲ စံနေတယ်။

၂၀-၃-၁၇၆၆ ခုနှစ်တွင်မှ သူ့ရဲ့သားတော် ဆင်ဖြူရှင်က အင်းဝကို နေပြည်တော် အဖြစ် တတိယအကြိမ် တည်ထောင်ပြန်တယ်။

အခုတလော နေပြည်တော်တစ်ခုလုံးမှာ တဘောင်တို့၊ ရှေးသိုက်စာတို့ တရစပ် ပေါ်ထွန်းနေတယ်။

ထီးပေါင်းကားကြီး၊ ထီးလည်း မှိုသို့ ပေါက်လတ္တံ့။ ဘိုးတော်တောင်ပါး ပက်ပါ နားကစ၍ မြို့ကြီး တည်လတ္တံ့။ တောင်သမန်တောင်လည်း၊ နန်းလည်း (၆) ဆောင် ဆောက်လတ္တံ့။ ဆိုတာတွေပဲ။

ဒီတော့ ထီးပေါင်းကား အရပ်မှာ မြို့သစ်ပြောင်းရွှေ့ တည်ဆောက်တော်မူမယ်လို့ အမိန့်တော်မြွတ် မှတ်တော်မူသည်။

အဲဒီ မြို့သစ် တည်ဆောက်ရေးအတွက် ဝန်ကြီးမဟာစည်သူ ဝန်ကြီးနေမျိုးဇေယျ ဂါမဏိတို့ကို ငွေစင်ပိဿာ ၃၀၀၀ ပေးသနားတော်မူပြီး ကြပ်မတ်လုပ်စေတယ်။

မြို့ရိုး၊ မြို့ကျုံး၊ တံတား၊ ထီးနန်း၊ လမ်း၊ ဆိပ်ကမ်းဈေးမှစ၍ မြို့ခံ အင်္ဂါရပ်များပြည့်စုံအောင် တည်ဆောက်ရတယ်။

မှန်နန်းဆောင် ဘမရာသနပလ္လင်၊ အနောက်ပွဲတတ် ဇေတဝန်ဆောင်တော် ပဒုမာသနပလ္လင်၊ ဇေတဝန်ဆောင်တော် ဟံသာသနပလ္လင်၊ ပရိတ်နာဆက်ဆောင်တော် သင်္ခါသနပလ္လင်၊ တောင်စမုတ်ဆောင်တော် ဂဇာသနပလ္လင်၊ လွှတ်တော်ဇေတဝန်ဆောင်တော် သီဟာသနပလ္လင်များကိုလည်း မြှုလုပ်စေတယ်။



မှန်နန်းမဆောင်တော်၊ ပြာသာဒ်ဆောင်တော်၊ အနောက်ပွဲတတ် ဇေတဝန်ဆောင်တော်တဲ့ ရွှေနန်းပြာသာဒ်ဆောင်တော် ၅၅ ဆောင်များကို ရွှေပိန်းထည့်၍ ခဲမဖြူ အုတ်ကြွပ်ဆင့်ပြီး အမိုးအင်္ဂတေ စသည်များကို လုပ်စေတယ်။

ပြတံခါး၊ တိုက်တန်း၊ တင်းကုပ်များကိုလည်း သစ်စေး၊ ဟင်္သာပြဒါး၊ အမိုးအုတ်ကြွပ် အင်္ဂတေမိုး လုပ်စေတယ်။ မင်းနှင့်အတူ ပြောင်းရွှေ့ သီတင်းသုံးကြမည့် ဆရာတော်များအတွက် မြေနေရာချပေးရေး အစီအစဉ် လုပ်ကြတယ်။

ရွှေမြို့တော်ပြတံခါး၊ ရွှေနန်းတော်၊ လွှတ်တော်ရှေ့ရုံး၊ နောက်ရုံး ဝင်ရိုး၊ နာရီ၊ ဗဟိုရ်တိုက် တံခါး၊ တင်းကုပ်မှစ၍ အသပ်အဆောက် အလုံးစုံကို ပြီးစီးအောင်မြင်တာနဲ့ ဗဒုံမင်းတရားကြီးကို သံတော်ဦး တင်လျှောက်ထားကြတယ်။

၁၁၄၅ ခုနှစ်၊ နယုန်လဆန်း၊ ၁၂ ရက် (၁၂-၅-၁၇၈၃) ရက်၊ တနင်္လာနေ့မှာ အမရပူရရွှေမြို့တော်သို့ ပြောင်းရွှေ့တော်မူတယ်။ ပိဋကတ်တော်များကိုတိုး ရုပ်ရွှေဘောင်ပေါ်မှာ တည်တော်မူပြီး ရတနာ ရွှေဖောင်တော်ကို ရှေ့ကထားတော်မူတယ်။

ဗဒုံမင်းတရားကြီးသည် ပိဋကတ်တော်နဲ့ ဆရာတော်ကြီးများကို [illegible]ပြီး ကြီးစွာသော မင်းခမ်းမင်းနား အဆောင်အယောင်များနဲ့ [illegible]တော်မူတယ်။ ဗဒုံမင်းတရားကြီးသည် အမရပူရနေပြည်တော်ကို [illegible]သားတကျ ဖြစ်အောင် စီမံတော်မူတယ်။

၂-၆-၁၇၈၄ ခုနှစ်ကျမှပဲ ဗုဒ္ဓါဘိသိက်ခံတော်မူတယ်။ ၂၃-၇-၁၇၈၄ ခုနှစ်မှာပဲ သားတော်ကြီး မဟာဥပရာဇာ အိမ်ရှေ့မင်း၏ [illegible]များတွင် သားတော်ကလေး ဖွားမြင်လေ သည်။ ဗုဒ္ဓါဘိသိက်ခံပြီး [illegible]လေးပေါ့။ မင်္ဂလာယူလို့ ကောင်းတုန်းအချိန်ပေါ့။

ဗဒုံမင်းတရားကြီးဟာ ဝမ်းမြောက်လှတာနဲ့ မွေးကင်းစရှိသောတော် [illegible]တော်ကို စစ်ကိုင်းမြို့စားစေလို့ ချီးမြှောက်လိုက်တယ်။ စစ်ကိုင်းမင်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဒါပဲပေါ့လေ ရှင်ဘုရင်ပုဆိုး ပိုးချည်းပဲပေါ့။ သက်ဦးဆံပိုင်ဘုရင်ဖြစ်နေတော့ သူလုပ်တိုင်း တင့်တယ်နေတာပေါ့။ ဘိုးတော်မင်းတရားကြီးဟာ များစွာတရားမွေနဲ့ ပြည့်စုံတဲ့ မင်းတစ်ပါး ဖြစ်တယ်။

မြောင်လှမြို့နယ်၊ သံရွာမှာ ငပူတာနှင့် သားငဆုတ်တို့ နေကြတယ်။ အဲဒီသံရွာဆိုတာက အိမ်ရှေ့ထမ်း လင်းဇင်းအစုသားတို့နေတဲ့ ရွာပဲ။ တစ်နေ့တော့ ငဆုတ်ဟာ နွားကျောင်းနေတယ်။ တောထဲက ငွေအိုး ၅ လုံးရတယ်။

တစ်လုံးတစ်လုံးစီမှာ ငွေချိန် ၅ ပိဿာ ရှိတယ်။ ၅ လုံးဆိုတော့ ၂၅ ပိဿာပေါ့။ ဒါကို မြောင်လှစားက မကျေနပ်ဘူး။ သူစားရတဲ့ နယ်မှာ ဖြစ်နေတော့ သူပဲ ရသင့်တယ်လို့ ထင်နေတယ်။

သည်တော့ သည်အကြောင်းကို ရွှေနန်းတော်ထဲအထိ တိုင်ကြားတယ်။ အတွင်းတော်က အခေါ်တော်ရှိလို့ သူတို့ သွားကြတဲ့အခါမှာ သူတို့သားအဖက ဟုတ်မှန်တဲ့အတိုင်း လျှောက်ထားကြတယ်။

အတွင်းတော်က မှန်ကန်တဲ့အကြောင်း သိရတော့ "မှန်လျှင် ကုသိုလ်ကံအလျောက် ရသည့်ဥစ္စာဖြစ်သည်။ ရသမျှ ရသူသာ ယူစေသင့်သည်။ ဒဿမဘာဂ ဆယ်ဖို့တစ်ဖို့ကိုလည်း၏ အခွန်ဘဏ္ဍာပေးရသည့် ကမ္ဘာ့ထုံးတမ်းလည်း ရှိသည်။ ထို့ကြောင့် ရသမျှ ဥစ္စာတွင် ဆယ်ခိုင် တစ်ခိုင်ကို မြို့စားသို့ ပေးစေ၊ ကျန်သမျှ ဥစ္စာရပ်ကို ရသူကယူစေ စစ်ကြောမေးမြန်းသည့် အမှုတွင်လည်း ကြေးငွေ အကုန်အကျ မရှိစေနှင့်" လို့ အမိန့်တော် ချမှတ်လိုက်တယ်။ တကယ်တော့ ဗဒုံမင်းတရားဟာ မွေသတ်အတိုင်း မလိုက်နာဘဲ ရာဇသတ်အတိုင်း လိုက်နာတဲ့ မင်း တစ်ပါးပဲ။ သည်တုန်းက တရုတ်နိုင်ငံနဲ့လည်း မိတ်ဖြစ်ဆက်ဆံကြတယ်။

သည်တုန်းက တရုတ်နိုင်ငံ၊ ကျော်ပုဂံနိုင်ငံများမှာ မဟာမိတ် ဆက်ဆံနေရတဲ့ နိုင်ငံတွေပဲ။ ကျော်ပုဂံနိုင်ငံဆိုတာက တောင်ကွင်း လည်း ခေါ်တယ်။ ယွန်းနိုင်ငံလို့လည်း ခေါ်တယ်။ ပြင်သစ်နိုင်ငံနှင့်လည်း မိတ်ဖြစ် ဆက်ဆံကြတယ်။

ပြင်သစ်က အမြောက် လေးလက်နှင့် သံတိုးရေ ၁၄၄ တိုး ပေးပို့တယ်။ မဏိပူရနှင့် အာသံကို နှစ်ခါပြန် သိမ်းရတယ်။ နယ်



အနံ့နှင့် နေပြည်တော်တစ်လွှားမှာလည်း အထောက်တော် သူလျှိုများကို စေလွှတ်ထားတယ်။

ရွှေဘုံရွှေနန်းဆိုတာက အင်မတန် ဆန်းပြားတာကလား။ လျှို့လျှို့ ဝှက်ဝှက် သိုသို သိပ်သိပ် နေတတ်မှ တော်ရုံကျတာပဲ။ ဘုရင့်မင်းတရားကြီးရဲ့ အချစ်တော်ဆိုပြီး မောက်မောက်မာမာတော့ နေမယ်မကြံနဲ့ ခဏပဲ ခံစားရမှာပဲ။ မင်းခယောက်ျားပီပီ ကမ်းနား သစ်ပင်လို မမြဲဘူးပေါ့။

ဗဒုံမင်းတရားကြီးသည် နန်းသစ်ပြောင်းပြီးတာနဲ့ ပိဋကတ်သုံးပုံကို ရွှေရေးမင်ရေး ကညစ်ရေးများဖြင့် အသစ်ထပ်မံ ရေးသားပူဇော်တယ်။ ရှေးယခင်အထက်က မင်းအဆက်ဆက်ကလည်း သည်လိုပဲ ထိန်းသိမ်း ပြုပြင်ခဲ့သဖြင့် ပရိယတ္တိသာသနာတော်ဟာ ထွန်းတောက်လာခဲ့ရတယ်။

နိုင်ငံတော်အုပ်ချုပ်တဲ့ ဘုရင်မင်းတရားကြီးများက သည်လို အားပေးချီးမြှင့်ခဲ့လို့လည်း ပရိယတ္တိ အကျော်အမော်များသည် ထိုခေတ် မှာ အစဉ်မပြတ် ပေါ်ထွန်းခဲ့တယ်။

ကုန်းဘောင်မင်းဆက်ထဲမှာတော့ ဘိုးတော် ဗဒုံမင်းတရား လက်ထက်တော်မှာ ပရိယတ္တိ အကျော်အမော်များ အထွန်းကားဆုံးခေတ် ဖြစ်ရမည်။ ဗဒုံမင်းတရားကြီးဟာ သာသနာတော်ကို စောင့်ရှောက်တော် မူ ပဋိယတ်၊ ပဋိပတ် သတ္တိ ဗျတ္တိရှိတဲ့ ဆရာတော်ကြီး တစ်ကျိပ်နှစ်ပါး ကို သာသနာပြု ဆရာတော်များအဖြစ် ခန့်အပ်တော်မူခဲ့တယ်။

ပင်းအိုဆရာတော်၊ မန်လည်ဆရာတော်၊ ဆုံတားဆရာတော်၊ ရွာဆရာတော်၊ ရွှေတောင်ဆရာတော်၊ ဗားကရာဆရာတော်၊ ကတိုး ဆရာတော်၊ မဲထီးဆရာတော်၊ မုံတော ဆရာတော်၊ စလင်းဆရာတော်၊ ဘဆရာတော်၊ မောင်းထောင်ဆရာတော်တို့ပဲ ဖြစ် တယ်။

အဲဒီတုန်းက အမရပူရနေပြည်တော်မှာ ပရိယတ္တိစာသင်တိုက်ကြီး ၆၀ ရှိသည်။ ပါဠိတော်၊ အဋ္ဌကထာဋီကာ စတဲ့ ကျမ်းဂန်စာပေများ ယာန်းတော်များဟာ သူ့ထက်ငါ မြန်မာနိုသျှ ပြန်ဆိုကြတယ်။ ကြောင့် အဲဒီခေတ်ကို နိသျှမြန်မာခေတ်လို့ ခေါ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



လောကုတ္တရာ စာပေများသာမကဘူး။ လောကီဆိုင်ရာ သက္ကဋ စာပေအမျိုးမျိုးကိုလည်း မြန်မာပြန်ဆိုကြသည်။ သီဟိုဠ်နဲ့ အိန္ဒိယပြည်သို့ ဆက်သွယ်ပြီး သာသနာပြုလုပ်ငန်းများ ပြုလုပ်ခဲ့တယ်။ မြန်မာပြည်သို့ ယူဆောင်ရန် မလွယ်ကူတဲ့ ကျမ်းဂန်စာပေများကို သွားရောက် ကူးယူစေတယ်။ မြန်မာဘာသာသို့ ပြန်ဆိုစေတယ်။ ဒါကြောင့် ဘိုးတော်ခေတ်တို ဘာသာပြန်စာပေခေတ်လို့ ခေါ်ရတော့မှာပေါ့။

ဗဒုံမင်းတရားသည် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ တံတားဆောက်ခြင်းများကို ပြုလုပ်ခဲ့သည်။ သာသနိက အဆောက်အဦများ တည်ဆောက်မှုကား များပြားလှသည်။

အလောင်းဘုရား လက်ထက်ကတည်းက မကျေမလည် ဖြစ်နေခဲ့တဲ့ မစ္ဆေယများကိုလည်း အပြီးသတ် ငြိမ်းအေးစေတယ်။

ပြည်တွင်းစီးပွားရေး ကိစ္စရပ်များကိုလည်း စွမ်းစွမ်းတမံ ပြုလုပ်ဆောင်ရွက်ခဲ့သည်။ အလေး၊ တင်း၊ တောင်း၊ အချိန်အတွယ် ပြဿနာများ၊ အခွန်အကောက်ကိစ္စ၊ သီးနှံထွက်နှုန်းနဲ့ စိုက်ပျိုးမြေစာရင်းများ မင်းမြေ၊ ဝတ္တကမြေအလွတ်များတို့ကိုလည်း ပြည်သူတို့ ကျေနပ် အောင်ဆောင်ရွက်နိုင်စွမ်းရှိတယ်။ သည့်အတွက် နိုင်ငံတော်ဟာ အေးချမ်းသာယာနေတယ်။

ဒါကြောင့်ပဲ ထင်ရဲ့။ အဲဒီတုန်းက ပြည်သူတွေဟာ သူတော်ကောင်းတရားကို ပွားများ အားထုတ်နိုင်ကြတယ်။ ဒါပဲပေါ့။ နိုင်ငံတော်အေးချမ်းတော့ ပြည့်ဝမ်းနဲ့တူတဲ့ ပြည်သူတွေလည်း စိတ်ချမ်းသာကြရတာပေါ့။

ကုန်းဘောင်မင်းဆက် ၁၁ ဆက်မှာတော့ ဘိုးတော်ဗဒုံမင်းတရားကြီးရဲ့ ခေတ်ဟာ လှပတဲ့ အမရပူရခေတ်လို့ ခေါ်ကြရမှာပေါ့။ အဲဒီမင်းဆက်များထဲမှာ ဗဒုံမင်းတရားကြီးဟာ နန်းသက်အရှည်ဆုံးပဲ။

တိမ်တောင်တိမ်ထုသဖွယ် ရှုပ်ထွေးနေတဲ့ မင်းရဲ့အရေးဟာ ပြည်သူတွေရဲ့ အရေးပဲ။ အသက်သွေးပဲ။ ပြည်သူနဲ့မင်း ဆိုတာက ခွဲခြားလို့ ရစကောင်းတာ မဟုတ်ဘူး။ နိုင်ငံတော်ဟာ နှစ်အတန်ကြာ အေးဆေး တည်ငြိမ်ခဲ့တယ်။ ချမ်းမြေ့ခဲ့ကြတယ်။



ဒါပေမဲ့ မကြာပါဘူး။ မဟာဝိဟိကတိုင်းလို့ခေါ်တဲ့ ဧညဝတီပြည်က မခန့်မငြား ရှိလာတယ်။ ဧညဝတီပြည်နှင့် မြန်မာနယ်စပ်ကြားမှာ သူပုန်သူကန်တွေ ပေါ်လာခဲ့တယ်။ အဆိုးဆုံးကတော့ ခါတိုင်းပေးနေကျ အခွန်ဘဏ္ဍာတော်တွေကို ဧညဝတီဘုရင်ခံက မပေးတော့ဘူး။

သည်တော့ ဧညဝတီကို ဆုံးမရတော့မပေါ့။ ပြည်သိမ်းပြီး အောင်ပွဲခံယူရုံပေါ့။ သည်အရေးကို အိမ်ရှေ့စံ သားတော်ကြီး ဥပရာဇာကို တာဝန်လွှဲလိုက်တယ်။

၁၁၄၆ ခု၊ တန်ဆောင်မုန်းလဆန်း၊ ၄ ရက်၊ စနေနေ့မှာပဲ ဧညဝတီပြည် ချီတော်မူတယ်။ တပ်မတော်နှင့် တပ်ပေါင်း နှစ်ဆယ့်တစ်တပ်ပါရှိသည်။

တိုက်ဆင်နှစ်ရာ့တစ်ဆယ်၊ မြင်းနှစ်ထောင့်တစ်ရာ၊ စစ်သည်သူရဲနှစ်သောင်းတစ်ထောင်ကို အိမ်ရှေ့ဝန် နေမျိုးကျော်ထင်သီဟသူနှင့် အတွင်းဝန်နေမျိုးဇေယျသူတို့ကို စစ်ကဲခန့်တော်မူသည်။

တပ်မတော်နှင့် တပ်ပေါင်း သုံးဆယ့်သုံးတပ်ပါတယ်။ တိုက်ဆင်သုံးရာ့သုံးဆယ်၊ မြင်းသုံးထောင့်သုံးရာ၊ စစ်သည်သူရဲသုံးသောင်းသုံးထောင်တို့နှင့်အတူ ချီတော်မူသည်။ ဆင်တပ်၊ မြင်းတပ်များကို ကြည်းကြောင်းက ချီတော်မူစေသည်။

အိမ်ရှေ့ဥပရာဇာသည် စစ်ကိုင်းအောင်မြေ လောကဘုရားရှင်ကို ပူဇော်တော်မူတယ်။ အဲဒီအရပ်မှာ သုံးရက် ရပ်ဆိုင်းနေတယ်။ ပြီးမှ သတိုးမင်းစောကို မင်းဘူးဆိပ်က တက်စေပြီး ဘားအိုင်ကြောင်း ချီစေသည်။

ဧညဝတီမင်းသည် မဟာဥပရာဇာ မြန်မာတပ်များ အလုံးအရင်းနှင့် ချီလာကြောင်း ကြားသိသည်။ ဒါကြောင့် မြို့တော်ကို ကျုံး၊ မြေအိုးပစ္စင်၊ ဆင်ခလုတ်၊ မြင်းခလုတ်၊ ကတုတ်ဆူးငြှောင့်များကို ပြင်ဆင်လုပ်ဆောင်တယ်။ မြို့ထိပ်ပြထိပ်သို့ အမြောက်စိန်ပြောင်း သူရဲသူခက်အပြည့် တင်တယ်။ မြို့နှင့်တကွ အခိုင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



လက်တင်မျှော်စခန်းမှာ မြဲဝတီပိုလ်မှူး ငပေါလုံ ခံတယ်။ သတိုးမင်းစောတပ်နှင့် ရင်ဆိုင်တွေ့တယ်။ ငပေါလုံတပ် ကစဉ့်ကလျား ပြေးရတယ်။ သတိုးမင်းစောလည်း ဒလက်ဆိပ်မှာ တပ်စွဲနေတယ်။

မြဲဝတီပိုလ်မှူးတောင်မင်းကျော်ထွေးသည် တန်းလွဲအပ်တွင် အခိုင်အမာ နေတယ်။ ဒါကို လင်းပတေ့အကြောင်း ချီတဲ့ သီရိမဟာရာဇာ တိုက်ခိုက်တယ်။ မြန်မာတို့ရဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုကြောင့် တောင်မင်းကျော်ထွေး မခံမရပ်နိုင် ဆုတ်ပြေးတယ်။

သီရိမဟာရာဇာတပ်လည်း တန်းလွဲချောင်းဆိပ်မှာ ရပ်စွဲနေသည်။ နေမျိုးကျော်ထင် တရဖျားတို့ လှေတပ်စုလည်း မော်ဒင်ရစ်ကနေပြီး ရောက်လာတယ်။ မဟာဥပရာဇာ ဦးဆောင်တဲ့ စစ်ကြောင်းသုံးကြောင်းလုံးဟာ ရမ်းဗြဲကျွန်းကို တိုက်ခိုက်တော်မူတယ်။ ရမ်းဗြဲကျွန်းမှာ မြဲဝတီပြည့်ရှင် မင်းမဟာရာဇာရဲ့သားဟာ ဆီးဆို့ရပ်ခံနေတယ်။

လူအင်အားက များပြားလှတယ်။ လူသုံးသောင်းကျော်တယ်။ မြဲဝတီအိမ်ရှေ့မင်း မခံမရပ်နိုင်ဘဲ ဆုတ်ခွာရတယ်။ စုရုံးမိသမျှနှင့်ပဲ လှေစီးပြီး ပင်လယ်သို့ ထွက်ပြေးရတယ်။ လွတ်မြောက်သွားတယ်ပေါ့။

နေရာသမန်ကျော်ကို သူရဲနှစ်သောင်းနှင့် ရမ်းဗြဲကျွန်းမှာ အစောင့်အနေ ခန့်ထားတော်မူခဲ့တယ်။ ပြီးမှ မြဲဝတီမြို့ကို ချီတော်မူတယ်။

စဲခေါ်ကျွန်းမှ မြဲဝတီသားများ ခုခံနှင့်တယ်။ ဒါပေမဲ့ မြန်မာစစ်သည်တို့ကို ရင်ဆိုင်လို့ မရဘူး။ ဆုတ်ခွာသွားကြတယ်။ သလူတောင်ကျွန်းမှာ ထပ်မံတိုက်ခိုက်ကြသေးတယ်။ ဆေးတိုင်ကန် စခန်းမှာ ယမုံးကျွန်းစားထားပိုင်ကြီး လူတစ်သောင်းကျော်နဲ့ လက်နက် လက်ဆောင်အများဆက်သပြီး ဝင်ရောက်လာတယ်။

ကြက်စင်ကျွန်းစာ လေကျော်တောင်ကဲ့လည်း လူနှစ်သောင်းကျော်နဲ့ဝင် ရောက်လာ တယ်။ သူတို့ကိုပုဆိုး၊ ဖလား၊ ဝတ်လုံ၊ ဆုတော်အများ ပေးတော်မူတယ်။ တပ်ရဲ့ရှေ့တော်က လိုက်ရတယ်။

မြဲဝတီဘုရင်လည်း ယောက်ဖထားပိုင်ကြီးနဲ့ အိမ်ရှေ့မင်းတို့ကို လက်ဝဲကြောင်း လက်ယာကြောင်းထားပြီး ဒီချောင်း၊ နားတောင်ထိပ်က လူတစ်သောင်းနဲ့ ခံနှင့်သည်။



ရေကြောင်းကလည်း လက်ဝဲမြင်းနှင့် တိုက်လှေ နှစ်ရာ့ငါးဆယ်၊ လက်ယာမြင်းနှင့် တိုက်လှေ နှစ်ရာ့ငါးဆယ်၊ တိုက်လှေများတွင် အမြောက်စိန်ပြောင်းတင်ပြီး မြို့တွင် နရကောက်မော်က လှည့်၍ ခံနှင့်သည်။

အဲဒီခံနှင့်တဲ့ ရန်သူတပ်တွေကို ဥပရာဇာ ကိုယ်တော်တိုင်ကွပ်ပြီး တိုက်တော်မူတယ်။ ရေကြောင်းက ခံသည့် ရန်သူတို့ မခံနိုင်ကြဘူး။ ဒါကြောင့် လှေငါးရာကျော်ကို ရလိုက်တယ်။ အမြောက်စိန်ပြောင်းလည်း ရတယ်။

မြဲဝတီဘုရင်လည်း မြင်းစီးပြေးတယ်။ မြို့တွင်းသို့ ပြေးဝင်ပြီး မြို့တံခါးများကို အခိုင်အမာနှင့်နေတယ်။ မြဲဝတီမင်းနဲ့တကွ မင်းညီမင်းသား၊ မှူးတော်မတ်တော်များဟာ ရွှေနန်းတော်အတွင်းထဲမှာ စုရုံးကြတယ်။

သူတို့မှာ အကြံအစည်များ ရှိနေတယ်။ စစ်ပွဲမှာ အရှုံးနဲ့ချည်း ရင်ဆိုင်နေကြရတော့ လွတ်မြောက်ကြောင်း ကြံရဖန်ရတာပဲပေါ့။

ပထမတော့ အားလုံးဟာ ခေါင်းပုနေကြဟန်တူရဲ့။ တစ်ယောက်တစ်ပေါက် ရှိနေကြ တယ်။ ဟိုလူပြော ဟုတ်နိုးနိုး၊ သည်လူပြော ဟုတ်နိုးနိုးနှင့် ရှိနေတယ်။ ဘုရင်မင်းတရားကြီး လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေတယ်။ အားကိုးရာလည်း မရှိတော့ဘူး။

တကယ်တော့ နိုင်ငံတော်ရဲ့ ဘုရင်မင်းတရားကြီး ဆိုတာကလည်း လူပဲမဟုတ်လား။ တခြားလူတွေထက် အသိဉာဏ် ပိုရှိလို့ပဲ ဖြစ်ဖြစ်၊ တစ်ခုခုသော အကြောင်းကြောင့် ဖြစ်ပါစေ ပြည်သူတွေရဲ့ ဘုရင်မင်းတရားကြီး ဖြစ်လာတာပဲ မဟုတ်လား။

သည်တော့ လူသားဖြစ်တဲ့ ဘုရင်မင်းတရားကြီးမှာလည်း ကြောက်ခဲတဲ့စိတ်၊ အားငယ် ချင်တဲ့စိတ်တွေ ရှိနေကြမှာပဲပေါ့။

နောက်ဆုံးမှာ သူတို့ဟာ တစ်ခုတည်းသော အဖြေကို ရသွားတော့တယ်။ ဘာလဲဆိုတော့ စစ်ပြေငြိမ်းဖို့ ကြိုးစားကြရမှာပေါ့။ ဟုတ်တယ်

www.burmeseclassic.com

www.burmeseclassic.com



လေ။ စစ်မပြေငြိမ်းဘဲ ဆက်လက် တိုက်ခိုက်နေမယ်ဆိုရင်တော့ အရှုံးသမားဟာ အရှုံးပဲပေါ့။

သည်နေရာမှာ မျှုးတော် မတ်တော်တို့ရဲ့ လျှောက်ထားချက်ကို စဉ်းစားရန် ရှိတော့သည်။ အခုဆိုရင် မြန်မာတို့ဟာ ဧည့ဝတီရဲ့ မြို့တော်တံခါးဝမှာ ရောက်နေကြပြီ။ သူတို့ရဲ့ အင်အားကလည်း ကြီးလှတယ်။ ဒါကြောင့် ခုစစ်ပွဲ ဧည့ဝတီသားတို့ ရှုံးနိမ့်မှာ သေချာနေတယ်။ ဒါကြောင့် ရှင်မိဖုရားခေါင်ကြီးမှာ မြင်သည့် သမီးတော်အရှင် မှောက်တော်ကြီးကို မြန်မာမင်းသို့ ဆက်သပြီး စည်းစိမ်မပျက်နေပါရအောင် ကြံဆောင်ဖို့ပေါ့။

အဲဒီလို မျှုးမတ်တွေက အကြံပေးကြတယ်။ မြန်မာဘုရင်ကို သမီးတော်နဲ့ လက်ဆောင် ထိုးပေးပြီး စစ်ပြေငြိမ်းကြဖို့ပေါ့။ ဒါဟာလည်း ပဒေသရာဇ်ခေတ်ရဲ့ ပြယုဂ်တစ်ခုပါပဲ။

ရှေးတုန်းက ဘုရင်တွေဟာ နယ်ချဲ့ကြတယ်။ အင်အားကြီးတဲ့သူက အင်အားသေးငယ်တဲ့သူကို ဗိုလ်ကျတယ်။ နယ်လုတယ်။ ဒါနဲ့တင် အားမရသေးဘူး။ အသက်ကို သေတဲ့အထိ နှိပ်စက်ကလူပြုတယ်။

သည်တော့ အင်အားချိနဲ့တဲ့ နိုင်ငံဘုရင်က သူ့မှာ ရှိတဲ့ အမြတ်တနိုးထားတဲ့ ပစ္စည်းတွေကို ဘဏ္ဍာတော်အဖြစ် ပေးအပ်ကြတယ်။ အဲဒီအထဲမှာ သမီးတော်ဆိုတဲ့ ရတနာက တန်ဖိုးအရှိဆုံးပေါ့။ ထက်ထက်မြက်မြက်ရှိတဲ့ ရတနာပစ္စည်းတစ်ခုပေါ့။ သက်ရှိလူကို သက်မဲ့သဖွယ် ဘဏ္ဍာတော်အဖြစ် ဆက်ကြတာပဲ။ ဒါကို ဧည့ဝတီမင်းကြီးက မကျေနပ်နိုင်ဘူး။

"သူ့အရင် အုပ်စိုးသွားတဲ့ ဘေးလောင်းတော်၊ အဆက်ဆက် မြန်မာမင်းများကို သားသမီး ဆက်သဖူးတယ်ဆိုတာ မရှိခဲ့ဖူးဘူး။ မြန်မာမင်းကသာ သမီးကညာနှင့် အမြောက် တစ်ထောင်ကျော်၊ ယိုးဒယား သွန်းကြေးရုပ်များကို ဆက်သကြောင်းသာ ရှိခဲ့တယ်။

ယခု ငါ့လက်ထက်တိုင်မှ မြန်မာတို့ကို သားသမီး ဆက်သရချေသော် နောက်နောင် အုပ်စိုးသော ဘုရင်မင်းတရားကြီးများ လက်ထက်ဝယ် ဥဒါန်းစကား၊ မငုပ်မတိမ် ပြောစရာ ဖြစ်ချေတော့မယ်။ သည်တော့



ငါလည်း ယခုအခိုက်အတန့် လိုသင့်ရာ အရပ်သို့ ရှောင်လွှဲနေ မည်။ ငါတို့မြို့ကို မြေနှင့်တကွ မြန်မာမင်းသားတို့ မယူသွားနိုင်ကုန်" လို့ဆိုပြီး ညဉ့်သန်းခေါင်ကျော် အချိန်မှာ နန်းတော်ထဲက တိတ်တဆိတ် ထွက်သွားတော်မူတယ်။

သူနဲ့အတူ ရှင်မိဖုရားခေါင်ကြီး၊ မြောက်နန်းမိဖုရား၊ တောင်ဆောင်မိဖုရား၊ သမီးတော် မှောက်တော်ကြီး၊ သမီးတော် မှောက်တော်လတ်၊ သားတော် မောင်ဝက်တောင်း၊ မောင်ရဲဘော်၊ ကိုယ်လုပ်မောင်းမ ခုနစ်ဆယ်၊ ယောက်ျားသင်းပင်း သုံးဆယ်ကျော်များနှင့် အတူမြို့အနောက်ပါးပုတောင်ဆိပ်က လှေနဲ့ထွက်သွားတယ်။

ကျွန်းချောင်းကျွန်းမှာ တိမ်းရှောင်နေတာပဲ။ သက္ကရာဇ် ၁၁၄၆ ခု၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့မှာ ဧည့ဝတီတစ်မြို့လုံးကို သိမ်းယူတော်မူသည်။ မဟာဝိဟိကတိုင်း တစ်ခုလုံးကို အနေအထားကျအောင် စည်းကြပ်စီရင်တော်မူတယ်။ ပြီးမှ မင်းကြီးမင်းခေါင် ကျော်ကို သေနတ်ဖွဲ့ လူတစ်သောင်းကျော်နဲ့ အစောင့်အနေ ခန့်ထားခဲ့တယ်။ အပြန်ခရီးမှာ တော့ မဟာမုနိဘုရားသခင်ကို ပင့်ဆောင်တော်မူခဲ့တယ်။

ဖမ်းဆီးရမိလာတဲ့ ဧည့ဝတီဘုရင်နှင့်တကွ မိဖုရား၊ သားတော်၊ သမီးတော်များကိုလည်း တစ်ပါတည်း ယူဆောင်တော်မူခဲ့တယ်။

အမြောက် နှစ်ထောင်ကျော်၊ စိန်ပြောင်း တစ်သောင်းကျော်၊ သေနတ် တစ်သောင်း ကျော်၊ ယိုးဒယားလုပ် ကြေးရုပ် သုံးဆယ်ကျော်၊ မိန်းမစိုး သုံးဆယ်ကျော် စတဲ့ သုံ့ပန်း သုံးသောင်းကျော်များတို့ သိမ်းယူတော်မူခဲ့တယ်။ သည်တိုက်ပွဲကို အောင်မြင်လာတဲ့အတွက် သားတော် ဥပရာဇာကို ဗဒုံမင်းတရားကြီးက လွန်စွာကျေနပ်တော်မူတယ်။

ဒါကြောင့်ထင်ရဲ့ မင်းစီးရွှေဝေါ၊ မင်းဝတ်တုရင်၊ ကျောက်စီ [illegible] ငါးဆီးသော ဆင်သူရဲသင်းပင်း ခြောက်ထောင်ကို ဆု [illegible] ပေးအပ်တယ်။ သားတော်မြင်ကွန်း မင်းသားကို ဟံသာ [illegible] မြို့ကို ပေးတော်မူတယ်။ သားတော်၊ သမီးတော် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပြည့်နေတဲ့ ဗဒုံမင်းတရားသည် မြေးတော် စစ်ကိုင်းမင်းသားကို အချစ်ဆုံးလို့ ဆိုကြသည်။

မိမိအလွန်တရာမှ အားကိုးရတဲ့ သားတော်ကြီး ဥပရာဇာရဲ့သားဆိုတဲ့ အကြောင်းလည်း ပါဟန်တူတယ်။ သူ့မှာ သားတော်ပေါင်း ၆၀ နှင့် မြေးတော်ပေါင်း တစ်ရာရှိတယ်။ သည်အထဲက စစ်ကိုင်းမင်းသားကိုမှ အရေးပေးတယ်။ အလိုလိုက်တယ်ဆိုတာကတော့ လွန်တာပေါ့။ အားလုံးဟာ မိမိရဲ့ ရင်သွေးချည်းပဲ မဟုတ်လား။

သက္ကရာဇ် ၁၁၇၀ ပြည့်၊ တန်ခူးလဆန်း၊ ၁၄ ရက်နေ့မှာ သားတော်အိမ်ရှေ့ဥပရာဇာဟာ နတ်ရွာစံတော်မူတယ်။

ဗဒုံမင်းတရားကြီးအဖို့ ယူကြုံးမရ ဖြစ်ရတယ်။ မိမိလွန်စွာအားကိုးရတဲ့ သားတော် ကြီး သေဆုံးရခြင်းဟာ လက်ရုံးပြုတ်သွားတာနဲ့ အတူတူပေါ့။ သောကပရိဒေဝမီးဆိုတာကလည်း လူတိုင်းမှာ ကိုယ်စီရှိကြရတာပဲ။ ဆင်းရဲခြင်း၊ ချမ်းသာခြင်းတို့ဆိုတာ မရွေးစဖူး။

ဘယ်သူပဲ ဖြစ်ဖြစ်ပေါ့။ အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးကို ပြေး၍ မလွတ်သည်ကား အမှန်ပင်။ လူတွေဟာ အိုရမယ်၊ နာရမယ်၊ သေရမယ်ဆိုတာ အမှန်ပဲ။ ဘယ်သူကော လွတ်နိုင်မှာတဲ့လဲ။ ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန် ပျက်ရမှာကလည်း ဓမ္မတာပါပဲ။

စွန်ရဲလင်းတစတဲ့ ငှက်တို့ဟာ ယူဇနာတစ်ရာမကတဲ့ မြင့်မားတဲ့ ကောင်းကင်မှ သူတို့ရဲ့ အစာသားကောင်ကို ကွက်ကွက်ကွင်းကွင်း ထင်လင်းစွာ တွေ့မြင်ကြရတယ်။ ဒါပေမဲ့ ကံမကောင်းဘူး။ အကြောင်းမဟန်ဘူး။ ပျက်စီးချိန် တန်လာတဲ့အခါမှာတော့ သေမင်းဖြစ်တဲ့ ကျော့ကွင်းကို အနားကပ်နေသည့်တိုင်အောင် မမြင်နိုင်ကြပဲ ဖြစ်ရတာပေါ့။

စစ်မြေပြင်မှာ သူရဲကောင်းကို လိုအပ်တယ်။ အရေးကြီးတဲ့ကိစ္စတိုင်ပင်ဖို့အတွက်တော့ နှုတ်စောင့်တဲ့သူကို လိုတယ်။ နက်နဲသောပြဿနာ ဖြစ်ပေါ်လာသော် အမြော်အမြင်ရှိတဲ့ ပညာရှိကို လိုအပ်တယ်လို့ ဆိုထားကြတယ် မဟုတ်လား။

အဲဒီလိုပဲ သားတော်ကြီးကို အားကိုးအားထား နေနေရတဲ့ ဗဒုံမင်းတရားကြီးအဖို့ ရာဇက္ကန္ဓြေတော် မဆည်နိုင်ဘူး။ ဒါပဲပေါ့ ဘုရင်မင်းတရားကြီး ဆိုတာကလည်း လောကီသား မဟုတ်လား။ ဝမ်းနည်းကြေကွဲမှု၊ ဝမ်းသာရွှင်လန်းမှုဆိုတာတွေဟာ သူ့မှာရှိရမှာပဲပေါ့။



ဘာပဲဖြစ်ဖြစ်လေ။ ရွှေနန်းရှင်သခင်ဆိုတာက လုပ်တိုင်းတင့်တယ်နေတာပဲ။ တော်၏ လျော်၏ ဆိုတာကလည်း ကြည့်မနေဘူး။ သူလိုချင်ရာကို စွတ်လုပ်တော့တာပဲ။ အဲသည်လောက် ထီးမွေနန်းမွေပေးဖို့ သားတော်တွေ အမြောက်အမြား ရှိလျက်သားနှင့် မြေးတော် စစ်ကိုင်းမင်းသားကို အိမ်ရှေ့အရာ ပေးလိုက်တယ်။

ဒါကို ဘယ်သားတော်ကမှ မကျေနပ်ကြဘူး။ မနာလိုကြဘူးလို့ မပြောကြဘူး။ ပြောလည်း ပြောရဲကြဟန် မတူဘူး။ ခမည်းတော်ကိုလည်း ချစ်လို့ ဖြစ်ချင်ဖြစ်မည်။ ဒါမှ မဟုတ် ခမည်းတော်ရဲ့ ပြတ်သားတဲ့ဆုံးဖြတ်ချက်ကို ဖီလာမလုပ်ချင်လို့ ဖြစ်ချင်ဖြစ်မယ်ပေါ့။

ဗဒုံမင်းသည် အလယ်ကျွန်းမှာ ကြေးချိန်ပိဿာ ငါးသိန်းကျော်ဖြင့် ခေါင်းလောင်းကြီး တစ်ခုကို သွန်းလုပ်တော်မူတယ်။ ***“မမင်းဖြူမှန်မှန်ပြော”*** ဆိုတဲ့ အလေးချိန်ပေါ့။

သည်တုန်းက အိမ်ရှေ့စံ စစ်ကိုင်းမင်းသားမှာ ဆင်ဖြူမယ်မိဖုရားဆိုတာ ရှိတယ်။ သူ့အပြင် ကိုယ်လုပ်တော် သုံးဆယ်လည်း ရှိတယ်။ ကိုယ်လုပ်တော်ဆိုတာက မယားအငယ်စားတွေပေါ့။ အဲဒီကိုယ်လုပ်တော်များက ဆင်ဖြူမယ်မိဖုရားရဲ့ အပါးမှာ အမြဲမပြတ် ခစား နေကြရတယ်။

တကယ်တော့ စစ်ကိုင်းမင်းသားဟာ လွတ်လပ်ခြင်းမှာ မွေ့လျော်တဲ့ မင်းသားတစ်ပါး ပဲ။ တောကစားခြင်း၊ ဆင်စီး၊ မြင်းစီး လှေကျင့်ခြင်းတို့မှာသာ ပျော်မွေ့တယ်။ စိတ်၏ လွတ်လပ်ခြင်း၊ ကိုယ်၏ လွတ်လပ်ခြင်းတို့ဟာ ဆေးတစ်ပါးပဲ။

၁၁၇၄ ခု၊ သီတင်းကျွတ်လပြည့်ကျော်၊ ၇ ရက်မှာ ဖြစ်တယ်။ အိမ်ရှေ့မိဖုရားဆင်ဖြူမယ်က သားတော်လေးတစ်ပါး ဖွားမြင်တယ်။ နောင်မှာ စကြာမင်းသားရယ်လို့ အမည်တွင် လာမယ့် သားတော်လေးပေါ့။ ဗဒုံမင်းတရားကြီးကတော့ မြစ်တော်ကို မြပုခက်တင်တော်မူသည်။

www.burmeseclassic.com



ညောင်ရမ်းမြို့ကိုလည်း အပိုင်စား ပေးသနားတော်မူတယ်။ ဒါကြောင့် ညောင်ရမ်း မင်းသားရယ်လို့ ခေါ်ကြတာပေါ့။

အဲဒီစကြာမင်းသား ဖွားမြင်ပြီး ခုနစ်ရက်မြောက်နေ့မှာ မယ်တော် ဆင်ဖြူမယ်သည် နတ်ရွာစံသွားတော့သည်။ အမရပူရနန်းတော်မှာ ဗဒုံမင်း နန်းစံသက် ၁၀ နှစ်အရမှာ ရာဇဝင်ကို တစ်မျိုးတစ်ဖုံ ပြောင်းလွဲသွားစေမယ့် ဖြစ်ရပ်ကလေးက ဖြစ်ပေါ်လာခဲ့တယ်။ တကယ်တော့ သည်ဖြစ်ရပ်ဟာ အမှတ်မထင်တဲ့ ကိစ္စရပ်ကလေးတစ်ခုပဲ။ ဘယ်သူကမျှ သတိမထားမိကြဘူးပေါ့။

သည်တုန်းက ဗဒုံမင်းတရားကြီးမှာ သားတော်ကြီးတစ်ပါး ဖြစ်တဲ့ ပြည်မြို့စား မင်းသားတစ်ပါး ရှိတယ်။ သူ့ရဲ့ မိဖုရားဟာ ပေါင်းတည်မြို့ကို စားရသည့် မယ်ပု ဖြစ်တယ်။

ပေါင်းတည်မြို့စား မယ်ပုဟာ သူ့အစ်ကိုရဲ့ သမီးဖြစ်တဲ့ မယ်နုကို အမရပူရနန်းတော်ထဲကို ခေါ်ယူထားလိုက်တယ်။ ဒါကလည်း ကိုယ့်အစ်ကိုနှင့် တူမဖြစ်သူကို ကြည့်ရှုစောင်မတဲ့ သဘောပဲ။

ဒါပဲပေါ့ ဆွေမျိုးထဲက တစ်ဦးတစ်ယောက်ဟာ အာဏာရ ကြီးပွားလျှင် ကျန်တဲ့ ဆွေမျိုးတွေ ခေါင်းမော်နိုင်တာပဲပေါ့။ တကယ်တော့ မယ်နုရဲ့အဖေ တောင်သင်းမှူးသီတကျော်စွာနှင့် မိခင် ဒေါ်ငယ်တို့ပဲ ဖြစ်တယ်။

အိမ်ရှေ့မိဖုရား ဆင်ဖြူမယ် မသေခင်ကတည်းကပဲ စစ်ကိုင်းမင်းသားဟာ မယ်နုကို မိဖုရားငယ်အဖြစ် ကောက်ယူထားခဲ့တယ်။ ဒါပေမဲ့ သာမန်မိဖုရားငယ် မယ်နုဟာ မျက်နှာ မငယ်ခဲ့ရဘူး။

မိဖုရားကြီးလို ရွှေပိန်းချသလွန်တော်မှာ မအိပ်စက်ရပေမဲ့ စစ်ကိုင်းမင်းသားရဲ့ အထူးယုယ အလိုလိုက်မှုကို ခံယူခဲ့ရတယ်။

မြောက်စားလွန်းသဖြင့်လည်း ရွှေနန်းတော်တစ်ခုလုံးက မယ်နုကို မကျေနပ်ကြဘူး။ ကျေးတောသူ တစ်ယောက်က အရာရောက်နေတာကို လည်း မရှုစိမ့်ကြဘူးပေါ့။ အရာရာမှာ မယ်နုပါမှ ပွဲစည်သလို ဖြစ်နေတယ်။ သက်ဦးဆံပိုင် အိမ်ရှေ့မင်းသားကိုယ်တိုင်က ဦးစားပေးနေတော့ ဘယ်သူကကော ဘာတတ်နိုင်ဦးပါနည်း။



ဒါပေမဲ့ စစ်ကိုင်းမင်းသားအဖို့ ဘေးကျပ်နံကျပ် ဖြစ်နေတယ်။ ခုဆိုရင် အိမ်ရှေ့မိဖုရား ဆင်ဖြူမယ် နတ်ရွာစံသည်မှာ တစ်နှစ်ကျော် ကြာခဲ့ပြီ။ ခုထိ မည်သူ့ကိုမျှ အိမ်ရှေ့မိဖုရား ကြီးအဖြစ် မမြှောက်ရသေးဘူး။ ဘယ်သူ့ကိုမှလည်း မြှောက်ဖို့ မကြိုးစားဘူး။ မကြံရွယ်ဘူး။

သူ့စိတ်ထဲမှာ ရှိနေတာက ရည်မှန်းထားတာကတော့ မယ်နုပဲ ဖြစ်ရမှာပဲ။ သူ့စိတ်ဆန္ဒ အတိုင်းသာ လုပ်ခွင့်ပေးလျှင်တော့ မယ်နုပဲ မိဖုရားကြီး ဖြစ်ရမှာပေါ့။ ဒါပေမဲ့ ဘေးမှာ ဝိုင်းရံနေတဲ့ ဆွေတော်မျိုးတော်တွေ ရှိတယ်။ ပြီးတော့ သူဘယ်လိုမှ လွန်ဆန်လို့ မရတဲ့ ဘိုးတော် ဗဒုံမင်းတရားကြီးကိုလည်း ကြောက်ရသေးတယ် မဟုတ်လား။

ဒါပဲပေါ့ အိမ်ရှေ့မင်းသားဆိုပြီး ကိုယ်လုပ်ချင်တာ လုပ်လို့ ရတာမှ မဟုတ်ဘဲ။ သာမည မိန်းကလေးတစ်ယောက်ကို မိဖုရားမြှောက်ဖို့ဆိုတာက လွယ်တာမဟုတ်ဘူး။ ရွှေနန်းတော်အတွင်းမှာ မိန်းမသား၊ မင်းသမီးများ မရှိလျှင်တော့ ဖြစ်မယ်။ အခုတော့ အတွင်းတော်မှာ မင်းသမီးတွေ ဒုနှင့်ဒေး ရှိနေတာပဲ။

သည်တော့ သည်အရေးအခင်းဟာ လိပ်ခဲတည်းလင်း ဖြစ်နေတယ်။ အတွင်းတော်ထဲက မင်းသမီးတွေကလည်း မျှော်လင့်ချက်ကြီးစွာနှင့် ရှိနေကြတယ်။

ရွှေနန်းတော်တစ်ခုလုံးမှာ မဟာသွေး မဟာနွယ်တွေက မနည်းဘူး။ သည်လောက် များပြားလှတဲ့ မင်းသမီးတွေကို ပစ်ပြီး မယ်နုကို မိဖုရားအရာ နှင်းအပ်မယ်ဆိုတော့လည်း သဲတယ်လို့ ဆိုရမှာပေါ့။ သူများတကာတွေ မေးငေါ့တယ်ဆိုတာ မလွန်ပါဘူး။

သာမန်မိဖုရားငယ်မျှသာ ရှိသေးတဲ့ မယ်နုကလည်း စစ်ကိုင်းမင်းသားရဲ့ အချစ်ကို ရအောင် ကြိုးစားရရှာတော့တာပေါ့။ ဒီနေရာမှာ အညို အခရာ ပညာဟူသမျှကို အစွမ်းကုန် သုံးရတော့တာပေါ့။ စစ်ကိုင်းမင်းသားကတော့ နုနုမှနုနု တစ်နုတည်း နုနေတော့တာပဲပေါ့။

ဒါကိုပဲ နုနုအဖို့ မိဖုရားဖြစ်ဖို့ရာ တစ်ပန်းသာနေပြီပေါ့။ ပြီးတော့ လည်း ဘိုးတော်မင်း တရားကြီးက မြေးတော် စစ်ကိုင်းမင်းသားကို

www.burmeseclassic.com

www.burmeseclassic.com



လွန်စွာ ချစ်မြတ်နိုးတော်မူတယ်။ မြေးတော်ရဲ့ အလိုကို ဆန့်ကျင်ဘက် မလုပ်ဘူး။ ဘယ်တော့မှလည်း ဘယ်ကိစ္စမဆို တားမြစ်ခြင်း မရှိခဲ့ဘူး။

တောအခုပဲကြည့်လေ။ ဘယ်မင်း၊ ဘယ်ရှင်ဘုရင် လက်ထက်တော် တုန်းကမှ ခွင့်မလွှတ်နိုင်တဲ့ ကိစ္စတစ်ခုကို အသာတကြည်နှင့် ခွင့်ပြုလိုက် ပြီလေ။ တကယ်တော့ အခု ကိစ္စဟာ အစဉ်အလာ မရှိဘူး။ အစဉ်အလာ မရှိတဲ့ ကိစ္စတစ်ခုကို လွယ်လွယ်ကူကူနဲ့ ခွင့်ပြု တော်မူလိုက်ခြင်းကို အားလုံးက အံ့အားသင့်ကြရတယ်။ မိမိတို့ရဲ့ ရည်မှန်းမျှော်လင့်ထား သမျှတို့ဟာလည်း တခြားစီ ဖြစ်ကုန်ပြီလို့ ထင်လိုက်ကြတယ်။

ဒါက ဘာလဲဆိုတော့ အိမ်ရှေ့မိဖုရားအဖြစ် မယ်နုကို မြှောက်စားဖို့ ဘိုးတော် ဗဒုံမင်းတရားက ခွင့်ပြုလိုက်တာပဲပေါ့။ မယ်နုအဖို့ ကုသိုလ်ကံ က တက်လာခဲ့ပြီ။

အိမ်ရှေ့မိဖုရားနဲ့ ထိုက်တန်အောင်ဆိုပြီး ရွာ (၄) ရွာကို စားစေ တယ်။ ပယ် ၃၀၀၀ နှင့် မြင်း ၃၀၊ ဆားတော်မ ၅ ရွာ၊ ကူးတို့အခွန်များကို လည်း စားစေတယ်။ သည်လိုမှလည်း အိမ်ရှေ့မိဖုရားဆိုတဲ့ ဂုဏ်ပုဒ်နှင့် ညီတော့မပေါ့။

မယ်နုအဖို့မှာကား ရည်မှန်းချက်တစ်ဝက်ကိုဖြင့် အောင်မြင်ခဲ့ပြီ ပေါ့။ အရာရာကို သည်းခံပြီး ကျန်တဲ့နောက်ပိုင်းကိုတော့ စိတ်ရှည်ရှည် နှင့် စောင့်ရတော့မှာပေါ့။ ခက်ကုန်တာ ကတော့ မင်းသမီးတွေအားလုံးပဲ။

သူတို့အားလုံးဟာ အနိစ္စရောက်သွားခဲ့ပြီး ဖြစ်တဲ့ ဆင်ဖြူမယ်ရဲ့ နေရာကို မျက်စောင်း ထိုးနေကြတဲ့သူတွေပဲ။ ကိုယ့်ထင်ကြေးနှင့်ကိုယ် နေကြတဲ့ မင်းသမီးတွေအဖို့မှာ အခံရခက်လွန်းလှတယ်ပေါ့။

အထူးသဖြင့်ကတော့ အိမ်ရှေ့မိဖုရားလောင်းလို့ အမည်ပြော၊ သတင်းကြီးနေကြတဲ့ မင်းသမီးတွေအချို့ပဲပေါ့။ သူတို့တစ်တွေဟာ ကြီးကျယ်တဲ့ ယူကြုံးမရ ဖြစ်ကြရတယ်။ ခံပြင်းနေကြတယ်။ တက်တစ် ခေါက်ခေါက်၊ အံတကြိတ်ကြိတ်တဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဖြစ်နေကြရတယ်။ ယောင်ချာချာကြီး ဖြစ်သွားတာပဲ။



ဒါပဲပေါ့ လူဆိုတာမျိုးက ကိုယ်မှန်းထားတာကလေးများ ဖြစ်မလာ လျှင် ငြူစူကြ၊ စောင်းမြောင်းကြ၊ စိတ်သောက ဖြစ်ကြရတာပေါ့။ မိမိတို့ လုံးဝ ထင်မထား တဲ့ ဖြစ်ရပ်တစ်ခုမို့ လည်း အံ့ဩဘနန်း ဖြစ်ကြရတယ်။

တကယ်တော့ အိမ်ရှေ့မိဖုရားဆိုတာက မျှော်လင့်ချက် အများရှိ တယ်။ နောင်အနာဂတ်မှာ သည့်ထက်ပိုပြီး ကြီးကျယ်လာမယ့် နိုင်ငံတော် ရဲ့ အရေးပါတဲ့ မိဖုရားခေါင်ကြီးတစ်ပါး ဖြစ်လာမှာ မလွဲဘူး။ ဒါကြောင့် လည်း သည်နေရာကို လိုချင်သူတွေ များနေကြတာပေါ့။ ခုတော့ သည်လို ဖြစ်မလာဘူး။

သည်လို ဖြစ်မလာတော့ ဖြစ်ချင်သူတွေအဖို့ စိတ်ဆင်းရဲ ပင်ပန်း ကြရတာပေါ့။ စိတ်ဆင်းရဲရတာပေါ့။ ဝန်တိုခြင်း၊ လောဘရမ္မက်ကြီး ခြင်းတို့ဟာ ပြင်းပြင်းထန်ထန် ဖြစ်လာတယ်။ မခံမရပ်နိုင်အောင် ဖြစ် လာကြတယ်။

နေနှင့်ဦးဆိုတဲ့ စိတ်မျိုးနှင့် ကလောပစ်ချင်ကြတာပေါ့။ အမှန်မှာ တော့ မင်းသမီး ဆိုတာကလည်း မိန်းမတွေပဲ။ သည်တော့ သူတို့မှာ အူတိုခြင်း၊ စဉ်းလဲခြင်း၊ အတင်းအဖျင်း ပြောခြင်းတို့ဆိုတာ ရှိကြရမှာပဲ ပေါ့။ မရွှေ့ယစိတ်တွေကလည်း ရှိကြမှာပဲ။ သည်တော့ တစ်ဖက်လူကို အကောင်းမမြင်တော့ဘူး။

မိန်းမသားတွေပီပီ အတင်းအဖျင်း ပြောကြတာပေါ့။ အတင်း အဖျင်း ပြောတယ်ဆိုတာကလည်း မကောင်းပြောတာပဲ မဟုတ်လား။ သည်တော့ မဟုတ်တာက ခပ်များများ ဖြစ်တော့မပေါ့။

ဘာမဟုတ်တဲ့ သာမန်မိန်းမတစ်ဦးက ရွှေနန်းသူတွေအပေါ် သည်လိုလုပ်သွားဟာ အညွန့်ခူးသွားတယ်လို့ ထင်နေကြတယ်။ လုံးလုံးတို့ ခံချင်ကြဘူး မရှုစိမ့်ကြဘူး။

သူတို့စိတ်ထဲမှာ တောင်ညာစံဒေဝီမဟေသီလောင်းနေရာကို လုယက်လေခြင်းလို့လည်း ဖြစ်နေကြတယ်။ သည်နေရာကလည်း ရတောင့်ရခဲနေရာ မဟုတ်လား။ သည်တော့ အငြိုးကြီးကြတာတော ခံဆန်းဘူးပေါ့။ ဖြစ်နိုင်လျှင် မယ်နုကို တစ်စစီ ဖြစ်သွားအောင် ဆွဲဆုတ် ချင်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



သည်ဖြစ်ရပ်တွေအားလုံးကို မယ်နုက သိတယ်။ ဒါပေမဲ့ အရေးမစိုက်ဘူး။ ဂရုမပြုဘူး။ သူ့ရဲ့ အရီးတော်တစ်ယောက်က ပြည်မင်းသားရဲ့ မိဖုရားတစ်ပါး မဟုတ်လား။ ပေါင်းတည် မြို့စား မယ်ပုပေါ့။ မယ်နုအဖို့ အားတိုးရာ ပိုနေပြီပေါ့။

အိမ်ရှေ့မိဖုရားအဖြစ် နေပြီဖြစ်တဲ့ မယ်နုဟာ အကြပ်အတည်း အိပ်မတွေ့ရဘူး။ မိမိရရှိထားတဲ့ အရှိန်အဝါကို အသုံးပြုပြီး နေရထိုင်ရတော့တာပဲ။ ချောက်တန်ချောက်၊ လှန့်တန်လှန့်ပြီး အုပ်ချုပ်နေတာပဲ။

ဟိုအရင်တုန်းက မထီတရီ လုပ်လေ့ရှိတဲ့ သူတွေအားလုံးဟာ အခုတော့ ငြိမ်ကျသွားပြီ ပေါ့။ သည်တော့ မယ်နုအဖို့ လုပ်သမျှ တင့်တယ်နေပြီ။ ဒါပဲပေါ့ လူဆိုတဲ့ သတ္တဝါတွေဟာ အသိဉာဏ် ကြွယ်ဝတယ်။ လာဒ်မြင်တယ်။ မိမိရဲ့ အကျိုးကို ရှေ့တန်းတင်တတ်ကြတာပဲပေါ့။

**'တိုက်ဖန်များတော့ ခလုတ်ပင် နှဲ့သေး၏'** ဆိုသလိုပဲ ဗဒုံမင်းတရားကြီးဟာ စစ်ကိုင်းမင်းသားကို အခေါ်တော် ရှိလိုက်တယ်။ သည်လို မယ်နုကို အိမ်ရှေ့မိဖုရားအဖြစ် ခန့်အပ်တာကို ဘယ်ဆွေမျိုးကမှ မကျေနပ်ကြဘူး။

ဒါကြောင့် သည်ကိစ္စကို ပြေလည်အောင်လုပ်ဖို့ ဆွေတော်မျိုးတော်များက မကြာခဏ တိုင်ကြား လျှောက်ထားကြတယ်။ အစကတော့ ဟုတ်မလိုလို ရှိနေတဲ့ ဗဒုံမင်းတရားကြီးဟာ အခုတော့ ဆွေတော်မျိုးတော်များရဲ့ စကားကို နားယောင်သွားခဲ့ပြီ။

မဟာသွေး မဟာဆီထဲက ခေါင်းခေါက်ရွေးနိုင်လျက်သားနဲ့ သာမန်အရပ်သူကို ယူရပါ မလားလို့လည်း တွေးတောမိသွားဟန် ရှိရဲ့။ ဒါကြောင့်ပဲ ထင်ပါတယ်။ စစ်ကိုင်းမင်းသားကို အတွင်းတော်ခေါ်ပြီး တစ်ချက်လွှတ် ရာဇသံ ထုတ်လိုက်တယ်။

တခြားတော့ မဟုတ်ဘူး။ ပန်းတောင်းမင်းသမီးနဲ့ စစ်ကိုင်းမင်းသားကို ကိုယ်တော်တိုင် လက်ထပ်ပေးမယ်ဆိုတာပဲ။

သည်နေရာမှာလည်း ဆွေတော်မျိုးတော်အချို့ဟာ ဟီးချရခဲ့တာပဲ။ သူတို့ ထင်ထားတာက တခြား အခုဘုရင် မင်းတရားကြီး လုပ်ပုံက တစ်မျိုး ခုတ်ရာတခြား၊ ရှရာတခြား ဖြစ်ကုန်ပြီပေါ့။ သူတို့ထင်ထားတာ



က အဆိုလျှင် အတွင်းတော်မှာ အပျိုဖြစ်နေပြီဖြစ်တဲ့ မင်းသမီးတွေ အများကြီးပဲ။ သည်ထဲက တစ်ယောက်ယောက်ကို ရွေးစေချင်တာပေါ့။

အခုတော့ သည်လို မဟုတ်ဘူး။ သူတို့မထင်မှတ်တဲ့ နေရာက ပန်းတောင်းမင်းသမီးကို ဆွဲထုတ်ယူလာခဲ့ပြီ။ သည်တော့ ဘာလုပ်ကြမတုန်း။ ဖြစ်လာတဲ့ ပြဿနာအပေါ် အခြေတည်ပြီး အဖြေရှာကြတယ်။ နောက်ဆုံး ရလာတဲ့ အခြေကတော့ ပန်းတောင်းမင်းသမီး ရချင်ရပါစေ။ မယ်နုမရဖို့က အဓိကပဲပေါ့။ နေရာရထားပြီးဖြစ်တဲ့ မယ်နုကို ပန်းတောင်းမင်းသမီးနဲ့ ပူးပေါင်းပြီး တိုက်ကြမယ်ပေါ့။

တကယ်တော့ ခုမှ ကလေးအရွယ်ပဲ ရှိသေးတယ်။ အသက်အားဖြင့် ရှစ်နှစ်ပဲ ရှိသေးတာပဲ။ အိမ်ထောင်မှု အရေးဆိုတာ ဘာမှသိသေးတာ မဟုတ်ဘူး။ စစ်ကိုင်းမင်းသားက အသက်သုံးဆယ်ကျော် လေးဆယ်တွင်းနင်းနေပြီ။ အဲဒီမင်းသမီးက စစ်ကိုင်းမင်းသားရဲ့ ဘထွေးတော် မက္ခရာမင်းနှင့် ကြံညှပ်ထိပ်ခေါင်တင်တို့ရဲ့ သမီးတော်ကလေးပေါ့။

ရှင်ဘုရင်ဆိုတာကလည်း ခက်သားကလား။ သူလုပ်ချင်ပြီဆိုလျှင် တော်၏လျော်၏ ဆိုတာ မစဉ်းစားဘူး။ သူ့ဆန္ဒကြောင့် တစ်ဖက်လူဘာဖြစ်သွားမယ်ဆိုတာ ထည့်မစဉ်းစားဘူး။ ငါလုပ်တာ ဘာမဆို ဖြစ်ရမယ်လို့ပဲ စိတ်စွဲနေတော့တယ်။ ဒါကြောင့် ခုလိုလုပ်တာပေါ့။

အမှန်တော့ ယောက်ျားပဋ္ဌင်း၊ မိန်းမပုခက်တွင်း ဆိုပေမဲ့ သည်ကိစ္စမှာတ မိန်းမက ငယ်လွန်းအားကြီးနေတယ်။ သည်တော့ ဘယ်လိုလုပ်ကြမတုံး။ တကယ်တော့ သူတို့နှစ်ဦး လက်ထပ်ထားတယ် ဆိုပေမဲ့ အခုချက်ချင်း နေလို့မဖြစ်သေးဘူး။

ဒါဟာ ခြေလှမ်းသွက်လာတဲ့ မယ်နုကို ဟန့်တားလိုက်ခြင်းပဲ။ ပြီးတော့လည်း တစ်နုံ တည်းနုနေတဲ့ စစ်ကိုင်းမင်းသားကို အနှောင်အဖွဲ့ချည်လိုက်တာပဲပေါ့။ စစ်ကိုင်းမင်းသား အဖို့ ဘိုးတော်မင်းတရားကြီးရှိလျှင် အထွဋ်အမြတ် ရောက်မှာကေန်ပဲ။

သည်တော့ မင်းသွေးစစ်စစ်ဖြစ်တဲ့ ပန်းတောင်းမင်းသမီးကို ဆောင်ညာစံ တင်ရ အောင် စီမံလိုက်တာပဲ။ တစ်နည်းအားဖြင့် မယ်နုကို

www.burmeseclassic.com

www.burmeseclassic.com



ခိုးလိုက်တာပေါ့။ သူ့အလိုလို အောက်ကျသွားအောင် ပြုလိုက်တာပေါ့။ အဓိကတာတော့ မယ်နုကို မိဖုရားခေါင်ကြီး မဖြစ်ရေးပဲပေါ့။

အဲဒီအရေးဟာ မယ်နုကို မကျေနပ်တဲ့ ရွှေနန်းတွင်းသူတွေရဲ့ အောင်ပွဲလို့ ခေါ်ရမှာပါ ပဲ။ ဗဒုံမင်းတရားကြီးရဲ့ အမိန့်တော်ကလည်း နောက်ထပ် သီးခြားပါလာသေးတယ်။

စစ်ကိုင်းမင်းသား အထွဋ်အမြတ်ရောက်သည့်အခါမှာ သားတော်စကြာမင်းသားကို ရင်ခွင်ပိုက်ထားရမည်။ ညီတော် သာယာဝတီမင်းသားတိုလည်း ချီးမြှောက်ရမည်ပေါ့။ ဒါဟာ ဗဒုံမင်းတရားကြီးရဲ့ သီးသန့်အမိန့်တော်ပဲ။

တကယ်ဆိုလျှင် သည်ကိစ္စတွေဟာ နောက်မှ ဖြစ်လာမယ့် ကိစ္စရပ်တွေပဲ။ နောက်ခါ လာ နောင်ခါဈေးမှ ကြည့်ရှင်းမယ်လို့ စစ်ကိုင်းမင်းသား စိတ်မှာ စွဲထားတယ်။ မယ်နုအဖို့ သည်လိုပဲပေါ့။ သူ့အနုနဲ့ ဘုရင်မင်းတရားကြီး ဖြစ်လာခဲ့လျှင် သည်ကိစ္စတွေကို ဥပေက္ခာပြုနိုင်တာပဲ။ အဲဒီအချိန်ကျလျှင် ဘယ်သူကကော ဘာပြောရဲမှာလဲ။

ဘိုးတော်ဗဒုံမင်းတရားကြီးလည်း ရှိတော့မယ် မဟုတ်ဘူး။ နတ်ပြည်စံသွားပြီပေါ့။ သည်တော့မှ သူ့ရှင်ဘုရင်၊ သူ့မင်းပဲ ဘာလုပ်လုပ်ပေါ့။ အခုကတော့ ကျိုးကျိုးနွံနွံနေမှပဲပေါ့။ ဘိုးတော်မင်းတရားကြီးရဲ့ စကားနားထောင်ရတော့မှာပေါ့။

အဲဒါကို နန်းတွင်းသူ နန်းတွင်းသားအချို့က မိမိတို့ အကြံအစည်အောင်ပြီဆိုပြီး သဘောကျနေကြလေရဲ့။ ဘိုးတော်ဗဒုံမင်းတရားကြီးသည် ပုဂ္ဂိုလ်စွဲ ကြီးလွန်းအားကြီးတယ်။ သူ့မြေးတော်များ ကောင်းစားစေချင်လွန်း အားကြီးတယ်။ မိမိထမီကိုမှ မနိုင်သေးတဲ့သူ ကလေးသာသာမှုသာ ရှိသေးတဲ့ ပန်းတောင်းမင်းသမီးကလေးကို စစ်ကိုင်းမင်းသားနှင့် လက်ထပ်ပေးစားတာဟာ သာမန်လူတွေအဖို့ဆိုရင် ကဲ့ရဲ့ကြမှာပဲ။

သက္ကရာဇ် ၁၁၇၇ ခုနှစ်၊ နယုန်လဆန်း၊ ၇ ရက်နေ့မှာ စစ်ကိုင်းမင်းသားနှင့် ပန်းတောင်းမင်းသမီးတို့ကို ရေသွန်းလက်ထပ်ပေးသည်။ ဗဒုံမင်းတရားကြီး ကိုယ်တိုင် လက်ထပ်ပေးခြင်း ဖြစ်သည်။ အဲဒီနေ့မှာပဲ



မြေးတော် စစ်ကိုင်းမင်းသားအတွက် တစ်ချက်လွှတ် ရာဇသံကို ထားတော်မူခဲ့တယ်။

"စစ်ကိုင်းမင်းသား အထွဋ်အထိပ်ရောက်သည်နှင့် ပန်းတောင်းမြို့စားကို တောင်ညာဒေဝီမဟေသီ မိဖုရားကြီးအဖြစ် မြှောက်စားရမည်။ ဆွေတော်မျိုးတော်များလည်း မှတ်ထားကြ။ သည်အရေးကို စစ်ကိုင်းမင်းသား မှားယွင်းအောင် ပြုမူခဲ့လျှင် ပြုပြင်ပေးကြရမည်။ ငါ၏ အမိန့်တော်အတိုင်း မဖြစ်ဖြစ်အောင် ကြံဆောင်ကြရမည်။

သည်တုန်းက စစ်ကိုင်းမင်းသားရဲ့ စိတ်ထဲမှာ အတော်ကလေး တသိကအောက် ဖြစ်နေမှာပါပဲ။ ဘာမှအသုံးချလို့ ရတဲ့အရွယ်မှ မဟုတ်တာ။ ပန်းတောင်းမင်းသမီးကလေးအဖို့ အလွန်တရာ ငယ်သေးတာပဲ။ သူ့အသိဟာ မဖွံ့ဖြိုးသေးဘူး။ ကလေးအသိ၊ ကလေး အတွေးပဲ ရှိသေးတယ်။ ပြီးတော့လည်း တစ်ဖက်လူများရဲ့ သွေးထိုးမှုကြောင့် မယ်နုအပေါ် မျက်မုန်းကျိုးနေတယ်။

သည်တော့ မယ်နုနဲ့ ပတ်သက်လျှင် ပန်းတောင်းမင်းသမီးကလေးက အရွဲ့တိုက်တော့တာပဲ။ စောင်းမြောင်း ပုတ်ခတ်တော့တာပဲ။

ဗဒုံမင်းတရားကြီး လက်ထက်မှာ ဖြစ်ရပ်တွေက တစ်ခုပြီးတစ်ခု ဖြစ်ပွားနေတယ်။ မြို့သစ်နန်းသစ်ဖြစ်တဲ့ အမရပူရရွှေမြို့တော်ရဲ့ နန်းတော်ကို အသစ်တစ်ဖန် ပြန်ပြီး တည်ဆောက်ရတယ်။

သည်တုန်းက နေပြည်တော်တစ်ခုလုံးမှာ မီးလောင်မှုတွေ ဖြစ်ပေါ်နေတယ်။ သည်လို မကောင်းတဲ့ ဖြစ်ရပ်တွေဟာ မြို့သစ်နန်းသစ် တည်ပြီး လောင်ကျွမ်းတယ်လို့ ဆိုတယ်။ မီးစလောင်ခြင်းလပြင်းကလည်း တိုက်နေတော့ နန်းတော်တွင်းအထိ မီးစွဲလောင်တာပဲ။

ဒါနဲ့ပဲ နန်းတော်ဟောင်း အားလုံးကို ဖျက်ဆီးပစ်ပြီး အသစ်တစ်ဖန်ပြန်လည် တည်ဆောက်စေခြင်း ဖြစ်တယ်။ ရွှေနန်းတော်၊ လွှတ်တော်၊ ဘတိုရ်ဝင်း၊ စွယ်တော်ကျောင်း၊ ရှေ့ရုံး၊ ဝင်းရုံး၊ တိုက်တင်းတုတ်၊ [illegible] ဖြာ တန်ဆောင်း စသည်များ မီးထဲမှာ အားလုံး ပါသွားတယ်။

ဗဒုံမင်းလက်ထက်မှာ နိုင်ငံတော်ဟာ မဏိပူရ၊ ကသည်းနှင့် သီးဒယားအထိ ကျယ်ဝန်း လျက်ရှိတယ်။ သည်တုန်းက ရွှေနန်းတော်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ စာဆိုတော်များ၊ ပညာရှိများပြားလှတယ်။ လက်ဝဲသုန္ဒရ တွင်းသင်းမင်းကြီးမဟာစည်သူ၊ ရွှေတိုက်စိုးဦးတိုး၊ ဦးလန်း၊ မဟာဓမ္မသင်္ကြန်၊ မြင်စည်မင်းသား၊ ဒုတိယနဝဒေး၊ ဦးပေါ်ဦး၊ ဦးအောင်ဖြိုးဝန်ကတော် မယ်ခွေ၊ မင်းဘူးဆရာတော် ဦးဩဘာသ၊ ဖိုးသူတော်ဦးမင်းလှဦးမင်း၊ ပုလိပ်စားဦးဖျော်တို့ ဖြစ်ကြ သည်။

တကယ်ဆိုရင် စာပေဆိုတာ ခေတ်ရဲ့ကြေးမုံပဲ။ ရပ်တည်တဲ့ခေတ်ကို ကောင်းကောင်း ဖော်ပြတယ်။ ပြည့်ပြည့်စုံစုံ မဟုတ်တောင်မှ တစ်ပိုင်းတစ်စတော့ပါတယ်။ သူကျင်လည်ရတဲ့ ခေတ်ရဲ့ လူမှုရေး စီးပွားရေး၊ ဘဝဆိုင်ရာ အဖြစ်အပျက်တွေကို ဖော်ပြတယ်။ သည်တုန်းက ရွှေနန်းတော်အတွင်းမှာ အစ္စလာမ်ဘာသာဝင် စာဆိုတော်တစ်ဦး ရှိတယ်။

သူကတော့ ဦးနု ဆိုတာပဲ။ သူဟာ ရွှေဘိုမှာ မွေးဖွားတယ်။ ဗမာစာပေကို ကျွမ်းကျင်တယ်။ အာရဗီဘာသာစာပေကိုလည်း တတ်ကျွမ်းတယ်။ ဗဒုံမင်းဟာ သူ့လက်ထက်မှာရှိတဲ့ စာဆိုတော်များနှင့် တစ်တန်းတည်း မြှောက်စားခဲ့တယ်။

ဗဒုံမင်းဟာ ၁၈၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၂ ရက်နေ့မှာ အိန္ဒိယကို စေလွှတ်ခဲ့တယ်။ အဲဒီအဖွဲ့ကို ရွှေတောင်သာဂသူလို့ ခေါ်တဲ့ ဦးနုက ဦးဆောင်ရတယ်။ သူတို့ဟာ အိန္ဒိယပြည် သွားပြီး သက္ကတကျမ်း ဟိန္ဒူကျမ်းနဲ့ ပသီကျမ်းတွေကို စုဆောင်းကြတယ်။ သူဟာ ဗဒုံမင်းရဲ့ အဝယ်တော်၊ အကောက်ဝန်စတဲ့ တာဝန်တွေကို ထမ်းဆောင်ခဲ့သေးတယ်။

ဗဒုံမင်းတရားထံ ကျင့်ရန်၊ ကြည့်ရှုရန် အစ္စလာမ် တရားအကျဉ်းချုပ်ကို ဆက်သွင်းခဲ့တယ်။ သံတော်ဦးတင်လွှာကျမ်းလို့ ခေါ်တယ်။ တွင်းသင်းမင်းကြီးသည် ရှေးဟောင်းကမ္ပည်း ကျောက်စာများကို ရေးကူးခဲ့၏။ ရာဇဝင်သစ်တစ်စောင်ကိုလည်း ရေးသားခဲ့သည်။

အဲဒီတုန်းက ပါဠိဘာသာဖြင့်သာ ရှိသေးတဲ့ ဇာတ်တော်ကြီးဆယ်ဘွဲ့ကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။ အများနားလည်နိုင်ဖို့



အတွက် စကားပြေသက်သက်နဲ့ ပြန်ဆိုခဲ့ခြင်း ဖြစ်သည်။ ဒါပေမဲ့ ဇာတ်တော်ကြီးဆယ်ဘွဲ့မှ ရှစ်စောင်ကိုပဲ စီရင်ရေးသားနိုင်ခဲ့တယ်။

သံတော်ဆင့် ရွှေတိုက်စိုး ဦးတိုးဟာ ရာမရကန်ကြီးနဲ့ ထင်ပေါ်ကျော်ကြားခဲ့သူ ဖြစ်တယ်။ ရွှေနန်းတော်အတွင်းမှာရော၊ နေပြည်တော်တစ်ဝန်းလုံးမှာပါပေါ့။ အဲဒီရာမရကန်ကြီးကို စစ်ကိုင်း မင်းသားဟာ အလွန်ပဲ သဘောကျတယ်။ နှစ်သက်တယ်။ ကျေနပ်မှုလည်း များစွာ ရှိတယ်။

ဒါကြောင့်ထင်ရဲ့ ဇေယျကျော်သူဘွဲ့ကိုလည်း ထပ်မံအပ်နှင်းခဲ့တယ်။ ငယ်မည်ပျောက်ပြီး ရွှေတိုက်စိုးဘွဲ့အမည်နဲ့ပဲ တစ်ရှိန်ထိုး လူသိများခဲ့တယ်။ ရာမရကန်ကြီးရဲ့ အရှိန်အဝါဟာ အင်မတန်ကြီးခဲ့တယ်။ လူကြိုက်သူကြိုက်များတဲ့အတွက် အများပြည်သူဟာ သူ့ကိုတလေးတစား ရှိခဲ့ကြတယ်။

သူ့ရဲ့ စကားရေး ကြွယ်ဝမှု၊ ဆန်းကြယ်တဲ့ စိတ်ကူးတို့ကား စိတ်နှလုံးကို ကြည်နူးစေတယ်။ ခံစားမှုအပြည့်အဝ ပေးတယ်။ ချမ်းမြေ့စေတယ်။ လူ့လောကရဲ့ လူ့သဘောကို နှိုက်ချွတ်ပြီး သရုပ်ခွဲပြတယ်။

တကယ်တော့ ဗဒုံမင်းတရားကြီးသည် ဉာဏ်ရှိသူ ဖြစ်သည်။ ဆင်ခြင်တိုင်းထွာတတ်မှုပေါ့။ ရဲရင့်တည်ကြည်တယ်။ ပညာရှိတို့ကို မြှောက်စားတော်မူတယ်။ သည်လိုမှလည်း ပညာရှိတို့ရဲ့ အဆိုအမိန့်ကို နာခံမှတ်သားရမယ်ပေါ့။ တိုင်းပြည်အုပ်ချုပ်သည့် ဘုရင်မင်း တရားကြီးတို့၏ ကျင့်ဆောင်ရာ အတတ်ပညာထဲမှာ တစ်ခု အပါအဝင် ဖြစ်တယ်။

ငါဘုရင် ငါထင်သလိုလုပ်မဟဲ့လို့လည်း ငါတကောကောလို့ ရတာမဟုတ်ဘူး။ သက်ဦး ဆံပိုင်ဘုရင်ဖြစ်ပေမဲ့ လွှတ်လွှတ်လပ်လပ် လုပ်တိုင်လို့ ရတာမဟုတ်ဘူး။

၁၁၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော်၊ ၃ ရက်နေ့မှာ [illegible] သီဟတော ဘုရားရှင်ဆီသို့ ကြွချီတော်မူတယ်။ အဲဒီမှာ ဗဒုံမင်း[illegible] ကြီးသည် ကျောင်းတော် ဟောင်းနွမ်းနေသည်ကို အသစ်[illegible] သည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်လကျော်မျှ စံနေစဉ်အတွင်းမှာ နေ့စဉ်အလှူပေးတော်မူတယ်။ ဖြီးမှ နေပြည်တော်ကို ပြန်လည်ကြွချီတော်မူတယ်။ နေပြည်တော်ဟောင်း ဖြစ်တဲ့ ရတနာသိင်္ခမြို့မှာ တစ်ဆယ့် တစ်ရက်မျှ စံနေသေးသည်။

သည်တုန်းက နေပြည်တော်မှာ အရိပ်နိမိတ်များ ဖြစ်ပေါ်နေခဲ့ တယ်။ နေပြည်တော် အနှံ့အပြားမှာ ရှိနေတဲ့ စေတီပုထိုးများက ရောင် ခြည် တော်လွှတ်တယ်။ ရွှေနန်းတော်အတွင်း မှာ လင်းတကျတယ်။ မြေနန်းတော်ပြာသာဒ်မှာ အခိုးထွက်တယ်။ မြေနန်းတော်စမုခ်ဦးမှာ ပျားစွဲတယ်။

ရွှေမြို့တော် ပတ်လည်ဝန်းကျင်မှစပြီး မြို့ရွာကျေးလက်များမှာ ပေပင်သုံးကြတယ်။ တစ်တိုင်းပြည်လုံး ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။ အထိတ်တလန့် ဖြစ်နေတယ်။ အုတ်အော် သောင်းတင်း ဖြစ်နေကြလေ ရဲ့။

သည်အချိန်မှာပဲ ရတနာသိင်္ခမြို့တော်မှာ စံနေတဲ့ ဗဒုံမင်းတရား ကြီးသည် ရုတ်တရက် နာမကျန်း ဖြစ်လာတယ်။ ဒါကြောင့်ပဲ နေပြည် တော်ကို အမြန်ပြန်ခဲ့ကြသည်။

နေပြည်တော် ရောက်တာနဲ့ အနာရောဂါသည် ပိုပြီးသည်းလာ တယ်။ သမားတော်များနှင့် ကြပ်ကြပ်မတ်မတ် ကုသတယ်။ အကောင်း ဆုံးသော ဆေးဝါးများနဲ့ ပြုစုတယ်။

ဒါပေမဲ့ မရတော့ဘူး။ ဘုရားအရှင်မြတ်သော်မှ မလွန်ဆန်နိုင်တဲ့ ကိစ္စမဟုတ်လား။ ရှင်ဘုရင် ဆိုတာကလည်း ပုထုဇဉ်လူသားပဲ။ ဒီတော့ သေချိန်တန်ရင် သေရမှာပဲ။ အိုခြင်းသဘော၊ နာခြင်း သဘော၊ သေခြင်း သဘော တရားများကို ဘယ်သူမှ မလွန်ဆန်နိုင် ဘူး။

ချစ်ခင်မက်မောရခဲ့သူတွေနဲ့ ကွဲကွာကွေကွင်းရခြင်း သဘောကို လည်း ဘယ်သူမှ မလွန်ဆန်နိုင်ကြဘူး။ မိမိရဲ့ ကောင်းမှုကံ၊ မကောင်းမှု ကံသည်သာ ကိုယ်ပိုင်ဥစ္စာ၊ အမွေခံ ပစ္စည်း၊ အကြောင်းရင်းတရား ကိုးကွယ်အားထားရာအစစ် ဖြစ်တော့သည်။



၅-၆-၁၈၁၉ နေ့ညမှာ နတ်ပြည်စံတော်မူတယ်။ အလောင်းတော် ကို မြေးတော် စစ်ကိုင်းမင်းသားက အခမ်းအနား ကြီးကျယ်စွာဖြင့် စီရင် တော်မူတယ်။

ဆွေတော်မျိုးတော်များ ခြံရံကာ ရွှေဝေါတော်နှင့် ထွက်တော်မူ တယ်။ လွှတ်တော် အရှေ့မြောက်နန်းမြို့တွင်းဝယ်သင်္ဂြိုဟ်တော်မူတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် ဦးပုည

www.burmeseclassic.com

www.burmeseclassic.com

သည်အရေးဟာ နိုင်ငံတော်ရဲ့အရေး ဖြစ်သည်။ နိုင်ငံတော်အရေးဆိုတာဟာ ပြည်သူတွေရဲ့ အရေးပဲပေါ့။ ရွှေနန်းတော်အတွင်းမှ အုပ်စုလိုက် အာဏာလုမှုကလေးတွေ ဖြစ်နေသလို နယ်စပ်မှာလည်း သူပုန်သူကန်တွေက ထကြွနေတယ်။

အထူးသဖြင့်ကတော့ အာသံပြည်ပဲ။ သည်တုန်းက အာသံပြည်ဟာ မြန်မာတို့ရဲ့ လက်အောက်ခံ နိုင်ငံတစ်ခုပဲ။ မြန်မာဘုရင်ထံ အခွန်ဘဏ္ဍာမှန်မှန် ဆက်သနေရသည့် နိုင်ငံတစ်ခုပဲ။ စန္ဒရကန္တရှိန်ဆိုတဲ့ မင်းသားကို ဘုရင်ခံ ခန့်ထားခြင်း ဖြစ်တယ်။ မြန်မာတို့က နန်းတင်ထားသည့် အဲဒီမင်းသားဟာ ပထမတော့ ဟုတ်မလိုလိုဘဲ။

နောက်မကြာခင်မှပဲ အာခံချင်လာတယ်။ အလှမ်းဝေးသည့် နိုင်ငံတစ်ခုဆိုတော့လည်း ကြာရှည်မခန့်ညားဘူးပေါ့။ ပြီးတော့လည်း သူ့နောက်မှာ အားကိုးရသည့် လူတွေလည်း ရှိနေပြီ။

အရှေ့တောင်အာရှတစ်ခွင်ကို နယ်ချဲ့ဖို့ ကြိုးစားနေသည့် အင်္ဂလိပ်တို့ဟာ အာသံကို စတင်ခြေကုတ်ယူနေကြပြီ။ သည်တော့ အာသံဘုရင်ခံနှင့် ပူးပေါင်းကြံလာတော့တာပေါ့။

လူဆိုတာကလည်း ခက်သားကလား။ ကျေးဇူးတရားကို သိတတ်သူနည်းတယ်။ ရရှိထားတဲ့ နေရာကလေးနှင့် မတင်းတိမ်ချင်ကြဘူး ပိုပြီး အာဏာရှိချင်လာတယ်။ နယ်စားပယ်စား ခံရတဲ့ နေရာက သီးသန့်တိုင်းပြည်တစ်ခုကို ပိုင်ဆိုင်လိုချင်လာတယ်။

www.burmeseclassic.com



သည်တော့ အာသံဘုရင်ခံသည် မိမိအပေါ် ကျေးဇူးရှိသည့် မြန်မာဘုရင်ကို မလိုတော့ဘူး။ နောက်မှ ပထွေးတော်သည့် နယ်ချဲ့အင်္ဂလိပ်တို့နှင့် ပူးပေါင်းတော့သည်။

မြန်မာမင်း၏ လက်အောက်မှာ ရောက်ရှိနေသည့် အာသံပြည်ကို အင်္ဂလိပ်က မြှောက်ထိုးပင့်ကော် လုပ်နေတယ်။ သည်လိုပဲ အင်္ဂလိပ်တို့ သိမ်းယူပြီး စဖြစ်သည့် အိန္ဒိယပြည်တွင်းမှာရှိသည့် နယ်အချို့တို့ကိုလည်း အိန္ဒိယနယ်စားကြီးများက ဝင်ရောက်တိုက်ခိုက်စေဖို့ ပြင်သစ်တို့က မြှောက်ထိုးပင့်ကော် လုပ်ပေးနေတယ်။ ကာလဝိပါတ် နောက်ပိုးတက်တာပဲပေါ့။

စန္ဒရဂန္ဓရှိန်ဆိုတဲ့ ဘုရင်ခံအား ဘိုးတော်ဗဒုံမင်း လက်ထက်အတွင်းကတည်းက ထီးနန်းတင်ပေးခဲ့တာပဲ။ သည်တုန်းက သူ့အသက်ဟာ ၁၄ နှစ်ပဲ ရှိသေးတယ်။ ခုတော့လည်း ဘုန်းတန်ခိုးကြီးချင်ဟန်တူရဲ့။ မြန်မာဘုရင်ကို မခန့်ငြားတော့ဘူး။

သည်လို အာသံမဏိပူရနယ်စားများ ထောင်ထားခြားနားတဲ့ဘက်မှာလည်း နတ်မြစ်ဝမှာရှိတဲ့ ရှင်မဖြူကျွန်း အရေးတော်ပုံဟာ ဖြစ်ပေါ်လာခဲ့ပြန်တယ်။ သည်ဟာလည်း အင်္ဂလိပ် နယ်ချဲ့တို့၏ ဖန်တီးမှုတွေပဲ။

၁၈၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ ဖြစ်တယ်။ အင်္ဂလိပ်ပိုင် စစ်တကောင်းနယ်မှ လူအချို့ဟာ နတ်မြစ်အတွင်းမှာ သွားလာနေတယ်။ မြန်မာတို့ကို မခံချင်အောင် စတယ်။ နောက်ပြောင်တယ်။ ဒါတင်မကဘူး။ မြန်မာတို့ရဲ့ ပိုင်နက်ထဲအထိ ဝင်လာတယ်။ ဒါကို မြန်မာတပ်များက သေနတ်ဖြင့် ပစ်ခတ်လိုက်တယ်။

တချို့ဒဏ်ရာရသွားတယ်။ သည်တော့ အင်္ဂလိပ်တို့က ကောက်ချက်ချတယ်။ အင်္ဂလိပ် ပိုင်နက်ထဲက လက်အောက်ခံ တိုင်းရင်းသားတစ်ဦးကို မြန်မာတို့က ကျူးလွန်ခြင်းသည် အင်္ဂလိပ်မင်းအား ကျူးလွန်ခြင်း ဖြစ်တယ်ဆိုပြီး အင်္ဂလိပ်တို့ဟာ နတ်မြစ်ဝမှာရှိတဲ့ မြန်မာမင်းပိုင်တဲ့ ရှင်မဖြူကျွန်းပေါ်သို့ တက်ရောက်နေလိုက်တယ်။ ကင်းတပ်ငယ်တစ်ခုကိုလည်း တပ်စွဲချထားလိုက်တယ်။



ဒါကို ညေဝတီမြို့ဝန်က စာရေး အကြောင်းကြားပြီး ကန့်ကွက်သည်။ အိန္ဒိယပြည် အရှေ့မြောက် နယ်ခြားဒေသမှာ အုပ်ချုပ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင် နေရတဲ့ မစ္စတာဒေးဗစ်စကော့က အိန္ဒိယဘုရင်ခံချုပ်ထံ အဆိုတင်သွင်းလိုက်တယ်။

“မြန်မာနှင့် အင်္ဂလိပ်တို့သည် အာသံပြည်အား သီးခြားလွတ်လပ်သော နယ်တစ်နယ်အဖြစ် ထားရှိပါက ကောင်းမွန်မည် ဖြစ်ကြောင်း ဆိုတာပဲ”

ဒါကို ဘုရင်ခံချုပ်က လက်မခံဘူး။ အပိုင်ပဲလိုချင်တယ်။ အာသံဘုရင် လောဝိန္ဒစန္ဒာရ မှာ မြန်မာတို့ကို ခုခံတိုက်ခိုက်နိုင်လောက်သည့် အင်အား မရှိဘူး။ ဒါကြောင့် အရှေ့အိန္ဒိယ ကုမ္ပဏီ အစိုးရက တိုက်ရိုက်သိမ်းယူထားရမည်ဆိုသည့် အစီအစဉ်ကို ချမှတ်တယ်။

ဒါပေမဲ့ တကယ်တမ်းကျတော့ အင်္ဂလိပ်များကို အာသံပြည်သို့ စေလွှတ်လိုက်တယ်။ ဒါတွေဟာ နယ်ချဲ့အင်္ဂလိပ်တို့ဘက်မှ စတင်ပြီး ရန်စမီး မွှေးနေခြင်းပဲ။

အင်္ဂလိပ်တို့ဘက်မှ ဗိုလ်မှူးသောမတ်နယူတန် ဦးစီးတဲ့ အင်္ဂလိပ်တပ်များနှင့် မြန်မာ တပ်များသည် ဗိကရဗ္ဗူဆိုသည့် ရွာမှာ ရင်ဆိုင်တိုက်ခိုက်ကြတယ်။ အဲဒီတိုက်ပွဲမှာ မြန်မာတို့သည် နောက်သို့ ဆုတ်ခွာပေးရတယ်။

ဒါပေမဲ့ ခဏပါပဲ။ စစ်သွေးစစ်မာန်နှင့် ပြည့်ဝသည့် မြန်မာတပ်များဟာ အင်္ဂလိပ်တို့ကို အလဲလဲ ပြိုစေတယ်။ နှစ်ဖက်စလုံး သေကြေမှု၊ ဒဏ်ရာရမှုတွေကလည်း မနည်းလှဘူး။ အာသံဘုရင်ခံဟာ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးတယ်။ အင်္ဂလိပ်တို့ထံ ခိုဝင်တယ်။

သည်တိုက်ပွဲမှာ ဦးဆောင်တဲ့ စစ်ဗိုလ်ချုပ်ကတော့ မဟာဗန္ဓုလပဲဖြစ်တယ်။ ညေဝတီ မြို့ဝန်က စစ်တကောင်းမြို့စုန်နှင့် အင်္ဂလိပ်ဘုရင်ခံချုပ်ထံ တစ်ပြိုင်တည်းလို ကန့်ကွက်လွှာ တင်ခဲ့သည်။ ဒါပေမဲ့ အင်္ဂလိပ်တို့၏ ကင်းတပ်က မရွှေ့ပြောင်းပေးဘူး။ သူတို့ရဲ့ ပိုင်နက်ဆိုပြီး ပြောင်းဆာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတို မြန်မာတို့က ကြည့်မနေဘူး။ ကြည့်နေလို့ကလည်း မဖြစ်ဘူး။ ကိုယ့်မြေကိုယ့်နယ် ထဲမှာ ပိုင်စိုးပိုင်နင်းနှင့် လာနေတဲ့ နယ်ချဲ့မှန်သမျှ မြို့ဖျက်ရမည် မဟုတ်လား။ သူတစ်ပါးရဲ့ နယ်မြေမှာလည်း ကျူးကျော်နေသေးရဲ့ မောက်မောက်မာမာလည်း ရှိနေတဲ့ သင်းတို့ကို မြန်မာတို့က တောင်းကောင်းကြီး သင်ခန်းစာပေးလိုက်သည်။

၁၈၂၃ ခုနှစ်၊ စက်တင်ဘာလ၊ ၂၄ ရက်နေ့မှာ ရှင်မဖြူကျွန်းကို တက်ရောက် သိမ်းပိုက်လိုက်တယ်။ အဲဒီကျွန်းပေါ်မှာ လာရောက်တပ်စွဲနေသည့် အင်္ဂလိပ်တို့၏ စစ်ဗာရီ ကင်းတပ် အဖွဲ့ကို မြန်မာတပ်များက တက်ရောက်တိုက်ခိုက်တာပဲ။

သူတို့ဘက်က သုံးယောက်ကျပြီး လေးယောက် ဒဏ်ရာရသွားတယ်။ ကျန်တဲ့ အင်္ဂလိပ် တပ်သားမှန်သမျှကို အဲဒီကျွန်းပေါ်က အပြီးမောင်းပစ်လိုက်တယ်။ ပြီးတော့ အိန္ဒိယဘုရင်ခံ ချုပ်ထံ စာတစ်စောင် ရေးပေးလိုက်တယ်။

ဓညဝတီမြို့ဝန် မဟာမင်းကြီးကျော်စွာက အိန္ဒိယဘုရင်ခံချုပ်ထံ ရေးပေးလိုက်တာပဲ။ အင်္ဂလိပ်တပ်ခွဲသည် မြန်မာမင်းပိုင်မြေပေါ်တွင် ဤသို့လာရောက် ကျူးလွန်တပ်စွဲနေသဖြင့် တိုက်ခိုက်ရခြင်း ဖြစ်ကြောင်း၊ နောက်ထပ် ဤကျွန်းပေါ်တွင် အင်္ဂလိပ်တပ်များကို ထပ်မံ ချထားခဲ့လျှင်လည်း တိုက်ခိုက်ပစ်ရလိမ့်မည် ဖြစ်ကြောင်းများ ပါရှိသည်။

အဲဒီပေးစာကို လက်ခံရရှိတဲ့ အင်္ဂလိပ်တို့မှာ များစွာ မခံမရပ်နိုင် ဖြစ်ကြရတယ်။ စကတည်းက ယဉ်သကို ဆိုသလို တစောင်းစောင်းနှင့် မျက်ချေးဖြစ်နေကြသည့် ရွှေနန်းဝတော်အတွင်းမှ ပြဿနာကြီးထွား လာပြီး တစ်ဖက်နှင့်တစ်ဖက် အတိမ်းအစောင်း မခံတော့ဘူး။ သူဦးလျှင် သူဆော်၊ ငါဦးလျှင် ငါဆော်ဆိုတဲ့ အဆင့်အထိ ရောက်လာခဲ့ပြီ။

သည်အရေးမှာလည်း နန်းမတော်ဖုရားအုပ်စုနှင့် သာယာဝတီ မင်းသားအုပ်စုတို့ဟာ တစ်ဖက်စီ ဖြစ်နေကြသည်။ သဘောချင်း မတိုက်ဆိုင်ကြဘူး။ စစ်တိုက်ဖို့ မတိုက်ဖို့ကိုလည်း ညှိနှိုင်းကြရပြီပေါ့။



ခုချိန်အခါဟာ လူအင်အား၊ လက်နက်အင်အား နည်းသေးတယ်။ ဒါကြောင့် စစ်တိုက်ဖို့ မလိုသေးဘူး။ ပြေငြိမ်းမှ သင့်တော်မယ်လို့ သာယာဝတီ မင်းသားကြီးဘက်က အမြင်ရှိနေ သည်။

နန်းမတော်ဖုရားတို့ မောင်နှမနှစ်ယောက်ကတော့ သည်မျောက်ဘုလားတွေကို တစ်ယောက်မှ မကျန်အောင် အပြုတ်နှိမ်ရမည်လို့ ဖြစ်နေကြသည်။ နိုင်ငံတော်ရဲ့ ဘုရင်မင်း တရားကြီး ဘကြီးတော်မင်းကလည်း စဉ်းစားတုန်းပဲ။ ဆုတ်လည်းဆူး၊ စားလည်းရှူးတဲ့ ဘဝပေမို့ လွယ်သာ မယှက်သာဘူးပေါ့။ ညီပြောတဲ့ စကားနားထောင်ရကောင်းနိုးနိုး။ မယားပြောတဲ့ စကားနားထောင်ရ ကောင်းနိုးနိုး ဖြစ်နေတယ်။

ခက်တာက ခုဆိုရင် နန်းမတော်ဖုရားတို့ မောင်နှမနှစ်ယောက်ရဲ့ အာဏာစက်ဟာ ပြန့်နှံ့နေပြီ။ ဆွေတော်မျိုးတော် ပေါများသည့် ရွှေနန်းတော်ထဲမှာတင် နန်းမတော်ဖုရားအဖို့ အာဏာရှင် ဖြစ်နေပြီ။ ဆွေတော်မျိုးတော်တွေဟာ နင်းပြား ဖြစ်တော့မယ်။

တကယ်တော့ ရွှေနန်းတော်ရှင် ဘကြီးတော်မင်းအဖို့မှာ အမည်ပဲ ကျန်တော့သည်။ ခြယ်လှယ် လုပ်ကိုင်နေသူများကတော့ စလင်းမင်းသားနှင့် နန်းမတော်ဖုရားတို့ပဲ။ စလင်းမင်းသားဟာ အစ်မဖြစ်သူ နန်းမတော်ဖုရားကို လက်ကိုင်ထားပြီး လုပ်ချင်ရာတွေကို လုပ်နေတယ်။

အမှန်တော့ စလင်းမင်းသားကြီးသည် မျိုးချစ်စိတ်ဓာတ် ရှိသည်။ နေပြည်တော်မှာ လာရောက်နေထိုင်နေတဲ့ နိုင်ငံခြားသားတွေကို ကြည့်ရဟန် မတူဘူး။ သူတို့ဟာ မြန်မာနိုင်ငံထဲကို လာရောက်နေခြင်းဟာ ရိုးသားမှု မရှိဘူး။ နယ်ချဲ့ဖို့ သက်သက်ပဲဆိုတာ သိမြင်ဟန်တူရဲ့။

သည်တုန်းက နေပြည်တော်မှာ ဥရောပတိုက်သား ငါးယောက်ရှိတယ်။ နှစ်ယောက်က အမေရိကန်လူမျိုး ဖြစ်တယ်။ ကျန်တဲ့ သုံးဦးကတော့ အင်္ဂလိပ်တွေပဲ။ ဒေါက်တာဂျတ်ဆင်၊ ဒေါက်တာပရိုက်စ်၊ ဟင်နရီဂူဂျား၊ လဲယတ်၊ ရော့ဂျားတို့ ဖြစ်တယ်။ စလင်းမင်းသားကြီးဟာ အဲဒီ ဥရောပတိုက်သားတွေကို သုတ်သင်ဖို့ ဘုရင်မင်းကြီးကို အတော်ဦးဆင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဘကြီးတော်မင်းက ခွင့်မပြုဘူး။ ခွင့်မပြုခြင်း အကြောင်းတလည်း နိုင်ငံရေး အခြေအနေများ ရှုပ်ထွေးကုန်မှာစိုးလို့ ဖြစ်ဟန်ရှိသည်။

သူတို့တစ်တွေ မြန်မာနိုင်ငံကို လာရောက်ခြင်းဟာ ကောင်းမွန်သော လာရောက်ခြင်း မျိုး မဟုတ်ဘူး။ မြန်မာပြည်ကို တစ်နည်းနည်းဖြင့် ကိုလိုနီစနစ် ဖြန့်ကျက်ဖို့ နယ်ချဲ့ဖို့ အားထုတ်မှုက များသည်။ ဒါကြောင့် အဲဒီတုန်းက လုပ်ပိုင်ခွင့်ရှိသည့် သူမှန်သမျှကို သူတို့ ချဉ်းကပ်သည်။ ပေးတဲ့ အခွင့်အရေးကို ရအောင်ယူသည်။

အာသံပြည်ကို အပြီးရသည့် စစ်သူကြီးမဟာဗန္ဓုလကို အဂ္ဂမဟာသေနာပတိဝန်ကြီး ဘွဲ့ ချီးမြှင့်တော်မူတယ်။ မဟာဗန္ဓုလသည် စစ်ရေးစစ်မှုများမှာ လွန်စွာကျွမ်းကျင်တယ်။ တိုက်ပွဲ၏ အခြေအနေကို ကြည့်ပြီး အင်အားကို အလိုက်သင့် ဖြည့်စွမ်းပေးနိုင်တယ်။ သူ့အသွင်ဟာ အမြဲတမ်း စိတ်တက်ကြွနေတယ်။ တပည့်လက်သားများအပေါ်မှာ ညာတာတယ်။ ကိုယ်ချင်းစာတရား အမြဲထားတယ်။ နိုင့်ထက်ကလူပြုသည့်သူမှန်သမျှကို လွန်စွာ ရွံမုန်းတော်မူသည်။

၁၈၂၃ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၁ ရက်နေ့ ဖြစ်တယ်။ ရှင်မဖြူကျွန်းပေါ်မှာ အင်္ဂလိပ်တို့သည် ခွေးပြေးဝက်ပြေး ပြေးခဲ့ရတာကို မကျေနပ်ဘူး။ ဒါကြောင့် မြန်မာတပ်များ အစောင့်အနေ မရှိတော့သည့် အဲဒီနေ့မှာပဲ ထပ်မံလာရောက် တပ်စွဲနေကြပြန်သည်။ အင်္ဂလိပ်တို့သည် ဖြေပေါင်ဒါ အမြောက်နှစ်လက် ပါရှိသည့် တပ်ခွဲနှစ်ခွဲနှင့် ဖြစ်သည်။

နောက်တစ်ရက်မှာပဲ ဓညဝတီမြို့ဝန်သည် သူ၏ တပ်များနှင့် ရှင်မဖြူကျွန်းကို တိုက်ခိုက်ပြီးတော့သည်။ အဲဒီကျွန်းမှာ ရပ်နားနေသည့် ဆိုဖိယာသင်္ဘောမှ အင်္ဂလိပ်အရာရှိများကိုလည်း ဖမ်းဆီးထားလိုက်သည်။

အိန္ဒိယဘုရင်ခံ လော့ဒ်အမ်းဟတ်စ်က မြန်မာတို့သည် ထိုအရာရှိများကို ပြန်လွှတ်စေကာမူ ကျေနပ်စရာ မရှိဘူး။ ဒါ့အတွက် မှားယွင်းကြောင်း တောင်းပန်ရမည်။ ရှင်မဖြူကျွန်းကိုလည်း စွန့်လွှတ်ပေးရမည်။



မောင်းတောနှင့် မြို့ဟောင်းတွင်ရှိသော မြန်မာတပ်များ သည်လည်း နောက်သို့ ဆုတ်ခွာပေးရမည်လို့ တောင်းဆိုသည်။

ဒါပေမဲ့ မြန်မာတို့က ဖမ်းဆီးထားသော အင်္ဂလိပ်အရာရှိများကိုလည်း မလွှတ်ဘူး။ ရှင်မဖြူကျွန်းကိုလည်း ချုပ်ထိန်းမြဲ ထိန်းထားတယ်။ မောင်းတောနှင့် မြို့ဟောင်းမှ မြန်မာ တပ်များကိုလည်း နောက်သို့ ဆုတ်ခွာမပေးဘူး။

ဟုတ်တာပေါ့။ မြန်မာ့မြေ၊ မြန်မာ့ပိုင်နက်အတွင်းမှာ ထိကပါး ရိကပါး လာလုပ်သည့် သင်းတို့ကို အလျှော့ပေးလို့ ဖြစ်တာ မဟုတ်ဘူး။ နယ်ချဲ့ဆိုတာမျိုးက မျက်နှာပူတတ်သည့် အားနာမှု တရားရှိသည့် လူစားမျိုး မဟုတ်ဘူး။ ဘနဖူးသိုက်တူးမည့်သူတွေပဲ။

နေပြည်တော်နှင့် မိုင်ပေါင်းများစွာ ဝေးကွာတဲ့ ဥရောပတိုက်သားတွေဟာ အရှေ့တောင်အာရှတစ်ခွင်မှာ နယ်သစ်ချဲ့ဖို့ အစပျိုးနေပြီ။ နိုင်ငံတော်ရဲ့ ရွှေနန်းတော်အတွင်းမှာကလည်း ညီညွတ်မှု မရှိဘူး။ မိမိတို့ကိုယ်ကို ရှေ့တန်းတင်ဖို့ အာဏာရရှိဖို့လောက်ပဲ လုပ်ကိုင်နေကြသည်။

သည်တုန်းက သူတို့တစ်တွေဟာ ရွှေနန်းတော်အတွင်းမှာပဲ ရှိသေးတယ်။ သူတို့ရဲ့ အသိတွေဟာ ထက်ထက်မြက်မြက် မရှိဘူး။ နိုင်ငံတော်၏ ပြင်ပကမ္ဘာမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာလည်း သတိမထားဘူး။ ဓားတစ်ချောင်းနှင့်သာ အုပ်ချုပ်နေသည့် ပဒေသရာဇ် မင်းလက်အောက်မှာသာ ငုံ့နေကြတယ်။ ဘာမှပြောရဲဆိုရဲ ရှိကြတာ မဟုတ်ဘူး။

အုတ်ကျောင်းအမ နန်းမတော်မယ်နုအဖို့ မိဖုရားခေါင်ကြီး မဖြစ်ခင်ကတည်းက စာပေဗဟုသုတအရာမှာ ပြည့်စုံခဲ့ပြီ ဖြစ်တယ်။ မင်္ဂလသုတ်၊ အတွင်းအောင်ခြင်း၊ အပြင် အောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီး၊ ပါဠိအနက်၊ ပုတ္တောဝါဒ စသည့် ဆုံးမစာ အမျိုးမျိုးတို့ ဖြစ်တယ်။

ဒါတွေအားလုံးကိုပဲ အာဂုံနှုတ်တက် ဆောင်ယူနိုင်သည်။ ဇာတ်ကြီးဆယ်ဘွဲ့၊ ရာဇဝင် အရပ်ရပ်၊ ဓမ္မသတ်ကျမ်း၊ ရာဇနီတိ၊ မဟာ[illegible] သည့် နီတိကျမ်းဂန်များကိုလည်း ကြေညက်အောင် နား[illegible]တယ်။ သူ့အဖို့ရာမှာ ဇာတိထက်သန် ပဋိဘာန်ရှိသူ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အုတ်ကျောင်းအမသည် ခက်ထန်ကြမ်းကြုတ်ခြင်း မရှိဘူး။ ယဉ်ကျေးခြင်း၊ နူးညံ့ခြင်း၊ သိမ်မွေ့ခြင်းတို့နှင့်အတူ ပြီးတယ်။ သူဟာ နယ်ချဲ့ကို ရွံမုန်းသူ ဖြစ်တယ်။ နေပြည်တော်မှာ အင်္ဂလိပ်တွေ လာရောက်နေသည်ကို သူ လုံးဝ မကြည့်ချင်ဘူး။

သူ့ထံ အခစား ဝင်ဖို့ လာရောက်တဲ့ နိုင်ငံခြားသား မှန်သမျှကို ရွံမုန်းစွာနှင့် မောင်း ထုတ်လိုက်တယ်။ သည်တုန်းက အမေရိကန်လူမျိုး ဂျပ်ဆင် (ခေါ်) ယုဒသန်ဟာ နန်းမတော် ဖုရားထံ ရှေ့တော်မှောက် အခစား ဝင်နိုင်ဖို့ ကြိုးစားနေတယ်။

အခုဆိုလျှင် ဘကြီးတော်မင်းထက် သူ့မိဖုရားဖြစ်သည့် နန်းမတော် ဘုရားက ဓားထက်နေကြောင်း သူတို့ သိထားတယ်။ သည်တော့ သူတို့ လုပ်ချင်ရာ လုပ်ဖို့အတွက် နန်းမတော်ဖုရားထံ ချဉ်းကပ်ဖို့ ကြိုးစားနေကြတာပေါ့။ ဒါပေမဲ့ ဂျပ်ဆင်ဟာ အခွင့်မရခဲ့ဘူး။

အတွင်းတော်မှာ ဖြတ်သွားဖြတ်လာနှင့် ခဏတဖြုတ်ပဲ တွေ့ဖူးတယ်။ တစ်ခါတော့ ညီလာခံတော်ဆောင်မှာ ဘကြီးတော်မင်းနှင့်အတူ လာသည်ကို တွေ့ရတယ်။ ဘကြီးတော်မင်းက မိတ်ဆက်ပေးသော်လည်း မိဖုရားခေါင်ကြီးက အရေးတယူ မရှိဘူး။

မျက်နှာတော် လွှဲနေတယ်။ ပြီးမှဘကြီးတော်မင်းကို အတွင်းတော်ထဲ ဆွဲခေါ်သွားသည်။ ဘကြီးတော်မင်းထက် မိဖုရားခေါင်ကြီးသည် မာန်မာန ပိုကြီးသည်။ မာန်မာနကြီး သည်ဆိုတာက အထူးသဖြင့် နိုင်ငံခြားသားတွေအပေါ်မှာ ဖြစ်တယ်။

သူတို့လာရောက်နေခြင်းဟာ နိုင်ငံတော်အတွက် ကောင်းမယ့် လက္ခဏာ မရှိဘူးဆိုတာ သိနေသလိုပဲ။ သူ့အဖို့ ဘကြီးတော်မင်းအပေါ်မှာ အတိုင်းအဆမရှိ ဩဇာကြီးတယ်။ ဩဇာကြီးတယ်ဆိုတာက နန်းမတော်ဖုရား လုပ်သမျှ ဘာမဆို ဘကြီးတော်မင်းက မပြောဘူး။ သူ့အဖို့ မိဖုရားခေါင်ကြီးအပေါ်မှာ ချစ်သည့်စိတ်က နက်နဲလှတယ်။ ဘယ်မိဖုရားကိုမှ သည်လောက် မချစ်ဘူး။



ဒါကြောင့်ပဲထင်ရဲ့ နန်းမတော်ဖုရားရဲ့ မောင်တော်စလင်းမင်းသား အဖို့ နိုင်ငံတော်မှာ စိတ်တိုင်းကျ လုပ်နေတာပဲ။ တကယ်တော့ မဆန်းပါဘူး။ သူ့ရဲ့နှမတော်က အဂ္ဂမဟာ မဟေသီရဲ့ အာဏာကို ခံယူထားတယ် မဟုတ်လား။

သည်တော့ သူ့အဖို့ သာယာဝတီ မင်းသားကလွဲလျှင် နိုင်ငံတော်မှာ ပြိုင်ဘက်မရှိဘူး။ ပြိုင်ဘက်ဆိုတာ ရန်ဘက်ပဲပေါ့။ ဘာပဲဖြစ်ဖြစ်ပေါ့လေ နန်းမတော်ဖုရားအဖို့ သူ့အမြင့် ရောက်တုန်းမှာ သူ့ရဲ့ အသိုင်းအဝန်း အားလုံးတို့ကို သင့်တင့်သည့် နေရာဌာနများ ပေးခဲ့တာပဲ။ ညာတကာ နစ္စသင်္ဂဟောဆိုတာပေါ့။ ဒါမှလည်း မင်္ဂလာတရားတော်နှင့် ညီမယ် မဟုတ်လား။

ဒါကြောင့်ပဲ ထင်ရဲ့ ဖလံခုံ၊ မြင်းပေါက်၊ ဝက်ဖိုး၊ မဲအိုး စသည့် ရွာမှာရှိကြတဲ့ အဆွေ အမျိုး တော်တော်များများ မှူးကြီး၊ မတ်ကြီး၊ မင်းကြီး၊ စိုးကြီး၊ အပျိုတော်ကြီး စသည်တို့ ဖြစ်ကြကုန်တာပါပဲ။

သည်လို နေရာပေးသည်မှာလည်း နန်းမတော်မိဖုရားအဖို့ ပညာပါလှတယ်။ မိမိရဲ့ ဆွေတော်မျိုးတော်များကို အတွင်းတော်မှာ ခန့်ထားသူ နည်းတယ်။ အဝေးမြို့ရွာများမှာသာ မြို့ဝန်၊ စစ်ကဲများဖြင့် ခန့်ထားခြင်းသာ များတယ်။ လောကကြောင်းမှာ အမြင်ကျယ်သည့် မိဖုရားခေါင်ကြီးပေါ့။ ဒါကြောင့်လည်း အဲဒီတုန်းက နိုင်ငံတော်တစ်ဝန်းလုံးမှာ နန်းမတော်ဖုရား၏ လူတွေသည် များနေသည်။

နောက်ဆုံး ဘကြီးတော်မင်းအထိပေါ့။ တကယ်တော့ ဘကြီးတော်မင်းသည် ရေခဲနှင်း ဆောင်းထားသည့် ရှင်ဘုရင်ပဲ။ အခုဆိုရင် တိုင်းရေးပြည်ရေးကို နန်းမတော်ဖုရားတို့ မောင်နှမက ကြိုးကိုင်နေသည်တို့ ဘာတစ်ခွန်းမျှ ဆွေးနွေးမေးမြန်းခြင်း မပြုဘူး။

လျစ်လျူရှုထားတယ်။ မကင်းတာလောက်သာပဲ တစ်ခါတ[illegible]ဝင်ပါတယ်။ နောင် သံသရာမှာပါမယ့် ကုသိုလ်ကောင်းမှုတိုပဲ [illegible]တိုင်နေသည်။ သူကိုယ်တိုင်ဟာ ပန်းချီ၊ ပန်းပု ပညာရပ်တွေမှာ [illegible]ပြောင်တယ်။ ကျွမ်းကျင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် လက်မှုပညာသည် အရပ်ရပ်တို့အား အားပေးပြီး ချီးမြှောက်နေတယ်။ နေပြည်တော်မှာရှိသည့် ဗိုင်းငင်ယက်ကန်း တတ်ကျွမ်းသည့် အမယ်အိုများကိုလည်း ခေါ်ယူတယ်။ ရွှေနန်းတော် အတွင်းမှာ လုပ်ကိုင်စေတယ်။ သူတို့ထဲမှ ရှေးဟောင်းနှောင်းဖြစ်များ အကြောင်းကို ပြောဆိုစေသည်။ သည်တုန်းက နန်းမတော်ဖုရားလည်း အပါးမှာ ရှိတယ်။

ဘကြီးတော်မင်းကြီးတို့ ရှေ့တော်မှောက်မှာ စာဆိုတော်၊ စာတော်ဖတ် သံတော်ဆင့်၊ နားတော်သွင်းတို့သည် ခစားနေကြတယ်။ သူတော် ဦးမင်းနှင့် လူဦးမင်းတို့လည်း ရှိနေတယ်။

သူတော်ဦးမင်းဟာ ပင်းတလဲမြို့နားမှာရှိသည့် ရေဝေရွာသား ဖြစ်သည်။ ငယ်နာမည် မောင်မင်းလို့ ခေါ်တယ်။ နောက်မှ ဖိုးသူတော် အဖြစ်နှင့် နေရာမှ ဖိုးသူတော်ဦးမင်းဟု ခေါ်ကြတာပဲ။

လူဦးမင်းဆိုတာက ငယ်နာမည် မောင်စံရှင်လို့ ခေါ်တယ်။ ရွှေဘိုမြောက်လက်ငါးရွာ ဇာတိ ဖြစ်တယ်။ သူတို့နှစ်ဦးဟာ အတိုက်အခံ နှုတ်လွှတ်စာဆိုမှာ အလွန်တော်ကြတယ်။ ဒါကြောင့်လည်း ရွှေနန်းရှင် ဘုရားနှင့် နန်းမတော်ဖုရားတို့သည် မကြာခဏ စာဆိုခိုင်းတယ်။ ယနေ့ လည်း ဖိုးသူတော်ဦးမင်းက စာခံရတယ်။ လူဦးမင်းက စာအုပ်ရတယ် ပေါ့။ ကုဏ္ဍလာပဒုမ္မာက ပေါလို့ ဖိုးသူတော်ဦးမင်းက ခံစာခံလိုက်တယ်။ ဒါကို လူဦးမင်းက ဂုမ္ဘောဂုမ္ဘီနှင့် တပသီဇာမိုရ်ဝိတ်ကယ်တို့ ဆေးကြိတ်တဲ့ တောလို့ စာအုပ်လိုက်တယ်။ နန်းမတော်ဖုရားက သဘောကျတော်မူ တယ်။ ဆုတော်ငွေ ပေးသနားတော်မူတယ်။

အဲဒီနှစ်မှာပဲ ထားဝယ်မြို့ဝန်က မယ်ကယ်နှစ်ကို နားပန်တော်အဖြစ် လှပစွာ ပြုလုပ်တယ်။ ပြီးတော့ နန်းမတော်ဖုရားအတွက် ဆက်ပို့လာတယ်။ ဒါကို နန်းမတော်ဖုရားက လူဦးမင်း၊ ဖိုးသူတော်ဦးမင်း၊ ရကန် ဆရာဦးတိုး ရကန်ဖျက်ဦးလန်းတို့ကို ရုတ်ခြည်းပေါ် ဆီလျော်အောင် မဆိုင်းမတွ လျှောက်တင်စေတယ်။

***သင့်တော်ရှုံး ပန်နားကာပ်၊ ကျောက်မြတ်ကတဲ့ မချယ်*** လို့ လူဦးမင်း က စဆိုတယ်။ ဒါကို ဘိုးသူတော်ဦးမင်းက ***သင်းပေါပါ၊ မယ်ကယ်နှစ်မှာ***



***နှတ်ယစ်သည့်နှယ်*** လို့ ဆိုတယ်။

ရကန်ဆရာဦးတိုးက ***သီလတုတ်ကြောင် ကြိုးသွယ်၊ စံပင်တင် ချယ်သန်း*** လို့ ဆိုတယ်။ သည်တော့ ရကန်ဖျက် ဦးလန်းက ***ရွှေဥတော ရောင်ခြည်ဝေ့တယ်၊ နန်းမေဆင်ပန်း*** လို့ တောက်လျှောက် လျှောက်ဆို ကြတယ်။

ဒါကို မိဖုရားခေါင်ကြီးက ချီးကျူးတော်မူတယ်။ စာဆိုတော် လေးယောက်ကို ဝတ်စုံ တစ်စုံစီနှင့် ဒိုင်းခွက်တစ်ခွက်စီ ချီးမြှောက်တော်မူ သည်။

ရွှေနန်းတော်အတွင်းမှာတော့ ဘကြီးတော်မင်းနှင့် မိဖုရားခေါင် ကြီးတို့သည် တဒင်္ဂ ပျော်ရွှင်ရေးနဲ့ပဲ ရောင့်ရဲတင်းတိမ်နေတယ်။ အုပ်စု နှစ်ခု ဖြစ်နေသည့် အတွင်းတော်ထဲမှာတော့ လူတွေဟာ ဟန်လုပ်နေကြရ တယ်။ အတွင်းစိတ်က ဘယ်လောက်ပဲ မုန်းနေပါစေ၊ ရင်ဆိုင်တွေ့လိုက် လျှင်တော့ သွားဖြဲကာ ပြုံးရတော့တာပဲ။

အဲဒီအပြုံးတွေဟာ အသက်မပါတဲ့ အပြုံး။ လှုပ်ရှားမှု၊ တုန်လှုပ်မှု တွေ၊ ရက်စက်မှုတွေ နှင့် ပြွမ်းတီးနေသည့်အပြုံး။ ဒါပဲပေါ့ နိုင်ငံတော်ရဲ့ လူ့ဂုဏ်တန်အပိုင်းမှာတော့ သည်အတိုင်း ချည်းပါပဲ။

တစ်ဦးနှင့်တစ်ဦး ဟန်ဆောင်မှုတွေနှင့် ပေါင်းသင်းကြတယ်။ ရင်းနှီးဟန်ပြပြီး နောက်ကွယ်က လက်သီးပုန်းထိုးဖို့ ကြိုးစားကြတယ်။ မိမိတို့နေရာရရေးအတွက် တစ်ဦးခေါင်းကို တစ်ဦး တက်နင်းကြတယ်။ တောက်ကျစ်ကြတယ်။ ဒါပေမဲ့ အပြင်ပန်းမှာတော့ လူလိမ္မာ သားကြီး တွေ ဟန်ဆောင်နေကြတာပဲ။

ဒါပဲပေါ့။ ယုတ်မာမှု၊ တောက်ကျစ်မှုဆိုသည့် ပြယုဂ်တွေဟာ သာမန်ပြည်သူတွေထဲမှာ နည်းတယ်။ အများဆုံးကတော့ ပစ္စည်းရှိသည့် ဂုဏ်သရေရှိတဲ့ သူတွေဆီမှာပဲ။ သာမန် ပြည်သူတွေအဖို့မှာ လူဆင်းရဲ တွေပဲ။ တစ်နေ့ လုပ်မှတစ်နေ့စားရသည့်သူတွေပဲ။ သည်တော့ လက်လှုပ် မှ ပါးစပ်လှုပ်ရသည့်သူတွေအဖို့ ကုန်းရုန်း လုပ်နေရပြီး တခြားမကောင်းသော စိတ် မထားနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သည်တုန်းက နိုင်ငံတော်မှာ အုပ်ချုပ်ရေးနှင့် ဖိနှိပ်ချုပ်ချယ်ရေး ဆိုတာ နှစ်မျိုးပေါ်နေ တယ်။ အုပ်ချုပ်ရေးဆိုတာက တရားနှင့် လျော်ညီသော မွေသတ်ဥပဒေ စည်းမျဉ်းထုတ်တယ်။ အပြစ်ဒဏ် ခံယူရသူတို့ဟာ အပြစ်အားလျော်စွာ အပြစ်ပေးခြင်း ခံရတယ်။ မွေသတ် ဥပဒေဘောင် မကျော်ဘူး။ အထူးသဖြင့် အပြစ်ဒဏ်တစ်ခုကို သင့်တင့်မျှတလောက် အောင်ပဲ ခံစားရတယ်။ မတရား မခံစားရဘူးပေါ့။

ဖိနှိပ်ချုပ်ချယ်တယ်ဆိုတာကတော့ တရားဥပဒေစည်းမျဉ်းထဲ မသက်ဝင်တော့ဘူး။ လောဘ၊ ဒေါသမောဟ အရင်းခံပြီး၊ ကိုယ်ထင်သလို တစ်ပါးသူအပေါ်မှာ အတိုင်းအထက် ပြုမူတယ်။ နှိပ်စက်ညှဉ်းပန်းတယ်။ ဖိနှိပ်ချုပ်ချယ်တယ်ပေါ့။

အဲဒီပြဿနာတွေ ဖြစ်ပေါ်လာတာကလည်း အတွင်းတော် တစ်အုပ်စု နှစ်ခုကြောင့်ပေါ့။ အဓိကတော့ စလင်းမင်းသားကြီးနှင့် သာယာဝတီမင်းသား အမှူးပြုကြတဲ့ ဆွေတော် မျိုးတော်တွေများကြောင့် ပေါ့။ သူတို့တစ်တွေက ဘကြီးတော်မင်း နန်းမတက်ခင်ကတည်းက သင့်တင့်မှု မရှိခဲ့ဖူး။ ဒါပေမဲ့ အခြေအနေ ကောင်းနေခဲ့တယ်။ ဆိုးဆိုး ဝါးဝါး မဟုတ်ဘူး။

အခြေအနေကောင်းမှာပေါ့။ မယ်နုဟာ မိဖုရားခေါင်ကြီးအဖြစ်ကို မှ မရသေးတာ။ ဆွေတော်မျိုးတော်တွေအဖို့ မယ်နုဟာ သည်အခြေ အနေအထိ ရောက်လိမ့်မယ်လို့ ထင်ထားကြဟန် မတူဘူး။ နန်းမတော် ဖုရားရဲ့အပေါ်မှာ သူတို့ဟာ အထင်သေးခဲ့ကြတယ်။

နန်းမတော်ဘုရားရဲ့ လုပ်ရပ်တွေကို ဂရုမစိုက်ခဲ့ကြဘူး။ ခပ်ပေ့ ပေ့ပဲ သဘောထားခဲ့ကြတယ်။ နောက်တက်မယ့် ဘုရင်မင်းတရားကြီးရဲ့ မိဖုရားခေါင်ကြီးသည် သူတို့ရဲ့ ဆွေတော်မျိုးတော်တွေထဲကပဲ ဖြစ်မယ်လို့ တရားသေတွက်ထားကြတယ်။ သူတို့ဟာ ဆွေတော်မျိုးတော်ဆိုပြီး မာနကြီးကြတယ်။ ရန်သူကို အထင်သေးတယ်။ ပိုဆိုးတာက ဘကြီးတော် မင်း နန်းတက်စကပဲ။

မိဖုရားခေါင်ကြီး ရွေးချယ်တဲ့ကိစ္စရပ်မှာပဲပေါ့။ သူတို့မျှော်လင့်ထား သည့် ဘကြီးတော်မင်းဟာ ဆွေတော်မျိုးတော်ထဲက မင်းသမီးကို မရွေး



ဘူး။ အရှံသဘောပဲ ထားခဲ့တယ်။ အိမ်တော်ပါ မိဖုရားငယ်ဖြစ်သည့် မယ်နုကိုပဲ ရွေးလိုက်တယ်။ သည်မှာတင် သူတို့ဟာ ရန်သူ၊ ရန်ဘက်တွေ ဖြစ်ကုန်တာပဲ။

ဘကြီးတော်မင်း၏ ညီတော်ရင်းဖြစ်သည့် သာယာဝတီမင်းသား မှာ ပင်ကိုယ်အားဖြင့် ထက်ထက်မြက်မြက် ရှိသူတစ်ယောက်ပဲ။ ဒါကို မြင်ထားသည့် နန်းမတော်ဖုရားတို့ မောင်နှမနှစ်ယောက်က သာယာဝတီ မင်းသားကို ဘယ်တော့မှ လက်လွှတ်စပယ် မထားဘူး။ ဖြစ်သည့်နည်း နှင့် ဖိနှိပ်တယ်။ မရဘူး။ သာယာဝတီမင်းသားဟာ ပါးပါးနပ်နပ်ပဲ ရှောင်ကွင်းသွားတယ်။ ဒါက ရွှေနန်းတော်အတွင်းမှာ ဖြစ်ပျက်နေသည့် လိပ်ခဲတည်းလည်း ပြဿနာဆိုပဲ။

သီတင်းဝါလကျွတ်ပြီးမို့ အင်းဝနေပြည်တော်မှ စာသင်သား ရဟန်းငယ်များဟာ ကျောင်းတိုက်များကို လှည့်လည်သွားလာနေကြ တယ်။ စာဝါများလည်း ရပ်နားထားခိုက် အားနေကြတယ်ပေါ့။ တစ်နေ့ တော့ စာသင်သားတို့ဟာ နာမည်ကျော်ကြားတဲ့ အုတ်ကျောင်းကြီးဆီ ရောက်လာကြတယ်။ မရောက်ဖူးလို့ လာလည်ကြတာပေါ့။ သည်အချိန် မှာ ဆရာတော် ဦးဗုမ်ဟာ စာကြည့်နေခိုက် ဖြစ်တယ်။

ရဟန်းငယ်များသည် ဦးခိုက်ဝပ်တွားပြီး ဆရာတော်ရဲ့ အနီးအပါး မှာ ပိပြားစွာ ထိုင်နေကြသည်။ အတော်ကြာတော့မှ ဆရာတော်ဦးဗုမ်က "ဘာကိစ္စနှင့် ကြွလာကြသလဲ" လို့ မေးတယ်။ သည်တော့ ရဟန်းငယ်များ က "တပည့်တော်များ မရောက်ဘူးလို့ အလည်လာကြပါတယ် ဘုရား" လို့ ပြန်ပြီး လျှောက်ထားတယ်။

ဒါကို ဆရာတော်က "အိမ်း. . . မရောက်ဘူးလျှင် မြင့်မိုရ်တောင် အထိ သွားကြပါလား. . . အလကား အချိန်ဖြုန်းနေကြတယ်" လို့ မိန့်ဆို ပြည်တမ်းလိုက်တယ်။ ဒါနဲ့ စာသင်သား ရဟန်းငယ်များလည်း ထိုင်မနေ ပုံတော့ဘဲ ချက်ချင်း ပြန်သွားကြတယ်။

အုတ်ကျောင်းကြီး၏ ဘေးမှာ အရံကျောင်းငယ်တစ်ဆောင်များ ရှိတယ်။ အုတ်ကျောင်း အမ မယ်နုက ဆောက်လုပ်ပေးထားခြင်း ဖြစ်တယ်။ အေးအေးချမ်းချမ်း စာကြည့်စေရန် အတွက်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတော့ ဆရာတော်ဟာ ကျောင်းငယ်တစ်ဆောင်မှာ စာကြည့်နေတယ်။ အဝင်အထွက်ပေါက် ကဲလား တံခါးကြီးက နှစ်တောင်လောက်ရှိတယ်။ တုတ်တိုနှင့် ထောက်ထားတယ်။ အထဲဝင်ချင်လျှင် ငုံ့ဝင်ရတယ်ပေါ့။ အဲဒီနေ့က အုတ်ကျောင်းအမဟာ ဆရာတော် ဖူးမြော်ဖို့ ရောက်လာတယ်။ ဒါကို ရွှေတော်ပါလာသည့် မင်းသမီးတို့က ကဲလားကို မ,လိုက်တယ်။

စာကြည့်နေသည့် ဆရာတော်က "ဟဲ့!. . . ကဲလားကို မ,တာဘယ်သူတုံး" လို့ မေးလိုက်တယ်။ မင်းချင်းတို့က "မိဖုရားခေါင်ကြီးဥပုသ်စောင့်လာလို့ပါ ဘုရား" လို့ လျှောက်ထားတယ်။ သည်တော့ ဆရာတော်ဘုရားက "မိဖုရားခေါင်ကြီးတွင်မကဘူး. . . မိဖုရားခေါင်ရဲ့ အမေပဲဖြစ်ဖြစ်. . . ကဲလားကို မ,မနဲ့. . . ငါ့လိုပဲ ငုံ့ဝင်" လို့ မိန့်ဆိုလိုက်တယ်။

အုတ်ကျောင်းဆရာတော်သည် မည်မျှလောက် အဖိုးတန်သော ဝတ္ထုပစ္စည်းများ လှူဒါန်းပေမဲ့ ကြာရှည်မထားဘူး။ တခြားသူတွေကို လှူဒါန်းပေးဝေလေ့ ရှိတယ်။ ကျောင်းသားငယ်၊ သာမဏေငယ်များက ကလေးပင် ဖြစ်သော်လည်း သွားရောက် အလှူခံလျှင် ပေးလှူလိုက်သည်ချည်းပဲ ဖြစ်တယ်။

ရှင်မဖြူကျွန်းအရေးက တငွေ့ငွေ့ တောက်လောင်နေသည်၊ ဒီအရေး နှင့် ပတ်သက်ပြီး အတွင်းတော်မှာ အငြင်းအခုံ ဖြစ်နေကြတယ်။ စစ်တိုက်ရေးနှင့် မတိုက်ရေးပေါ့။ ဒါပေမဲ့ နန်းမတော်ဘုရားတို့အုပ်စုက အနိုင်ရသွားတယ်။ ဒါပဲပေါ့ နိုင်ငံတော်ရဲ့ မဟေသီတစ်ယောက်၏ စကားကို ပယ်ရှားဝံ့သည့်သူ ခပ်ရှားရှားကလား။ သည်တုန်းကနန်းမတော်ဖုရားအဖို့ ဝါးလုံးဟေ့ဆိုရင် ဝါးခြမ်းမြင်တာတောင် ဝါးလုံးပဲဟု ပြောရတယ်။ သည်အထိ ဩဇာထက်တာပဲ။

သာယာဝတီမင်းသားကြီးနှင့် ဆွေတော်မျိုးတော်များကတော့ရှင်တာမမပေါ့။ စိတ်တော်များလည်း မကြည်ကြ။ မကောင်းကြဘူးမှတ်သာလို့ လက်ပိုက်ကြည့်နေရတာပဲ။ နိုင်ငံတော်ဖြင့် သင်းတို့လုပ်တာနဲ့ ဒုက္ခရောက်ကြတော့မယ်။ ကြည့်သူတွေအဖို့ ငရဲတွင်း ဆင်းကြတော့မယ်။ ဖွတ်သထက် ညစ်တော့မယ်ပေါ့။



ဒါပဲပေါ့ မယားပြောတော့ တစ်ညဆိုသလို မယားအကြိုက် အလိုလိုက်နေသည့် ဘုရင်မင်းတရားကြီးအဖို့ မယားမျှတော့ ညှော်မလှ ဆိုမိုမျိုး ဆိုက်နေတာပေါ့။ သည်တော့ အင်္ဂလိပ်တို့ကို တိုက်ထုတ်ဖို့ စစ်ပြင်ကြရပြီ။

မပြင်လို့ကလည်း မဖြစ်တော့ဘူး။ ခုဆိုရင် ရှင်မဖြူကျွန်းနားကို အင်္ဂလိပ်တို့ ရောက်နေပြီ။ နယ်ချဲ့နေကြပြီ။ ကျေးရွာတိုင်းမှာလိုလိုပဲ သူတို့အလံများကို လွှင့်ထူထားနေကြပြီ။ သည်တော့ နယ်ချဲ့လာသည့် သင်းတို့ကို မောင်းထုတ်ဖို့ရန်ပဲ ရှိတော့တာပဲ။

၁၈၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၅ ရက်နေ့မှာ အင်္ဂလိပ်တို့က မြန်မာတို့ကို စစ်ကြေညာလိုက်တယ်။ စစ်ကြေညာပြီးခြင်းပဲ သူတို့သည် အထိရောက်ဆုံးသော စစ်ထိုးရေး အစီအစဉ် များကို ဆုံးဖြတ်ပြုလုပ်ခဲ့တယ်။ အာသံမဏိပူရ၊ ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်း၊ ရန်ကုန်၊ သံလျင်၊ ပဲခူး၊ ပုသိမ်၊ မုတ္တမ၊ မြိတ်၊ ထားဝယ် စသည့် ကမ်းရိုးတန်းများကို အလျင်သိမ်းယူဖို့ ကြိုးစားတယ်။

ပြီးမှ ဧရာဝတီမြစ်အတိုင်း ချီတက်တိုက်ခိုက်မည်ပေါ့။ အင်္ဂလိပ်တို့ရဲ့ စစ်ရေးအကြံပေး ပုဂ္ဂိုလ်ကပ္ပိတန်ဝိုက် ဖြစ်တယ်။ သူဟာ ဗဒုံမင်းတရား လက်ထက်တုန်းက မြန်မာနိုင်ငံသို့ သံကိုယ်စားလှယ်တစ်ဦးအဖြစ် လာရောက်ခဲ့ဖူးတယ်။ သူဟာ မြန်မာတို့အကြောင်း တော်တော်သိတယ်။ မြန်မာတို့ဟာ မထိလေးစား၊ ပမာမခန့်လုပ်လောက်တဲ့ လူမျိုးမဟုတ်ဘူးလို့ အင်္ဂလိပ်တွေကို သတိပေးတယ်။

မြန်မာတို့သည် စစ်ကြောင်းနှစ်ကြောင်း ခွဲလိုက်သည်။ ရခိုင်ပြည်သို့ စစ်ကြောင်း တစ်ကြောင်းနှင့် အာသံမဏိပူသို့ တစ်ကြောင်းပဲ။ ရခိုင်ကြောင်း ချီတက်သွားသည့် စစ်ကြောင်းကို ဗိုလ်မှူးသတိုးမင်းကြီးမဟာဗန္ဓုလက အုပ်ချုပ်ကွပ်ကဲတယ်။ ရှေ့ပြေးတပ်များကို အတွင်းဝန်မင်းကြီး မဟာသီဟသူရက ဦးဆောင်ချီတက်ခဲ့တယ်။

သည့်နောက်မှ ဗိုလ်မှူးသတိုးမင်းကြီး မဟာဗန္ဓုလက ဦးဆောင်သည်။ အဲသည်တပ် များကတော့ ပင်မတပ်ကြီး ဖြစ်တယ်။ စေယင်းဆင်မြ

www.burmeseclassic.com

www.burmeseclassic.com



တျွန်းမှတစ်ဆင့် မည္ဝတီသို့ ချီတက် သွားတာပဲ။ စုစုပေါင်းအင်အား နှစ်သောင်းငါးထောင် ရှိတယ်။

မြန်မာတို့ကို စစ်ကြေညာပြီးသည့် နောက်ပိုင်းမှာ ဗြိတိသျှတပ်များသည် အာသံပြည်တွင်းရှိ ဗြဟ္မပုတ္တရဒေသမှာ စုရုံးနေတယ်။ ဒါတင်မကဘူး မြန်မာတို့အား ပြန်လည် တော်လှန်ဖို့အတွက် မဏိပူရနယ်သားများကို စည်းရုံးနေတယ်။ အင်္ဂလိပ်တို့၏ မြှောက်ပင့် ပေးချက်ကို အာသံလူမျိုးများက ယုံကြည်နေကြတယ်။

အင်အားတစ်ထောင်မျှရှိသည့် မြန်မာတပ်တစ်တပ်သည် မဂရ အရပ်မှာ ခံတပ်တည်ပြီး တပ်စွဲနေတယ်။ တက်လာသည့် အင်္ဂလိပ်တို့အား ပြင်းပြင်းထန်ထန် တိုက်ခိုက်ရန် စောင့်ဆိုင်းနေကြတာပဲ။ သည့်နောက် မဂရမှာ တပ်စွဲနေသည့် မြန်မာတပ်များသည် အနောက်ဘက်မှာ ရှိသည့် ကိုလီငယ်ဘာ အရပ်ဆီသို့ ချီတက်တပ်စွဲနေကြပြန်တယ်။

အင်္ဂလိပ်တို့သည် ဟက်ဘားရှိ မြန်မာခံတပ်ဟောင်းဆီကို တစ်စု ကိုလိယာဘာသို့ တစ်စု ချီတက်သွားတယ်။ အင်္ဂလိပ်တပ်များဟာ အစုကွဲနေတယ်။ မြန်မာတို့သည် ဟက်ဘားမှ ဗိုလ်ကြီးရောဘတ်၏ တပ်စခန်းကို ရုတ်တရက် ဝင်စီးတယ်။ အပြန်အလှန် ပြင်းထန်စွာ တိုက်ခိုက်ကြတယ်။ မြန်မာတို့ဘက်မှ စိန်ပြောင်းများဖြင့် အင်္ဂလိပ်တို့၏ တပ်စခန်းကို ပစ်ခတ်နေသည်။

အင်္ဂလိပ်တို့တွင် မြန်မာတို့ ဆုတ်ခွာမည့်နောက်ကျောဘက်မှ မြင်းတပ်စုတစ်စုဖြင့် ပန်းပြီး စောင့်နေသည်။ ရေရှည်မှာ မြန်မာတို့သည် လက်နက်အင်အားချင်း မမျှဘူး။ ဒါကြောင့် နောက်ကို ဆုတ်ပေးရသည်။ သည်တွင် နောက်မှ အသင့်စောင့်ဆိုင်းနေသည့် အင်္ဂလိပ်တပ်များနှင့် ထပ်ပြီး တိုက်ပွဲဖြစ်ရပြန်သည်။ စစ်မျက်နှာနှစ်ဖက် ညှပ်ပြီး အတိုက်ခံရသည့်အတွက် မြန်မာတို့သည် နောက်ဆုတ်လာခဲ့ရသည်။

မကြာခင်မှာပဲ မိုးရာသီ ရောက်လာပြီ ဖြစ်သည်။ ခရီးလမ်းပန်း ဆက်သွယ်ရေး ခက်ခဲလာတယ်။ ရိက္ခာပစ္စည်း ရှားပါးလာသည်။ ဒါကြောင့် နှစ်ဖက်စစ်မျက်နှာမှာ ငြိမ်သက်နေတယ်။ အာသံစစ်မျက်နှာ၏ ပွဲဦးထွက် တိုက်ပွဲများမှာ အင်္ဂလိပ်တို့အဖို့ အကျိုးကျေးဇူး ဖြစ်ထွန်းခဲ့



တယ်။ ဂိုပရားနှင့် ဂေါဟတ္တိဒေသတစ်ဝန်းမှာ အင်္ဂလိပ်တို့၏ ဩဇာ အာဏာ အခြေစိုက်မိသည်။

မည္ဝတီစစ်မျက်နှာမှာတော့ မြန်မာတို့သည် အောင်ပွဲခံနေသည်။ အဓိကကတော့ ပန်းဝါ စစ်မျက်နှာမှာပေါ့။ ပန်းဝါမှာ တပ်စွဲထားသည့် ဗိုလ်ကြီးနော်တင် ဦးစီးသည့် တပ်ကို မြန်မာတို့က ဝင်တိုက်တယ်။ တပ်လုံးပြုတ်နီးပါးမျှ ဖြစ်သွားတယ်။ ဒါကြောင့် အင်္ဂလိပ်တို့သည် ထိတ်လန့်တကြား ဖြစ်သွားသည်။

ဒါကြောင့် အာသံပြည်ဆီဘက်မှာရှိသည့် အင်္ဂလိပ်တပ်များသည် တောင်ဘက်သို့ ဆင်းလာရသည်အထိ လှုပ်ရှားသွားသည်။ အင်္ဂလိပ်တပ်တို့သည် မြန်မာတပ်သားများအား ကြောက်မက်ဖွယ် ကောင်းသူများ အသွင်ဖြင့် မြင်သွားကြသည်။ သည်တုန်းက မြန်မာတပ် အားလုံးဟာ ကြံ့ကြံ့ခိုင်ခိုင်စိတ်ဓာတ် ထားရှိနေကြတယ်။ အဆင့်ဆင့် ချီတက်တပ်စွဲ လေ့ရှိသည့် စစ်ဆင်ရေးဗျူဟာနှင့် တိုက်ခိုက်တယ်။

ခံတပ်စစ်ဆင်ရေးပေါ့။ မြန်မာတို့သည် ပင်ကိုယ်အားဖြင့် စိတ်ကူး ကောင်းသူများ ဖြစ်တယ်။ ဒါကြောင့် မယိမ်းမယိုင်သည့် စိတ်ဓာတ်ရဲရင့်သည့် သူရသတ္တိများဖြင့် ရင်ဆိုင်လေ့ရှိသည်။

ပန်းဝါသို့ ပြန်လည် ရောက်ရှိလာသည့် အင်္ဂလိပ်တပ်သည် စစ်တကောင်းမှ စစ်ကူကို မျှော်လင့်နေ၏။ ဒါကြောင့် တပ်ကို အင်အား ဖြည့်တင်းနေတယ်။ မကြာခင် နံနက်ခင်း တစ်ခုမှာ မြန်မာတပ်များသည် တန်တော့ပလ္လင်မှ ပန်းဝါသို့ ချီတက်သွားတယ်။ အဲဒီတပ်များဟာ ပန်းဝါ၏ အရှေ့ဘက် တောင်ကုန်းများကို သိမ်းပိုက်လိုက်တယ်။ နောက် တစ်ရက်မှာ မြန်မာတို့သည် မြစ်ကို ဖြတ်ကူးဖို့ ကြိုးစားတယ်။

မရဘူး။ အင်္ဂလိပ်တို့သည် ခြောက်ပေါင်ဒါ အမြောက်နှစ်လက်ဖြင့် လှမ်းပစ်နေသည်။ ဒါကြောင့် နောက်တစ်ရပ်မှာပဲ အင်္ဂလိပ်တပ်၏ အထက်ဘက်မှ ဖြတ်ကူးခဲ့သည်။ အင်္ဂလိပ်တို့အား ဝိုင်းရံထား[illegible] တန်ဘောင်ရိုးပေါ်မှ ဝိုင်းရံပစ်ခတ်ကြတယ်။ အင်္ဂလိပ်တပ်တို့ [illegible] ထားသည့် ဗိုလ်ကြီးနော်တင်သည် သူ၏ တပ်ကို ကန်[illegible] [illegible] ဘက်သို့ ပြောင်းရွှေ့လိုက်တယ်။

www.burmeseclassic.com



အဲဒီမှာ သူ၏ စောင့်ကင်းတစ်စု ရှိတယ်။ အရှေ့အရပ်မျက်နှာစာဘက်မှာ ဝန်းဝါမြစ် ရှိတယ်။ အရှေ့ဘက်ကန်ရိုးတစ်လျှောက်မှာ စစ်တာရီတပ်ခွဲအား ခြောက်ပေါင်ဒါအမြောက်နှင့် နေရာယူထားစေတယ်။ ဒါပေမဲ့ မရဘူး။ သည်တုန်းက မြန်မာတို့သည် ဘီလူးသဘက်လို ရဲရင့်ကြမ်းတမ်းကြတယ်။ ဘာဆိုဘာမှ ထီမထင်ဘူး။ ဒါပဲပေါ့ မြန်မာတို့ရဲ့သွေး၊ ပြည်ချစ်တဲ့ အမျိုးကို ချစ်တဲ့အကြောင်းကို ပြသခွင့် ကြုံနေပြီမဟုတ်လား။

နောက်ဆုံးမှာတော့ မြန်မာတို့သည် အင်္ဂလိပ်တပ်စခန်းရဲ့ ရှေ့နားသို့ ရောက်နေချေပြီ။ အဲဒီနေ့ တစ်နေ့လုံး ပစ်ခတ်တိုက်ခိုက်နေကြသည်။ ဒါပေမဲ့ ထူးမခြားလာဘူး။ ဒါပေမဲ့ အင်္ဂလိပ်တို့ဘက်မှ အမြောက်တပ်သားများသည် အမြောက်စခန်းကို စွန့်ခွာကြပြီ ဖြစ်သည်။ သည့်အတွက် အမြောက်တပ်မှူးများမှာ မည်သို့မျှ မတတ်နိုင်အောင် ရှိတော့တယ်။ သည်အချိန်ဟာ ကျဉ်းထဲ ကျပ်တည်း ရောက်နေသည့် အချိန်ပဲ။ နောက်ထပ် စစ်ကူမလာရောက်ပါမူ အင်္ဂလိပ်တို့ ဆုတ်ခွာဖို့ သေချာနေကြပြီပေါ့။

မြန်မာတို့သည် အင်္ဂလိပ်တပ်ဆီသို့ ပြင်းပြင်းထန်ထန် ချေမှုန်းပစ်ခတ်နေသည်။ မကြာခင်မှာ အင်္ဂလိပ်တပ်များသည် ကန်ဘောင်ရိုးခံစစ်ကြောင်းကို စွန့်ခွာထွက်ပြေးကြ သည်။ မြန်မာတို့သည် ချက်ချင်းပင် နေရာတက်ယူလိုက်တယ်။ အခြေအနေမှာ ခုခံတားဆီးဖို့ မတတ်နိုင်တော့ဘူး။ ဒါကြောင့် ဗိုလ်ကြီးနော်တင်သည် ဆုတ်ခွာရန် အမိန့်ပေးလိုက်ရတော့သည်။

အင်္ဂလိပ်တပ်များ ဆုတ်ခွာနေတုန်း မြန်မာတို့၏ မြင်းတပ်ဖွဲ့တစ်ဖွဲ့ဟာ တရကြမ်း ရောက်လာတယ်။ စစ်သွေးစစ်မာန်များနှင့် ပြည့်ဝနေသည့် မြန်မာတို့သည် စစ်ကြွေးကြော်သံ များ ဟစ်အော်ပြီး ရဲရင့်စွာဝင်ရောက်ထိုးခုတ်ကြတယ်။ အင်္ဂလိပ်တပ်သည် ထိန်းသိမ်းလို့ မရတော့လောက်အောင် အတင်းဆုတ်ခွာသွားကြတယ်။ ကြီးကျယ်သော ကစင့်ကလျားနှင့် တပ်ပျက်သွားကြရတာပဲ။



သည်တိုက်ပွဲမှာ အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ကြီးနော်တင်၊ ဗိုလ်ကြီးထရူးမင်း၊ ဗိုလ်ကြီး ပရင်ဂလေး၊ ဗိုလ်ဂရစ်၊ ဗိုလ်နက်၊ လက်ထောက်ဆရာဝန် ဖေစမိုးတို့ ကျဆုံးသွားသည်။ ဗိုလ်စကော့နှင့် အက်စဘဲလ်တို့မှာ ဒဏ်ရာရရှိသွားတယ်။

သေနတ် ၅၀၀ ကျော်၊ ၆ ပေါင်ဒါအမြောက် နှစ်လက်၊ သဘော်မြင်းအစီး ၂၀၊ ဆင် ၅ စီး ရလိုက်သည်။ အဲဒီတိုက်ပွဲမှာ ဦးဆောင်သည့် အတွင်းဝန်မင်းကြီး မဟာသီဟသူရဟာ တခြားသူ မဟုတ်ဘူး မြဝတီမင်းကြီးဦးစ ဖြစ်သည်။ သူဟာ နှလုံးရည်မှာ တော်သလို လက်ရုံးရည်မှာလည်း ကျော်ကြားသူတစ်ဦး ဖြစ်သည်။

သည်တုန်းက သာယာဝတီမင်းသားဟာ နောင်တော်ဘကြီးတော်မင်း၏ အမိန့်တော်ကြောင့် သာယာဝတီမြို့မှာ အခိုင်အလုံ အစည်းအကြပ်နေတယ်။ ပြီးတော့ ၁၁၈၆ ခု၊ တန်ဆောင်မုန်းလဆန်း၊ ၅ ရက်နေ့မှာ ဟံသာဝတီကြောင်း ချီတက်တယ်။

ခနုဖြူ စံအိမ်မှာ စံနေတုန်းပဲ သာယာဝတီမင်းသားအဖို့ သတင်းစကားတစ်ခုဟာ ကြားသိလာတယ်။ မမြကြုပ်ရဲ့ တင့်တယ်လှပသည့် သတင်းစကားပေပဲ။ သည်တုန်းက မမြကြုပ်သည် ဟင်္သာတမြို့၏ တောင်ဘက်ကင်းရွာမှာ နေတယ်။ သူ့ရဲ့ ဂုဏ်သတင်းဟာ ပျံ့မွှေးနေတယ်။ ဒါကို သာယာဝတီမင်းသားက လိုချင်လာတယ်။ ဇနီးမယားအဖြစ် သိမ်းပိုက်လိုက်တယ်။

မဆန်းပါဘူး။ သက်ဦးဆံပိုင်ခေတ်ကာလရဲ့ ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ မင်းညီမင်းသားဆိုတာကလည်း နိုင်ငံတော်မှာ အာဏာရှိသည့် လူတန်းစားပဲ။ ရွှေမြို့တော်မှာတင်မကဘူး သူသွား လေရာမှာ လုပ်ချင်ရာလုပ်လို့ရတယ်။ ရောက်လေရာအရပ်ရပ်မှာ အိမ်ထောင်ကျနိုင်တယ်ပေါ့။ သူတို့နှစ်သက်ရာကို ကောက်ယူသည့် အလေ့အထမှာလည်း အစဉ်အလာလိုဖြစ်နေသည်။

သည်လို ကာမဂုဏ်ပျော်မွေ့တတ်လို့လည်း ရွှေနန်းတော် အတွင်းရေးများဟာ ရှုပ်ထွေးစေတယ်။ အဲဒီကိစ္စရပ်တွေဟာ သူတို့ရဲ့ အလေ့

www.burmeseclassic.com



အထတစ်ခုပဲ။ အဲဒီအလေ့အထကြောင့် လူမှုရေး ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေခဲ့တယ်။

သူတို့ဟာ သာကီဝင်မင်း အနွယ်တော်များဆိုပြီး မာန်ဝင့်ကြွားခဲ့ကြတယ်။ ဘုရင်မင်း တရားကြီးတင်မကဘူး မင်းညီမင်းသား ဆွေတော်မျိုးတော်များကလည်း သည်အတိုင်းပဲ။ မော်မော်ကြွားကြွားပဲ။ ဒါကို ပြည်သူပြည်သားတွေက ရိုကျိုးဝပ်တွားခဲ့ရတယ်။ မရိုသေလို့ကလည်း မဖြစ်ဘူး။ သူတို့အားလုံးဟာ မားတစ်ချောင်းပိုင်သည့် လူတွေမို့လား။

ခုလည်းကြည့်လေ။ ပဒေသရာဇ်ရဲ့ ကျေးကျွန် မမြကြုပ်အဖို့ ဘုမသိ ဘမသိနှင့် တော်ကောက်ခြင်း ခံနေရပြီ။ သူ့အဖို့မှာ ခံ့မင်း၏ သမီးတစ်ယောက်အနေနှင့် ထိုက်သင့်သည့် နေရာရပြီး ဖြစ်တယ်။ သင့်တင့်မျှတစွာ နေထိုင်ရသည်။ အပျိုအရွယ် ဖြစ်နေပြီမို့လည်း အချစ်ရေး၊ အိမ်ထောင်ရေးတို့ကိုလည်း ရင်ဖိုမိသည်။

မေတ္တာအရင်း မခံဘဲ ပြုရမည့် အိမ်ထောင်ရေးကိစ္စကို ဝန်လေးတယ်။ ဘယ်အထိ မြင့်မားသည့် စည်းစိမ် ဖြစ်ပါစေ မလိုချင်ပါဘူး။ မင်းညီမင်းသား၏ မယားဖြစ်ရမှာဆိုတော့ အခြေမြင့်သည်ကား မှန်သည်။ တပ်မက်ဖွယ် ကောင်းတာပေါ့။ ဒါပေမဲ့ သူ့ဘဝရဲ့ တစ်ခါသာ ဖူး၊ တစ်ခါပွင့်ရသည့် အချစ်ရေးကို မင်းမိန့်အာဏာအောက် အရောက် ဆက်သရမှာကိုတော့ ဝန်လေးသလိုပဲ။ ဝန်လေးတာထက် ယူကြုံးမရမှုက ပိုတယ်ဆိုရမှာပေါ့။

ဘာပဲဖြစ်ဖြစ်ပေါ့။ မင်းအမိန့်ဟာ တစ်ခုတည်းသော အာဏာမို့ မမြကြုပ်အဖို့ သာယာဝတီမင်းသားရဲ့ ဇနီးမယား ဖြစ်ခဲ့ရတယ်။ သာယာဝတီမင်းသားအဖို့ ဇနီးမယား များပြားလှတယ်။ ဒါပေမဲ့ မမြကြုပ်အပေါ် အချစ်ပိုခဲ့ဟန်ရှိရဲ့။ ကောက်ယူစကပဲ ရွှေလောင်းတိုက်ကို အပိုင်စား ချီးမြှင့်ခဲ့တယ်။

သည်တုန်းက မြန်မာတို့သည် ရမ်ဂပူမြို့မှာ တပ်စွဲထားတယ်။ ဂေါရီစဂါးဒေသမှာတော့ အင်္ဂလိပ်တပ်ဌာနချုပ်စခန်း ဖွင့်လိုက်တယ်။ မြန်မာတပ်စွဲထားသည့် ရမ်ဂပူမြို့မှာဆိုရင် ရှစ်မိုင်မျှပဲ ကွာဝေးတယ်။ မြန်မာတို့



သည် နမ်ဒေါင်းဖောင်း၏ တံတားမှာ အစောင့်ချထား သည့် အင်္ဂလိပ်တပ်သားများကို ဝင်ရောက်တိုက်ခိုက်တယ်။ ဒါကို အင်္ဂလိပ်က ပြန်ပြီး လက်စားချေသည့်အနေနှင့် ရမ်ဂပူမြို့ကို သိမ်းယူရန် ချီတက်သည်။

ရမ်ဂပူမြို့ကို သွားရာလမ်းဆုံမှာ မြန်မာတပ်စခန်းတစ်ခု ရှိသည်။ အင်္ဂလိပ်တို့သည် ရွှေ့ပြောင်းကင်းတပ်ဖြင့် အဆိုပါ တပ်စခန်းကို ဝင်ရောက်တိုက်ခိုက်သည်။ ဒါကို မြန်မာတို့က ဆီးကြိုပြီး ပြန်လှန်ပစ်ခတ်သည်။ အမြောက်များနဲ့ ထုတယ်။ အင်္ဂလိပ်ရွှေ့ပြေး ကင်းတပ်လည်း ခံတပ်၏ လက်ဝဲလက်ယာဘက်မှာရှိသည့် တောထဲသို့ ဆုတ်ခွာရသည်။

အင်္ဂလိပ်တို့လည်း ဟောင်ဝစ်ဇာ အမြောက်များဖြင့် မြန်မာ့ခံတပ်ကို ပြန်လှန် ပစ်ခတ်တယ်။ အဲဒီတိုက်ပွဲမှာ နှစ်ဦးနှစ်ဖက်စလုံး ပြင်းထန်စွာ တိုက်ကြတယ်။ နှစ်ဖက်စလုံး အကျအဆုံးများ ရှိကြသည်။ မြန်မာတို့သည် တစ်ညလုံးလုံးပဲ အမြောက်နှင့် ပစ်ခတ်နေတယ်။ ဒါပေမဲ့ အင်္ဂလိပ်စစ်တပ်ကို မထိဘူး။ မရောက်ဘူးပေါ့။ နံနက်မိုးလင်းကျမှပဲ ရပ်နားသွားသည်။

နောက်တစ်ရက်မှာ ရမ်ဂပူရှိ မြန်မာတပ်စခန်းမှ အလံဖြူပြတယ်။ တိုက်ပွဲ ခေတ္တနားခြင်းပေါ့။ အလံဖြူ ကိုင်ဆောင်လာသည့် မြန်မာသံတမန်တစ်ဦးသည် စစ်ပြေငြိမ်းရန်အတွက် စကားကမ်းလှမ်းလာသည်။ အကြောင်းကတော့ အာသံနှင့် မဏိပူရတစ်ခွင်ရှိ မြန်မာတပ်များအားလုံး နေပြည်တော်သို့ ပြန်လည်ဆုတ်ခွာရမည်ဆိုသည့် ဘုရင့်အမိန့်တော်အရ ဖြစ်သည်။ ဒါကြောင့် တပ်များ ပြန်လည် စုစည်းရာတွင် အနှောင့်အယှက်မရှိ ဆုတ်ခွာ နိုင်ရေးတို့အတွက် စစ်ပြေငြိမ်းရေးကို တောင်းဆိုတာ ဖြစ်သည်။ အင်္ဂလိပ်တို့ကလည်း ကောင်းစွာ လက်ခံလိုက်သည်။

နောက်ရက်အနည်းငယ်မှာပဲ မြန်မာတပ်များသည် ရှမ်းပြည်မှ နေပြည်တော်သို့ ဆုတ်ခွာ သွားကြသည်။ အဲဒီအချိန်မှာ အင်္ဂလိပ်တို့သည် အောက်မြန်မာနိုင်ငံကို သိမ်းယူနေပြီ။ မာန်အောင်ကျွန်း၊ ဒေါင်းကျွန်း တိုင်းကြီးကျွန်းများကိုပေါ့။

www.burmeseclassic.com

www.burmeseclassic.com



၁၈၂၄ ခုနှစ်၊ မေလ၊ ၁၀ ရက်နေ့မှာ ရန်ကုန်မြို့ကို အင်္ဂလိပ်စစ်တပ် သိမ်းယူသည်။ ဦးစီးသည့်သူကတော့ ဂျင်နရယ်ဆာအာချီဘောတင်းဘဲလ် ဖြစ်သည်။ သူတို့သည် ရေကြောင်းမှလှည့်ပြီး ရန်ကုန်ကို ဝင်ရောက်သိမ်းပိုက်ဖို့ စီစဉ်နေကြပြီ။

သည်အကြံကို ဗိုလ်မှူးမင်းကြီးသတိုးမဟာဗန္ဓုလက တွေးဆပြီးသား။ ဒါကြောင့် တပ်ကျွံအောင် လိုက်လံတိုက်ခိုက်ခြင်း မပြုဘူး။ တပ်မကြီးကို ထိန်းထားသည်။ မြန်မာတပ်များသည် ဓညဝတီမှာ တပ်စွဲရပ်ရင်းအားယူနေသည်။ ဒါကို ဆာအာချီဘောကင်းဘဲလ် ကြီးမှူးသည့် အင်္ဂလိပ်ရေကြောင်း ချီတပ်များသည် ရန်ကုန်မြို့ကို လုပ်ကြံဖို့ ပြင်ဆင်နေလေရဲ့။

သူတို့သည် စစ်ကြောင်းသုံးကြောင်းခွဲပြီး ချီတက်လာတာ ဖြစ်သည်။ ရန်ကုန် စစ်ကြောင်းကို ဗိုလ်ချုပ်ကင်းဘဲလ်က ဦးစီးတယ်။ မာန်အောင်ကျွန်းကို ဗိုလ်မှူးချုပ်မက်ကရာက ဦးစီးတယ်။ မာန်အောင်ကျွန်းကို ဗိုလ်မှူးချုပ် မက်ကရာက ဦးစီးတယ်။ ဟိုင်းကြီးကျွန်း စစ်ကြောင်းကို ဗိုလ်မှူးလာဟစ်က ဦးဆောင်သည်။

အင်္ဂလိပ်ရေတပ်စုသည် ရန်ကုန်မြစ်ကြောင်းအတိုင်း ဆန်တက်ချဉ်းကပ်လာခဲ့သည်။ ဒါကို မြန်မာအမြောက်စခန်းက စတင်ပစ်ခတ်သည်။ အင်္ဂလိပ်စစ်သင်္ဘောလစ်ဖီကလည်း ပြန်လည်ပစ်ခတ်သည်။ သည်တုန်းက ရန်ကုန်မြို့မှာ မြို့စောင့်တပ်လောက်ပဲ ရှိသည်။

ရန်ကုန်မြို့၏ အနေအထားမှာ လှိုင်မြစ်သည် အနောက်မြောက်ဘက် ရှိသည်။ မြို့၏ မြောက်ဘက်မှ ပုဇွန်တောင်ချောင်းက ပတ်စီးဆင်းလာသည်။ အရှေ့မြောက်ဘက်မှ ပဲခူးမြစ် စီးဆင်းလာပြီး ရန်ကုန်မြစ်ဟာ တောင်ဘက်မှ အတားအဆီးသဖွယ် ရှိနေတာယ်။ ဒါပေမဲ့ မြို့၏ ဆင်ခြေဖုံးဒေသများမှာ အကာအကွယ် ပြုလုပ်မထားဘူး။ မြို့တော်တွင်းမှာတော့ အမြင့်ဆယ်ပေ၊ ဆယ့်နှစ်ပေအထိ မြင့်မားသည့် သစ်တပ်ဖြင့် ကာရံထားသည်။

အဲဒီသစ်တပ်မြို့ရိုး၏ မြောက်ဘက်မှ တံခါးပေါက်နှစ်ခု ထားရှိသည်။ ကျန်သုံးဘက်မှာ တော့ တံခါးပေါက်တစ်ခုစီပဲ ရှိသည်။



သည်အချိန်တွင် ရန်ကုန်မြို့မှာ ဟံသာဝတီမြို့ဝန် မရှိဘူး။ နေပြည်တော်သို့ ပြန်ခေါ်ခြင်း ခံထားရသည်။ နောက်ထပ်မြို့ဝန်မင်းအသစ်လည်း ရောက်မလာသေးဘူး။ ဒါကြောင့် ရေဝန်က ခေတ္တအုပ်ချုပ်နေရချိန် ဖြစ်သည်။

ရေဝန်မင်းကြီးအဖွဲ့ အကျဉ်းအကျပ် တွေ့ရှိနေရချိန် ဖြစ်တယ်။ သူဟာ ရနိုင်သမျှ သော မြို့စောင့်တပ်သားများဖြင့် ခုခံနေသေးသည် ဓရဘူး။ အင်အားချင်းကလည်း မမျှဘူး။ တင်ကြိုပြင်ဆင်မှုလည်း မရှိခဲ့ဘူး။ ဒါကြောင့် နောက်ဆုတ်ခွာပေးနေရတယ်။ အင်္ဂလိပ်တပ်များသည် မြို့တွင်းအထိ ဆက်လတ်ချီတက်လာသည်။ သည့်နောက် ရွှေတိဂုံကုန်းတော်ကို သိမ်းပိုက်ထားသည်။ အဲဒီနေရာဟာ စစ်ဆင်မှုအချက်အခြာ အကောင်းဆုံးနေရာပဲ။

ခုဆိုလျှင် နေပြည်တော်က မြန်မာတပ်များသည် ရန်ကုန်သို့ စုန်ဆင်းလာနေပြီ ဖြစ်တယ်။ သတိုးမဟာသေနာပတိ ဦးစီးသည့်တပ်များသည် ရန်ကုန်ကို အင်္ဂလိပ်တပ်များ သိမ်းယူသည့် မေလ၊ ၁၁ ရက်နေ့အထိ ရောက်မလာကြသေးဘူး။ သည်တော့ ရေဝန်မင်းကြီးမှာ ဖြစ်သလိုနှင့် ရင်ဆိုင်နေရရှာသည်။

ရွှေတိဂုံကုန်းတော်ကို သိမ်းယူသွားပေမဲ့ မြန်မာတို့သည် အားမလျှော့သေးဘူး။ လှိုင်မြစ်အထက်ပိုင်းမှာ စစ်လှေကြီးများ စုဆောင်းနေတယ်။ မီးဖောင်များ ဆောက်လုပ်နေ တယ်။ ဒါကို အင်္ဂလိပ်တပ်တို့က သတင်းရသွားတယ်။ သူတို့သည် သတင်းထောက်လှမ်းခဲ့သည်။ တပ်သားပေါင်း လေးဆယ်နှင့် ခသေနတ်များဖြင့် ပစ်ခတ်ခြင်းခံခဲ့ရသည်။ အသွား ရော အပြန်မှာရော ခံရတာပဲ။

ကြည့်မြင်တိုင်ဘက်မှာလည်း ခံတပ်တစ်ခု တည်ဆောက်နေကြောင်း အင်္ဂလိပ်တို့ သိသွားတယ်။ မြန်မာတို့ တည်ဆောက်နေသည့် ခံတပ်များ ပြီးသွားပါမှ သူတို့အတွက် များစွာအကျပ်အတည်း တွေ့မည်ကို သိကြသည်။ ဒါကြောင့် ခံတပ်မပြီးခင်မှာ သွားရောက် တိုက်ခိုက်ရန် သင်္ဘောလေးစင်းနှင့် ချီတက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့၏ ခံတပ်အနီးတစ်ဝိုက်မှာ ဆူးညှောင့်ခလုတ်များ ပြုလုပ်ထားတယ်။ သည့်အတွက် အင်္ဂလိပ်တို့များစွာ အခက်အခဲ ဖြစ်ကြရသည်။ အနီးတစ်တိုက်ပွဲ ဖြစ်သည်။ အင်္ဂလိပ်တို့သည် လှံစွပ်များ တပ်ပြီး အတင်းဝင်ရောက်တိုက်ခိုက်တယ်။ မြန်မာတို့ကလည်း မားစကက် သေနတ်များ လှံများဖြင့် ရဲရင့်စွာ ဆီးကြိုခုခံတိုက်ခိုက်တယ်။ မြန်မာတို့သည် သတ္တိမနည်းကြောင်း။ ရဲရဲရင့်ရင့်နှင့် ခုခံတိုက်ခိုက်ကြောင်းများကို အင်္ဂလိပ်များ သိရှိသွားကြသည်။

သည်ကြည့်မြင်တိုင် ခံတပ်တိုက်ပွဲသည် ပထမဆုံးတိုက်ပွဲဖြစ်သည်။ အင်္ဂလိပ်စစ်တပ် သွေးတိုးလာစမ်းသည့် ပွဲပဲ။ သည်အချိန်မှာ မနုဖြူတွင် တပ်စွဲထားသော သာယာဝတီ မင်းသား၏ တပ်များသည် သာယာဝတီမြို့သို့ ရွှေ့ပြောင်းတပ်စွဲထားလိုက်သည်။ မမြကြုပ်တို့ သားအမိလည်း ရတနာပူရအင်းဝမြို့တော်သို့ လိုက်ပါသွားရသည်။

ကျီဝန်ကြီးနှင့် စကြာဝန်ကြီးတို့သည် ကြည့်မြင်တိုင်ရှိ တပ်များကို ကွပ်ကဲအုပ်ချုပ်သည်။ ပုဇွန်တောင်၊ တာမွေ၊ ကံဘဲ့ အစရှိသည့် အရပ်များမှာ ရေဝန်နှင့် တပ်မှူးများက အုပ်ချုပ်သည်။ အရံတပ်များအဖြစ် တပ်စွဲရပ်နေသည်။ မြန်မာတပ်သားများသည် မီးကုန် ယမ်းကုန် တိုက်ခိုက်ဖို့ ဆုံးဖြတ်ထားသည်။ လမ်းမများနှင့် လူသွားလမ်းများမှာပင် ကတုတ်ကျင်းများ ဆောက်လုပ်နေသည်။

အင်္ဂလိပ်စောင့် ကင်းများသည်လည်း ညအချိန်များတွင် သွားရောက်ချောင်းမြောင်း ပစ်ခတ်နေသည်။ အင်္ဂလိပ်တပ်များသည် ကြည့်မြင်တိုင်ခံတပ်ကို သိမ်းယူဖို့ ကြိုးစားနေ သည်။ အနားရောက်သည်နှင့် ခံတပ်တွင်းရှိ မြန်မာတို့က ပြင်းပြင်းထန်ထန် ဆီးကြိုပစ်သည်။ သည်ပွဲမှာ အင်္ဂလိပ်တို့က အတော်နာသည်။ မြစ်အတွင်းမှာရှိသည့် အင်္ဂလိပ်သင်္ဘောမှ ပစ်လွှတ်လိုက်သည့် ကျည်ဆံများသည် အင်္ဂလိပ်တပ်များ ရှိရာသို့ နေရာမှားပြီး ကျရောက်သည်။ သည်တော့ ကြည်းကြောင်းမှာ တိုက်နေရသည့် အင်္ဂလိပ်တို့မှာ နှစ်ဖက်ညှပ်ပြီး အတိုက်ခံနေရသည် ဖြစ်နေသည်။



မြန်မာတို့ကလည်း သဲသဲမဲမဲ တိုက်သည့်အတွက် အင်္ဂလိပ်တစ်များတာ အကျအဆုံး များစွာဖြင့် ဆုတ်ခွာသွားရသည်။ နောက်ရက်အနည်းငယ်မှာပဲ စစ်ရပ်ဆိုင်းဖို့အတွက် မြန်မာတို့က စကားကမ်းလှမ်းသည်။

ပုသိမ်မြို့ဝန်နေမျိုးမဟာကျော်စွာ၊ တရုတ်စာရေးနေမျိုးကျော်သူတို့ကို ကိုယ်စားလှယ်အဖြစ် စေလွှတ်လိုက်သည်။ ဗိုလ်ချုပ်ကင်းဘဲလ်နှင့် နိုင်ငံရေး အရာရှိ ဗိုလ်မှူးကံနင်းတို့က ကောင်းမွန်စွာ ညှိခံဆွေးနွေးသည်။ ဒါပေမဲ့ မပြေလည်ဘူး။ မြန်မာကိုယ်စားလှယ် နှစ်ဦး လာရောက်ဆွေးနွေးခြင်းမှာ မိမိတို့၏ တပ်အင်အားကို လာရောက် စုံစမ်းခြင်းဖြစ်သည်။ ပြီးတော့ မြန်မာတပ်များ အင်အားဖြည့်တင်းဖို့ အားယူချိန်ဖြစ်သည်လို့ အင်္ဂလိပ်တို့က ယူဆသည်။

ဒါနဲ့ အင်္ဂလိပ်တို့သည် ကြည့်မြင်တိုင်ခံတပ်ကို ဆက်လက်တိုက်ခိုက်သည်။ အင်္ဂလိပ်တို့သည် ခံတပ်၏ နံရံအား အမြောက်ကြီးများဖြင့် ပစ်သွင်းတိုက်ခိုက်လာသည်။ နှစ်နာရီမျှ ကြာသည်။ အမြောက်ကျည်ဆံ ဒဏ်ကြောင့် ခံတပ်၏ နံရံတစ်နေရာမှာ ပေါက်ကွဲသွားသည်။ သည်တွင်မှ မြန်မာတို့လည်း ကြည့်မြင်တိုင် ခံတပ်ကို စွန့်လွှတ်လိုက်တာပဲ။

သုံးပါးဝန်လည်း ရန်ကုန်ရောက်သည်နှင့် ကျီဝန်ကြီး၊ စကြာဝန်ကြီးတို့နှင့် တိုင်ပင်သည်။ တပ်မကို ရန်ကုန်မြို့၏ အနောက်မြောက်ဘာမာရွတ်ခံတပ်မှာ ရပ်တည်နေသည်။ အဲဒီကနေပြီး ရွှေတိဂုံကုန်းပေါ်မှာ တပ်ချနေသည့် အင်္ဂလိပ်တို့ကို တိုက်ခိုက်ဖို့ ကြိုးပမ်းတယ်။

ရက်အနည်းငယ်အတွင်းမှာပဲ မြန်မာတပ်များသည် အင်္ဂလိပ်တစ်များဆီသို့ စတင် ချီတက်နေသည်။ စစ်ကြောင်းသည် ကြည့်မြင်တိုင်ခံတပ်မှ ရွှေတိဂုံဘုရားအထိ တပ်ဖြန့်ထားသည်။ အင်္ဂလိပ်တို့၏ လတ်ဝဲစစ်ကြောင်းအတိုင်း ချီလာခြင်းဖြစ်သည်။

စစ်ကြောင်း သုံးကြောင်းသည် အင်္ဂလိပ်တပ်၏ ညာဘက်တောင်ဆီတို့ ဖြန့်တက်သွားသည်။ ရွှေတိဂုံဘုရား၏ အရှေ့ဘက်ကို ချီတက်သွားပြီး ပုဇွန်တောင်၏ တစ်တက်ဘက်နား တပ်ဖြန့်ထားသည်။ သည့်နောက် မြန်မာတို့၏ လက်ဝဲစစ်ကြောင်းသည် အင်္ဂလိပ်တို့၏ ကြည့်တင်း ခေါင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်တိုက်ခိုက်တယ်။ ပြီးမှ ကင်းစခန်းအနီးမှာရှိသည့် တောင်ထုန်းငယ်တို့ သိမ်းပိုက်ထားလိုက်သည်။

မြန်မာတို့၏ အစီအစဉ်ဟာ ရှင်းတယ်။ အင်္ဂလိပ်တို့၏ စစ်ကြောင်းရှေ့မှာရှိသည့် ကြည့်ကင်းစခန်း နှစ်ခုကို တိုက်ခိုက်သိမ်းယူမည်။ ပြီးမှ ဗဟိုစစ်ကြောင်းကို ဝင်ရောက် တိုက်မည်။ တစ်ဆက်တည်းပဲ လက်ယာဘက် စစ်ကြောင်းဟာ အင်္ဂလိပ်တို့၏ လက်ဝဲစစ်ကြောင်းဆီသို့ ထိုးဖောက်ပြီး ဗဟိုစစ်ကြောင်း၏ အနောက်ဘက်မှ ပန်းဝိုက်တိုက်ခိုက်ဖို့ပဲ။ ဒါပေမဲ့ အစီအစဉ်အတိုင်း ဖြစ်မလာဘူး။

တောင်ကုန်းမှာ နေရာယူထားသည့် မြန်မာ့တပ်ကို အင်္ဂလိပ်က ဟောင်ဝစ်ဇာ အမြောက်များနှင့် အတင်းပစ်ခတ်နေသည်။ ဒါကြောင့် မြန်မာတပ်ဦးလည်း အနောက်ဘက်ကို ဆုတ်ခဲ့ရသည်။ အနောက်ဘက်မှာရှိသည့် သစ်တောတွင်းကိုပေါ့။ အဲဒီတပ်ဦးက အချက်ပြအလံကို စောင့်နေတယ်။ လက်ယာစစ်ကြောင်းလည်း တပ်ဦးနောက်ဆုတ်သည့် စစ် ကြောင်း ဖြစ်သည်။ ဒါနဲ့ သူတို့လည်း နောက်ဆုတ်သွားကြသည်။ အဲဒီတိုက်ပွဲဟာ မြန်မာတို့ အကြံအစည် ပျက်ပြီး နောက်ဆုတ်ခဲ့ရသည့် တိုက်ပွဲ ဖြစ်သည်။

* * *

# ရန်ကုန်စစ်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

# ၄

ရွှေတိဂုံဘုရားမှာ တပ်စွဲထားသည့် အင်္ဂလိပ်တို့သည် မြောက်အရပ်သို့ ချီတက်သွားကြသည်။ ဗိုလ်ချုပ်ဂျက်ဆင် ဦးစီးတာပဲ။ ကမာရွတ်ခံတပ်ဆီကို ချီတက်ခြင်း ဖြစ်သည်။ ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြသည်။ ကမာရွတ်ခံတပ်ကို ဦးစီးသည့် သုံးပါးဝန်ကြီးသည် ကြံ့ကြံ့ခံတိုက်ခိုက်သည်။ မြန်မာတို့သည် ခံတပ်မကြီး၏အတွင်း ခံကတုတ်များက နေပြီး အမြောက်စိန်ပြောင်းများဖြင့် ပြင်းပြင်းထန်ထန် ခုခံသည်။

နှစ်ဖက်တပ်မှူး အရောရော အထွေးထွေး ဖြစ်ကုန်သည်။ လက်တစ်ကမ်း တိုက်ပွဲများ ဖြစ်နေတယ်။ အဲဒီတိုက်ပွဲမှာ သုံးဝန်ကြီးနှင့် ဝန်ထောက်မင်းကြီးနေဘ်ရထာတို့ ကျဆုံးသည်။ ဒါကြောင့် မြန်မာတပ်များ ရွေ့ပေးလိုက်ရသည်။ မြန်မာတို့ ရှုံးနိမ့်ပေမဲ့ ဂုဏ်မငယ်ခဲ့ ဘူး။ မြန်မာတို့ဟာ ရဲရင့်စွာဖြင့် တိုက်ခိုက်ခဲ့ကြသည်။

ဘကြီးတော်မင်းလည်း သုံးပါးဝန်ကြီး ကျဆုံးကြောင်း ကြားသိတော်မူသည်။ ညီတော် သာယာဝတီမင်းသားလည်း မနူဖြူအရောက် ချီတက်တပ်စွဲနေသည်။ ရခိုင်စစ်မျက်နှာမှာ ရှိနေသည့် စစ်သူကြီး သတိုးမင်းကြီးမဟာဗန္ဓုလကလည်း ရန်ကုန်သို့ အပြင်းချီလာသည်။

သည်တုန်းက သူ့အသွင်ဟာ တည်တည်ငြိမ်ငြိမ်ပဲ ရှိနေသည်။ သေးငယ်သည့်အမှု ကိစ္စဖြစ်ပါစေ သူ့စိတ်ကို တည်ငြိမ်စွာထားပြီး ထုပ်တတ်သည်။ အခုအရေးဟာ တစ်ကိုယ်တော်အရေး မဟုတ်တော့ပြီ

www.burmeseclassic.com



နိုင်ငံတော်၏ အရေးပဲ။ သည်အရေးမှာ နိုင်ငံတော်ရဲ့ သွေးသားသဖွယ် ဖြစ်နေသည့် လူအားလုံးမှာ တာဝန်ရှိသည်။

တစ်ကျွန်းသား အင်္ဂလိပ်တို့သည် ရိုးသားလှသည့် လူတွေမဟုတ်ဘူး နိုင်ငံ့ထက်စီးနင်း နှင့် လာရောက်စော်ကား ရန်စနေတာပဲ။ ဒီအရေးမှာ ပေါ့ပေါ့ဆဆ လုပ်ကြံခဲ့လျှင် တစ်မျိုးသားလုံး သူ့ကျွန်ဘဝ ရောက်ရချေတော့မည်။ သူတို့၏ ကျွန်ဖြစ်ရခြင်းထက် တိုက်ရင်းသေပါက မြတ်ပေသည်။

အခုအရေးသည် တို့မြေတို့သွေးနှင့် ရင်းပြီး လဲယူရမည့်အရေးပဲ။ ဒါပဲပေါ့ အမျိုးချစ်တဲ့ သူတို့အဖို့ အသက်ကို ဂရုပြုနေဖို့ အချိန်မရှိဘူး။ အသက်သွေးနှင့် စတေးရမှာပဲပေါ့။

မြို့လတ်မင်းကြီး အုပ်ချုပ်သည့် တပ်မှာ ပုဇွန်တောင်က လှည့်ပြီး ရန်ကုန်သို့ ချဉ်းကပ် ရမည်။ မင်းထင်မင်းခေါင် အုပ်ချုပ်သည့်တပ်မှာ မြောက်မျက်နှာ ဆံတော်ကြိုလမ်းမှ ဝင်တိုက်ရမည်။ အတွင်းဝန်ကြီး မဟာမင်းလှရာဇာ၏ တပ်မှာ ရွှေတိဂုံကုန်းပေါ်အရောက် ချီတက်ရမယ်။ ကြည့်မြင်တိုင်မှ ရန်ကုန်မြို့ထဲ ဝင်ရောက်တိုက်ရမည်။ လက်ဝဲဝင်းမှူးကြီး အုပ်ချုပ်သည့် တပ်မှာ ကြည့်မြင်တိုင်မှ ရန်ကုန်မြို့ထဲ ဝင်တိုက်ရမည်။ နောက်တပ်မကို အုပ်စီးပြီး မဟာဗန္ဓုလကိုယ်တိုင် ထိန်းသိမ်းပြီး တိုက်ခိုက်ကြသည်။

မြန်မာတို့သည် ရွှေတိဂုံကုန်းတော်ကို အလယ်ဗဟိုထားပြီး တိုက်တယ်။ အချို့ မြန်မာတပ်များသည် နှစ်ဖက်ကမ်းသို့ ကူးပြောင်းချီတက်သည်။ မြစ်အတွင်းမှာရှိသည့် အင်္ဂလိပ် သင်္ဘောကြီးများကို အမြောက်ကြီးများဖြင့် လှမ်းပစ်နေသည်။

အင်းဝမှ စစ်မြေပြင်သို့ စေလွှတ်ခဲ့သမျှ တပ်များမှာ မဟာဗန္ဓုလ၏ တပ်များသည် အင်အားအကြီးဆုံး ဖြစ်သည်။ အကောင်းဆုံးသော လက်နက်များ တပ်ဆင်ထားသည့်တပ် ဖြစ်သည်။ သေနတ်ကိုင်တပ်သား ၃၅၀၀၀ ရှိသည်။ စိန်ပြောင်းငယ်များကို ကိုင်စွဲထားကြသည်။ ဂါသည်းမြင်းစစ်သည်တော်ပေါင်း ၅၀,၀၀၀ ပါရှိသည်။ တပ်သား အစုအဝေးများမှာ အမြောက်ကြီးများဖြင့် တွဲဖက်ထားသည်။



ကျန်တပ်သားများက ဓားလှံများကို ကိုင်စွဲထားကြသည်။ ခံတပ်ဆောက်လုပ်ဖို့နှင့် ကတုတ်ကျင်းများတူးဖို့ လိုအပ်သော လက်နက်ကရိယာများ အသီးသီးပါကြသည်။ အဲဒီ တပ်သားမျိုးကို ဆောက်လုပ်ရေးတပ်သားလို့ ခေါ်တယ်။ သေနတ်ကိုင် တပ်သားများနှင့် တွဲဖက်ထားသည်။

သေနတ်ကိုင် တပ်သားများက သေနတ်ဖြင့် ပစ်ခတ်ကာကွယ်နေစဉ် ဆောက်လုပ်ရေး တပ်သားများက ကတုတ်ကျင်း တူးပေးရသည်။ ခံစစ်ပြုနေသည့် ရန်သူ့နေရာသို့လည်း ချဉ်းကပ်နိုင်ရန် လမ်းထွင်ပေးရသည်။ အခြေအနေကို ကြည့်ပြီး တစ်လှည့်စီ အကူအညီ ပေးရသည်။ မြန်မာစစ်သည်များသည် တောင့်တင်းခိုင်မာသည့်သူများ ဖြစ်သည်။ ဒါကြောင့် သူတို့၏ လှံရှည်များနှင့် ဓားလွတ်တိုများသည် အနီးကပ်တိုက်ပွဲများမှာ သေနတ်များနှင့် လှံစွပ်များကို ပိုမိုအနိုင်ရရှိကြသည်။

အင်္ဂလိပ်စစ်သင်္ဘောများ မြစ်ကြောင်းတွင် ဆီးဆို့နေခြင်းသည် ကြီးမားသည့် အန္တရာယ်ဖြစ်ကြောင်း မဟာဗန္ဓုလက သိသည်။ သည်တော့ တစ်နည်းတစ်ဖုံ တိုက်ခိုက်ဖို့ ကြံစည်ရပြန်သည်။ ရေအတက်မှာ မီးဖောင်များ လွှတ်ခြင်းပေါ့။ ဝါးများကို ဖောင်ဖွဲ့တယ်။ ဝါးနှစ်စီးသုံးစီးကြားမှာ မြေအိုးထားတယ်။ အဲဒီမြေအိုးထဲမှာ ရေနံနှင့်ဝွမ်းစများ အပြည့်ထည့်ထားတယ်။

ယမ်းမှုန့်များကိုလည်း ဖောင်ပေါ်မှာ အနှံ့အပြား ချထားသည်။ ဖောင်များကို ဝါးအဆက်အတွဲများ ပြုလုပ်ကာ နဖားအရှင် ပြုလုပ်ထားသည်။ နဖားအရှင် ပြုလုပ်ထားခြင်း ဟာ အကြောင်းရှိတယ်။ ဖောင်များ သင်္ဘောများနားရောက်လျှင် အလိုအလျောက် သင်္ဘောအား ပစ်ခတ်မိစေဖို့ ဖြစ်သည်။ အင်္ဂလိပ်တို့ကလည်း မီးဖောင်များ၏ အန္တရာယ်ကို နေ့ရော ညပါ ဖယ်ရှားနေရသည်။

အင်္ဂလိပ်တို့သည် လူအင်အားရော၊ လက်နက်အင်အားပါ သာလွန်နေသည်။ ဒါကြောင့် ရန်ကုန်အနီးအပါးမှာ မြန်မာတပ်များ တပ်စွဲ မနေနိုင်ဘူး။ မဟာဗန္ဓုလသည် ရန်ကုန် စစ်မျက်နှာတွင် ရှိနေသော သူ၏ တပ်များကို ပြန်လည်စုရုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သတိုးမင်းကြီး မဟာမင်းခေါင်က တပ်ကို ကျွန်းဦးသရက်ပင်မှာ လည်းကောင်း၊ မဟာသီလဝ၏ တပ်ကို မော်မီမှာ လည်းကောင်း တပ်စွဲ ရပ်ခံထားစေတယ်။ သတိုးမင်းခေါင်ဟာ သေနာပတိစကြာဝန်ကြီးအား ၎င်း၏ တပ်များနှင့် ပဲခူးမှာ ရပ်ခံနေသည်။ မဟာဗန္ဓုလနှင့် သူ၏တပ်မကြီးအား ဓနုဖြူသို့ ဆုတ်ခွာလိုက်သည်။ ခံတပ်ကတုတ်ကျင်းများဖြင့် အခိုင်အလုံ တပ်စွဲနေသည်။

ဓနုဖြူ၏ အထက်ဘက် မြစ်အတွင်းမှာ ကျွန်းတစ်ကျွန်း ပေါ်နေသည်။ ကျွန်း၏ လက်ယာဘက်မှာ ကိုက် ၄၀၀ ခန့် အကျယ်ရှိသည်။ လက်ဝဲဘက်မှာ ကိုက် ၉၀၀ ခန့် ရှိသည်။ လက်ဝဲဘက် ရေကြောင်းမှာ မြန်မာတိုက်လှေကြီး ၁၅ စီးတို့က နေရာယူထားတယ်။ မကြာခဏကျွန်း၏ အတွင်းဘက်ကို ကွေ့ဝင်လာသည်။ ပြီးတော့ အင်္ဂလိပ်တို့ ရဲတပ်စခန်းသို့ လှမ်းပြီး သေနတ်ဖြင့် ပစ်ခတ်သွားလေ့ရှိသည်။

ဒါကြောင့် အင်္ဂလိပ်တို့လည်း ပိုမိုစိတ်ချရအောင် လုံခြုံအောင်ဆိုပြီး အဲဒီကျွန်းပေါ် တက်ရောက်တပ်စွဲလိုက်သည်။ မြန်မာတို့လည်း ဝိုင်းဝန်းတိုက်ခိုက်သည်။ ဒါပေမဲ့ အင်္ဂလိပ်တို့က ဗုံးပျံများဖြင့် ဆီးကြိုပစ်ခတ်သဖြင့် ကျွန်းကို လက်လွှတ်လိုက်ရသည်။

ဓနုဖြူခံတပ်၏ မြောက်ဘက် ကိုက် ၃၀၀ မှာ စေတီတစ်ဆူ ရှိသည်။ အဲဒီမှာပဲ အင်္ဂလိပ်တပ်သည် အခြေခံစခန်းယူပြီး စေတီ၏ လက်ဝဲ လက်ယာမှာ ကတုတ်ကျင်းများ စတင်တူးတယ်။ နံနက်ခင်း ရောက်တော့ အတော်ရှည်လျားတဲ့ ကတုတ်ကျင်းတန်းကို တူးပြီး တယ်။ ဘုရားစေတီကို ခြေကုတ်ယူထားခြင်းပေါ့။

ဘုရားစေတီ၏ ပတ်လည်မှာ မြေမြှုပ်မိုင်းဗုံးများ တူးမြှုပ်ထားတယ်။ ခံတပ်အတွင်းမှာ ရှိနေသည့် မဟာဗန္ဓုလလည်း ခုခံရေးအတွက် စနစ်တကျ ကွပ်ကဲနေသည်။ သူဟာ ရွှေထီး ဆောင်းပြီး ခံတပ်တွင်းမှာ လှည့်လည်နေခြင်းပဲ။ သူ့ရဲ့ ရွှေထီးအရောင်ဟာ နံနက်ခင်း၏ နေခြည် အောက်ဝယ် အရောင်တောက်ပနေတယ်။

အင်္ဂလိပ်တို့ဘက်မှ ရေတပ်ဖွဲ့သည် ရွက်ကုန်ဖွင့်ပြီး အထက်သို့ ဆန်တက်လာသည်။ ဓနုဖြူခံတပ်မှ မြန်မာတို့လည်း အင်္ဂလိပ်သင်္ဘော



များဆီသို့ အမြောက်ကြီးများဖြင့် ဆီးကြို ပစ်ခတ်သည်။ အဲဒီရေတပ်ကို စစ်သင်္ဘောဒိုင်ယာနာက ဦးဆောင်ချီတက်လာတယ်။ ဓနုဖြူ ခံတပ်နှင့် အင်္ဂလိပ် ရေတပ်ဖွဲ့များ အပြန်ပြန်အလှန်လှန် ပစ်ခတ်နေကြသည်။ အင်္ဂလိပ် ကြည်းကြောင်း ချီတပ်မကလည်း မြေပြင်အဝေးပစ် အမြောက်ကြီးများ၊ စိန်ပြောင်း တပ်ဖွဲ့များကလည်း ကူညီပစ်ခတ်ပေးနေသည်။

မြန်မာတို့၏ အမြောက်ကျည်ဆန်သည် အင်္ဂလိပ်သင်္ဘောတစ်စီးကို ထိမှန်သွားသည်။ နစ်မြုပ်လုနီးနီး မှန်ခြင်း ဖြစ်တယ်။ ဒါကြောင့် ဦးစပ်သည် ကမ်းခြေသို့ ထိုးဆိုက်လိုက်ရသည်။ မြန်မာတို့ အမြောက်ကြီးများနှင့် ပစ်ခတ်သည့်ကြားမှပင် အင်္ဂလိပ်ရေတပ်ဖွဲ့ကြီးသည် ခံတပ်ကို လွန်သွားသည်။ အထက်ဘက်မှာရှိသည့် ကြည်းတပ်နှင့် ပူးပေါင်းမိသွားသည်။

အထက်ဘက်တွင် အင်္ဂလိပ်တပ်ဖွဲ့ တပ်စွဲနေသည်ကို ဗန္ဓုလသည် ရှင်းလင်းစွာ သိလိုက်သည်။ ရေတပ်ဖွဲ့သည်ခံတပ်ကို ကျော်လွန်ပြီးပါက ကြည်းကြောင်းချီတပ်များနှင့် တစ်လုံးတစ်စည်းတည်း ပူးပေါင်းသွားလိမ့်မည်လို့ ကြိုတင်တွက်ဆထားချက်ဟာ မှန်ကန် သွားခဲ့ပြီ။

စစ်သူကြီးမဟာဗန္ဓုလသည် စစ်ပွဲအခြေအနေကို မျက်ခြည်မပြတ်ဖူး။ သည်အတွေးအခေါ် တွက်ဆမှုကပင် သူ့အား တကယ်စစ်မှန်သော စစ်မှူးကြီးတစ်ဦးဖြစ်ကြောင်း ထင်ရှားစေတယ်။ ဒါကြောင့် အင်္ဂလိပ်တပ်များနှင့် ကောင်းစွာ ရင်ဆိုင်ဖို့ နောက်ဆုံး အခွင့်အရေး တစ်ရပ်ကိုလည်း ရရှိသွားတယ်။

ချက်ချင်းပဲ သူသည် သူ၏တပ်ကို လျှပ်တစ်ပြက် စုရုံးလိုက်သည်။ များပြားလှသည့် သူ၏ တပ်အချို့အား ခံတပ်၏ ကျောဘက်တံခါးမှ ထုတ်ယူလိုက်သည်။ ပြီးတော့ အင်္ဂလိပ် ကြည်းတပ်၏ စခန်းကို တိုက်ခိုက်စေသည်။ ရှေ့ဆုံးမှာ တိုက်ဆင် ၁၇ စီး ချီတက်လာသည်။ ဆင်တစ်စီးမှာ စစ်သည် ၅ ယောက် သို့မဟုတ် ၆ ယောက် ပါရှိသည်။ သေနတ်နှင့် စိန်ပြောင်းများ ကိုင်စွဲထားသည်။

အဲဒီဆင်တပ်၏ နောက်မှ မြင်းတပ် လိုက်ပါလာသည်။ ပြီးမှ ဘိုက်စည် တိုက်မောင်း များ၊ အောင်လံတံခွန်များ လွှင့်ထူချီတက်လာသည့် ခြေလျင်တပ် ပါလာသည်။ သူတို့ဟာ အင်္ဂလိပ်တို့၏ လက်ယာ

www.burmeseclassic.com

www.burmeseclassic.com



တောင်ဝံဆီသို့ ဦးတည်ချီတက်သွားသည်။ အင်္ဂလိပ်တပ်များကလည်း ပစ်တွင်းတောင်းချိန်အထိ စောင့်နေသည်။

နီးတပ်လဲ့မှ စတင်ပစ်ခတ်တော့တယ်။ အင်္ဂလိပ် အမြောက်တပ်သည် ရှေ့တန်းမှ ထွက်ပြီး ပစ်ပေးနေသည်။ ကာပစ် ပစ်တာပေါ့။ သည်တွင် မြင်းစီးတပ်ဖွဲ့က မြန်မာတို့၏ ဆင်တပ်ကို ဝင်ရောက် တိုက်ခိုက်သည်။ တိုက်ပွဲ၏ မြင်ကွင်းမှာ အသစ်အဆန်း ဖြစ်နေသည်။

နှစ်ဖက်စလုံး ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြတယ်။ မြန်မာတို့၏ ဆင်စီးသူရဲအားလုံး နီးပါး ကျဆုံးတယ်။ ဦးစီးမရှိတဲ့ ဆင်များဟာ ရှေ့ဦးတည်ရာကို လျှောက်ပြေးမနေဘူး။ တည်ငြိမ်စွာနှင့်ပဲ ခံတပ်ဆီသို့ ပြန်သွားကြသည်။ အလွန်လိမ္မာသည့် ဆင်တွေပဲပေါ့။ အဲဒီ တိုက်ပွဲမှာ မြန်မာတို့သည် အရေးနိမ့်သည်။ ခံတပ်အတွင်းသို့ ပြန်ဝင်သွားကြသည်။

တကယ်တော့ သည်တိုက်ပွဲ ဓနုဖြူတိုက်ပွဲသည် မဟာဗန္ဓုလ၏ နောက်ဆုံး တိုက်ပွဲပင် ဖြစ်တော့သည်။ သူဟာ သူ့ရဲ့ စစ်သည်တွေကို စစ်စည်းကမ်း ကျကျနနပဲ ရှိစေတယ်။ စစ်ကာလအတွင်းမှာ စစ်သည်များကို လိုက်နာရမည့် သဘောသရုပ်ကို လက်တွေ့ပြသခဲ့တယ်။ မဟာဗန္ဓုလအနေနှင့် သည်လိုပြခဲ့ခြင်းသည် မိမိ၏ ဂုဏ်သိက္ခာကို ပြန်လည်ဖော်ကျူးလိုက်ခြင်းပဲ။

ဖြစ်ရပ်က သည်လိုပါ။ အင်္ဂလိပ်ရေတပ်နှင့် အမြောက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်သည့် ကာလတွင် ဖြစ်တယ်။ မြန်မာစစ်တပ်မှူးတစ်ဦးသည် အမြောက်တစ်လက်တွင် ဦးစီးပြီး ချိန်မှတ်ပေးနေသည်။ အဲဒီ တပ်မှူးသည် အင်္ဂလိပ်၏ အမြောက်ကျည်ထိပြီး ကျဆုံးသွားသည်။ အဲဒီ နေရာမှာပဲ ကျည်တွေသည် ထပ်ပြီးကျလာသည်။ ဒါကြောင့် ကျန်သည့် စစ်သည်များဟာ ထိုနေရာကို စွန့်လွှတ်ခဲ့ကြသည်။ အန္တရာယ်များသည် ပေါ့။

တာဝန်ရှိနေသည့် စစ်မှူးစစ်ကြပ်တို့သည် တာဝန်ကျရာနေရာသို့ ပြန်လာဖို့ ခေါ်ယူ နေသည်။ ဘယ်သူမျှ မလာဘူး။ အကြောင်းအမျိုးမျိုး ပြခေါ်သည်။ မရဘူး။ ငြင်းဆန်နေကြ သည်။ အမိန့်ကို မနာခံဘဲ ရှိနေကြသည်။ သည်အချိန်မှာ မဟာဗန္ဓုလဟာ ရောက်လာသည်။ အကျိုး



အကြောင်း သိတာနှင့် တာဝန်ပျက်ကွက်သူနှစ်ဦးကို အရေးယူလိုက်သည်။

သူတို့နှစ်ဦးစလုံးကို ဦးခေါင်းဖြတ်လိုက်သည်။ အဲဒီခေါင်းများကို အဲဒီနေရာမှာပဲ ချိတ်ဆွဲထားတယ်။ သည်တွင်မှ ကျန်သည့် စစ်သည်များလည်း သူတို့အလိုအလျောက် တာဝန်ကို ဆက်လက် ထမ်းဆောင်နေကြသည်။

သူ့အသက် ကိုယ့်အသက် လုရသည့်ပွဲပေမို့ ညှာတာမှု၊ စာနာမှုတွေ ထားဖို့ မလိုဘူး။ ရန်သူဟာ ရန်သူပဲပေါ့။ စစ်မြေပြင်မှာ စိတ်အားလျော့နေခြင်းသည် မိမိရဲ့ အသက်ကို တစ်ဝက်လောက် သေခြင်းနှင့်အတူတူပဲ။

မဟာဗန္ဓုလသည် ခံတပ်၏ ပစ္စင်ရင်တားများသို့ ရွှေထီးဖြန့်ဆောင်းကာ လှည့်လည် ကွပ်ကဲနေသည်။ အင်္ဂလိပ်ရေတပ်မှာလည်း အမြောက်ကြီးများဖြင့် ခံတပ်သို့ တရစပ် ပစ်ခတ်နေသည်။ မြန်မာတို့သည် အများအားဖြင့် သည်အခါတွင် ပိုမိုတိုက်ပွဲဆင်လေ့ ရှိသည်။ ဓနုဖြူခံတပ်ကိုလည်း အရံအတား၊ အကာအကွယ်များ ပိုမိုခိုင်ခန့်အောင် ပြုလုပ်နေကြသည်။

မကြာပါဘူး။ နောက်ရက်အနည်းငယ်အတွင်းမှာပဲ မြန်မာတို့အတွက် ကြီးကျယ်သော ဆုံးရှုံးမှုတစ်ရပ် ဖြစ်ပေါ်လာခဲ့သည်။ သည်ဆုံးရှုံးမှုဟာ ဘယ်လိုမှ အစားထိုးလို့ မရဘူး။ အဲဒီတုန်းက ဓနုဖြူခံတပ်တွင် အလုံးအလဲ ခံနေရပြီး အင်္ဂလိပ်တို့၏ ကြည်းတပ်နှင့် ရေတပ်တို့သည် တရစပ် ပြင်းပြင်းထန်ထန် ပစ်ခတ်နေသည်။ လက်နက်အင်အားချင်းတသည်း မတူဘူး။ အင်္ဂလိပ်တို့၏ အဝေးပစ် အမြောက်ကြီးများသည် ပစ်မှတ်ကို တိုက်ရိုက်ထိမှန် စေသည်။

ဒါကို မဟာဗန္ဓုလကလည်း ကြံ့ကြံ့ခံနေသည်။ နေပြည်တော်က စစ်ကူလာမည့် တပ်များကို စောင့်မျှော်နေသည်။ နေပြည်တော်မှ အတွင်းဝန် မဟာဥဇနာနှင့် ဗန်ကျိတိုက် ဝန်မဟာမင်းခေါင်ရဲထင်တို့ တပ်များ[illegible] ဆလွှတ်စီစဉ်နေပြီ။ နောက်ဆုံးမတော့ သူတို့ စဉ်းစားကြရပြီ။ [illegible] ကြံစည်လို့ကလည်း မဖြစ်တော့ဘူး။ သည်အတိုင်းနေပြီး [illegible] လား။ လွှတ်မြောက်မှုကို ကြိုးစားမလားပေါ့။

www.burmeseclassic.com



နောက်ဆုံးမှာ သူတို့အဖြေတစ်ခုရတယ်။ နေပြည်တော်ကို လူလွှတ်ပြီး စစ်ကူတောင်း မည်။ သည်ကြားထဲမှာတော့ ရှိသည့်လူနှင့်ပဲ တိုက်ရမည်ပေါ့။ ရန်သူကိုဆွဲပြီး တိုက်ရမည်။ သည်တော့ နေပြည်တော်ကို လွှတ်ဖို့ ဆတ်သားနှစ်ယောက် ရွေးကြသည်။ လက်ဝှေ့တော်သတ် သီဟကျော်ခေါင်နှင့် သီဟရဲထင်တို့ပဲ။ သူတို့နှစ်ဦးစလုံးက မဟာဗန္ဓုလကိုယ်တိုင် ရွေးထုတ်တာ ဖြစ်သည်။ သစ္စာကို စောင့်ဖို့၊ အရှင်သခင်၏ ကျေးဇူးတရားကို မမေ့ဖို့ အမှာတော် ရှိလိုက်သည်။

ညကား နက်လှပြီ။ လဆုတ်ရက်တို့ ထုံးစံအတိုင်း အမှောင်နှင့်အတိ။ လူ့လောကရဲ့ အိပ်စက်အနားယူမှု၊ ခေတ္တငြိမ်းအေးမှုကာလပဲ၊ ခံတပ်၏ အပြင်တစ်နေရာမှ မီးပေါက်ကျည် အချို့ရဲ့ အသံများဟာ မကြာခဏ ထွက်ပေါ်လာသည်။ အသက်လုပွဲတွေ၊ အာဏာဖြန့်ကျက်မှုတွေရဲ့ အရိပ်လက္ခဏာတွေပဲ။ တကယ်တော့ သူတို့ဟာ မိမိတို့ တိုင်းပြည်အတွက် စစ်တိုက် နေကြတာပဲ။ မဟာဗန္ဓုလရဲ့ မယိမ်းမယိုင် ခုခံတွန်းလှန်မှုကို အင်္ဂလိပ်တို့ တွေ့မြင်နေရပြီ။ သူသည် သူ၏ ဂုဏ်သိက္ခာကို ဆက်လက်ထိန်းသိမ်းထားဆဲ ရှိနေသည်။

အင်္ဂလိပ်တို့၏ တပ်များသည် ဓနုဖြူခံတပ်ကြီး၏ အပြင်ခံတပ်၏ အောက်နားမှာ ရပ်နားနေကြသည်။ သူတို့သည် မဟာဗန္ဓုလအား လက်နက်ချရန် တောင်းဆိုလာသည်။ ဒါကို မဟာဗန္ဓုလက ပြင်းပြင်းထန်ထန်ပဲ ငြင်းပယ်လိုက်သည်။ ရေကြောင်းတပ်ဖွဲ့သည် ကမ်းသို့ တက်ပြီး မြန်မာတို့၏ စစ်မျက်နှာကို ထောက်လှမ်းလေ့ ရှိသည်။ သင်္ဘောများနှင့် ဆန်တက်စုံစမ်းကြသည်။ ဒါကို ခံတပ်က အမြောက်ကြီးများဖြင့် ပစ်ခတ်နေသည်။ ဆင်ခြေလျှောနေသည့် မြစ်ကမ်းဘေးမှာ ဓနုဖြူခံတပ်ကို တည်ဆောက်ထားသည်။

အလျားတစ်မိုင်၊ မြေမျက်နှာပြင်လိုက်ပြီး ကိုက်ငါးရာမှ ကိုးရာအထိ ကျယ်ပြန့် သည်။ ကျွန်းတိုင်ကြီးများကို တစ်ခုနှင့်တစ်ခု ပူးကပ်ပြီး မြေမှာ စိုက်ထားသည်။ အမြင့်ကတော့ ဆယ့်ငါးပေမှ ဆယ့်ခုနစ်ပေအထိ ရှိသည်။ စစ်တပ်ရဲ့ နောက်မှာတော့ အတော်အတန်မြင့်သည့် အုတ်တံတိုင်း မြို့ရိုးဟောင်းတစ်ခု ရှိသည်။



အဲဒီအုတ်တံတိုင်းမှာရှိသည့် ယက်မကြီးသည် သစ်တပ်ကို တန့်လန့်ကာထားပေးသလို ရှိနေသည်။ ဒါဟာ စစ်တပ်ကို ပိုမိုတောင့်တင်းစေတာပဲ။ ပြီးတော့လည်း အဲဒီယက်မကြီးများသည်။ ခုခံသူတို့အတွက် ခြေနင်းအဖြစ် ရထားတယ်။ နေရာကိုလည်း မြှင့်ပေးထားသလို ဖြစ်နေသည်။

သစ်တပ်၏ အပြင်ဘက်မှာ ကျုံးကို ဖောက်ထားသည်။ ဆယ့်ရှစ်ပေ ကျယ်သည်။ ရှစ်ပေခန့် နက်သည်။ ကျုံး၏ မျက်နှာစာ ပတ်လည်မှာ ခံတပ်ရဲ့အပြင်စောင်းတန်းတစ်ခုကို ပြုလုပ်ထားသည်။ ကျုံးသည် ကျုံးခြောက် ဖြစ်သည်။ ရေမရှိဘူး။ ကျုံးအတွင်းမှာ ဝါးချွန်များ၊ သံချွန်များ၊ ကျင်းကတုတ်၊ ဆင်ခလုတ်၊ မြင်းခလုတ်များကို ထူထပ်စွာ ချထားသည်။ ဒါကြောင့် အဲဒီကျုံးကို ဖြတ်ကျော်ဖို့ မလွယ်ဘူး။ ခဲယဉ်းတယ်။

ကျုံးရဲ့အပြင်ဘက်မှာ အပြင်ခံတပ်၊ စောင်းတန်း၊ အရံအတားများတိုလည်း အဆင့် ဆင့် ပြုလုပ်ထားသည်။ မြေပြင်မှာ တုတ်များ၊ ညှောင့်များထားသည်။ ဒါတွေအားလုံး၏ ရှေ့ဆုံးမှာတော့ သစ်ပင်ကြီးများကို လှဲထားလိုက်သည်။ သစ်ကိုင်းသစ်ချွန်တို့ကို အပြင်မှာ လှည့်ထားလိုက်တာပေါ့။ အဲဒီအတားအဆီးဟာ ခံတပ်တစ်ခုလုံးကို ပိုမိုလုံခြုံစေတာပေါ့။

နက်ပြီးရေစီးသန်သည့် ရောဝတီမြစ်သည် ခံတပ်၏ မျက်နှာစာဘက်မှာ စီးဆင်းနေ သည်။ ဒါဟာ ခံတပ်အား လုံလောက်သည့် အရံအတားကို ပေးနေသလိုပဲ ဖြစ်နေသည်။ သည်တုန်းက မြစ်၏ အလယ်မှာ တိုက်ခုနစ်ရာထက် မပိုဘူး။ ဒါကြောင့် မြစ်တွင်းရှိ ရေယာဉ်များသည် မြန်မာအမြောက်ကြီးများ၏ ပစ်ကွင်းအတွင်းကို ရောက်နေသည်။ သည်ပစ်ကွင်းထဲမှလွဲပြီး ဖြတ်သန်းသွားလာလို့ မရဘူး။

ခံတပ်ကြီး၏ လက်ယာဘက်ကမ်းမှာလည်း အပြင်ခံတပ်တစ်ခုကို ခိုင်လုံစွာ ဆောက်လုပ်ထားသည်။

ခံတပ်ပေါ်မှာ အမြောက်ပေါင်း တစ်ရာ့ငါးဆယ်ကို တပ်ဆင်ထားသည်။ သူတို့ဟာ လွယ်လင့်တကူ လှည့်၍ ပစ်နိုင်သည့် အမြောက်တွေပဲ။

www.burmeseclassic.com

www.burmeseclassic.com



တတုတ်တျာင်းများနှင့် တူးမြောင်း ရှည်ကြီးများသည် အင်္ဂလိပ်တို့၏ ဗုံးနှင့် ကျည်ဆန်များကို ကောင်းစွာ ကာကွယ်ပေးသည်။

အပြင်မှ ခံတပ်ငယ်နှစ်ခုအနက် တစ်ခုမှာ မြစ်ကမ်းပေါ်မှာ ရှိသည်။ အဲဒီ ခံတပ်၏ တံတိုင်းသည် စေတီတစ်ဆူကို ပတ်ရံပြီး ဆောက်ထားသည်။ အဲဒီစေတီသည် ကျိုက်ကလွန် ပွန်းစေတီလို့ ခေါ်သည်။ ဘုရားရင်ပြင်တော်နှင့် ပရိဝုဏ်တံတိုင်းသည် အရံအတား ဖြစ်နေသည်။ ခံတပ်တစ်ခုကတော့ ခံတပ်ကြီးနှင့် ပိုပြီး နီးကပ်နေသည်။ ခံတပ်ငယ် သုံးခု ပါသည်။ ရဲလောင်းများဖြင့် ဆက်သွယ်ထားပြီး တစ်ခုနှင့်တစ်ခု နီးကပ်စွာ ဆောက်လုပ်ထားသည်။ အဲဒါဟာ ရှေ့တန်းခံစစ် ဖြစ်သည်။

ခံတပ်များရဲ့ ရှေ့မှာ မြောင်းငယ်တစ်ခု ရှိသည်။ ဧရာဝတီမြစ်ထဲကို စီးဝင်သည့် အဲဒီမြောင်းငယ်သည် ခံတပ်များကို အကာအကွယ်ပေးထားသည်။ ခံတပ်နှစ်ခုစလုံးကား ခိုင်ခန့်စွာ တည်ဆောက်ထားခြင်း ဖြစ်သည်။ ခံတပ်ကြီးအတိုင်း ခင်းကျင်းထားခြင်း ဖြစ်သည်။ ဆူးညှောင့်ခလုတ်များ ဆင်ထားသည်။ ကျုံးချောက်များလည်း ရှိသည်။ သစ်ပင်ကြီးများကို ခုတ်လှဲထားသည်။ ရန်သူတို့ ချီတက်လာမည့် လမ်းမှန်သမျှကို ပိတ်ဆို့ထားသည်။

ခံတပ်၏ အနောက်တံခါး ပွင့်လာသည်။ မြင်းစီးရဲမက်နှစ်ဦးသည် ဇက်ကို လွှတ်ကာ အပြင်းစီးလိုက်သည်။ တိတ်ဆိတ်နေသည့် ညမို့ မြင်းခွာသံများသည် ပြင်းပြင်းထန်ထန် ပေါ်လာသည်။ ဒါဟာ အိပ်ပျော်နေသည့် လူများကို လှုပ်နှိုးလိုက်သလို ဖြစ်သွားသည်။ သူတို့သည် အပြင်ဘက်တွင် ဝိုင်းရံထားသည့် အင်္ဂလိပ် ကြည်းတပ်မကို ဖောက်ထွက်ဖို့ ကြိုးစားခြင်း ဖြစ်သည်။

အဲဒီကမှတစ်ဆင့် အင်းဝနေပြည်တော်အထိ အရောက်သွားမည်။ စစ်ကူတောင်းမယ်ပေါ့။

ဒါပေမဲ့ ထင်သာထင် မဝင်ဘူး ကျောင်းအမရေဆိုတဲ့ကိန်း ဆိုက်ပြီပေါ့။ တကယ်တော့ ဘယ်သူပဲဖြစ်ဖြစ်၊ ကိုယ်လိုချင်သလို ဖြစ်မလာဘူးဟာ ဓမ္မတာပဲ။ ကိုယ်လုပ်တိုင်းသာ ဖြစ်မယ်ဆိုရင်တော့ ဒုက္ခဆိုတာ ရှိမယ်မဟုတ်ဘူးပေါ့။ အခုလည်း သီဟကျော်ခေါင်တို့ကိုပဲကြည့်။



မိမိကိုယ်ကို ထင်တစ်လုံးနဲ့ ထွက်လာကြသူများပေါ့။ ဟောအခုတော့ နေပြည်တော် ရောက်ဖို့ မဆိုထားနှင့် ခံတပ်ရဲ့ နှစ်မိုင်ကျော်ကျော် မရောက်သေးဘူး။ အင်္ဂလိပ်တို့၏ ဖမ်းဆီးခြင်းကို ခံလိုက်ရပြီ။ အင်္ဂလိပ်တို့သည် သူတို့နှစ်ဦးအား စစ်မေးသည်။ သူတို့က ဘူးခံသည်။ သာမန်စစ်သားတစ်ယောက်သာ ဖြစ်သည့်အတွက် ဘာကိုမျှ မသိပါဘူးလို့ ငြင်းတယ်။

ကွပ်ကွပ်ညှပ်ညှပ် စစ်မေးသည်။ မရတဲ့အဆုံးတော့ သူလျှိုအဖြစ်နှင့် အပြစ်ပေးတော့ မည်လို့ ခြိမ်းခြောက်သည်။ သတ်ပစ်တော့မည်ပေါ့။ သည်တွင် သူတို့နှစ်ဦးဟာ များစွာ တုန်လှုပ်သွားကြသည်။ ကြောက်ရွံ့ခြင်း ကြီးစွာ ဖြစ်ကြတယ်ပေါ့။ မိမိအသက်ရှင်ဖို့အတွက် ခံတပ်တွင်းရှိ လူအင်အား၊ လက်နက်အင်အားကို စေ့စေ့ငှငှ ပြောကြရတော့သည်။ မဟာဗန္ဓုလ၏ သေလျှင်မြေကြီး၊ ရှင်လျှင်ရွှေထီး သဘောထားကိုလည်း သိသွားခဲ့လေပြီ။

အဓိကတော့ အင်္ဂလိပ်တို့သည် အင်းဝနေပြည်တော်မှ စစ်ကူများ မရောက်ခင် အပြတ်တိုက်ဖို့ပဲ။ သည်လို တိုက်မှပဲ မြန်မြန်နိုင်တော့မပေါ့။ ရန်သူကို အင်အားနည်းလာတုန်းမှာ အပြတ်ချေမှုန်းကြမယ်ပေါ့။ တပ်ကူများ ရောက်လာမှဖြင့် အင်အား ပိုတောင့်လာမည်။ သည်တော့ မိမိတို့မှာ အရှုံးနှင့် ရင်ဆိုင်ရတော့မှာပဲ။ သည်တော့ စစ်ကူမရောက်ခင်မှာ ခံတပ်တို့ တိုက်ခိုက်ဖို့ ပြင်ဆင်ကြတော့သည်။

မနက်ဝေလီဝေလင်းကတည်းက စိန်ပြောင်းနှင့် ဗုံးပျံတပ်တို့သည် တရစပ် ပစ်ခတ်နေတော့သည်။ တစ်နေ့လုံး သည်လိုပဲ မြန်မာတို့ဘက်မှသည်း စိန်ပြောင်းများနှင့် ဗုံးပျံတပ်စုဆီ သို့ ပစ်ခတ်နေသည်။ ခံတပ်၏ မြောက်ဘက်မှာ ရှိသော အင်္ဂလိပ်တို့၏ စစ်ကြောင်းဆီသို့ ၎င်းအမြောက်ကြီးများဖြင့် ပစ်ခတ်နေသည်။

အင်္ဂလိပ်တို့သည် စိန်ပြောင်းများ ဗုံးပျံများဖြင့် ပစ်ခတ်နေသည်။ ပြီးတော့ မြို့ရိုးဖျက် အမြောက်ကြီးများကိုလည်း ပစ်ခတ်နေသည်။ သူတို့သည် မဟာဗန္ဓုလ နေထိုင်သည့် နေရာဆီကို တရကြမ်းဝင်ရောက်နေခြင်း ဖြစ်သည်။ သူတို့ ဖမ်းဆီးထားသည့် မြန်မာစစ်သည် နှစ်ဦး၏

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုမှုကြောင့် မဟာဗန္ဓုလ၏ နေရာကို သိသွားကြသည်။ ဒါကြောင့် ဗုံးမိုးရွာနေတာပေါ့။

စိန်ပြောင်းများနှင့် ဗုံးများလည်း မဟာဗန္ဓုလနှင့် မနီးမဝေးမှာ ကျနေသည်။ ဒါကို တပ်မှူးများက ရှောင်တိမ်းဖို့ ပြောသည်။ သင့်ရာ လွတ်တင်းသည့် နေရာမှ စီမံခန့်ခွဲဖို့ ပြောသည်။ မဟာဗန္ဓုလအဖို့ အကြောင်းမထူးဘူး။ ဂရုမပြုဘူး။ ဒါကလည်း အကြောင်းရှိသည်။ သူရှောင်တိမ်းနေပါက ရဲမက်ဗိုလ်ပါများ မတည်မတန့်၊ မငြိမ်မဝပ် ရှိတော့မှာပေါ့။ ခေါင်းဆောင်လုပ်တယ်ဆိုတာ အကြပ်အတည်းကာလမှာ ကိုယ်တိုင်ရင်ဆိုင်ရဲရတယ်။ ပြေလည်အောင် ဖြေရှင်းနိုင်ရတယ်ပေါ့။

ဒါကြောင့် မဟာဗန္ဓုလအဖို့ သူ့တပ်မှူး၏ စကားကို မနာယူဘူး။ မကြားချင်ယောင် ဆောင်ခဲ့တယ်ပေါ့။ ရွှေထီးဖြန့်ပြီး တပ်ကို ကွပ်မြဲ ကွပ်ကဲနေသည်။ သူ့ရဲ့ ဟန်အမူအရာဟာ တည်ငြိမ်နေသည်။ စစ်ကဲ တပ်မှူးတို့၏ စီစဉ်တိုက်ခိုက်ပုံကို အားရကျေနပ်မှု မရှိဘူး။ ဒါကြောင့် ကိုယ်ကိုယ်တိုင် ကြီးကြပ်နေတာ ဖြစ်သည်။

စစ်သည်များကလည်း အမြောက်သံ၊ ဗုံးသံတို့ ကျနေတာကို ဂရု မပြုဘူး။ မင်းကြီး မဟာဗန္ဓုလကိုယ်တိုင် အနားမှာ ရှိနေတော့ သူတို့အဖို့ အားတက်နေသည်။ မဟာဗန္ဓုလ သည် သူတို့အဖို့ ကိုးကွယ်ရာတစ်ခု မဟုတ်လား။

နံနက်ခင်း၏ နေရောင်ခြည်သည် ပွလောင်စ ပြုပြီ။ ခံတပ်အပေါ် တွင် တစ်နေရာမှ တစ်နေရာသို့ ကူးသွားနေသည့် မင်းကြီးမဟာဗန္ဓုလ ကို မတွေ့ရပေမဲ့ ရွှေထီးကို ကြည့်ခြင်း ဖြင့် သိနိုင်သည်။ ရွှေထီးရှိသည့် နေရာမှာ မင်းကြီးမဟာဗန္ဓုလ ရှိနေတာကို သူတို့ သိသွားကြပြီ။ အဲဒီ နေရာကို တရစပ် ပစ်ခတ်တော့သည်။

အင်္ဂလိပ်တို့ ပစ်လွှတ်လိုက်သည့် ဗုံးပျံတစ်ခုသည် ဗိုလ်မှူးဝန်ကြီး မဟာဗန္ဓုလ၏ အနီးမှာ ပြင်းထန်စွာ ပေါက်ကွဲလိုက်သည်။ အဲဒီနေရာ မှာပဲ ကျဆုံးသွားတော့သည်။ မဟာဗန္ဓုလ ဆုံးသွားသည်နှင့် သူ့ရဲ့ ညီတော်ဖြစ်သည့် မင်းထင်မင်းခေါင်ကို ဗိုလ်ချုပ်အဖြစ် တင်မြှောက်ကြ သည်။



ကျန်ရှိနေသေးသည့် ရဲမက်များနှင့် ဆက်လက် ခုခံဖို့ပေါ့။ ဒါကို မင်းထင်မင်းခေါင်က လက်သင့်မခံဘူး။ စစ်တိုက်ဖို့ ရွံ့ကြောက်သွားခဲ့ပြီ။ စစ်ရဲ့ အနိဋ္ဌာရုံကိုလည်း မြင်တွေ့နေရပြီ မဟုတ်လား။ လူသတ်လက်နက် ကိုလည်း ရှောင်ဖို့သူ ကြိုးစားတယ်။ တပ်တွင်းမှ လူအချို့ ခေါ်ပြီး တိတ် တဆိတ် ထွက်ပြေးတော့တယ်။

ဒါပေါ့ လူဆိုတာဟာ တစ်မိဝမ်းတွင်းက အတူပေါက်ပေမဲ့ စိတ်ထား ချင်း တူကြတာ မဟုတ်ဘူး။ အစ်ကိုဖြစ်သူက သတ္တိအရာမှာရော၊ မျိုးချစ် စိတ် ရှိတာမှာရော ဘာမှပြောလို့ မလိုဘူး။ သည်အတိုင်း သူ့ညီက ရှိနေမယ်လို့ ပြောလို့ မရဘူး။ ခုကို တာဝန်ရှိသူအနေနှင့် တပ်ကို စွန့်ပြီး ပြေးခဲ့ခြင်းက အလွန်ရှက်ဖို့ကောင်းသည်။ အစ်ကိုဖြစ်တဲ့သူနှင့် သဘာဝ ဆန့်ကျင်ဘက်ပဲ။ အခုကို တပ်မှူးမင်းထင်မင်းခေါင်ရယ်လို့ ဖြစ်လာတာ ကလည်း သူ့စွမ်းရည်ကြောင့် ဟုတ်ဟန်မတူဘူး။

အစ်ကိုဖြစ်သည့် လူက စစ်သူကြီး ဖြစ်နေတော့ ညီဖြစ်သူကို ကြည့်ရှုထားခြင်းပဲ ဖြစ်မယ်။ သူ့အရည်အချင်းနဲ့ဆိုရင်တော့ မင်းထင် မင်းခေါင်အဖို့ စစ်ထဲဝင်ဖို့ ဖြစ်မယ် မထင်ဘူး။ ခုတော့ စိန်နားကပ် ကြောင့် ပါးပြောင်တဲ့ကိန်း ဆိုက်တာပေါ့။ ဒါပဲပေါ့ အရည်အချင်း မရှိ သည့် လူတွေကို နေရာပေးထားခြင်းဟာ မြန်မြန်ပျက်စီးစေတာပဲ။ ဒုက္ခမျိုးစုံ ကြုံတွေ့ရတာပဲပေါ့။

တကယ်တော့ မဟာဗန္ဓုလအဖို့ ရက်စက်ခြင်း၊ မာန်မာန ထောင် လွှားခြင်းဆိုတာ ရှိခဲ့မှာပါပဲ။ ဒါကို အပြစ်ပြောလို့ မဖြစ်ဘူး။ လူဆိုတာက ပုထုဇဉ်ချည်းပဲ မဟုတ်ပဲ မဟုတ်လား။ ထိုက်သင့်သည့် အာဏာတလေး များ ရခဲ့လျှင်တော့ ဘယ်သူပဲဖြစ်ဖြစ် ကျေနပ်နေမှာပဲ။ တစ်ခါတစ်ရံ ခေါင်မိုးတက်ပြီး လက်သီးနှင့် ထိုးချင်သည့်စိတ်များ ပေါ်ပေါက်ခဲ့မှာပဲ ပေါ့။

လူ့ရဲ့ အရည်အချင်းဆိုတာ အဲဒီပေါ်မှာ မတည်ဘူး။ လူတစ်[illegible] ရဲ့ ပင်ကိုယ်စရိုက် ဗီဇဟာ ဖျောက်ဖျက်လို့ မရဘူး။ မဟာ[illegible] စစ်သုံ့ပန်းများအပေါ်မှာ ညှာတာစွာ ဆက်ဆံလေ့ ရှိသည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာဘာ သူ့လက်ထဲမှာ ရှိတာပဲ။ သေဆိုသေ ရှင်ဆိုရှင် မဟုတ်လား။ ဒါကို သူမတရားမလုပ်ဘူး။ ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်။

အောက်မြန်မာပြည်၏ ပြင်းထန်နေသည့် မိုးဥတုအတွင်းမှာ ရခိုင်စစ်မျက်နှာက တပ်မတော်တစ်ခုလုံးကို ရန်ကုန်စစ်မျက်နှာသို့ ပြောင်းရွှေ့ခိုင်းခဲ့တယ်။ ရက်အနည်းငယ်နှင့် ပြောင်းရွှေ့ခြင်းပဲ ဖြစ်သည်။ ခိုင်ခန့်ကောင်းမွန်လှတဲ့ မနုဖြူခံတပ်ကို ရက်ပေါင်းသုံးဆယ် နှင့် အပြီးအစီး တည်ဆောက်ထားသည်။

အင်္ဂလိပ်တို့၏ လက်ယာဘက်စစ်ကြောင်းသည် အင်အားနည်းကြောင်း သိတယ်။ သိသိခြင်းပဲ ရုတ်ခြည်းထိုးစစ်ဆင်ခဲ့သည်။ ခံတပ်၏ အမြောက်ပစ်ကွင်းထဲမှ အင်္ဂလိပ်ရေတပ် ဖွဲ့ကြီး လွတ်မြောက်သွားခဲ့လျှင် နောက်တိုက်ရမည့် တိုက်ပွဲမှာ နောက်ဆုံး တိုက်ပွဲဖြစ်ကြောင်း ကြိုတင်ခန့်မှန်းထားနိုင်တယ်။

သည်လို ကြိုတင်တွက်ဆနိုင်ခြင်းတို့သည် မဟာဗန္ဓုလ၏ တကယ့်စစ်သားပီသသော အရည်အချင်းများလို့ ဆိုရမည်။ သူ၏ စိတ်သဘောထားမှာ ရက်စက်ခြင်းနှင့် ရက်ရောခြင်း တို့ ရောယှက်နေသည်။ သူသည် အရည်အချင်းရှိသူတစ်ယောက် ဖြစ်သည်။ မိမိကိုယ်ကို လုံခြုံမှုအတွက် သတိထားတတ်သည်။ သူ့ရဲ့ သန္နိဋ္ဌာန်နှင့် သတ္တိတို့ဟာ သေသည်အထိ မယိမ်းမယိုင်ခဲ့ဘူး။ တပ်သားများအပေါ်မှာ ထားရှိသည့် သူ၏ အမိန့်သည် ပြောင်းလွဲခြင်း မရှိဘူး။

စစ်ပွဲကာလအတွင်းမှာ တာဝန်ပျက်ကွက်သူအား ကိုယ်တိုင်ကိုယ်ကျ အပြစ်ပေးလေ့ ရှိသည်။ ဒါပေမဲ့ သူရဲ့ လက်အောက်ငယ်သားများမှာ သစ္စာရှိရှိနှင့် ခင်မင်မြတ်နိုးကြသည်။ သူဟာ စစ်ဗိုလ်ချုပ်တစ်ဦး ရင်ဆိုင်ရမည့် အခက်အခဲနှင့် ချွတ်ယွင်းချက်တို့ကို ရင်ဆိုင်ခဲ့သည်။ ရန်ကုန်တိုက်ပွဲများတုန်းက မဟာဗန္ဓုလအဖို့ အကာအကွယ်ထဲမှာပဲ နေခဲ့သည်။ တစ်ခါမျှ အပစ်ခံရဖူးတယ် မရှိဘူး။

တကယ်တမ်း လိုအပ်လာသည့် အခြေအနေမှာတော့ ကျည်ဆန်များ ပတ်ပတ်လည် အုပ်မိလာခြင်းကို ဦးမလေးခဲ့ဘူး။ မနုဖြူခံတပ်မှာပင် အောင်လျှင်အောင် မအောင်လျှင် အသေခံမည်လို့ ရဲဝံ့စွာ ကြေညာခဲ့သည်။ တခြားစစ်သည်များအပေါ်မှာ ထားရှိစေလိုသည့် သူ့ရသတ္တိမှာ ဘာယ်လိုသတ္တိမျိုး ဖြစ်ကြောင်းကို သိစေတယ်။ သူ့ရဲ့အသက် ကျဆုံးရသည့်တိုင်အောင် ပြသခဲ့သည်။



မြန်မာတို့ အားထားရာ စစ်သူကြီးမဟာဗန္ဓုလ ကျဆုံးသည်နှင့် မနုဖြူခံတပ်မှာလည်း အင်္ဂလိပ်တို့ လက်တွင်းသို့ ရောက်ရှိသွားတော့သည်။ စစ်ပွဲကာလအတွင်းမှာ လက်လွတ် ထွက်ပြေးသွားသည့် မင်းထင်မင်းခေါင်ကို လိုက်ဖမ်းစေသည်။

တာဝန်ရှိသူအနေဖြင့် အခုလို စစ်မြေပြင်ကို စွန့်ခွာပြေးခြင်းဟာ အတော်အရုပ်ဆိုးတယ်။ သာမန်စစ်သားတွေတောင် မပြုလုပ်ရဲဘူး။ နောင်တော်ဖြစ်သူက ရဲရဲဝံ့ဝံ့ သေပြသွားခြင်းကို သူဂုဏ်မယူရဲဘူး။ နေပြည်တော်ချီရာလမ်းခုလတ်မှာပဲ သွားမိတယ်။

စစ်ပြေးသူတို့တစ်တွေဟာ ခုမှသေတွင်းနှင့် နီးကပ်နေပြီဆိုတာကို သိလာကြသည်။ အခုမှတော့ သွေးကြွေးဆပ်လို့ မရတော့ဘူး။ သေရမယ့်အတူတူ ခုလို သေရမှာထက် တိုင်းပြည်အတွက် သေရတာမှ မြတ်တယ်။ ပိုကောင်းတယ်ဆိုတာ သူတို့ သိကြပြီ။ ဒါပေမဲ့ အချိန်က နှောင်းသွားခဲ့ပြီ။ သည်သတင်းကို ရတနာပူရနေပြည်တော်ကလည်း ကြားသိတော်မူသွားခဲ့ပြီ။

ဘကြီးတော်မင်းနှင့် နန်းမတော်ဖုရားတို့သည် လွန်စွာဒေါသဖြစ်ကြရသည်။ သည်တော့ ဖမ်းမိလာသည့် မင်းထင်မင်းခေါင်နှင့် အပေါင်းပါများကို ကွပ်မျက်တော်မူသည်။

မနုဖြူခံတပ်မှ ဆုတ်ခွာလာသည့် စစ်ကဲအတွင်းမင်းကြီးမဟာမင်းလှရာဇာနှင့် ပြည်မြို့တွင်းမှ ဆုတ်ခွာလာသည့် အတွင်းဝန်မင်းကြီး သီရိမဟာရာဇာသကြ်န်၏ တပ်များသည် ပြည်မြို့နှင့်မနီးမဝေးမှာ တပ်စွဲနေသည်။ အဲဒီအရပ်ကနေပြီး အင်္ဂလိပ်များကို ပြန်ပြီး ထိုးစစ်ဆင်မှာဖြစ်သည်။ နေပြည်တော်မှလည်း ညီတော်မိုးနဲဗိုလ်မှူး ဒွါရာဝတီမင်းသား သီရိမဟာဓမ္မရာဇာ ဦးစီးသည့် တပ်မကြီးသည် ဟံသာဝတီစစ်ကြောင်းအဖြစ် စစ်ကူချီတက်လာသည်။ အင်အားဖြည့် တပ်မကြီးအဖြစ် စစ်ကြောင်းသစ်ဖွဲ့ပြီး ချီတက်လာခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာတပ်များသည် ဧရာဝတီမြစ် အရှေ့ဘက်ကမ်း မြေထဲမြို့မှာ တပ်စွဲထားသည်။ မြစ်အနောက်ဘက် မြစ်ကျဉ်းအရပ်၊ မြေထဲမြို့ ကျေးလက်မိုးကောင်းဂုံ တောအရပ်မှာလည်း တပ်စွဲရပ်နေသည်။

သည်လို လုပ်လိုက်ခြင်းသည် အင်္ဂလိပ်အဖို့ အံ့အားသင့်ဖို့ ဖြစ်လာတယ်။ သူတို့ ထင်ထားတာကတစ်မျိုး။ ခုဆိုလျှင် တိုက်ပွဲတိုင်းမှာလိုပဲ မြန်မာစစ်တပ်များသည် ရှုံးနိမ့်နေသည်။ နောက်သို့ ထပ်တလဲလဲ ဆုတ်ခွာနေရပြီ။ ဒါကြောင့် စစ်ပြေငြိမ်းချမ်းရေး စကားကမ်းလှမ်းလာလိမ့်မည်လို့ သူတို့ ထင်မှတ်နေကြသည်။ သည်လိုတပ်များ ထပ်ပြီး ပြင်ဆင် လာခြင်းသည် မြန်မာတို့အဖို့ စစ်ပွဲကို ရက်ရှည်ဆင်နွှဲလိမ့်ဦးမယ်ဆိုတာ သေချာနေပြီ။

အင်္ဂလိပ်တို့အဖို့ စစ်ကို ဆက်ပြီး မတိုက်ချင်တော့ဘူး။ အကြောင်းက ရှိသည်။ ခုဆိုရင် မိုးကျပြီ။ မိုးတွင်းမှာ အင်္ဂလိပ်တို့သည် စစ်တိုက်ဖို့ စိတ်လုံးဝ မရှိတော့ဘူး။ စစ်အတွင်း ကုန်ကျသည့် စရိတ်ကလည်း မနည်းလှဘူး။ ခုဆိုလျှင် အိန္ဒိယအစိုးရ၏ သဘောထားမှာ စစ်စရိတ်ကို သတ်မှတ်ပေးထားချက်ထက် ပိုမကုန်ချင်ဘူး။ မြန်မာတို့နှင့် ရေရှည် ဆွဲတိုက် နေခြင်းမျိုးလည်း မဖြစ်စေချင်ဘူး။ ဒါကြောင့် အင်္ဂလိပ်ဗိုလ်ချုပ် ကင်းဘဲလ်သည် မြန်မာတို့နှင့် စစ်ပြေငြိမ်းဖို့ ဆုံးဖြတ်လိုက်သည်။

သည်အရေးကို နေပြည်တော်ကလည်း စဉ်းစားကြရပြီ။ မစဉ်းစားလို့ကလည်း မဖြစ်တော့ဘူး။ ခုဆိုလျှင် အောက်မြန်မာပြည်တိုက်ပွဲမှာ မြန်မာတပ်များ ရှုံးနိမ့်နေပြီ။ အစက အားကိုးရသည့် မဟာဗန္ဓုလလည်း ဓနုဖြူ ခံတပ်မှာ ကျဆုံးခဲ့ပြီ။ မြန်မာတို့အဖို့ အရှုံးနှင့်ချည်း ရင်ဆိုင်နေရပြီ။ သည်ကြားထဲ ရွှေနန်းတော်အတွင်းရေးကလည်း ညီညွတ်မှု မရှိဘူး။

နန်းမတော်ဖုရားနှင့် သာယာဝတီမင်းသားတို့ကလည်း အားပြိုင်နေကြသည်။ နယ်ချဲ့ ရဲ့ ခြေလှမ်းတွေဟာ ရွှေနန်းတော်ရဲ့ တံခါးဝမှာ ရောက်နေပြီ။ ဒါပေမဲ့ သူတို့ရဲ့ တစ်ဦးချင်း အာဏာရရေး၊ ချယ်လှယ်နိုင်ဖို့ အတွက်ကိုတော့ ခုထိမလျှော့ကြသေးဘူး။ ဘကြီးတော်မင်းကတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေတယ်။ နန်းမတော်ဖုရားကတော့



အင်္ဂလိပ်တွေ နေပြည်တော်အထိ တက်လာခဲ့လျှင် ရွှေဘိုဘက်သို့ တိမ်းရှောင်နေဖို့ ပြောတယ်။

လူဆိုတာကလည်း ခက်သားကလား။ သာတုန်းသာနားချင်ကြတဲ့ သူတွေများသည်။ တကယ်တမ်း ဒုက္ခရောက်ပြီး အကျဉ်းအကြပ် တွေ့ပြီဆိုမှဖြင့် ဝေးဝေးက ရှောင်ကြတာပဲ။ ဖြစ်လာတဲ့ ဒုက္ခကို ဝေမျှခံစားဖို့ မလိုပါဘူး။ အားပေးနှစ်သိမ့်မှုလောက်တော့ ပြုသင့်တာပေါ့။ ခုတော့ ဘယ်သူကမျှ သည်အရေးကို ခေါင်းခံပြီး မရှင်းရဲကြဘူး။

အခြေအနေက ကောင်းပါတယ်။ သည်တုန်းက အင်္ဂလိပ်တို့လည်း စစ်ကပန်းနေပြီ။ ကုန်ကျစရိတ်ကလည်း မနည်းလှဘူး။ ဒါကြောင့် ဗိုလ်ချုပ်ကင်းဘဲလ်က စာတစ်စောင် ရေးပြီး ဒွါရာဝတီမင်းသားထံ ပေးပို့လိုက်တယ်။ မြန်မာတပ်ကို ကြီးမှူးအုပ်ချုပ်သူ ဒွါရာဝတီ မင်းသား ဖြစ်သည်။

ကင်းဘဲလ်၏ စာက ရှင်းပါတယ်။

ဗြိတိသျှအစိုးရသည် စစ်အတွက် ကုန်ကျထားသော စစ်တိုက်စရိတ် ငွေများကို လျော်ကြေးအဖြစ် ရရှိပါက ဤစစ်ပွဲကို အပြီးသတ် ပြေငြိမ်းရန် ဆန္ဒရှိကြောင်းကို ရေးလိုက်သည်။ ရှင်းပါတယ်။ သူတို့လိုချင်တာဟာ ဘာလဲဆိုတာ သိကြပြီပေါ့။ မြန်မာတို့ကလည်း စေ့စပ်ပြေငြိမ်းရေးကို လက်သင့်ခံလိုက်သည်။

ဝန်ကြီးသတိုးမင်းကြီးမဟာမင်းခေါင် ဦးစီးသည့် မြန်မာကိုယ်စားလှယ် အဖွဲ့နှင့် အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ချုပ်ကင်းဘဲလ် ဦးစီးသည့် ကိုယ်စားလှယ်တို့သည် ညောင်ပင်ဆိပ်ရွာမှာ တွေ့ကြတယ်။ စစ်ပြေငြိမ်းရေးအတွက် စကားပြောဆိုကြသည်။

လွှတ်တော်သို့ တင်ပြပြီးမှသာ ပြီးမြောက်မည့် နယ်မြေကိစ္စ၊ ငွေရေးကြေးရေးကိစ္စများ ပါနေသည်။ ဒါကြောင့် သည်အရေး မပြီးမချင်း နှစ်ဦးနှစ်ဖက် အတိုက်အခိုက် ရပ်စဲထားဖို့ သဘောတူ သတ်မှတ်ကြသည်။

မြန်မာတို့ဘက်က စစ်ပြေငြိမ်းရေးအတွက် နေပြည်တော်သို့ လူလွှတ် အစီရင်ခံနေသည်။ လွှတ်တော်မှာ ဆွေးနွေးနေတယ်။ အဲဒီ အတောအတွင်းမှာပဲ အင်္ဂလိပ်တို့ဘက်မှ စစ်မျက်နှာသစ် ပြင်ဆင်နေ

www.burmeseclassic.com



တယ်။ ဒါကလည်း အကြောင်းရှိပါတယ်။ အင်္ဂလိပ်တို့သည် စစ်ပန်းလျက် ရှိပြီး နိုဝင်ဘာလအလယ်အထိ အဲဒီဒေသမှာ သွားရေးလာရေး ခက်ခဲတယ်။ တပ်များ သက်သက်သာသာ ချီတက်နိုင်မည် မဟုတ်လား။ ဒါကြောင့်လည်း မြန်မာတို့၏ တောင်းဆိုချက်ကို လိုက်လျောခဲ့ရခြင်း ဖြစ်သည်။

စေ့စပ်ရေး ပျက်လျှင် မြန်မာတို့က စတိုက်လျှင်တိုက် မတိုက်လျှင် မြေထဲရှိ မြန်မာတပ် များကို အင်္ဂလိပ်တို့က သွားတိုက်နိုင်ဖို့ အသင့်ပြင် ထားခြင်း ဖြစ်သည်။ စစ်ပြေငြိမ်းချမ်းရေး ဆွေးနွေးပွဲသည် ပျက်ပြားသွားခဲ့ပြီ။

မြန်မာတို့ဘက်မှ တစ်စုံတစ်ရာ အကြောင်းမပြန်ကြားမီဘဲ အင်္ဂလိပ်တို့သည် တပ်များကို စစ်ပြေငြိမ်းချမ်းရေး မျဉ်းကြောင်းကို ကျော်လွန်ခဲ့တယ်။ အဲဒီအထိ ကင်းလှည့်နေသည်။ ဒါကြောင့် မြန်မာ တပ်များကလည်း ပြန်လည်လှုပ်ရှားလာတယ်။ စစ်ပွဲကို နှစ်ဖက်စလုံး ဆက်လက်ဆင်နွှဲဖို့ ပြင်ဆင်နေကြသည်။ မကြာပါဘူး။ အင်္ဂလိပ်တို့သည် ထိုးစစ်ဆင်လာခဲ့ သည်။

မြန်မာတို့နှင့် တိုက်သည့် တိုက်ပွဲများအနက် ဝက်ထီးကန်တိုက်ပွဲ သည် အင်္ဂလိပ်တို့အဖို့ ပြောစမှတ် ဖြစ်ကျန်ရစ်ခဲ့သည်။

ဗိုလ်မှူးအီဗင်းသည် အမှတ် (၂၂) မဒရပ်တိုင်းရင်းသား ခြေလျင် တပ်ရင်းကို ဦးစီးရသူ ဖြစ်သည်။ ဝက်ထီးကန် ခံတပ်ကို ရှေ့တည့်တည့်မှ နေပြီး တိုက်ခိုက်ဖို့ တာဝန်ပေးခြင်း ခံရတယ်။ သူတို့သည် လမ်းပြ၏ အကူအညီဖြင့် မြန်မာတပ်စခန်းနှင့် မနီးမဝေးမှာ ရောက်နေသည်။ မကြာပါဘူး မြန်မာကင်းတပ်တစ်ခုနှင့် တွေ့ဆုံပြီး တိုက်ပွဲ ဖြစ်သည်။

တိုက်နေရင်းပဲ အင်္ဂလိပ်တပ်သည် လက်ယာဘက်စစ်ကြောင်းကို ချီတက်သွားတယ်။ သစ်တော၏အလွန် ကွက်လပ်တစ်နေရာသို့ ရောက် တော့ မြန်မာတပ်၏ ချေမှုန်းခြင်းကို ခံရသည်။ ပြင်းပြင်းထန်ထန်ပဲ။ အင်္ဂလိပ်တပ်မှာ မြန်မာတို့၏ ခံတပ်ဗဟိုစစ်ကြောင်းနှင့် ရင်ချင်းဟပ်မိ နေသလို ဖြစ်နေတယ်။ ဒါကြောင့် မြန်မာတပ်၏ ပစ်ခတ်မှုများတာ



အထိ ရောက်ဆုံး ဖြစ်နေတယ်။ သူတို့အဖို့ ခေါင်းငုံ့ခံရုံကလွဲပြီး ဘာမျှ မတတ်နိုင်တော့ဘူး။

ရှေ့ကို တက်သွားသည့် အင်္ဂလိပ်တပ်မှာလည်း တပ်လုံးပြုတ်နီးပါး ဖြစ်နေတယ်။ တပ်ခွဲကို ဦးစီးသူများလည်း ဒဏ်ရာရနေကြပြီ။ တပ်သား များလည် ကျဆုံးနေကြပြီ။ ဒါကြောင့် အင်္ဂလိပ်တို့သည် နောက်သို့ ဆုတ်ခွာကြတော့သည်။

အဲဒီဝက်ထီးကန်တိုက်ပွဲသည် မြန်မာတို့၏ ကျဆင်းနေသည့် ဂုဏ် သိက္ခာကို ပြန်ဆယ် ကယ်တင်နိုင်သည်။ တပ်မကို ကြီးမှူးသည့် ဗိုလ်မှူး ကြီး မက်က်ဒေါ်နယ်မှာ ဦးခေါင်းတွင် ထိမှန်ပြီး ပွဲချင်းပြီး သေသွားခဲ့ တယ်။ တခြားဗိုလ်သုံးယောက်မှာလည်း ဒဏ်ရာ အပြင်းအထန် ရသွားခဲ့ သည်။

တစ်ရှိန်ထိုး ဖိလာသည့် အင်္ဂလိပ်တပ်ကို မြန်မာတို့ ရပ်တည်မခံနိုင် ဘူး။ ခုဆိုလျှင် မြန်မာတပ်များအားလုံးသည် မြေထဲမြို့အထိ ဆုတ်ခွာ ပေးနေရပြီ။ မြေထဲမြို့ကနေပြီး ပြလို့ရွာအထိ ရှည်လျားသော ခံကတုတ် များကို တည်ဆောက်ထားတယ်။ အင်္ဂလိပ်တို့လည်း မြေထဲမြို့အထိ စစ်ကြောင်းသုံးကြောင်း ခွဲချီတက်လာတယ်။

မြန်မာတို့ဘက်မှ ကြိုတင်သတင်းရထားတယ်။ ဒါကြောင့် မြေထဲမြို့ အစ်ဝိုက်မှာ တပ်ဖြန့်ထားသည်။ ကျီဝန်ကြီး၏ တပ်များကို မလွန်စစ် ချတ်နှာသို့ လာရောက် ပူးပေါင်းဖို့ ဆင့်ခေါ်လိုက်သည်။ မြန်မာတပ် ခေါင်းစုကား မလွန်မြို့တွင် စုရုံးရပ်ခံလျက် ရှိသည်။ အင်္ဂလိပ်တို့လည်း ဆင်ပေါင်ဝဲအထက်မှာရှိသည့် လွန်ချီသို့ ဆိုက်ရောက်လာသည်။ အင်္ဂလိပ် တို့သည် စစ်ကို ဆက်လက် မတိုက်ခိုက်ဘဲ စေ့စပ်ပြေငြိမ်းဖို့ လိုလားနေ ပြန်သည်။

ဒါကြောင့် မြန်မာဘာသာတတ်ကျွမ်းသည့် ရာဇဂုရုအမည်ရှိသော ပုဏ္ဏားတစ်ဦးကို ဘင်္ဂလားမှ ခေါ်ဆောင်ခဲ့သည်။ အဲဒီပုဏ္ဏားသည် မြန်မာနန်းတော်တွင်းက မင်းခစားတစ်ဦး ဖြစ်သည်။ ဗဒုံမင်းလက်ထက် လျှို့ဝှက်ကိစ္စတစ်ခုဖြင့် ဘင်္ဂလားသို့စေလွှတ်ခဲ့သတယ်။ ဒါကို အင်္ဂလိပ်တို့က သိပြီး ဖမ်းဆီးထားခြင်းခံနေရသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခုမြန်မာပြည်၏ အရေးကိစ္စများအတွက် ခေါ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ရန္တပိုရွာ သည် ရတနာပူရအင်းဝမှ မိုင်ငါးဆယ်မျှ ကွာဝေးသည်။

၁၈၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၄ ရက်နေ့တွင် စစ်ပြေငြိမ်းရေး စာချုပ်ကို ချုပ်ဆို လက်မှတ်ရေးထိုးကြသည်။ မြန်မာတို့ဘက်မှ လယ်ကိုင်းမြို့စားဝန်ကြီး မဟာမင်းလှကျော်ထင်၊ ကျီဝန်အတွင်းဝန်မင်းကြီးမဟာမင်းလှသီဟသူတို့က လက်မှတ်ရေးထိုးသည်။

အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ချုပ်အာချီဘော်ကင်းဘဲလ်၊ အုပ်ချုပ်ရေးမင်းကြီး မစ္စတာ သောမတ်ကင်းဘဲရောဘတ်ဆမ်၊ ရေတပ်ဦးစီး ကပ္ပိတန်ချတ်တို့က လက်မှတ်ရေးထိုးသည်။

ရန္တပိုစာချုပ်အရ မြန်မာတို့က အင်္ဂလိပ်တို့ကို စစ်တိုက်စရိတ်ငွေတစ်ကုဋေပေးသည်။ ရခိုင်၊ တနင်္သာရီ၊ မဏိပူရနယ်များကို လွှဲပြောင်းပေးရတယ်။ ဒါဟာရှေးဦးစွာသော မြန်မာတို့ ၏ ကျွန်ဖြစ်ဖို့ ကြုံလာသည့် အရေးအခင်းတွေပဲ။ ထွန်းထွန်းပပ တောက်ပြောင်လာခဲ့သည့် မြန်မာတို့၏ ရာဇဝင်တစ်လျှောက်မှာ တိုင်းတစ်ပါးသို့ မိမိပိုင်နယ်မြေ ခွဲဝေပေးရခြင်းမှာ သည်တစ်ကြိမ်သည် ရှေးဦးစွာသော အကြိမ်ဖြစ်သည်။

စစ်စရိတ်လျော်ကြေးငွေများ ပေးရခြင်း၊ မြန်မာတို့ပိုင်သည့် နယ်မြေ အချို့ကို ခွဲပေးရ ခြင်းတို့သည် နစ်နာခြင်းများစွာ ဖြစ်ရသည်။ မြန်မာတို့အဖို့ ဂုဏ်သိက္ခာ အများကြီး ကျဆင်းရသည်။

တစ်ဖက်စီးနင်း အလုပ်ခံလိုက်ရသော အောက်ပါရန္တပိုစာချုပ်ကို ကြည့်ပါတော့-

(၁) အင်္ဂလိပ်မင်းနှင့် မြန်မာရှင်ဘုရင်တို့သည် စစ်ပြငြိမ်း၍ မိတ်သဟာယ အစဉ်အဆက် ဖြစ်စေ။

(၂) မြန်မာဘုရင်က အာသံပြည်၊ မြို့ရွာအက္ကပတ်ပြည်၊ ဝေသာလီပြည်တို့ကို အစိုးမပိုင် နောက်တစ်ဖန် မစီရင်ရ။ မဏိပူရမြို့မှာလည်း ဂမ္ဘီရရှိန်တို့သည် မိမိပြည်သို့ ပြန်၍ မင်းပြုလုပ်လိုလျှင် မြန်မာဘုရင်က အဆီးအတား အနှောင့်အယှက် မပြုနေရမည်။



(၃) နောက်တစ်ဖန် ပြည်ကြီး နှစ်ပြည်အပိုင်းအခြားကို ငြင်းခုံရန် မရှိရအောင် အင်္ဂလိပ် မင်းသည် တိုက်၍ အောင်ခဲ့သော ရခိုင်၊ ရမ်းဗြဲ၊ မာန်အောင်၊ သံတွဲတည်းဟူသော ရခိုင်ပြည်ကြီးကို အစဉ်ယူ၍ မော်တင်စွန်းစေတီကြီးထိ စပ်ကြားအပိုင်းအခြား ဖြစ်စေ၊ နောက်မှ အပိုင်းအခြား ငြင်းခုန်ရန်ရှိလျှင် အင်္ဂလိပ်မင်း၊ မြန်မာမင်းက ခန့်ထားသောသူတို့လည်း အရာရှိမှူးမတ်သူကောင်း ဖြစ်စေရမည်။

(၄) မြန်မာရှင်ဘုရင်သည် အင်္ဂလိပ်မင်းကို ရေး၊ မြိတ်၊ ထားဝယ်၊ တနင်္သာရီမြို့မှ နယ်နိမိတ်တောင်ကမ်းကျွန်းများနှင့်တကွ အပိုင်ပေးသည်။ သံလွင်မြစ်အပိုင်းအခြား ဖြစ်ရမည်။ နောက်မှ အပိုင်းအခြား ငြင်းခုံရန်ရှိလျှင် အထက်ဆိုခဲ့ပြီးသည့်အတိုင်း စီရင်စေ။

(၅) မြန်မာရှင်ဘုရင်သည် ပြည်ကြီးနှစ်ပြည် အစဉ်မိတ်သဟာယ ဖွဲ့စေနိုင်သော စေတနာ အလိုထင်ရှားစေခြင်းငှာ အင်္ဂလိပ်က စစ်တိုက်၍ ကုန်ကျစရိတ်အနက် အနည်းငယ် ပြေရအောင် ကျပ်သုံးဒင်္ဂါးပြားရေတစ်ကုဋေ ပေးရမည်။

(၆) ယခု စစ်တိုက်ကြသည့်အတွင်း ကုလားဘက်သို့ ဝင်သွားသော မြန်မာရှင်ဘုရင်ကျွန်၊ မြန်မာဘက်သို့ ဝင်လာသော ကုလားတို့မှာ အလိုလို ဝင်လာသည် ဖြစ်စေ၊ အနိုင် ဝင်လာရသည် ဖြစ်စေ၊ အဘယ်သူမျှ အဘက်ဘက်သို့ ဝင်စားသည့်အတွက် ရာဇဝတ်မခံ အနှောင့်အယှက် မရှိစေရ။

(၇) ပြည်ကြီးနှစ်ပြည် ယခုရှိသော မိတ်သဟာယ မြဲစေခြင်းငှာ အင်္ဂလိပ်မင်းက ခန့်ထား သော အရာရှိတစ်ယောက်၊ အခြွေအရံ လူငါးဆယ်၊ လက်နက်ကိရိယာအစုံနှင့် မြန်မာမြို့တော်မှာနေစေ၊ မြန်မာမင်း ခန့်ထားသော အရေးပိုင် အရာရှိတစ်ယောက် အခြွေအရံ လူငါးဆယ်၊ လက်နက်ကိရိယာအစုံနှင့် ကုမ္ပဏီမြို့တော်မှာ နေစေ။ ကုလားပြည်မှာနေသော မြန်မာမင်း၊ မြန်မာပြည်မှာနေသော ကုလားမင်းတို့သည် မိမိတို့ နေဖို့အတော်အသင့်ဟိုတ်အိမ်ကို ဝယ်လိုလျှင် ဝယ်၍နေစေ။ အသစ်တည် လုပ်လိုလျှင်လည်း

www.burmeseclassic.com

www.burmeseclassic.com



တည်လုပ်စေ။ ရင်းနိုင်ငံနှစ်ပါး အကျိုးစီးပွား ဖြစ်ထွန်းစေခြင်းငှာ ရွှေလမ်း၊ ငွေလမ်းဖွင့်၍ အချင်းချင်း ဖောက်ကား ရောင်းဝယ်ခြင်း အမှုအရေးများနှင့် ဆိုင်သော အလုပ်ကို ထပ်၍ လုပ်စေရမည်။

(၈) စစ်မရှိ မတိုက်မီ ကြွေးဟောင်း၊ မြီဟောင်း ရှိသမျှ မင်းအရာရှိဆိုင်သည် ဖြစ်စေ။ ဆင်းရဲသားဆိုင်သည် ဖြစ်စေ၊ သစ္စာရှိသည့်အတိုင်း ကုန်စင်အောင် ဆပ်ပေးစေရမည်။ ကြွေးကင်းသည့်နောက် ဖြစ်သည်ဆို၍ မကပ်မခိုစေရ။ သူ့ဥစ္စာကို အသိမ်း အယူမရှိစေရ။ စစ်တိုက်သော အမှုကြောင့် အဘယ်မျှ ကုလားဖြစ်စေ၊ မြန်မာဖြစ်စေ သူ့ဥစ္စာကို သိမ်းအယူမရှိစေရ။ အင်္ဂလိပ်ရှင်ဘုရင်ကျွန်ဖြစ်သူတို့သည် မြန်မာနိုင်ငံတွင် သေ၍ အမွေခံမရှိလျှင် ကျန်ရှိသော ဥစ္စာပစ္စည်း ရှိသမျှကို မြန်မာနိုင်ငံတွင် နေသော အင်္ဂလိပ်အရေးပိုင်လက်သို့ ကုလားဖြူထုံးစံအတိုင်း အပ်ရမည်။ ထိုနည်းတူ မြန်မာမင်းကျွန်ဖြစ်သူတို့သည် အင်္ဂလိပ်မင်းနိုင်ငံတွင်း သေ၍ အမွေခံမရှိလျှင် ကျန်ရစ်သော ဥစ္စာပစ္စည်း ရှိသမျှကို အင်္ဂလိပ်နိုင်ငံတွင်နေသော မြန်မာမင်း အရေးပိုင် အရာရှိလက်သို့ အပ်ရမည်။

(၉) အင်္ဂလိပ်သင်္ဘောများကို မြန်မာမြို့ဆိပ်သို့ ဝင်ရောက်လျှင် တက်မ ,မချွတ်၊ အမြောက်မချဘဲ နေသကဲ့သို့ အင်္ဂလိပ်မြို့ဆိပ်သို့ ဝင်ရောက်သော မြန်မာသင်္ဘောသည်လည်း အနှောင့်အယှက်မရှိဘဲ နေရမည်။

(၁၀) အင်္ဂလိပ်တို့နှင့် မိတ်သဟာယဖွဲ့သော ယိုးဒယားရှင်ဘုရင်သည် အင်္ဂလိပ်ဘက်သို့ ဝင်ကူ၍ ဝင်ထွက်သွားလာသည်မှာ ယခုလုပ်ကြသော မိတ်သဟာယစာချုပ် အပါ အဝင် ဖြစ်သည်ဟု မှတ်ယူရမည်။

(၁၁) ယခုလုပ်သော မိတ်သဟာယစာချုပ်ကို မြန်မာဘုရင်ခန့်ထားတော်မူသော အရေးပိုင် သံတမန်တို့သည် လက်မှတ်တံဆိပ်



ခတ်နှိပ်ရမည်။ ၎င်းအိန္ဒိယတိုင်းကို အစိုးရသော ကုမ္ပဏီရှင်ဘုရင်သည် ခံဝန်၍ လက်မှတ်တံဆိပ်ခတ်သော စာချုပ်ကို ၎င်းလအတွင်း မြန်မာရှင်ဘုရင်လက်တော်သို့ ပြန်၍ ပေးလိုက်ရမည်။ အင်္ဂလိပ်မင်း ချုပ်ထားသည့် မြန်မာလူမျိုးမှန်သမျှတို့ကို အင်္ဂလိပ်ပြည်မှ အလျင်အမြန် ခေါ်ခဲ့၍ မြန်မာမင်း လက်သို့ အပ်ရမည်။

စည်းလုံးညီညွတ်မှု မရှိခြင်း၊ တစ်ဦးချင်း အာဏာရယူလိုမှု စသည့် အဖြစ်တွေကြောင့် မြန်မာတို့၏ နယ်မြေများသည် တစ်စစီကျိုးပဲ့ခဲ့ချေပြီ။ နိုင်ငံတော်မှာ စစ်ငွေ့က ပြယ်စ ပြုပြီ။ ဒါပေမဲ့ စစ်၏ ဒဏ်ကို ပြည်သူတွေဟာ အလူးအလဲ ခံခဲ့ရသည်။

သားကွဲ၊ မယားကွဲ၊ အငတ်ငတ် အပြတ်ပြတ် ဘေးဒုက္ခများကို ရင်စည်းခံခဲ့ရပြီ။ ပြည်သူနှင့် နိုင်ငံတော်သည် တစ်သားတည်းကျနေသည် မဟုတ်လား။ နိုင်ငံတော်၏ အရေး သည် ပြည်သူတွေရဲ့အရေးပဲ။ နိုင်ငံတော်ကို ထိပါးပုတ်ခတ်မည့်သူ မှန်သမျှကို ပြည်သူတွေက တွန်းဖြိုရမည် မဟုတ်လား။

အားလုံးဟာ တစ်စိတ်တည်း တစ်ဝမ်းတည်း ရှိနေကြရမှာပဲပေါ့။

ဒါပေမဲ့ အသားထဲက လောက်ထွက်သူ၏ ဖြစ်ရပ်တွေကလည်း ရှိခဲ့တာပဲ။ အခုလည်း ကြည့်လေ လက်ရှိအာဏာရလာသည့် နန်းမတော်ဖုရားနှင့် စလင်းမင်းသားကြီးတို့က အကောက်ဉာဏ် ကြံနေကြပြီ။ သူတို့အဖို့ သာယာဝတီမင်းသားသည် ဆူးညှောင့်ခလုတ် ဖြစ်နေသည်။

ရွှေနန်းတော်တစ်ခုလုံးကတင် မကဘူး။ နေပြည်တော်တစ်ခွင်လုံးတာပါ ခန့်ညားနေရသည်။ သူတို့ မောင်နှမကို အလေးမမူသည်က သူပဲ မဟုတ်လား။ သည်တော့ သည်တစ်တော ရှင်းသွားလျှင် သူတို့သည် ထင်ရာကို လုပ်နိုင်တော့မှာပဲ ဖြစ်သည်။

အင်္ဂလိပ်တို့ကို စစ်စရိတ်ငွေတစ်ကုဋေကို လေးဆိုင်းခွဲပြီး ပေးရမည်။ ပထမဆိုင်းမှာပဲ ဗြိတိသျှတို့ကို ပေးဖို့ ငွေမလုံလောက်ဘူး။ သည်အတွက် နန်းမတော်ဖုရားပိုင်သည့် ရွှေငွေများကို စုဆောင်းပေးလိုက်ရသည်။ အဲဒီစစ်ပွဲကြောင့်ပင် ရွှေနန်းတော်အတွင်းမှာ ပိုပြီး [illegible] လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးတော်မင်းအဖို့လည်း မထွေးနိုင်၊ မအံ့နိုင် ဖြစ်နေရှာသည်။ နှုတ်ကို ဆုတ်ခဲ့ သော ကြောင်းများ မကြင်းမမွေကြ ရွေးမှု မြောက်နေတယ်။ နှုတ်ကိုတာ အေးအေးဆေးဆေး နေတတ်သည့် ဘကြီးတော်မင်းအဖို့ ပူပင်သောကမှုတွေ ဖြစ်နေတယ်။ စစ်ရှုံး သည့် အရိပ်ကလည်း သူ့ရဲ့နောက်မှာ ထပ်ကြပ်ပါနေပြီ။ နိုင်ငံတော်အရေးဟာ ကမောက် ကမ ဖြစ်နေရတယ်။ သည်အထဲ မယားနှင့် ညီတော်မင်းသားတို့၏ ပြဿနာကလည်း မငြိမ်းဘူး။ ပြီးပြတ်မှု မရှိဘူး။

သည်တော့ ဘကြီးတော်မင်းအဖို့ မယားလည်း ကြည်သာအောင် ပြောရ၊ ညီဖြစ်သူကိုလည်း နှစ်သိမ့်ရဆိုတော့ စိတ်ညစ်ရှာတော့မပေါ့။ ဘယ်အိမ်တွင်းရေးကိုမျှ သင့်တင့်အောင် မစီမံ၊ မအုပ်ချုပ်တတ်သည့် ဘုရင်မင်းတရားကြီးအဖို့ နိုင်ငံတော်အရေးဆိုတော့ ပြောဖို့ မလိုဘူးပေါ့။ ဘုရင့်ရဲ့ သား၊ ဘုရင်မင်းတရားက ချီးမြှောက်လို့သာ ရွှေထီး ရွှေနန်း ရာဇပလ္လင်ကို ရခဲ့သူဆိုတော့ ဒုက္ခဆိုတာ ဘာမျှ သိတာ မဟုတ်ဘူး။

လုပ်တိုင်း၊ စေတိုင်း ဖြစ်သည့်ဘဝဆိုတော့ ပူပင်သောကမှုဆိုတာ မရှိခဲ့ဘူး။ ဟော အခုလို နိုင်ငံအချင်းချင်း စစ်ပွဲမှာ ရှုံးနိမ့်လာရတော့ ပူပင်သောကမှုကို ဂြိုဟ်ကြုံတွေ့ရပြီ။ သည်ကြားထဲမှာ မယားရဲ့ တစ်သြဇာ၊ တစ်မိန့်ကို ပြန်ပြီး နာခံနေရသည့် သဘောဖြစ်နေတော့ သူလုပ်ချင်တိုင်း လုပ်လို့မရ ဖြစ်နေတယ်။ တစ်ဖက်ကလည်း ညီ၊ တစ်ဖက်ကလည်း မယားဆိုတော့ ဘကြီးတော်မင်းအဖို့ ကြားနေရုံပဲ ရှိတာပေါ့။

ဒါပေမဲ့ တို့ဘုရင်က မယားဘက်ခပ်ပါပါလောက်တော့ရှိမှာပေါ့။ ဒါကလည်း တစ်ခါ တစ်ရံလောက် ဖြစ်မှာပါ။ ညီအရင်း ဖြစ်ပေမဲ့ အတူနေရတာ မဟုတ်ဘူး။ သည်မှာ မယား ဖြစ်တဲ့ နန်းမတော်ဘုရားနှင့်ကစားအတူတူ၊ အိပ်အတူတူ မဟုတ်လား။ ဘကြီးတော်မင်းအဖို့ သိကြားကျခဲ့ပြီ။

အလောင်းမင်းတရားကြီး တည်ထောင်ခဲ့သည့် နိုင်ငံတော်သည် သူ့လက်ထက်တွင် ပဲ့ထွက်ခဲ့ချေပြီ။ ဒါဟာ ကောင်းသည့် လက္ခဏာ မဟုတ်ဘူး။ နိုင်ငံတော် ကျဉ်းမြောင်းသွားခြင်းသည် ဘုရင်မင်းတရားကြီး၏ အာဏာစက် ကျဉ်းမြောင်းသွားတာပဲပေါ့။ သည့်အတွက် ပိုပြီး သူ့စိတ်ထဲမှာ ခံစားနေရတယ်။ နန်းမတော်ဖုရားကလည်း မောင်တော်ဘုရင်တသူ့ကို မြတ်နိုးချစ်ခင်အောင် ကြိုးစားနေတာပဲ။ သည်လို ချစ်ခင်လာမှသာ သူ့ကို အလိုလိုက်မည်။ သူကြိုက်နှစ်သက်ရာ စီမံခြယ်လှယ်နိုင်မည်ပေါ့။ ဘကြီးတော်မင်းကို မီးသေအောင် ပြုလုပ်ခြင်းသည် အခွင့်အရေး မှန်သမျှ အကုန်ရတော့မှာပေါ့။

* * *

www.burmeseclassic.com

# ကျားကိုက်တာ နာသလား

www.burmeseclassic.com

www.burmeseclassic.com

## ၂

သည်အချိန်မှာ သာယာဝတီမင်းသားအဖို့ အိမ်ရှေ့အရာကို ရထားပြီး ဖြစ်တယ်။

ဘကြီးတော်မင်းကလည်း အရေးပေးထားတယ်။ နန်းမတော်ဖုရားတို့ မောင်နှမက မျက်ခြည်မပြတ် ကြည့်နေတယ်။ သာယာဝတီမင်းသားသည် ထက်ထက်မြက်မြက်ရှိသည့် မင်းသားပဲ။ နောင်တော်ဖြစ်သည့် ဘကြီးတော်မင်းအဖို့ နန်းမတော်ဖုရား၏ ရုပ်သေးရုပ် ဖြစ်နေခြင်းကို မမြင်ချင်ဘူး။ ခံပြင်းလှသည်။

ရွှေနန်းတော်တွင်းမှာကလည်း တီးတိုးသတင်းလွှင့်နေတယ်။ တွဲအက်နေပြီဖြစ်သည့် အပိုင်းနှစ်ပိုင်းကပေါ့။ သာယာဝတီမင်းသားကြီးသည် လူဆိုးမွေးတယ်။ နိုင်ငံတော်အတွင်း လုယက်တိုက်ခိုက်နေသည့် ဓကောင်းမှုကိစ္စများကို ဦးစီးဦးရွက် လုပ်နေတယ်လို့လည်း ပါးစပ်သတင်း လွှင့်နေတယ်။ ဘကြီးတော်မင်းအဖို့လည်း နာမကျန်း ဖြစ်နေတော်မူသည်။

သာယာဝတီမင်းသားသည် လက်နက်အင်အား။ လူအင်အားတို့ကို စုစည်းနေတယ်။ ဒါကို စလင်းမင်းသားကြီးတို့က ပေါ့ပေါ့ဆဆ မနေတော့ဘူး။ သာယာဝတီမင်းသား၏ အင်အားကြီးမားမှုကို လျစ်လျူရှုလို့ မဖြစ်တော့ဘူး။ သူပြုတ်၊ ကိုယ်ပြုတ် မချလို့ မဖြစ်တော့ဘူး။ ညာနေလို့ မဖြစ်တော့ဘူး။ ကြာရှည်ကတည်းက အမြစ်တွယ်ခဲ့သည့် အဲ[illegible]သာနာကို သည်တစ်ခါတော့ အပြတ်ရှင်းရတော့မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သာယာဝတီမင်းသား၏ အခြေအနေကို စလင်းမင်းသားကြီးက မပြတ်အောင် စောင့်ကြည့်နေသည်။ မကြည့်လို့ကလည်း မဖြစ်ဘူး။ တစ်ချက်မှားလျှင် တစ်ချက်မှားသလို အရေးယူဖို့ စောင့်နေတာပဲ။ ရန်သူ မှန်းသိလျက်နှင့် အခြေအနေ မပေးလို့ ကြည့်နေရတယ်။ ဒုက္ခပေးသည်က ကြာလှပြီပေါ့။

အခြေအနေဆိုတာကလည်း အမျိုးမျိုးရှိတယ်။ ဘကြီးတော်မင်း၏ ညီတော်လည်းဖြစ်ပြန်၊ ရွှေနန်းတော်အတွင်းမှာလည်း ဩဇာကထက်လှသူ ဆိုတော့ မတတ်သာပေဘူးပေါ့။ ဟော အခုဆိုလျှင် မထင်မှတ်သည့် နေရာက အခြေအနေ ပေးလာပြီ။ သည်တော့ ပေးလာတဲ့ ဖြစ်ရပ်ကို အမိအရ ဆုတ်ကိုင်တော့တာပဲ။ အပြစ်ဆိုတာ ရှာရတာ လွယ်ပါတယ်။ ပြဿနာကတော့ ပုဂံမင်းသမီးက စတာဖြစ်တယ်။

ပုဂံမင်းသမီးဆိုတာက သာယာဝတီမင်းသားကြီး၏ နှမတော် ဖြစ်သည်။ သည်တုန်းက စေဉ်းကူအုံမြို့သူကြီးဟာ ငရေးဆိုတာပါပဲ။ သူ့ကို ပုဂံမင်းသမီးက ဝန်စာရေးအဖြစ် ခန့်အပ် လိုက်တယ်။ စလင်း မင်းသားကြီးတို့ဘက်က မြို့သူကြီးငရေးကို အမြင်မရှင်းဘူး။

သူ့အိမ်မှာ လူဆိုးသူဝှက်များဟာ ဝင်ထွက်သွားလာနေတယ်။ လူဆိုး လူသွမ်းတွေကို ပူးပေါင်းလက်ခံနေတယ်လို့ ထင်နေတယ်။ အဆိုးဆုံးက တော့ သူဟာ သာယာဝတီမင်းသား ရဲ့ ကျွန်ယုံတော်တစ်ဦး ဖြစ်ခြင်းပဲ။ သည်အစကို ဆွဲထုတ်လိုက်လျှင် ကျန်တာတွေအားလုံး ပေါ်လာမယ်။ သည်တော့မှ ချက်ပိုင်ပိုင် ဖမ်းမယ်ပေါ့။ သည်တော့ ငရေးကို စစ်ဆေးဖို့ ခေါ်တယ်။ သာယာဝတီမင်းသားမှတစ်ဆင့် ခေါ်ယူခြင်းပဲ။

ဒါကို သာယာဝတီမင်းသားက ခါးခါးသီးသီး ငြင်းပယ်တယ်။ လုံး မပေးဘူး။ လွှတ်လည်း မလွှတ်နိုင်ဘူးပေါ့။ တာဝန်ရှိသည့် သာယာဝတီ မင်းသားကြီး ကိုယ်တိုင်က မပေးဘူး။ မလွှတ်ဘူးဆိုတော့ စလင်း မင်းသားကြီးကလည်း မတတ်သာဘူးပေါ့။ မနိုင်တော့ နိုင်ရာကိုင်ရှော ထုံးစံမဟုတ်လား။ သည်တော့ စလင်းမင်းသားကြီးက ဘကြီးတော်မင်းထံ လျှောက်ထားတယ်။



သည်တော့ ဘကြီးတော်မင်းလည်း မနေသာတော့ဘူးထင်ပါရဲ့။ ဗြဲတိုက်သံတော်ဆင့် သီရိကျော်ထင်နော်ရထာကို သာယာဝတီမင်းသား ရဲ့ အိမ်တော်ကို လွှတ်လိုက်တယ်။ ဝှက်ထားတဲ့ မြို့သူကြီးငရေးကို ပေးအပ် ဖို့ ရာဇသံပေးလိုက်တယ်။ သာယာဝတီမင်းသားအဖို့တော့ ရာဇသံတာ ရာဇသံပဲ။ မရှိတဲ့လူကို မပေးနိုင်ဘူးလို့ ပြန်ပြောလိုက်တယ်။ ဘယ်လို ရာဇသံနှင့်ပြောပြော မရဘူး။

သည်တုန်းက ရတာပူရ အင်းဝရွှေမြို့တော်အတွင်းမှာ ဓားပြတိုက် မှုတွေ ဖြစ်ပေါ်နေတယ်။ အင်းဝရွှေမြို့တော်၏ အနောက်ပိုင်း ခေတ်နန်း ရပ်ကွက်မှာပဲ မင်းနေပြည်တော်မှာ ဖြစ်နေတော့ မြို့တော်ဝန်အဖို့ သိက္ခာ ကျတာပေါ့။ မဟာအရှက်တော်ရတယ်ပေါ့။ အထက်အရာရှိများ၏ ပြစ် တင်ကြိမ်းမောင်းခြင်းကို ခံရတယ်။ ဒါကြောင့်မို့ ရွှေမြို့တော်ဝန်မင်းက ကြိုးစားပမ်းစားဖမ်းတယ်။ မရဘူး။

သူတင်မကဘူး။ ထောင်မှူး၊ မြို့စာရေး၊ မြင်းဝန်တို့ကလည်း လိုက်ဖမ်းတာပဲ။ ဓားပြ တွေကလည်း အတော်လျင်တယ်။ တစ်နေရာကို အရိပ်အယောင်ပြပြီး တခြားတစ်နေရာမှ ဓားပြလိုက်တယ်။ ခေတ်နန်း ရပ်မှာပြပြီး ဈေးချိုတော်ရပ်မှာ တိုက်တာပေါ့။ ယုန်တောင် ပြေး။ ခွေး မြောက်လိုက် ဖြစ်နေတာပေါ့။ လိုက်ဖမ်းသည့် အမှုထမ်းတွေလည်း အရှုံး မီးဝိုင်း သလို ဖြစ်လာတယ်။ ကြာတော့ စလင်းမင်းသားကြီးလည်း ဒေါသ ဖြစ်လာတယ်။

သည်တော့ မင်းတရားကြီး၏ အမိန့်တော်ခံယူပြီး အာဏာပြတော့ တာပဲ။ သာယာဝတီ မင်းသား၏ အိမ်တော်ဝန်၊ အတွင်းဝန်၊ စာရေးကြီး တို့ကို ခေါ်ယူလိုက်တာပဲ။ အကြောင်း ပြချက်ကတော့ မြို့သူကြီးငရေးနဲ့ ပတ်သက်လို့ ဆွေးနွေးစရာ ရှိတယ်ဆိုတာပဲပေါ့။ ဒါနဲ့ ဘုရင်မင်းတရား ကြီးရဲ့ အမိန့်တော်ဆိုတော့ ဘယ်သူမှ မနေသာဘူးပေါ့။

အိမ်တော်ဝန် နေမျိုးသီဟကျော်စွာ၊ အတွင်းဝန်သီဟစည်သူ၊ စာရေးကြီးသီဟ ကျော်ထင်နော်ရထာတို့ ဖြစ်တယ်။ နှမတော် ပုဂံ မင်းသမီး၏ဝန် စည်သူရာဇကျော်၊ စာရေး ကျော်ထင်သူရိန်တို့ကိုလည်း ဆင့်ခေါ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်အမိန့်တော်ဆိုတော့ လာကြတာပေါ့။ စလင်းမင်းသားကြီး၏ အိမ်တော်ရောက်ပြီး လူစုံသလောက်ရှိတော့ အားလုံးကို ဖမ်းဆီးလိုက်တယ်။ သူတို့အားလုံးကို လက်မရွံ့ ထောင်ထဲမှာ ထိပ်တုံးရိုက်ပြီး ထည့်ထားလိုက်တယ်။ ဒါကတော့ စလင်းမင်းသားကြီးရဲ့ လုပ်ရပ်ပဲ။ ဗထာမတော့ သူတို့အားလုံးက အံ့အားသင့်သွားနေကြတယ်။

ဘာလုပ်တာပါလိမ့်ပေါ့။ နောက်မှ ယောက်ဖလုပ်သည့် ဘုရင်မင်းတရားကြီးကို ခါးပိုက်ဆောင်ထဲ ထည့်ထားပြီး သူလုပ်ချင်ရာ လုပ်နေသည့် စလင်းမင်းသားကြီး၏ လုပ်ကွက်ဆိုတာ သူတို့အားလုံး သိသွားကြတယ်။ မြို့သူကြီးငရေးနှင့် သူတို့အားလုံးကို အလဲအလှယ် လုပ်တာပေါ့။

သူတို့အားလုံးကို လွှတ်စေချင်လျှင် ငရေးကို အပ်ပါလို့ သာယာဝတီမင်းသားထံ အကြောင်းကြားစေတယ်။ ဘာဆိုင်သတုံး။ ဒါဟာ သက်သက်မဲ့ ရန်ရှာတာပဲ။ မထင် ရန်စသလို ဖြစ်မနေဘူးလား။ နေပြည်တော်မှာ မားပြတိုက်တာနဲ့ သည်ငရေးနှင့် ဘာဆိုင်သလဲ။ ငရေးတိုက်တယ်ဆိုလျှင် ငရေးကိုပဲ ဖမ်းဖို့ ကောင်းတာပေါ့။

ကိုယ့်ဘာသာ ကိုယ်အုပ်ချုပ်ရေး ညံ့ဖျင်းလို့ ဖြစ်ချင်တိုင်း ဖြစ်နေတာကို မဆိုင်တာတွေ မလုပ်သင့်ဘူးပေါ့။ ဘာနှင့်တူနေသလဲဆိုတော့ လင်ကောင်မဖော်နိုင်လို့ မီးရာယောက်ျား ဖမ်းယူလိုက်သည့်ကိန်း ဆိုက်နေတာပဲ။ သူတို့အဖို့မှာက စည်းစိမ်အပြည့် ခံစားတယ်။ သူတို့ကိုယ်ကျိုးကိုပဲ ရှေ့တန်းတင်နေကြတယ်။

ဘကြီးတော်မင်းမှာလည်း အမည်သာ ရှိတော့တယ်။ နိုင်ငံတော်ကို လက်တွေ့ကျကျ အုပ်ချုပ်နေသူကတော့ နန်းမတော်ဖုရားတို့ မောင်နှမ ဖြစ်တယ်။ သည်တော့ သူတို့ဘာလုပ်သလဲ။ သူတို့ရပ်ရွာဖြစ်သည့် ဖလံခုံရွာမှာရော၊ အခြားဆွေမျိုးတွေရှိသည့် ရွာက အမျိုးအဆွေတွေ ကောင်းစားရေးကို လုပ်တော့တာပဲ။

နယ်စားပယ်စားတွေ ခန့်ပြီး သူကောင်းပြုတယ်။ ဒါကတော့ အင်အားစုနည်း တစ်မျိုးပေါ့။ သူတို့အဖို့ သည်လိုမှ မလုပ်လျှင် ဒီအရာက ကျမယ်ဆိုတာ သိနေတယ်။ ဒါကြောင့် အရေးဟော့ဆိုရင် ကျောချင်းကပ်ရအောင် သင့်တော်မည့်နေရာတွေမှာ ဆွေမျိုးတစ်စုကို ထည့်ထားနေတာ



ပဲ။ အပါးနပ်ဆုံး၊ အထက်မြက်ဆုံး လူကို ဖိထားနိုင်မှ မိမိတို့ လုပ်ချင်ရာတို လုပ်လို့ ရမယ်မဟုတ်လား။

ရွှေနန်းတော်အတွင်းမှာ တင်းမာမှု အရိပ်များ ယှက်သန်းနေတယ်။ နှစ်ဖက်စလုံးက ဩဇာအာဏာ ကြီးတယ်။ အရှိန်အဝါ မြင့်မားသည့်သူတွေပဲ။ ခုထိမြို့သူကြီးငရေး၏ အရေးအခင်းဟာ မပြီးပြတ်သေးဘူး။ ဘကြီးတော်မင်းအဖို့ မယားစကားကို နားထောင်နေတယ်။ နန်းမတော်ဖုရားရဲ့လူ လုံးလုံးဖြစ်နေတယ်။ ဒါပဲပေါ့ လင်နှင့်မယားဆိုတာ တစ်သားတည်းပေါ့။ ဘကြီးတော်မင်းအဖို့ ယောက်ဖနှင့် မိန်းမဖြစ်သူတို့ ပူးပေါင်းလုပ်ကြံနေတယ်ဆိုတာကိုလည်း သိဟန်မတူဘူး။

ပြဿနာဟာ ကြီးသထက် ကြီးလာပြီ။ ထိန်းမရတော့ဘူး။ အခြေအနေကား မကောင်းတော့ဘူး။ ဆိုးဝါးနေပြီ။ ဒါဟာ သက်သက်မဲ့ ရန်ရှာနေတာပဲဆိုတာ သိတယ်။ သာယာဝတီ မင်းသားအဖို့ သိပေမဲ့ သည်းခံနေတယ်။ တတ်နိုင်သမျှ လိုက်လျောမှုပေးတယ်။ သူစိမ်း မကောင်းပေမဲ့ အစ်ကိုဖြစ်သူက ရှိသေးတယ် မဟုတ်လား။ တစ်ယောက်ခေါင်း တစ်ယောက်နင်းပြီး ဆင်းလာခဲ့သည့် သူတွေမို့ ညာတာမှု ရှိရမယ်။ အတတ်နိုင်ဆုံး ပြေပြေလည်လည်ဖြစ်ဖို့ ကြိုးစားရမှာပေါ့။

ပြီးတော့လည်း ကိုယ်က အငယ်မဟုတ်လား။ အစ်ကိုကြီးတော့ အဖအရာဆိုသည့် ထုံးကိုလည်း နှလုံးမူရမယ်လေ။ သည်တော့ ဖြစ်လာသည့် ပြဿနာမူရင်း အမြစ်ကို လှန်ရတော့မယ်။ ဒါကလည်း ကြားကသူတွေကို ပြောခိုင်းလို့ ရမယ်မထင်ဘူး။ အကြောင်းက ရှိပါတယ်။ သည်ပြဿနာ စဖြစ်ကတည်းက ကိုးကွယ်တော်မူရင်းဖြစ်တဲ့ သဲအင်းဆရာတော်လို သာသနာပြုဆရာတော်ထံ လျှောက်ကြားစေတယ်။

ဒါပေမဲ့ သာသနာပိုင်ဆရာတော်က သည်ကိစ္စသည် လူမှုလူရေးနှင့်သာ စပ်လျဉ်းသောစကား ဖြစ်သည်။ ဒါကြောင့် မပြောပိုင်လို့ ဆိုတယ်။ နောက်တစ်ယောက်ကိုလည်း ကြားဝင်ပေးဖို့ ကြိုးစားခဲ့သေးတယ်။ မရဘူး။ သူကတော့ တခြားသူ မဟုတ်ဘူး။ နန်းမတော်ဖုရား၏ အဆွေတော်ဖြစ်သည့် ပေါင်းတည်မြို့စား မယ်ပုပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းတည်စား မယ်ပုကို အဖိုးများစွာ ထိုက်တန်သည့် လက်ဆွပ်တော်ပေးပြီး ပြောခိုင်းတယ်။ နောင်တော်မင်းတရားမှာ ဟုတ်မှန်သည့်အတိုင်း သိစေအောင် လျှောက်ထားခိုင်းခြင်းပဲ။ ဒါကို ပေါင်းတည်စားမယ်ပုတ ကြိုးစားသေးတယ်။ မရဘူး။ တကယ်တော့ သည်ကိစ္စဟာ မှိုမှိုသားသား ဟုတ်ချင်မှ ဟုတ်မှာပါ။ အကြောင်းက ရှိပါတယ်။ သာယာဝတီမင်းသား စေလွှတ်သည့် ပေါင်းတည်မြို့စား မယ်ပုဟာ နန်းမတော်ဖုရား၏ အရိုးတော် ဖြစ်နေတယ်။ သည်တော့ ပေါင်းတည်စားအဖို့ပါချင်းပါလျှင် တူမဘက်ပဲပါတော့မှာပေါ့။

ခက်တာက ဘကြီးတော်မင်းပဲ။ အင်္ဂလိပ်တို့ကို စစ်ရှုံးပြီးကတည်းက အတွင်းတော်ထဲက သိပ်ပြီးထွက်တော်မမူတော့ဘူး။ ဘယ်သူ့ကိုမှလည်း မတွေ့တော့ဘူး။ ကိစ္စရပ်အားလုံးကို နန်းမတော်ဖုရားတို့ မောင်နှမကသာ ဦးဆောင်နေသည်။ ဒါကြောင့် သာယာဝတီမင်းသားအဖို့ ဘကြီးတော်မင်းတရားကြီးကို ဖြစ်ရပ်မှန် လျှောက်တင်ဖို့ ဝေးကွာနေတယ်။

နိုင်ငံတော်၏ ဘုရင်မင်းတရားကြီးကို ဖူးတွေ့ဖို့ဆိုတာ မလွယ်ဘူး။ အခေါ်တော်ရှိမှ သွားတွေ့ရတာပဲ။ ကိုယ်က တွေ့ချင်တိုင်းတွေ့လို့ မရဘူး။ ခုလို ညီတော်ရင်းကတောင် တွေ့ခွင့်မရတာ တခြားဘယ်သူကရော လွယ်ပါ့မလား။ သည်လိုဖြစ်အောင်လို့လည်း နန်းမ တော်ဖုရားတို့က လုပ်ထားဟန်တူရဲ့။ ဘုရင်မင်းတရားကြီးနဲ့ ဘယ်သူနဲ့မှ ပေးမတွေ့ဘဲ သူတို့ လုပ်ချင်ရာကို လုပ်နေကြတော့တာပေါ့။

သူ့လိုပဲ သည်အရေးကို စိုးရိမ်သောက ဖြစ်နေသည့်သူက ရှိပါတယ်။ နှမတော် ပုဂံမင်းသမီးပဲ။ သူကစပြီး ယှက်နွယ်လာသည့် ပြဿနာဆိုတော့ သူစိုးရိမ်တာ မဆန်းဘူးပေါ့။ ရှေ့မှာ ဖြစ်လာတော့မယ့် အရေးအခင်းတွေကိုလည်း သူတွက်ကြည့်မိတယ်။ မျှော်ကြည့်မိတယ်ပေါ့။ ရွှေနန်းတော်ရဲ့ ကြမ်းပြင်မှာ သွေးအလျှင်ဟာ စီးဆင်းနေတယ်။ လူတွေအားလုံးဟာ သွေးချင်းချင်းနီနေတယ်။

သည်ကိစ္စရပ်ကို အစပျိုးလာသည့် မိမိနှင့် သာယာဝတီမင်းသားအဖို့ ရာဇဝတ်တော်နှင့် နီးကပ်နေပြီဆိုတာ အလိုလို သိနေပြီ။ တစ်ခုခု



တော့ လုပ်ကြမှပဲ။ ဘယ်သူ့ကိုမှ မယုံရသည့် ရွှေနန်းတော်အတွင်းမှာ လျှို့ဝှက်ကြံစည်မှုဆိုတာ လုပ်နိုင်ပါ့မလား။

ဗူးတစ်ရာအပေါက် ပိတ်နိုင်ပေမဲ့ လူ့ပါးစပ်အပေါက်တစ်ခုကို ပိတ်နိုင်ဖို့ဆိုတာ ဝေးလွန်းလှတယ်။ မဖြစ်နိုင်ဘူးပေါ့။ စလင်းမင်းသားကြီးရဲ့ အင်အားကလည်း ကြီးမားလှတယ်။ အချိန်မရွေး ဒုက္ခပေးလာနိုင်တယ်။ ပြီးတော့လည်း ခုအရေးဟာ သာယာဝတီ မင်းသားကြီးတစ်ပါးတည်းရဲ့ အရေးမဟုတ်ဘူး။

သူနှင့် ဆက်နွယ်နေသည့် မိဖုရား၊ သားတော်၊ သမီးတော်များ၏ အရေးလည်း ဖြစ်တယ်။ အမှုထမ်း ကျွန်တော်မျိုးတို့၏ အရေးလည်း ဖြစ်တယ်။ နောင်တော် ဘကြီးတော်မင်း၏ ကျေးဇူးဟာ ကြီးမားတယ်။ သစ္စာတော်လည်း ထားရှိရမယ်။ တော်လှန်ပုန်ကန်မှုဆိုတာ လုံးဝ မလုပ်သင့်ဘူး။ ရာဇပလ္လင်အတွက်တော့ ဝေလာဝေးပေါ့။

အခုဆိုလျှင် အင်္ဂလိပ်တို့ စစ်ပွဲဖြစ်ပြီးတာ ဘာမျှမကြာသေးဘူး။ ခုတစ်ခါ ထပ်ပြီး တော်လှန်မှုတွေ ဖြစ်လာဦးမယ်ဆိုရင်တော့ ပြည်သူတွေအဖို့ ပင်ပန်းတော့မယ်။ ဒုက္ခတွေ ထပ်တလဲလဲ ရောက်ကြတော့မယ်။ အခုတော့ ပိုဆိုးတဲ့ကိန်း ဆိုက်နေပြီ။ ဘကြီးတော်မင်းတရားဟာ နာမကျန်း ဖြစ်နေတယ်။

သည်သတင်းဟာ အတွင်းတော်ထဲက လွင့်ပျံထွက်လာတယ်။ ဘုရင်မင်းတရားကြီး နာမကျန်း ဖြစ်တော်မူလို့ ဘယ်သူနှင့်မျှ တွေ့ခွင့်မပေးဘူးဆိုတာလည်း ထပ်ပြီးကြားရပြန်တယ်။ ခက်ကြပြီပေါ့။ ခုဆိုရင် နန်းမတော်ဘုရားတို့၏ လုပ်ရပ်တွေဟာ ပီပီပြင်ပြင် ဖြစ်လာတယ်။ နန်းမတော်ဘုရား၏ တစ်စင်းတည်းသော မားဟာ ထက်ထက်မြက်မြက် ရှိနေပြီ။

ဒါကို သာယာဝတီမင်းသားကြီးတို့က လျင်တယ်လို့ ပြောရမယ်။ နန်းသူရဲ့ လက်ဦးမှုကို ရှောင်တိမ်းလိုက်တယ်။ မဝေးတွာတော့သည့် အနာဂတ်ခရီးဟာ သေတစ်လမ်း၊ ရှင်တစ်လမ်းဆိုတာ သူနှင့်ပိုင်ဖော်များ အပြင်၊ အများ၏ အရေးဆိုတော့ ပြတ်သားရတော့မပေါ့။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သာယာဝတီမင်းသားသည် ဘကြီးတော်မင်းတရားကို ခမည်းတော် ကဲ့သို့ လေးစားသူ ဖြစ်တယ်။ နောင်တော်၏အပေါ် ကျေးဇူးတရားကို အမြဲသိနေသူ ဖြစ်တယ်။ အမှုတော်ကိုလည်း သစ္စာရှိရှိနှင့် ထမ်းရွက်နေတယ်။ အခုဖြစ်မည့် ကိစ္စရပ်မှာလည်း နောင်တော်နှင့် ဖြစ်ချင်းမဟုတ်။ စလင်းမင်းသားကြီးတို့နှင့် ဖြစ်ရသော ကိစ္စပဲ။ ယောလောဆယ် ဘာမဆို လုပ်ပိုင်ခွင့် ရှိနေတာက သူတို့မောင်နှမ ဖြစ်တယ်။

နောင်တော်မင်းတရား၏ ကျေးဇူးသစ္စာကို စောင့်ပြီးနေမည်ဆိုက သေဘေးနှင့် ကြုံဖို့ နီးတော့တယ်။ မင်းတို့အရေးဆိုသည်ကလည်း တိမ်တောင်ကြက်ဥသဖွယ် အလွန်သိနိုင်ခဲတယ်။ သည်ကတည်းက သာယာဝတီမင်းသားအဖို့ သတိထားပြီး နေခဲ့တယ်။ သူ့ဘက်က အမှား မရှိအောင် စတင်ပြီး ရန်မမူဘူး။

စလင်းမင်းသားအုပ်စုဘက်မှ ရန်ပြုလာလျှင် ဆီးဆို့ရပ်ခံဖို့ ကြံစည်ကြတယ်။ သူ့မှာရှိသည့် ကျွန်တော်မျိုး လူလေးရာကျော်တို့ကို ဝင်းတော်အတွင်းအပြင်မှာ အရံသင့်ရှိစေတယ်။ စံရာတံခါးလေး၊ ပန်းတိမ်တန်းလမ်း၊ ညောင်ပင်ဈေးလမ်းများမှာ သေနတ်ကိုင်လူ အစောင့်အနေထားတော်မူသည်။

ဒါပဲပေါ့ ပြဿနာတစ်ခုကို ဖြေရှင်းသည့်နေရာမှာ ကိုယ့်အလွန် မဖြစ်စေရဘူး။ အထူးသဖြင့် သည်အရေးဟာ ညီတော်၊ နောင်တော် အရေးမဟုတ်ပေမဲ့ ဘေးက သူစိမ်းတစ်ရံဆံတွေက ဦးဆောင်နေတယ်။ သည်တော့ ကိုယ့်ဘက်က အမှားမပါရအောင် ကြိုတင်ကာကွယ် ထားတာပဲ။

မတော်လို့ လာတိုက်ရင်တော့ အဆင်သင့် ဖြစ်တာပေါ့။ ဒီအချိန်မှာ စလင်းမြို့စား မင်းသားကလည်း ဘကြီးတော်မင်းကို လျှောက်ကြားနေတယ်။ ငရေးကို သာယာဝတီ မင်းသားထံ တောင်းရာ မပေးအပ်ဘူးပေါ့။ ဒါကို ဘကြီးတော်မင်းက ချက်ချင်းပဲ အမိန့်တော် ထုတ်ပြန်လိုက်တယ်။

ငရေးကို မပေးမအပ်နေလျှင် ညီတော်သာယာဝတီမင်းဝင်းနှင့် နှမတော် ပုဂံမင်းသမီး ဝင်းများသို့ စေလွှတ်ရှာဖွေရမည်ဆိုတာပေါ့။



တကယ်တော့ ဒါတွေဟာ သင်ခန်းစာယူဖို့ ကောင်းတယ်။ အဲဒီတုန်းက ဘုရင်မင်းတရားကြီးတွေဟာ သင့်မသင့်၊ မှန်မမှန်ကို ဘယ်တော့မှ မစဉ်းစားဘူး။ အနားမှာ ကပ်နေသည့် လူတစ်ချို့၏ လျှောက်တင်စကားကို တကယ်မှတ်ယူတာပဲ။ အခုလည်း ကြည့်လေ ဘကြီးတော်မင်းအဖို့ ညီရင်းတစ်ယောက်ကို ယုံကြည်ဟန် မတူတော့ဘူး။ ယောက္ခစကားက နားဝင်နေပြီ မဟုတ်လား။ သည်တော့ ညီထက် ယောက္ခကို အရေးပေးနေပြီ။

စလင်းမင်းသားက မြို့လတ်ဝန်မင်းကြီး မဟာမင်းလှမင်းခေါင်ကျော်နှင့် မြောက်ဒဝယ် ဗိုလ်မင်းလှမဟာသီဟသူတို့အား အမှုထမ်းလူနှစ်ရာနှင့် စေလွှတ်လိုက်တယ်။ သူတို့က လူနှစ်စုခွဲပြီး သွားကြတယ်။ သာယာဝတီမင်းဝင်းနှင့် နှမတော် ပုဂံမင်းသမီးဝင်းဆီတို့ပဲ။

မြို့လတ်ဝန်နှင့် မြောက်ဒဝယ်ဗိုလ်တို့က အမှုထမ်း လူတစ်ရာ့ငါးဆယ်နှင့် သာယာဝတီ မင်းဝင်းသို့ သွားတယ်။ ဖြဲတိုက်သံဆင့်သီရိကျော်ထင်နော်ရထာက မြောက်မာဂရဆင် အမှုထမ်း လူငါးဆယ်နှင့် ပုဂံမင်းသမီးဝင်းသို့ သွားကြတယ်။

သာယာဝတီမင်းသားဝင်းကို သွားကြသည့် သူတို့နှစ်ဦးသည် လူစုခွဲလိုက်ပြန်တယ်။ မြို့လတ်ဝန်မင်းက စံရွာတံခါးလမ်းမအတိုင်း အနောက်သို့ သွားတယ်။ ဝင်းကို ပတ်ပြီး ဝင်းတော်နောက်တံခါးက ဝင်မယ်ပေါ့။ မြောက်ဒဝယ်ဗိုလ်ကမူ စံရာတံခါး အပြင်ကျုံးထိပ်က မြောက်ဘက်ကို သွားတယ်။ ပြီးမှ ဝင်းရှေ့တော်တံခါးက ဝင်မယ်ပေါ့။

ဒါကို သာယာဝတီမင်းသားက ကြိုပြီး သတင်းရထားတယ်။ ဒါကြောင့် အစောင့်အနေအထား မှန်သမျှတို့ကို အုပ်စည်းမပျက် ရှိနေစေတယ်။ ဇာတ်လမ်းက စကြပြီ။ မြောက်ဒဝယ် ဗိုလ်ဟာ အမှုထမ်းရှစ်ဆယ်နှင့် ဝင်းတော်ကို ပတ်ပြီး လာနေသည်။ သူ့ရဲ့ ရှေ့ပြေးအဖြစ် သွေးသောက်ကြီး ငခိုဟာ ဝင်းတော်အနောက်ကနေပြီး ရှေ့ပြေးအဖြစ် ရောက်လာတယ်။ သူနှင့်အတူ ရဲမက်ငါးဦးလည်းပါတယ်။

သူတို့ရဲ့ဟန်တွေမှာ ဆောင့်ကြွားကြွား ရှိနေတယ်။ ဘုရင်မင်းတရားကြီးရဲ့ အမိန့်တော်နှင့် လာသူတွေဆိုတော့ ဘယ်သူ့ကိုမှ ဂရုစိုက်ချင်ဟန် မတူဘူး။ ခါတိုင်းဆိုလျှင် သာယာဝတီမင်းသားဟော့ဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဒုးတုန်နေရသည့်အဖြစ်။ အခုတော့ အမိန့်တော်ကို ဦးထိပ်ရွက်လာသူတွေပေါ့။ သူတို့ လုပ်ချင်ရာ လုပ်မယ်ပေါ့။

ဝင်းတော် ဝင်လာကတည်းက ဟိတ်နှင့်ဟန်နှင့် ဟိန်းလိုက်ဟောက်လိုက်လုပ်နေသည်။ ဒါကို သာယာဝတီမင်းသားရဲ့ အတွင်းဝန်နေမျိုးဗန္ဓုကျော်က တွေ့မြင်တယ်။ အကျိုးနှင့် အကြောင်းနှင့် ကောင်းကောင်းမွန်မွန် ပြောပြတယ်။ တစ်ဦးနှင့်တစ်ဦး ရည်ရည်မွန်မွန်ဆက်ဆံဖို့ တခြားလူတွေကို အလေးမမူလျှင်နေပါ။ သာယာဝတီမင်းသားကြီးကိုတော့ ဂရုပြု ဖို့ ကောင်းတယ်ပေါ့။

ဒါကို သွေးသောက်ကြီး ငခိုတို့က ဟားတိုက်ရယ်တယ်လေ။ သည်တွင် ဗန္ဓုကျော်လည်း ဓားလွတ်ဆွဲပြီး ပိုင်းလိုက်တော့တယ်။ လုံးဝမထင်ဘူး။ သည်လို အာခံရဲမယ်လို့ မမှတ်ယူခဲ့ဘူး။ ဘကြီးတော်မင်းတရားရဲ့ အမိန့်တော်ကြောင့် သူတို့အားလုံး ပြားပြားဝပ် ရှိနေမယ်လို့ သူထင်ထားတယ်။ သည်လို မဟုတ်တော့ဘူး။ သွေးသောက်ကြီး ငခိုအဖို့ အံ့အားသင့်ချိန် တောင်မှ မပြယ်သေးဘူး။ ဗန္ဓုကျော်ရဲ့ ဓားချက်နှင့်အသက်ထွက်တော့တယ်။

သူနှင့်အတူ ပါလာသည့် ရဲမက်ငါးဦးလည်း ပြေးသူကပြေး။ မြေမှာလဲသူလဲနှင့် ရှုတ်ရှုတ်သဲသဲ ဖြစ်သွားတော့တယ်။ သည်အချိန်မှာ မြို့လတ်ဝန်လည်း ဝင်းတော်အဝ ရောက်နေပြီ။ ဝင်းတော်ထဲမှာ ရုန်းရင်းဆန်ခတ် ဖြစ်နေတာကို တွေ့ရတယ်။ ဝင်းအပြင်သို့လည်း ရဲမက်အချို့ပြေးလာသည်ကို တွေ့ရသည်။

သည်တော့ သူဘာလုပ်သလဲ။ စီးလာသည့် မြင်းဇက်ကို နောက်ပြန်လှည့်ပြီး ပြေးတော့တာပေါ့။ ဒါပါပဲ သက်ဦးဆံပိုင်ခေတ်ရဲ့ ပြကွက်ကလေးတွေ။ အရည်အချင်း မရှိသည့်သူတွေသာ ကြီးစိုးသည့် ဘကြီးတော်မင်းအဖို့ အနုတ်လက္ခဏာပြနေပြီ။ လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို လုပ်တတ်သည့် စလင်းမင်းသားကြီး၏ ကျွန်ယုံတွေ မဟုတ်လား။

အစကတည်းက ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်သည့် သာယာဝတီမင်းသားလည်း တနင်္သာရီတံခါးက ထွက်တော်မူတယ်။ ရွှေဝန်းလှေတော်



နှင့် ဧရာဝတီမြစ် မြောက်ဘက်သို့ ကူးတော်မူတယ်။ တကယ်တော့ သာယာဝတီမင်းကြီးသည် သတ္တိ၊ ဗျတ္တိရှိသူ ဖြစ်တယ်။ ရာဇဝတ်၊ ဓမ္မဝတ်၊ လောကဝတ်များကိုလည်း ကျွမ်းကျင်တယ်။

ရွှေနန်းတော် အတွင်းရေး မှန်သမျှကို စေ့ငှစွာသိသူ ဖြစ်တယ်။ သူ့မှာ အထောက်တော်များလည်း မပြတ်ရှိတယ်။ နားမျက်စိကို ဖွင့်ထားသူ ဖြစ်တယ်။ သည်အရေးတော်မှာ သူ့ကို အပြစ်မကြီးကြီးအောင် သည်အထိ ဖြစ်လာဖို့ အဓိက ကြိုးစားသူဟာ စလင်းမင်းသားကြီးပဲဆိုတာ သူသိတယ်။

စလင်းမင်းသားကြီးရဲ့ လက်ပါးစေတွေဖြစ်သည့် ကင်းဝန်ဦးကြွယ်ဝ၊ ကျုံဝန် ဦးပါရောက်၊ မြို့လတ်ဝန်မောင်ရေး၊ ဝန်ထောက်မောင်ကံရေး၊ ဗိုလ်ကွန်း၊ မောင်ကံပေါ်၊ တလံဗိုလ်တို့လည်း ပါရှိကြောင်း သိတယ်။ ဒါကတော့ ရှင်းပါတယ်။ သက်ဦးဆံပိုင်ခေတ် ဆိုတာက မင်းလိုလိုက်မင်းကြိုက်ခစားရမှာပဲပေါ့။ တာဝန်ရှိသည့် အထက်အရာရှိ တစ်ယောက်က ကိစ္စတစ်ရပ်ကို ကြည့်လုပ်လိုက်ပါကွာဆိုတာကို သူတို့ လုပ်ချင်သလို လုပ်လိုက်တာပဲ။ သေးငယ်သည့် အမှုကိစ္စတွေကိုဆိုလျှင်လည်း သူတို့ လိုလျှင် လိုသလို ဆွဲဆန့်တော့တာပဲ။

သေးငယ်သည့် အမှုတွေကို ကြီးအောင်ဆိုပြီး လာဘ်ပေးလာဘ်ယူတွေ လုပ်တယ်။ တခြားမကောင်းသည့် ဒုစရိုက်တွေကိုလည်း လုပ်ကြတယ်။ မဆန်းပါဘူး။ သက်ဦးဆံပိုင် ခေတ်မှာ လူဖြစ်ကျိုးမနပ်ရသည့် လူတွေမနည်းဘူးပေါ့။

သာယာဝတီမင်းသားသည် နောက်ပါ ကျွန်တော်မျိုး ခုနစ်ရာကျော်တို့နှင့် ရွှေဘိုကို ချီတော်မူပြီး သာယာဝတီမြို့က ဆက်သထားသည့် ရွှေတုံးလှေတော်ကိုစီးပြီး ဗညားဆိပ်ကမ်းသို့ အရောက်သွားကြတယ်။ ရွှေနောက် ဝဲယာတို့မှ ကျေးတော်မျိုး၊ ကျွန်တော်မျိုး၊ အကြီးတော်၊ [illegible]ရေး၊ အကြီးအအုပ်များကို အစုခွဲတယ်။ တိုက်လူများကို ကြပ်[illegible]

ဒါတွေကို ရွှေနန်းတော်က သိသွားခဲ့တယ်။ စလင်း[illegible]နှင့် မှူးတော် မတ်တော်များလည်း အတွင်းတော်မှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သားတော် ညောင်ရမ်းမင်းသား၊ ဘိုးတော်မင်းတရား၏ သားတော် မလွန်မင်းသား၊ မြင်ကွန်းမင်းသား၊ သံတွဲမင်းသား၊ မင်းတုန်းမင်းသား၊ ပင်းတလဲမင်းသား၊ သီပေါမင်းသား၊ စလေမင်းသားများလည်း အတွင်းတော်သို့ ဝင်နေရတယ်။

ရတနာပူရမြို့တော်အတွင်း မြို့ကလေးတံခါး ကိုးရပ်ကိုလည်း ပိတ်လိုက်တယ်။ မြောက် မျက်နှာ၊ အနောက်မျက်နှာများမှာ အမှုထမ်းမြို့စီးပြစီး အပြည့်တင်ထားတယ်။ အဲဒီနေ့မှာပဲ ထောင်တွင်းမှာ အကျဉ်းထားသည့် သာယာဝတီမင်းသား၊ ပုဂံမင်းသမီးတို့၏ တိုက်ဝန် စာရေးကြီးတို့ကို ကွပ်မျက်လိုက်တယ်။

ပုဂံမင်းသမီး၊ ဘိုးတော်မင်းတရားသမီးတော်၊ ကွပ်ရွာမင်းသမီး၊ ဝန်ကြီးဟောင်း သတိုး မင်းရဲရာဇာ၊ မော်သီမြို့စား လင်းဇင်းသေနတ်ဝန် မဟာသီဟသူရတို့ကို ထောင်မှာ ထည့်ထားတယ်။ သူတို့အားလုံးဟာ သာယာဝတီမင်းသားကြီးနှင့် ပတ်သက်နေသည့်သူတွေပဲ။ တစ်နွယ်ငင်က စင်ပါသည့်သူတွေအားလုံးကို ရှင်းပစ်ရမယ် မဟုတ်လား။ သည်တော့ သတ်တန်သတ်၊ ထောင်ထဲထည့်တန် ထည့်ရတော့မပေါ့။ ဒါမှလည်း အခြေအနေအရပ်ရပ်ကို စိတ်ချရမယ်။ သည်လို အပြတ်ရှင်းတာတောင် တော်ရုံမကျဘူး။ အနီးမှာ ကပ်နေသည့် ရန်သူတွေလည်း မရှိဘူးလို့ မပြောနိုင်ဘူး။ ရွှေဘိုဆိုတာက အောင်မြေ မဟုတ်လား။

ကုန်းဘောင်ခေတ်ကို အစပျိုးခဲ့သည့် အလောင်းဘုရား၏ အောင်မြေဟာ ရွှေဘိုပဲ။ သာယာဝတီမင်းသားလည်း သည်အောင်မြေမှာ ဗိုလ်ဝင်ခံနေတယ်။ လူ့လောကဟာ အလွန်ပဲ ဆန်းကြယ်သည်။ ကိုယ်ဖြစ်စေချင်သလို ဖြစ်မလာတတ်သည့် သဘာဝတရားပဲ။ အဲဒီထဲက တစ်ခါတစ်ရံတော့ အဆိုးဘက်မှာ အကောင်းကလေးတွေ ဖြစ်လာတတ်တယ်။ ပထမဆုံးတော့ ဒုက္ခဆိုသည့် အရင်းအနှီးကို ပေးရစမြဲပဲ။

စီရင်စု လေးဆယ့်ခြောက်ခေါင်း၊ မြင်းမြေကျေးရွာများက အလိုအလျောက် ဝင်လာတယ်။ သာယာဝတီမင်းသားအဖွဲ့ လက်နက်လူသူအင်အားက တောင့်တင်းလာပြီ။ မြို့သူကြီး မဟာဇေယျဗိုလ်ကို မြို့တော်



ဝန် ခန့်တယ်။ ငရွှေဦးကို မဟာမင်းလှမင်းခေါင်ကျော်ဘွဲ့ ချီးမြှင့်တယ်။ ဗိုလ်မှူးခန့်တယ်။ အမှုထမ်း ရဲဘက် လူနှစ်ထောင်ကျော်၊ မြင်းတစ်ရာကျော် ပေးအပ်တယ်။ ပွဲ့ဗွက်ရွာမှာ တပ်ချရပ်ပြီး နေစေတယ်။ ရတနာပူရက ချီတက်လာမည့် ကင်းဝန်တပ်ကို ဆီးဖို့ပဲ ဖြစ်တယ်။

သည်အချိန်မှာ ကင်းဝန်မင်းကြီး မဟာမင်းလှကျော်စွာ အုပ်ချုပ်သည့် တပ်မကြီးဟာ အပြင်းချီလာနေပြီ။ လူနှစ်ထောင်၊ သေနတ်ကိုင်ခုနစ်ရာ့ငါးဆယ်၊ တပ်ပေါင်း ငါးတပ်နှင့်ပေါ့။ ရတနာသိခ်မြို့တော်နှင့် ခရီးသုံးတိုင်အကွာမှာ သူတို့ ဆုံမိကြတယ်။ သာယာဝတီမင်းသားရဲ့ တပ်များသည် အင်အားနည်းပါးတယ်။ ဒါပေမဲ့ စစ်ဆင်ရေးမှာ ကြွယ်ဝတယ်။

တကယ်တော့ စစ်တိုက်တယ်ဆိုတာ အနိဋ္ဌာရုံတွေချည်းပဲ။ တစ်ဦးတစ်ယောက် ကောင်းစားဖို့အတွက် ပြည်သူတွေ အသက်ပေးရတာနယ်ချဲ့တွေကို တိုက်ရမည့် လက်နက်တွေဟာ အချင်းချင်း ပြန်တိုက်နေရပြီ။ နေပြည်တော်က တပ်များသည် တစ်စတစ်စနှင့် နောက်ဆုတ်နေရပြီ။ သာယာဝတီမင်းသား၏ တပ်များက တစ်ဆင့်ပြီးတစ်ဆင့် အောင်ပွဲခံနေပြီ။

နေပြည်တော်က တပ်များသည် ကျဆုံးခြင်းများစွာနှင့် ဆုတ်ခွာနေရတာပဲ။ သာယာဝတီမင်းသား၏ တပ်များလည်း အောင်ပွဲရမှုများကြောင့် အင်အားတိုးသည်ထက် တိုးလာတယ်။ မကြာပါဘူး။ ရွှေမြို့တော်က အကြံအစည်တစ်မျိုး ထုတ်လာတယ်။ ညီတော်၊ နောင်တော်တို့အကြား ပြေရာပြေကြောင်း ဖြစ်စေဖို့ ကြားဝင်စေခြင်းပဲ။ ဒါကြောင့် အဲဒီတုန်းက နေပြည်တော်မှာ ရောက်နေသည့် အင်္ဂလိပ်သံအမတ်အာနေးကို ကြားဝင်စေတယ်။ သာယာဝတီမင်းသားထံ သွားရောက်ပြီးစေ့စပ်တယ်။ မရဘူး။

သာယာဝတီမင်းသားက ငြင်းပယ်တော်မူတယ်။ နောင်တော်မင်းတရားကို ခမည်းတော် ကဲ့သို့ မှတ်ယူပါတယ်။ ဒါကြောင့် နောင်တော်၏ သစ္စာတော်ကို စောင့်သိ ရိုသေခဲ့တယ်။ သည်လို တော်လှန်ပုန်ကန်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



တာလည်း နောင်တော်၏ ထီးနန်းကို မက်မောလို့ မဟုတ်ဘူး။ နန်းမတော်ဖုရားတို့ မောင်နှမနှင့် မှူးတော်မတ်တော် အချို့ရဲ့ အန္တရာယ်ပေးခြင်းကြောင့် ဖြစ်တယ်။ သည်အရေးဟာ ငါတို့ နောင်တော်၊ ညီတော်ရဲ့ အရေးဖြစ်တယ်။ သင်တို့ ဝင်ပါမလာနှင့်လို့ ပြတ်ပြတ်ပဲ မိန့်ကြားတော်မူလိုက်တယ်။

ဒါပဲပေါ့ မြန်မာတို့၏ ပြည်တွင်းရေးမှာ အင်္ဂလိပ်တို့ဟာ ပါမိအောင်ပါခဲ့သေးတယ်။ သည်အချိန်မှာ သာယာဝတီမင်းသားရဲ့ သားတော်မင်းရဲကျော်ထင်ဟာ စစ်ကိုင်းဘက် ရောက်နေပြီ။ အင်းဝဘက်ကို မကူးသေးဘဲ စစ်ကိုင်းမှာ တပ်စွဲထားတယ်။ ဘကြီးတော်မင်းလည်း နာမကျန်းဖြစ်နေတယ်။

သာယာဝတီမင်းသားထံမှ အရေးမထင်ကြောင်း သူသိသွားပြီ။ အကောင်းဆုံးဖြစ်ဖို့ မှူးမတ်များနှင့် တိုင်ပင်တော်မူတယ်။ သည်စစ်ပွဲတွေဖြစ်နေခြင်းဟာ အဓိပ္ပာယ် မရှိဘူး။ ပြည်သူတွေအဖို့ ဒုက္ခကြီးစွာ ရောက်နေတာပဲ။ နဂိုကတည်းက ညီတော်ကို အပြစ်မမြင်ခဲ့ဘူး။ တခြားဆက်နွယ်နေတဲ့သူတွေကြောင့်သာ ခုလို ကြီးကြီးကျယ်ကျယ် ဖြစ်ကြရတာပဲ။ ဒါကြောင့် သင့်လျော်တဲ့ ပြေငြိမ်းမှုများရအောင် ကြံဆောင်ကြလို့ အမိန့်တော် ထုတ်လိုက်တယ်။

သာယာဝတီမင်းသားရဲ့ သားတော်ဖြစ်သည့် သတိုးမင်းဖျားတပ်လည်း ရွှေကြက်ယက် အရပ်မှာ ရပ်နေတယ်။ အနောက်ဘက်ကြောင်းမှာ တပ်စွဲထားသည့် ညီတော် သတိုးမင်းစောဟာ မိမိရဲ့ တပ်ကို အင်းဝဘက်ကူးစေတယ်။ အင်းဝမြို့ကို ဝိုင်းရံထားတယ်။ ခုဆိုရင် သာယာဝတီမင်းသားရဲ့ တပ်များဟာ ရွှေမြို့တော်ကိုပတ်ပြီး ရပ်နေတယ်။ ဒီအတွက် အကြပ်အတည်းနဲ့ ရင်ဆိုင်နေရပြီ။

သည်တစ်ခါတော့ ဘကြီးတော်မင်းအဖို့ ပြတ်သားရတော့မယ်။ စစ်မက်အင်္ဂါ ကြာရှည်လျှင် နွားကွဲကျွားဆွဲတော့မှာပေါ့။ နိုင်ငံခြားပယောဂဝင်လာတော့မှာ မလွဲတော့ဘူး။ အဓိက ဖြစ်စေဖို့ကတော့ အကျိုး မသက်ရောက်တော့ပြီဖြစ်တဲ့ စစ်ပွဲကို ရပ်ဆိုင်းရမယ်။ ဒုက္ခရောက်နေတဲ့ ပြည်သူ



တွေကို ကယ်တင်ရမယ်။ သည်အရေးဟာ နိုင်ငံတော်ရဲ့ အရေးဆိုတော့ ပြတ်သားရမယ်။ မပြတ်သားခဲ့လျှင်တော့ အားလုံး ဒုက္ခရောက်ကုန်တော့မယ်။

သည်တော့ ညီတော် အလိုရှိသည့် မင်းညီမင်းသား၊ မှူးတော်မတ်တော်များကို ပေးအပ်ရမယ်။ ပြီးတော့မှ မြို့အလုံးနှင့် ရွှေနန်းတော်တစ်ခုလုံးကို သာယာဝတီမင်းသားထံ ပေးအပ်ရမယ်ပေါ့။ ညီလာခံသဘင်တစ်ခုလုံး တိတ်နေတယ်။ ငြိမ်နေတယ်။ လှုပ်ရှားမှုဆိုတာ လုံးဝမရှိဘူး။ မတုန်မလှုပ် ငြိမ်သက်နေကြတယ်။

သီဟာသနပလ္လင်ပေါ်မှာ မင်းနှစ်ပါး စံမြန်းနေတယ်။ ဘကြီးတော်မင်းရဲ့အသွင်ဟာ အေးအေးဆေးဆေးပဲ။ မကျန်းမာနေတဲ့အသွင်ဟာ ညှိုးလျော်နေတယ်။ ဘဝရဲ့အတိမ် အနက်ကို တန်းသိနေပြီ။ လူ့လောကရဲ့ ဖြစ်တတ်တဲ့ သင်္ခါရတရားကိုလည်း ဆင်ခြင်နေမိဟန်တူရဲ့။ ဆိုးဝါးလာမယ့် အနာဂတ်ကာလကို ရဲဝံ့စွာဖြင့် ငံ့လင့်နေတယ်။

နန်းမတော်ဖုရားရဲ့ အသွင်တလည်း မထီတရှိ။ မတုန်မလှုပ် ထိုင်နေရင်းက ရှေ့တည့်တည့်ကို စူးစိုက်ကြည့်နေတယ်။ ရွှေရောင်များဖြင့် ဝင်းလက်နေသည့် နန်းမတော်တိုင်များကို အဓိပ္ပာယ်မရှိ စိတ်ထဲမှ ရေတွက်နေတယ်။ ဘယ်သူတွေက ဘာတွေပြောပြော ဝင်မထောက်ဘူး။ ကောင်းတယ်ဆိုးတယ်များကိုလည်း မဝေဖန်တော့ဘူး။

သူ့အဖို့ ရှေ့မှာ ဘာတွေဖြစ်လာမယ်ဆိုတာလည်း အလိုလိုသိနေတယ်။ အခုအနေ အထားကတော့ အားမတန်လို့ မာန်တော့ ချရဦးမှာပဲ။ ဒါပေမဲ့ တစ်နေ့တော့ အခွင့်ကြုံဦးမှာပေါ့။ လူ့လောကရဲ့ သဘာဝတရားဟာ လွန်ဆန်လို့ မရဘူး။ ဖြစ်ချိန်ပျက်ချိန်မှာ ဖြစ်လာတာကို ရင်ဆိုင်ရဲဖို့တာ အဓိကပဲ။ လူ့လောကမှာ အရှုံးအနိုင်နှင့် အောင်ပွဲဆိုတာ အမြဲရှိနေတာပဲ။

မကြာခင်ပါပဲ။ သာယာဝတီမင်းသား အလိုရှိတဲ့ သူတွေကို ပေးလိုက်ပါတယ်။ စလင်း မင်းသား၊ ပင်းတလဲစား၊ ဆောမြို့စား အတွင်းဝန် ဝန်ထောက်မင်းကြီး မဟာစည်သူ၊ မြို့လတ်ဝန်ကြီး မဟာ

www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်တော်၊ ကင်းဝန်မင်းကြီးမဟာမင်းလှကျော်စွာ၊ ကျီဝန် အတွင်းဝန်မင်းကြီး မဟာသီဟသူတို့ကို ပေးအပ်စေတယ်။ အဲဒီအထဲက ဆောမြို့စား မဟာနန္ဒသကြိန်နှင့် မင်းကြီးမဟာစည်သူတို့ကို ပြန်လွှတ်လိုက်တယ်။ သူတို့နှစ်ဦးဟာ စလင်းစားနှင့် တိုင်ပင် ပါဝင်သူ မဟုတ်ဘူး။

အတွင်းတော်မှာရှိတဲ့ အမြောက်စိန်ပြောင်း၊ ဓား၊ လှံ၊ သေနတ်များကို သိမ်းဆည်းစေသည်။ ဘဏ္ဍာတော်စာရင်းနှင့် ရွှေတိုက်စာရင်းအသီးသီးကို ပြုစုပေးပို့တယ်။ သားတော် များရဲ့ ပင့်လျှောက်မှုကြောင့် သာယာဝတီမင်းလည်း စစ်ကိုင်းမြို့ကို ကြွချီတော်မူလာတယ်။ ခုဆိုလျှင် နှစ်ဖက်စလုံးမှာ ပြေငြိမ်းမှုတွေ ရနေပြီ။ သာယာဝတီမင်းလည်း စစ်ကိုင်းမြို့ စံနန်းတော်မှာ ခေတ္တစံနေတယ်။ အဲဒီနန်းတော်ဟာ ဘိုးတော်ဗဒုံမင်းတရား တည်ဆောက်ထားခဲ့တာပဲ။

နောက်တစ်ရက်မှာ ရတနာပူရအင်းဝစံနန်းတော်ကို ကြွချီတော်မူတယ်။ နောင်တော် ဘကြီးတော်မင်းလည်း မင်းညီမင်းသား၊ ဆွေတော်မျိုးတော်များဖြင့် ခြံရံပြီး ကြိုဆိုတယ်။ ထီးနန်းသိမ်းယူပွဲပေါ့။ ဘကြီးတော်မင်းသည် ရွှေနန်းတော်မြောက်စမုတ်က ဆင်းတော်မူတယ်။ ဝေါယာဉ်တော်စီးပြီး နန်းမြို့တော် အနောက်တံခါးက ထွက်တယ်။ သူနှင့်အတူ နှမတော် တောင်တွင်းကြီး မင်းသမီး၊ ပုဂံမင်းသမီး၊ ရမည်းသင်းမင်းသမီး၊ သမီးတော်၊ ကိုယ်လုပ်တော်များလည်း တစ်ပါတည်း ပါလာတယ်။

သူတို့ကို သာယာဝတီမင်းတရားကြီးရဲ့ သားတော်သတိုးမင်းဖျားက လိုက်ပို့တယ်။ ကြွချီတဲ့ အရပ်ကတော့ မဟာသကျသီဟဘုရားအနီးမှာ ဆောက်လုပ်ထားတဲ့ စံနန်းတော် ဖြစ်တယ်။ ဘကြီးတော်မင်းအား ပြုစုရန်အတွက် မိဖုရားခေါင်ကြီး မယ်နု၊ သမီးတော်ငယ်၊ မိတ္ထီလာမြို့စားဟောင်း ကနောင်မြို့စားဟောင်းတို့ အပါအဝင် ကိုယ်လုပ်မောင်းမ မိဖုရား ဆယ့်ခုနစ်ဦးတို့အား အပါးတော်မှာ ခစားစေတယ်။

သည်လိုအားဖြင့် ဘကြီးတော်မင်းနှင့် နန်းမတော်ဖုရားတို့ဟာ အိမ်နိမ့်စံအဖြစ် ရောက်ရှိသွားတော့တယ်။ စလင်းမင်းသားကြီးနှင့်



အပေါင်းအပါများကိုတော့ လက်မရွှံ့ ထောင်အတွင်းမှာပဲ ချုပ်နှောင်ထားစေတယ်။ ဒါပဲပေါ့ ကာလဝိဘတ် နောက်ပိုးတက်တယ်ဆိုတာ။

လက်မရွှံ့ထောင်ထဲမှာ စလင်းမင်းသားကြီးကို အကျဉ်းချလိုက်ခြင်းအားဖြင့် နန်းမ တော်ဖုရားတို့ရဲ့ အင်အားကို ချိုးနှိမ်ပစ်လိုက်တယ်။ တကယ်တော့ နန်းမတော်ဖုရားဟာ အကြံကြီးတယ်။ သူ့စိတ်ကူးထဲမှာ ပေါ်လာတဲ့ အကြံအစည်များကို လက်တွေ့ လုပ်ကိုင်တတ်တယ်။

သူဟာ ရွှေနန်းတော်ကို ဘယ်သူ့မှ မပေးလိုဘူး။ အဓိက ရည်မှန်းတာကတော့ မောင်တော်ရင်းဖြစ်တဲ့ စလင်းမင်းသားကိုပဲ။ လုပ်သလိုမဖြစ်လျှင် ဖြစ်သလိုလုပ်မဟဲ့ဆိုတဲ့ စိတ်အလျဉ်ဟာလည်း သူ့မှာရှိနေတယ်။ ဒါကလည်း ဓမ္မတာပါပဲ။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်လင်သားကလွဲလျှင် ကိုယ့်မောင်ဖွား ဆွေတော်မျိုးတော်များပဲ ကောင်းစားစေချင်တာပေါ့။

တကယ်တန်းဆိုရလျှင် ညောင်ရမ်းမင်းသားကလေးလည်း ဘကြီးတော်မင်းရဲ့ သားတော်ကလေး မဟုတ်လား။ တစ်ပါးတည်းသော သားတော်ကလေးပေါ့။ သည်တော့ သူလည်း ထီးနန်းကို ဆက်ခံခွင့်ရှိတဲ့ မင်းသားတစ်ပါးပဲ ဖြစ်တယ်။ သူ့ကိုတောင်မှ နန်းမတော်ဖုရားက ရာဇပလ္လင် နှင့် ဝေးအောင် လုပ်ပစ်ခဲ့သေးတယ်။

သည်လိုနှင့် သက္ကရာဇ် ၁၁၉၉ ခုနှစ်၊ ကဆုန်လပြည့်ကျော်၊ ၁၂ ရက်၊ တနင်္ဂနွေနေ့မှာပဲ သာယာဝတီမင်းဟာ အင်းဝနေပြည်တော်ကို သိမ်းပိုက်စိုးစံတော်မူတယ်။

ရွှေဘိုမှ အောင်မြင်တော်မူတဲ့အတွက် သာယာဝတီမင်းကို ရွှေဘိုမင်းလို့လည်း ခေါ်ကြတယ်။ ကုန်းဘောင်မင်းလို့လည်း ခေါ်ကြတယ်။ နောင်တော် ဘကြီးတော်မင်းကို နန်းကျဘုရင်အဖြစ် ဖျောက်ဖျက်ခြင်း မပြုဘူး။ နောင်တော်မင်းတရားကို ခမည်းတော်မင်းကဲ့သို့ ပြုစုတော်မူတယ်။

တကယ်တော့ သူ့ဘဝဟာ အတိုက်အခံ အပြိုင်အဆိုင်တွေနဲ့ ပြည့်နေခဲ့တာပဲ။ ဒါတွေ ကြားထဲမှာ အံခဲပြီး သတ္တိရှိနဲ့ ရှုန်းကန်ရတယ်။ သူဟာ မင်းသားဘဝကတည်းက ပြဿနာ မျိုးစုံကို ရင်ဆိုင်လာရသူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။ သူမှာ ညီအစ်ကိုမောင်နှမတွေ အများကြီးရှိတယ်။ ဖအေတူ မအေကွဲတွေပေါ့။ တခြား ညီတော်တွေဟာ သူ့လိုပဲ အဆင့်မြင့် မင်းသားတွေပဲ။ သူတို့အားလုံးဟာ မင်းညီမင်းသားဆိုတဲ့ စည်းစိမ်ထဲမှာ နစ်မျော နေကြတယ်။ ဘယ်အရေး ဘယ်ကိစ္စကိုမှ ဦးဆောင်ဦးရွက် မလုပ်ခဲ့ကြ ဘူး။

သူတစ်ယောက်ကသာ မဟုတ်မခံ ရဲရဲတောက် လုပ်ခဲ့တယ်။ ဖြသနာ အကြီးမှအသေးအဖွဲ ကိစ္စရပ်တွေအထိ ကြည့်မနေခဲ့ရဘူး။ အားလုံးကို သူတစ်ယောက်တည်း ဒိုင်ခံ ဖြေရှင်းခဲ့တာပဲ။ ပြောတိုင်း ပြီးခဲ့ရတဲ့ ဘကြီးတော်မင်းလက်ထက်မှာ နိုင်ငံတော်အဖို့ ဆုံးရှုံးမှုတွေ များစွာ ဖြစ်ခဲ့ရတယ်။

သာယာဝတီမင်းဟာ ညောင်ရမ်းမင်းသားကို သူ၏သားတော်များ နှင့်မခြား ဆက်ပြီး ချီးမြှင့်မြှောက်စားတော်မူတယ်။ သူ၏ သားတော်ကြီး များဖြစ်တဲ့ ပြည်မင်းသား၊ ပခန်း မင်းသားတို့နှင့်အတူ မင်းသားကြီးတို့ အဆောင်အယောင်ဖြစ်တဲ့ ဆောင်းကတ္တီပါနီ၊ နဖူးစည်း စတဲ့ အဆောင် အယောင်များ ချီးမြှင့်ခဲ့တယ်။

ဒါဟာ ညောင်ရမ်းမင်းသားအဖို့ တူတော်ဆိုပေမဲ့ သားတော်ရင်း နှင့်မခြား ချစ်ခင်တော်မူလို့ ခုလို အရည်တူ ချီးမြှင့်ခြင်းပေါ့။ သာယာဝတီ မင်းသည် ရတနာပူရအင်းဝမှာ ရာဇဘိသိက်ခံယူတော် မမူဘူး။ အဲဒီနှစ် ထဲမှာပဲ အမရပူရမြို့တော်ကို အသစ်တစ်ဖန် ပြုပြင်တော်မူတယ်။ ရွှေမြို့ တော်၊ ရွှေနန်းတော်ကြီးမှစပြီး ခုနစ်ဌာနကို တစ်ပြိုင်တည်း တည်လု တော်မူတယ်။

နန်းမြို့တော်အမည်ကို အောင်မြေစံရာ ရွှေနန်းပြာသာဒ်တော်ကြီး မှာ အောင်နန်းသာစံလို့ ကမ္ပည်းတော် တစ်မှတ်တယ်။ သက္ကရာဇ် ၁၂ ခုနှစ်၊ ဝါဆိုလဆန်း၊ (၁၀) ရက်၊ ဗုဒ္ဓဟူးနေ့မှာ ရာဇဘိသေကမုဒ္ဒိဘိသိက် ကို ခံတော်မူတယ်။

သည်တုန်းက အနောက်နန်းမိဖုရား မမြကြုပ် ခေါ်တဲ့ မမြကလေး ဟာ နန်းရမိဖုရားကြီးတစ်ပါး ဖြစ်နေပြီ။ သာမန်အရပ်သူဘဝကနေပြီး အနောက်နန်းမိဖုရားအရာကို ချီးမြှောက်ခြင်းဟာလည်း သာယာဝတီ



မင်းရဲ့ ချစ်မြတ်နိုးမှုကို ဖော်ပြနေတယ်။ သီရိမဟာသုရတနာစန္ဒာဒေဝီ အမည်နှင့် ရွှေဘွဲ့ချည်တော်မူတယ်။

ရွှေလောင်းတိုက်ကို မြို့စားပေးသနားခဲ့တယ်။ တောင်နန်းစံမိဖုရား ခေါင်ကြီးကလွဲလျှင် မြောက်နန်းမိဖုရား၊ အလယ်နန်းမိဖုရား၊ အနောက် နန်းမိဖုရားတို့ဟာ အတူတူဖြစ်တယ်။ မိဖုရားမမြကလေးနဲ့ သာယာဝတီ မင်းတို့ဟာ အသက်အရွယ်ချင်း မမျှဘူး။

သည်လို အသက်အရွယ် မမျှလို့လည်း ချစ်ခင်ယုယမှုတွေ အရင် ကလောက် ရှိပုံမရတော့ဘူး။ သာယာဝတီမင်းအဖို့ အသက်တော်က လည်း ကြီးလာပြီ။ ဟိုအရင် မင်းသားဘဝ တုန်းကလောက် အားအင် မရှိတော့ဘူး။ ပြီးတော့လည်း နယ်စားပယ်စားတွေထံက သမီးတော်များ ကလည်း မပြတ် ဆက်နေတယ် မဟုတ်လား။ ဘဝရှင်မင်းတရားကြီးတို့၏ တာဝန် ဝတ္တရားတွေကလည်း မအားလပ်အောင် ရှိရတယ်။

သည်လို အဆောင်တော်ကူး ကြဲရခြင်းကို မမြကလေးက ကျေနပ် ဖွယ်ရှိဟန်မတူဘူး။ မကျေနပ်လို့လည်း ဘာတတ်နိုင်ဦးမှာတုံး။ ဘာမှ ပြောခွင့်ပိုင်ခွင့် မရှိတဲ့မိဖုရားအဖြစ်ကိုတောင် စိတ်ပျက်ချင်သလိုလို ဖြစ်မိ သားပေါ့။ သည်တော့ ဘာလုပ်သလဲ။ စိတ်၏ ဖြေရာကို တစ်ခုခု လုပ်ရမှာ ပါပဲ။ ဒါပဲပေါ့ လူဆိုတာက စိတ်ချမ်းသာဖို့ အဓိကပဲ။ စိတ်ချမ်းသာအောင် စိတ်ရဲ့ ထွက်ပေါက်ကို ရှာကြံရတော့တာပဲ။

မမြကလေးအဖို့ ငယ်ရွယ်သူပီပီ စိတ်ကူးယဉ်တယ်။ ချစ်သူရဲ့ ယုယမှုကို မပြတ်ခံယူချင်တယ်။ ချစ်သူကို အမြဲနွဲ့ဆိုးချင်တယ်။ ချစ်သူရဲ့ ရင်ခွင်ထဲမှာ အိပ်စက်လဲလျောင်းလိုတဲ့ ဆန္ဒလေးတွေ ရှိနေတာပဲ။ ဒီလို ဖြစ်လာတော့ သူ့ရဲ့စိတ်အလျဉ်ကို အနုပညာဘက်မှာပဲ လွှင့်ထားတော့ တယ်။

သည်တုန်းက အမရပူရ ရွှေနန်းတော်အတွင်းမှာ မြဝတီမင်းကြီး ဖြင့်စည်မင်းသားနဲ့ အနောက်နန်းမိဖုရားတို့ရဲ့ သီချင်းကဗျာစီကာ အခွဲ့ အနွဲ့များဟာ ပျံ့လွင့်နေတယ်။ သူတို့နှင့်အတူ ပြည်မင်းသားရဲ့ တေး သီချင်းကလည်း ထွက်ပေါ်လာခဲ့တယ်။ ပြည်မင်းသားဟာ သာယာဝတီ

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ သားတော် ဖြစ်တယ်။ သာယာဝတီမင်းရဲ့ အားအကိုးရဆုံး အားအထားရဆုံး သားတော်ကြီးပဲ။

သာယာဝတီမင်းဟာ ပြည်မင်းသားကို လွန်စွာပဲ ချစ်မြတ်နိုးတော်မူတယ်။ ဒါကြောင့် သားတော်ကြီးကို နာမည် မခေါ်ဘူး။ 'အစ်ကိုကြီး' လို့သာ ချစ်စနိုး ခေါ်တော်မူတယ်။ ပြည်မင်းသားဟာ ကဗျာဂီတဘက်မှာ မွေ့လျော်တော်မူတယ်။ လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်ဝကုံလုံတဲ့ မင်းသားကြီးပေါ့။ သည်တော့ သူတော်ချင်း သတင်းလွှလွှ ဖြစ်ကြတာပေါ့။

တကယ်တော့ မမြကလေးနှင့် ပြည်မင်းသားတို့ဟာ စာဆိုဖော်ချင်းဆိုတော့ တစ်ဦးနှင့် တစ်ဦး ဆက်ဆံမှုတွေ ရှိမှာပါပဲ။ မမြကလေးဟာ ခမည်းတော် သာယာဝတီမင်းရဲ့ နန်းရမိဖုရားတစ်ပါး ဖြစ်နေတယ်။ အသက်အရွယ်ကလည်း ရွယ်တူဆိုတော့ တစ်ဦးနှင့်တစ်ဦး ပြစ်မှားချင်တဲ့ စိတ်ဟာ ရှိနေမှာပါပဲ။

ဒါပေမဲ့ ပြည်မင်းသားအနေနှင့် မိထွေးတော်ဖြစ်နေတဲ့ မမြကလေးကို မဝံ့မရဲပဲ ရှိနေမှာပဲ။ တကယ်တော့ မမြကလေးတို့ နေတဲ့ အနောက်ဆောင်တော်ဟာ စည်းကမ်းစနစ် သိပ်ကြီးတယ်။ ရွှေနန်းတော်ရဲ့ စည်းကမ်းအကြီးဆုံး အကြပ်အတည်းဆုံး နေရာပဲ။ ဘုရင့်ရဲ့ မိဖုရားတွေ ကိုယ်လုပ်တော်တို့၊ မောင်းမတို့ နေထိုင်တဲ့အရပ်ဆိုတော့ စည်းကမ်းကြီးတာတောင်မှ တော်ရုံမကျချင်ဘူး။

အဲဒီနောက်ဆောင်တော်ကို အနောက်ဝန်မင်းက အုပ်ချုပ်ရတယ်။ ပြီးမှ မိန်းမစိုး၊ သူငယ်တော် စတဲ့ အစောင့်အရှောက်တွေ ရှိတယ်။ ရွှေနန်းတော်ရဲ့ ထုံးစံအတိုင်း မင်း ယောကျ်ားများနှင့် ကူးလူးယှက်နွယ်မှု လုံးဝမရှိရဘူး။ ပေါင်းသင်းဆက်ဆံမှုကို သီးသန့် ပိုင်းခြားထားတယ်။ ဒါကြောင့် အရောတဝင် နီးစပ်ခင်မင်ဖို့အကြောင်း လုံးဝမရှိဘူး။

ဘုရင်မင်းတရားကြီး၏ မိဖုရားဖြစ်ပြီး သာမန်အရပ်သူတွေလောက်မှ လွတ်လပ်မှု မရှိဘူးပေါ့။ ထီးနန်းလွှဲပြောင်း ယူလိုက်ရတဲ့ သာယာဝတီမင်းဟာ ပြဿနာပေါင်းစုံ ဖြေရှင်းနေရတယ်။



အင်္ဂလိပ်သံအဖွဲ့နှင့် မြန်မာဘုရင်အစိုးရ၏ ဆက်ဆံရေးမှာ ပြေပြစ်ကျနမှု မရှိလာဘူး။ အကြောင်းက ရှိပါတယ်။ အစကတည်းက နိုင်ငံခြားသားများအပေါ်မှာ သာယာဝတီမင်းဟာ ကြည်မရခဲ့ဘူး။ မင်းသားဘဝကတည်းက မုန်းပင်ပွားလာခဲ့တယ်။ နောင်တော် ဘုရင် ဘကြီးတော်မင်း လက်ထက်က ချုပ်ဆိုခဲ့သည့် ရန္တပိုစာချုပ်ကိုလည်း ဂရုမပြုဘူး။

အဲဒီစာချုပ်ကိုလည်း အသိအမှတ် မပြုဘူး။ အင်္ဂလိပ်သံတမန် ကာနယ်ဘာနေးက သံတမန် နည်းပရိယာယ်များကို သုံးခဲ့တယ်။ မကြာခဏပဲ ရန္တပိုစာချုပ်ကို ပြပြီး အရေးဆိုခဲ့တယ်။ ဒါကို သာယာဝတီမင်းက ခပ်ပြတ်ပြတ်ပဲ မိန့်ဆိုခဲ့တယ်။ အဲဒီစာချုပ်နဲ့ ပတ်သက်ပြီး ပြောဖို့မလိုဘူး။

အနိုင်အထက် ချုပ်ဆိုထားတဲ့ အဲဒီစာချုပ်ကိုလည်း အသိအမှတ် မပြုကြောင်း စာချုပ်ကို ကိုင်ပြီး ပြောဆိုနေခြင်းမှာ မကောင်းကြောင်း၊ စိတ်ဝမ်းကွဲဖို့ ဖြစ်စေကြောင်း၊ ဒါကြောင့် အကောင်းဆုံး နည်းလမ်းမှာ အဲဒီစာချုပ်ကို ဘေးဖယ်ထားဖို့ လိုကြောင်း ပြောခဲ့တယ်။

တကယ်တော့ စစ်ရှုံးထားတဲ့ မြန်မာတို့အဖို့ကား ကျားနာ ဖြစ်နေသည်။ သာယာဝတီမင်းအဖို့ ရန္တပိုစာချုပ်ကို လုံးဝ မကျေနပ်ဘူး။ အဲဒီစာချုပ်မှာပါတဲ့ အချက်များဟာ အင်္ဂလိပ်များအတွက်သာ အကျိုးသက်ရောက်စေတယ်။ မြန်မာတို့အတွက် အရှုံးချည်းပဲ။ အချက်အလတ်အားလုံးဟာ မြန်မာတို့အတွက် ပြင်းထန်လွန်းတယ်။

နောင်တော်ဘကြီးတော်မင်းအစိုးရဟာ အဲဒီစာချုပ်ကို သူ့အားဖြသခြင်း မရှိခဲ့ဘူး။ အင်္ဂလိပ်တို့ စစ်နိုင်ခြင်းသည် ဘကြီးတော်မင်းကို နိုင်ခြင်းသာ ဖြစ်တယ်။ မိမိကို နိုင်ခြင်း မဟုတ်ဘူး။ ဒါကြောင့် အဲဒီစာချုပ်ကို အသိအမှတ်မပြုခြင်း ဖြစ်တယ်။

သည်ကိစ္စကို ညီလာခံမှာ သာယာဝတီမင်းက အတိအလင်း ကြေညာခဲ့တယ်။ နောင်တော် ဘကြီးတော်မင်းနှင့် အင်္ဂလိပ်တို့ သဘောတူချုပ်ဆိုခဲ့သော စာချုပ်များကို ဘာမျှ ပြောဆိုရန် မရှိဟုဆို၏။ အင်္ဂလိပ် သံတမန် ကာနယ်ဘာနေးက သာယာဝတီမင်းထံ အခစားဝင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



စစ်နိုင်သူက စစ်ရှုံးသူအပေါ် စာချုပ်ချုပ်ဆိုခြင်းမှာ ထုံးစံဖြစ်ကြောင်း၊ ဘုရင်မင်းမြတ်အဖို့ စာချုပ်ပါ အချက်အလက်များကို ပြင်ဆင်လိုပါက မြန်မာသံအဖွဲ့ကို ဘင်္ဂလားသို့ စေလွှတ်ပြီး အရေးဆိုသင့်ကြောင်း လျှောက်တင်တယ်။

ထက်ထက်မြက်မြက်ရှိတဲ့ သာယာဝတီမင်းက သည်လို ပြန်ပြောတယ်။ ဘင်္ဂလားကို ဘာကြောင့် သံတမန်စေလွှတ်ရမည်နည်း။ လွှတ်ချင်းလွှတ်လျှင် အင်္ဂလိပ်ရှင်ဘုရင်ဆီကိုပဲ လွှတ်မယ်။ အိန္ဒိယဘုရင်ခံချုပ်ကို ကျွန်ုပ်မသိ။ အသိအမှတ်လည်း မပြုဘူး။ သူဟာ လခစားဘုရင်ခံသာ ဖြစ်တယ်။ ကျွန်ုပ်ကဲ့သို့ ရှင်ဘုရင် မဟုတ်ဘူး။ ကိစ္စကြီးငယ်ရှိလို့ စာရေးဆက်သွယ်လျှင် ကျွန်ုပ်ရဲ့ လက်အောက်ရှိ ရန်ကုန်မြို့ဝန်နှင့်သာ စာရေးဆက်သွယ်ပါစေ။ ကျွန်ုပ်ထံ ဆက်သွယ်ခြင်းကို လုံးဝလက်သင့်မခံဘူး။

သည်ပြဿနာတွေက ဆက်ဆံရေးကို မပြေမလည် ဖြစ်လာတယ်။ ဒါကြောင့် ကာနယ် ဘာနေးဟာ သံအဖွဲ့ကို ရန်ကုန်သို့ ပြောင်းရွှေ့ဖို့ ဖြစ်လာတယ်။ ပြောင်းရွှေ့ဖို့လည်း စီစဉ် တယ်။ သူ့ရဲ့ အစီအစဉ်ကို အိန္ဒိယဘုရင်ခံချုပ်ထံ တင်ပြလိုက်တယ်။ ဆောင်ရွက်ခွင့်ကို တောင်းဆိုထားတယ်။ သူ့ရဲ့ အကြောင်းပြချက်ကတော့ သင်းလှတယ်။

အခု နောက်ထပ် တက်လာတဲ့ သာယာဝတီမင်းနှင့် သူ၏ မှူးကြီးမတ်ကြီး အရာရှိများသည် စစ်တိုက်ခိုက်ရန် လိုလားသော ရည်ရွယ်ချက်ရှိကြသည်။ ခုဆိုလျှင် မင်းပြောင်းမင်းလွှဲ အရေးတော်ပုံကြောင့် အုပ်ချုပ်ရေး အစီအစဉ်များ ပရမ်းပတာ ဖြစ်နေတယ်။ ကူးသန်း ရောင်းဝယ်ရေးမှာ မကောင်းမွန်ဘူး။ ဒါကြောင့် သံရုံးကို ဆက်လက်ထားရှိခြင်းဟာ အကျိုး ဖြစ်ထွန်းဖွယ် မမြင်ဘူး။ သာယာဝတီမင်းသည် ရန္တပိုစာချုပ်ကို အသိအမှတ် မပြုတဲ့အပြင် အင်္ဂလိပ်တို့အား ရန်ရှာလိုတဲ့ ဆန္ဒရှိနေတယ်။ စတဲ့ အချက်များကြောင့် သံရုံးကို ရန်ကုန်သို့ ပြောင်းရွှေ့ခြင်းလို့ တင်ပြတယ်။

မကြာခင်ပဲ ကာနယ်ဘာနေးဟာ သူ၏ သံအဖွဲ့ကိုခေါ်ပြီး ရန်ကုန်ထွက်သွားတော့တယ်။ တကယ်တော့ သည်အရေးကို သာယာဝတီမင်းက



ဂရုမစိုက်ဘူး။ နောင်တော်ဘုရင် စစ်ရှုံးခြင်းဟာ သူနဲ့ မဆိုင်ဘူး။ သူစစ်ရှုံးခြင်း မဟုတ်ဘူး။ ဒါဟာ ရဲရင့်တဲ့ မင်းတို့ လုပ်ရိုး လုပ်စဉ်ပဲ။ မြန်မာ့မြေပေါ်မှာ အတင်းအဓမ္မလက်နက်ပြပြီး လာရောက်ကျူးကျော်နေတဲ့ အင်္ဂလိပ်တို့ကို သူကြည့်မရတာ ကြာပြီ။ သည်တော့ သူ့အဖို့ ရင်ထဲမှာ ခံစားချက်တွေကို သည်နည်းနဲ့ တုံ့ပြန်လိုက်ခြင်းပဲ။

သာယာဝတီမင်းအဖို့ သောကဗျာပါဒပရိဒေဝမီးတွေ ဝိုင်းနေတယ်။ ရွှေနန်းတော် အတွင်းမှာရှိတဲ့ သူတွေအားလုံးလိုလိုကို သူမယုံကြည်ဘူး။ သူ့ရဲ့ အပြုအမူဟာ အင်းဝမြို့တော်ကို တည်ခဲ့တဲ့ သတိုးဖျားနှင့် တူသည်။ အမှုကိစ္စရပ်များကို သူကိုယ်တိုင် စီရင်လေ့ရှိတယ်။ သည်လို မယုံကြည်မှုတွေ ရှိနေလို့ သတိထားနေခဲ့တယ်။ ဟောအခု ထီးနန်းကို လုပ်ကြံမှု၊ ကြံစည်မှုတစ်ခု ဖြစ်ပေါ်လာခဲ့တယ်။ နောင်တော် ဘကြီးတော်မင်းရဲ့သား ညောင်ရမ်းမင်းသားကလေးပေါ့။

ဘကြီးတော်မင်းရဲ့ တစ်ဦးတည်းသော သားတော်ကလေးပေါ့။ အသက်အရွယ် ငယ်သေးတဲ့ သူ့ကို ဘေးက အားပေးအားမြှောက်တွေ ရှိနေတယ်။ လက်ဝဲဝင်းမှူးမင်း ကျော်သီဟ၊ ဆံရှည်ဗိုလ်ငရေးနှင့် တော်ကြီး ဗိုလ်မြတ်ရာတို့ပဲ ဖြစ်တယ်။

သူတို့ဟာ ဘာတစ်ခုမျှ မစီစဉ်ရသေးဘူး။ ဘုရင်မင်းတရားကြီးက စေလွှတ်ထားတဲ့ အထောက်တော်များရဲ့ တင်လျှောက်ချက်အရ ကြိုတင်သိရခြင်း ဖြစ်သည်။ သည်တုန်းက အဝေးမြို့မှာရော ရာဇဌာနီမှာပါ အထောက်တော်များ ထားရှိတယ်။ အထင်အရှား ထားရှိတဲ့ အထောက်တော်နှင့် လျှို့ဝှက်ထားတဲ့ အထောက်တော်များ ရှိတယ်။

လျှို့ဝှက်ထားတဲ့ အထောက်တော်များကြောင့် ညောင်ရမ်းမင်းသားတို့ရဲ့ လှုပ်ရှားမှုကို သိရှိသွားခဲ့တယ်။ တူတော်ကို သားတော်ကြီးများနှင့်ခြား ချီးမြှင့်မြှောက်စားခဲ့တယ်။ မင်းသားကြီးတို့၏ အဆောင်အယောင်နှင့်သမျှကို ပေးအပ်ခဲ့တာပဲ။ ဒါကိုမှ တူတော်မောင်က တောင်းယောင်တော့ရှုံးမသိတတ်လေခြင်းရယ်လို့ သာယာဝတီမင်းမှာ စိတ်အနှောင့်အယှက် ဖြစ်ရတယ်။

www.burmeseclassic.com



သူအင်မတန် ချစ်ရတဲ့ တူတော်ကို မယုံရလျှင် တခြားဘယ်သူကို ယုံရမလဲဆိုတဲ့ အစွဲကြီးဟာလည်း စွဲကပ်နေခဲ့သည်။ သည်အကြံအစည်မှာ ပါရှိတယ်။ သည်ကြံစည်မှုမှာ မိန်းမ၊ ယောကျ်ား လူပေါင်းလေးဆယ်ပါတယ်။ သူတို့ကို တောင်ဥယျာဉ်တော်အတွင်းမှာ ခေါ်ယူစစ်မေးတယ်။ အားလုံးဟာ ဟုတ်မှန်ကြောင်း အစစ်ခံတယ်။ ညောင်ရမ်းမင်းသားကလည်း မကွယ်ထောက်ဘူး။ မင်းသွေးရဲတယ်ပေါ့။ သတ္တိအရာမှာလည်း သာတယ်ပေါ့။

မြတောင်မင်းသမီးကလည်း တစ်သဘောတည်းပဲ။ သူတို့အဖွဲ့ဟာ ရဲရဲဝံ့ဝံ့ ရှိနေတယ်။ အတွင်းတော်က သူတို့အားလုံးကို အပြစ်ဒဏ်ချမှတ်လိုက်တယ်။ ညောင်ရမ်းမင်းသားနှင့် မြတောင်မင်းသမီးကို ထုံးစံအတိုင်း စီရင်စေတယ်။ ထုံးစံအတိုင်းဆိုတာက ရေမှာဖျောက်တော်မူခြင်းပဲ။ ကြံရာပါ လူလေးဆယ်ကိုတော့ သုသာန်ထုတ် မားနှင့် ခုတ်သတ်စေတယ်။ မင်းသွေးမင်းသက်ဆိုတာက မြေမကျရဘူး။ အသက်ကို ညင်ညင်သာသာ ထွက်စေရတယ်။ ဒါကြောင့် ရေမှာ ဖျောက်ခြင်းပဲ ဖြစ်တယ်။

သာယာဝတီမင်းလက်ထက်မှာ ထီးနန်းအတွက် စိုးရိမ်စရာတွေက ထပ်တလဲလဲ ဖြစ်ပေါ်နေတယ်။ ရာဇပလ္လင်အတွက် အတွင်းမီးတွေဟာ တောက်လောင်နေတယ်။ ညောင်ရမ်းမင်းသားရဲ့ ကိစ္စက ပြီးပြတ်သွားပေမဲ့ နောက်ထပ် အရေးတော်ပုံတစ်ခုက ဖြစ်လာနေတယ်။ နေပြည်တော်ရဲ့ အနီးတစ်ဝိုက်မှာ တော်လှန်ပုန်ကန်မှုများ ဖြစ်ပေါ်နေတယ်။

အဲဒီပုန်ကန်မှုရဲ့ ခေါင်းဆောင်က ရွှေထားမင်းသားပဲ။ ဖောင်းငယ်လို့လည်း ခေါ်တယ်။ လူမျိုးစုံပါတဲ့ အဲဒီသူပုန်တပ်ဟာ အင်အားနှစ်ထောင်လောက် ရှိတယ်။ ဗိုလ်ခေန်းကျော်နဲ့ ဗိုလ်ငရွှေမောင်တို့က တပ်ကို ဦးစီးတယ်။

သူတို့ဟာ ရှေးဦးစွာ မတ္တရာကို ဝင်တိုက်တယ်။ မြို့စောင့်တပ်က ပြန်ခုခံတယ်။ ရဲမက် ငါးရာနဲ့ ခုခံတာပဲ။ ဒါပေမဲ့ တိုက်လာသူနှင့် ခုခံသူတို့ဟာ အင်အား မယှဉ်သာဘူး။ အင်အားများတဲ့ သူပုန်တပ်က ဖိတိုက်လာတယ်။ သည်တော့ မြို့စောင့်တပ်အဖို့ မခံမရပ်နိုင်တော့ဘူး။ နောက်ဆုတ်ခွာရတော့တယ်။



သူပုန်တို့ဟာ အတင်းဝင်တယ်။ မြို့တွင်းရောက်တော့ နီးစပ်ရာအိမ်များကို မီးရှို့ကြတယ်။ မြို့တွင်းသားများကို သစ္စာခံယူစေသည်။ နောက်ဆုံးမှာ မတ္တရာမြို့ကို သူပုန်တို့ စီးမိကြတယ်။ သူပုန်များကတောင်ကြက်ကုန်းအရပ်မှာ အလံပန်းကုံး စိုက်ထားကြသည်။

နေပြည်တော်ကလည်း စစ်သည်နှစ်ထောင်နှင့် မတ္တရာကို ချီတက်လာတယ်။ မတ္တရာက ဆုတ်ခွာလာတဲ့ တပ်များနှင့် နေပြည်တော်က တပ်များဟာ လွန်တောင်းရပ်မှာ ဆုံမိကြ သည်။ သူတို့နှစ်တပ် ပူးပေါင်း မတ္တရာကို ပြန်တိုက်ကြတယ်။

ကြက်ကုန်းအရပ်မှာ စွဲထားတဲ့ သူပုန်တပ်ဟာ အကြီးအကျယ် ခုခံတယ်။ သည်ပွဲမှာ လည်း သူပုန်တို့နိုင်တယ်။ သည်ကြီးကျယ်တဲ့ တိုက်ပွဲမှာ နေပြည်တော်က အမြောက်အမြား ကျဆုံးတယ်။ အပြင်းဆုတ်ခွာကြရတယ်။ သူပုန်တပ်ကလည်း နောက်လိုက်တိုက်တယ်။ နေပြည်တော် တပ်ဟာ သရက်တန်ရွာမှာ ရပ်ထားတယ်။

နေပြည်တော်တပ်များ ဆုတ်ခွာနေကြရကြောင်းကို အတွင်းတော်က သိခဲ့သည်။ ဒါကြောင့် နောက်ထပ်စစ်ကူပို့တယ်။ အမှုထမ်းငါးထောင်နှင့် မြင်းတပ်နှစ်ထောင်တို့ပဲ။ အဲဒီတပ်ဟာ ငါးတပ်ခွဲပြီး တောင်ပြုန်းအရပ်ကို ချီစေတယ်။ သည်တိုက်ပွဲဟာလည်း ကြီးကျယ်သည်။

နှစ်ဖက်စလုံးပဲ ကျဆုံးမှုတွေ များပြားတယ်။ အင်အားကလည်း သုံးဆလောက်ရှိနေပြီ မို့ သူပုန်တို့မှာ ဆုတ်ခွာနေရပြီ။ လူပေါင်းစုံပါတဲ့ သူပုန်တပ်ဟာ စစ်စည်းကမ်း နားမလည်ဘူး။ ရှေ့တပ်ပြိုတာနဲ့ နောက်တပ်လည်း ခြေဦးတည့်ရာ ပြေးတော့တာပဲ။

ထိန်းကွပ်လို့လည်း မရတော့ဘူး။ ဖရိုဖရဲနဲ့ ကစဉ့်ကလျား ထွက်ပြေးကြတာပဲ။ သည်တိုက်ပွဲမှာ နေပြည်တော်တပ်က သရဖူဆောင်းခဲ့နိုင်တယ်။ ပုန်ကန်တဲ့ အကြီးအကဲ သုံးဦးကိုလည်း မိခဲ့တယ်။ သည်တွင်မှ သည်အရေးကို အဓိက ဦးဆောင်တဲ့ ခေါင်းဆောင်ပိုင်းတို့ သိရတော့တယ်။

သူတို့ကတော့ အခြားသူ မဟုတ်ဘူး။ နန်းမတော်မှုနှင့် ညောင်မင်းသားကြီးတို့ ဖြစ်သည်။ ဒါတွေအားလုံးကို သံတော်ဆင့် ငရွှေသာက

www.burmeseclassic.com

www.burmeseclassic.com



ဖော်တောင်လုပ်တော့တယ်။ နန်းမတော်ဖုရားရဲ့ အတွင်းရေးလုပ်ရပ်များ ထို အတုန့်လျှောက်ကြားတော့တာပဲ။

သည်ပွဲမှာ မရီးတော်နှင့် မတ်တော်တို့ရဲ့ နောက်ဆုံးပွဲပဲ။ သာယာဝတီမင်းတာ နန်းမတော်ဖုရားတို့နှင့် ဆက်နွယ်နေတဲ့ ဆွေမျိုးသားချင်းတွေကို အပြတ်ရှင်းစေတယ်။ ဒါကို အမိအရ အမိက ရှေးဦးစွာ လုပ်တော်မူတယ်။ သည်တုန်းက နန်းမတော်ဖုရားရဲ့ ဆွေတော်မျိုးတော်များဟာ နေရာအနှံ့အပြားမှာ ရှိနေတယ်။

နေပြည်တော်မှာရော ဖလံခုံရွာအထိမှာရောပေါ့။ သူတို့အားလုံးကို ဖမ်းဆီးစေတယ်။ ကျူပင်ခုတ်၊ ကျူငုတ်တောင် မကျန်တော့ဘူး။ ဟုတ်တာပေါ့ သက်ဦးဆံပိုင်ခေတ်အတွင်းမှာ ရန်သူဆိုလျှင် အပြတ်ရှင်းရမှာပဲ။ ရန်သူရဲ့ အင်အားတောင့်တင်းရာ မြို့ရွာများကို မြေလှန် စနစ် သုံးရမှာပဲ ပေါ့။

ဒါမှသာ ရန်သူရဲ့ ခြေလက်များကို ရိုက်ချိုးသလို ရှိတယ်။ ရန်သူကို ရန်သူလိုပဲ မြင်ရမယ်။ သုတ်သင်သတ်ဖြတ်တဲ့ နေရာမှာ ရက်စက်ရမယ်။ သတိရှိရမယ်။ ဖမ်းဆီးမိရသမျှ ကလေး၊ လူကြီးအားလုံးကို ထုံးစံအတိုင်း သတ်ဖြတ်ရမယ်။ မီးလောင်တိုက်သွင်းတာကို ခံရမယ်။ တစ်စုံတစ်ဦး တစ်ယောက်ကိုမျှ ချမ်းသာမပေးရဘူး။

တကယ်တော့ အဲဒီအစွယ်အပွားတွေဟာ မီးပွားနဲ့တူတယ်။ သည်တော့ သူတို့ကို သနားဖို့ မလိုဘူး။ သည်လို လုပ်တာဟာလည်း ရက်စက်တယ်လို့ ပြောလို့ မရဘူး။ သူတို့ဟာ ဘုန်းတော်ကြီးမြတ်တဲ့ ဘုရင်မင်းမြတ်ကိုတောင် အာခံဝံ့တဲ့သူတွေ မဟုတ်လား။ သည်တော့ သူတို့ကို အကြီးဆုံးရန်သူတော်အဖြစ် သတ်မှတ်ထားရတယ်။ သူတို့ကို မျက်နှာမူပြီး တိုက်ရမယ်ပေါ့။

သည်လိုလုပ်ရမှပဲ တစ်ဖက်ရန်သူတွေဟာ အင်အား နည်းပါးသွားမယ်။ အလိုလို ဝပ်စင်းသွားကြမယ်ပေါ့။ သည်ပွဲမှာ သာယာဝတီမင်းကြီးဟာ လက်သံတော်တော်ပြောင်ခဲ့တယ်။ နန်းမတော်ဖုရား အပါအဝင် သူနဲ့ ပတ်သက်သူတွေအားလုံးကို သုတ်သင်ခဲ့တယ်။



မိန်းမ၊ ယောက်ျား၊ ကလေးသူငယ်မရွေးဘဲ ရက်ရက်စက်စက်ကြီးကို သတ်ဖြတ်ခဲ့တာပဲ။ နန်းမတော်ဖုရားမယ်နုကို ရေမှာချပြီး ကွပ်မျက်တယ်။ စလင်းစားငယ်နှင့် မယား၊ သမီးတော်နှစ်ယောက်တို့ကိုလည်း ကွပ်မျက်တော်မူတယ်။ အတွင်းဝန်ပေါ်ရောက်၊ မြေလတ်ဝန် ငရေး၊ မောင်းထောင်းသံတော်ဆင့် ငရွှေသား၊ ပုခန်းဗိုလ်ငရန်မင်း၊ စာရေးကြီး ငပျို၊ တောင်ငူဝန်ငကူး၊ အဆောင်မြဲလွှန်းတို့ကိုလည်း တစ်ပါတည်း ကွပ်မျက်လိုက်တယ်။

နန်းမတော်ဖုရားနဲ့ ပတ်သက်တဲ့သူ မှန်သမျှကို သုတ်သင်ရှင်းလင်းပစ်ပါပဲ။ သည်လို မလုပ်လို့လည်း မဖြစ်ဘူး။ သူတို့ကို ညှာတာထောက်ထားနေခဲ့ပါမူ မိမိရဲ့ ရာဇပလ္လင်ကို ထိခိုက်လာမှာ သေချာတယ်။ ဒါပဲပေါ့။ ရန်သူကို နှိမ်နင်းတဲ့နေရာမှာ လက်တွန့်နေလို့ မဖြစ်ဘူး။

သူက မဦးခင် ကိုယ်က ဦးထားရတယ်။ လက်ဦးမှုကို ရယူရတယ်။ ဒါမှလည်း ရန်သူရဲ့ ဦး ကျိုးမှာပေါ့။ သည်ဖြစ်ရပ်တွေဟာလည်း သာယာဝတီမင်းရဲ့ စိတ်တော်ကို ကြီးစွာ အနှောင့်အယှက် ဖြစ်တော်မူတယ်။ သူ့ရဲ့ အမူအရာတွေဟာ တစ်စတစ်စနှင့် ပြောင်းလဲလာတယ်။

အရင်လို သိမ်သိမ်မွေ့မွေ့ မရှိတော့ဘူး။ ကြမ်းကြမ်းတမ်းတမ်း ရှိတယ်။ အရာရာကို အပြစ်လို့ပဲ မြင်နေတယ်။ သူ့အဖို့မှာ စိတ်ဒွိဟ သောကတွေ ရောက်နေတယ်။ ပြည်မင်းသားနှင့် မမြကလေး ကိစ္စပဲ။ သားတော် ပြည်မင်းသားနှင့် မမြကလေးတို့ဟာ အရွယ်တူ ဖြစ်နေသည်။ အခုဆိုရင် တစ်ဦးနှင့်တစ်ဦးတို့ဟာ ပုရပိုက် အပေးအယူကလေးတွေ ရှိနေတယ်။ ဂီတမွေ့လိုတဲ့သူချင်းမို့ဆိုပြီး ခွင့်လွှတ်တော်မူခဲ့တယ်။

ဒါပေမဲ့ စိတ်တော်က မကြည်သာဘူး။ သားတော်များထဲမှာ ပြည်မင်းသားကို အချစ်ဆုံး ဖြစ်တယ်။ အခုဆိုလျှင် မမြကလေးမှာ 'အဘွားကြီး' လို့ ခေါ်တဲ့ လှိုင်မြို့စား သမီးတော်ကလေး ရရှိထားခဲ့ပြီ။ သာယာဝတီမင်းဟာ ခရီးယာယီအလွန်များတဲ့မင်း ဖြစ်တယ်။ အမရပူရနန်းတော်သစ်ကြီး တည်ဆောက်တုန်းကလည်း ကျောက်မြောင်း ရွှေဘို စစ်ကိုင်း စတဲ့ မြို့တော်တွေမှာ တစ်လှည့်စီ နန်းစံခဲ့သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမရပူရနန်းတော်သစ်ကြီး ပြီးတော့ကော စိတ်အေးရသလား။ လုံးဝ မအေးရဘူး။ ညောင်ရမ်းမင်းသားရဲ့ ပုန်ကန်မှု၊ နန်းမတော်ဖုရားတို့ မောင်နှမတို့ရဲ့ ပုန်ကန်မှုများကို ရင်ဆိုင်ရပြန်တယ်။ သည့်အတွက် တိုက်ရခိုက်ရ နှိမ်နင်းရ လူတွေသေကြေမှုများနဲ့ ကြုံခဲ့ရ ပြန်တယ်။

ဒါတွေဟာ အရေးကြီးတဲ့ ထီးနန်း အန္တရာယ်တွေပဲ။ သူပုန်ကိစ္စတွေ ပြီးတော့ နိုင်ငံတော်အဖို့ ခေတ္တငြိမ်းအေးလာတယ်။ သည်တော့မှ သာယာဝတီမင်းတရားကြီးသည် ရန်ကုန်သို့ ရေတပ်တော်ကြီးနှင့် တခမ်းတနား စုန်တော်မူတယ်။ အဲဒီရန်ကုန် စံနန်းတော်မှာ စံနေတဲ့ ကာလအတွင်းမှာပဲ စိတ်အေးသက်သာမှု ရှိဟန်တူတယ်။

မဟာတိဘုဒ္ဓဂန္ဓာမည်တဲ့ ခေါင်းလောင်းတော်ကြီး သွန်းလုပ်ကာ ရွှေတိဂုံစေတီတော်မှာ လှူဒါန်းခဲ့တယ်။ ခေါင်းလောင်းရဲ့ အရပ်ဟာ ၉ တောင် ၁ မိုက် ၃ သစ် ရှိတယ်။ အချင်း ၅ တောင်၊ လုံးပတ် ၁၅ တောင်။ ထုမိုက် ၄ သစ်၊ ခေါင်းလောင်းရဲ့ ပိဿာချိန် ၂၆၀၀ (၄၂) တန်ခန့် ရှိတယ်။ မင်းကွန်းခေါင်းလောင်းတော်ကြီးကလွဲလျှင် အကြီးဆုံး ဖြစ်တယ်။

ဒဂုံဆံတော်ရှင်ကို ဖူးပြီး နေပြည်တော်ကို ပြန်ကတည်းက သာယာဝတီမင်းအဖို့ စိတ်တော် ကသောက်ကရက် ဖြစ်ခဲ့ဟန် ရှိတယ်။ သည်တုန်းက သားတော်ကြီးဖြစ်တဲ့ ပြည်မင်းသားဟာ ရှေ့ဆုံးက ချီလာတာပဲ။ ဒဂုံဆံတော်ရှင်ဘုရားဖူး ပြန်လာခဲ့တဲ့ သာယာဝတီမင်းတရားကြီးဟာ ရွာသာရွာမှာ ခေတ္တစခန်းချတယ်။

ရွာသာရွာဆိုတာက ရွှေစက်တော်ဘုရားနှင့် အနီးဆုံးနေရာ ဖြစ်တယ်။ သည်မှာတင် ကံကြမ္မာရဲ့ အံလှည့်အပြောင်းက ကြုံလာပြီ။ ပြည်မင်းသားဟာ ရွှေစက်တော်ဘုရားကို ညတွင်းချင်းပဲ ကြွခ်ီတော်မူ တယ်။ အမှန်ဆိုလျှင် ဘုရားဖူးသွားတာပဲ။ တာဝန်ရှိတဲ့သူ တစ်ယောက် အနေနဲ့ ခမည်းတော်ကို အကျိုးသင့် အကြောင်းသင့်တော့ ပြောပြဖို့သင့် တာပေါ့။



ခုတော့ သည်လို မဟုတ်ဘူး။ သူ့အပေါ် ချစ်တဲ့ ဖခမည်းတော်ကို မှုချင်ဟန်တူရဲ့။ သည်လောက်နဲ့တော့ ကိစ္စမကြီးတန်ရာဘူးဆိုပြီး ရွှေစက်တော်ကို ထွက်ခဲ့ခြင်း ဖြစ်ဟန်တူတယ်။ အသွားတုန်းက အဆင်ပြေပေမဲ့ အပြန်ခရီးမှာတော့ ပြည်မင်းသားဟာ နှောင့်နှေးခဲ့တယ်။

နောက်တစ်နေ့ မနက်မှာပဲ သာယာဝတီမင်းက သိတော်မူတယ်။ သည်မှာတင် အရင်ကတောင် တောင်အီအီတွေး ထင်ထားတဲ့ အယူအဆဟာ ကြီးရင့်လာတယ်။ သင်းတို့ ငါ့ကို ပုန်စား ပုန်ကန်ဖို့ လူသူသွား စုဆောင်းတာ ဖြစ်မှာပဲဆိုတဲ့ အတွေးဟာ ရုတ်ခြည်း ပေါ်လာတယ်။ တကယ်တမ်း ဘုရားဖူးဆိုလျှင် ငါ့ကို ပန်ကြားပြီးမှ သွားသင့်တယ်။ ခုတော့ ရိုးဟန် မတူဘူးပေါ့။

ဒါနဲ့ပဲ သားတော် ပြည်စားကို အရာမှ နုတ်သိမ်းလိုက်သည်။ ပြည်မင်းသားရဲ့ ဝန်အရာရှိ အမှုထမ်းအားလုံးကို လှေတပ်မှာ အံချုပ် အနှောင်နဲ့ နေပြည်တော်အရောက် ခေါ်ဆောင်လာစေတယ်။ ပြည်မင်းသားကိုတော့ ပုခန်းမင်းသားထံ အကျယ်ချုပ်နဲ့ ခေါ်ဆောင်လာစေ တယ်။ တကယ်တော့ သည်ကိစ္စဟာ နှုတ်နှင့် ပြစ်တင်ရုံနဲ့ ပြီးစေတာပါပဲ။

ပြည်မင်းသားဟာ အကြီးဆုံး သားတော် ဖြစ်တယ်။ သာယာဝတီမင်းရဲ့ ချစ်ခင်ယုယမှုကိုလည်း အများဆုံးရသူ ဖြစ်သည်။ မြှောက်စားမှု သည်လည်း အထိပ်အဖျား ရောက်သည်။ စားကြေးမြို့ရွာနှင့် ရဲမက် အင်အားကလည်း ကြီးမားတယ်။

သာယာဝတီမင်းအဖို့ မစ္စမ်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်း ငြိနေပြီ။ သည်လို အပြစ်ပေးလိုက်ခြင်းဟာလည်း သူ့ရဲ့ ရင်တွင်းမှ သံသယမကင်းမှု၊ အစွဲအလန်းကလေးတွေကြောင့်လည်း ဖြစ်မှာပါပဲ။ ငယ်ရွယ်လှပတဲ့ မိဖုရား မမြကလေးနှင့် ပြည်မင်းသားတို့ ပုံသဏ္ဌာန်ဟာ သူ့ရဲ့ စက္ခုအာရုံမှာ ပေါ်နေတယ်။ သင်းတို့ ဘယ်အထိ ရင်းနှီးကြသလဲ [illegible] ဆိုတာလည်း မခန့်မှန်းတတ်အောင် ဖြစ်နေတယ်။

ရင်ထဲက ချစ်တဲ့ အချစ်ရဲ့ ဒေါသဟာ တခြားဒေါသနဲ့ မတူဘူး အကြီးမားဆုံးသော အမျက်ဒေါသပဲ။ ဘယ်သူ့အပေါ် မှာပဲဖြစ်ဖြစ် အပြစ် နည်းနည်းရှိလျှင် ရာဇဒဏ်ကြီးကြီး ချချင်တဲ့စိတ်က ပေါ်နေတယ်။ သူ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝေဒနာတော့ သည်မှာ အမြစ်ခံတာပဲလို့ ထင်ရတယ်။ အချစ်ကြီးလျှင် အမုန်းကြီးရတာပဲ။ သည်တော့ အချစ်ကြီး ချစ်ရတဲ့ သားတော်နှင့် မမြကလေးအပေါ်မှာ သာယာဝတီမင်းအဖို့ အပြစ်မြင်လာမှာ မမွတာပဲ ပေါ့။

သူ့နှုတ်တော်ကဖြင့် ဘာမျှ မပြောဘူး။ စိတ်တော်ထဲမှာတော့ ငါမြတ်နိုးလွန်းလို့ အနောက်နန်းတော် မိဖုရားအဖြစ် ချီးမြှင့်ထားတယ်။ ဒါကို သင်းက သစ္စာမစောင့်၊ မဖြောင့် မကြံဘဲ စိမ်းကားရက်တယ်လို့ တရှုးထိုး မျက်တော်မူနေမှာပါပဲ။ ဒါကြောင့် ရန်ကုန်မှ အပြန်ကတည်းက မမြကလေးအပေါ် ခပ်တန်းတန်း ဆက်ဆံခဲ့တယ်။

ပြည်မင်းအဖို့မှာတော့ အံ့ဩလို့မဆုံး ဖြစ်နေတယ်။ ရွှေစက်တော် ဘုရားဖူး ထွက်ခြင်းဟာ သာမည အလုပ်ပဲ။ ခမည်းတော်မင်းကို ပြန်ပြီး လုပ်ကြံတာမှ မဟုတ်ဘဲ။ သည်မျှ အပြစ်တော်ကြီးတာမှ မဟုတ်ဘဲပေါ့။ ရာဇဝတ်တော်ဖြစ်ရတဲ့ သူ့ဘဝကိုလည်း ဩချနေတယ်။ သူတင်မကဘူး အားလုံးကပါပေါ့။ တကယ်တော့ သည်အခြေဟာ ကျားသနားမှ နွားချမ်း သာမယ့်ကိန်းပဲ။

မျက်နှာတော်ကြည့် ခစားနေရတဲ့သူတွေ မဟုတ်လား။ ဘုရင်မင်း မြတ် မျက်နှာတော် မသာပါက တုတ်တုတ်တောင် မလှုပ်ရဲကြဘူး။ ဘယ်သူကရော ကံဆိုးသူ မောင်ရှင်အဖြစ် ခံဝံ့ပါအံ့နည်း။ ထားရာနေစေ ရာ သွားရတဲ့ဘဝ ကိုယ့်ခန္ဓာကိုယ်မှ ကိုယ်မပိုင်တဲ့ဘဝပေမို့ သွားသတိ စားသတိနဲ့ နေနေရပြီပေါ့။

သည်အချိန်မှာ သားတော် ရွှေတောင်မင်းသားဟာ ပုဂံမြို့ကို စားနေရပြီ။ ဒါကြောင့် ပုဂံမင်းသားလို့ ခေါ်ကြတယ်။ အိမ်ရှေ့မင်းသား အဖြစ် တစ်ပြေးနေခဲ့တဲ့ ပြည်မင်းသားဟာ စည်းစိမ်မပျက်ဘဲ စားကြေး မြို့ရွာများကို ဆက်စားစေတယ်။ ဒါပေမဲ့ လွှတ်တော်တက် မင်းသား အဖြစ်တော့ မရတော့ဘူး။ ဒါကြောင့် မိဖုရားခေါင်ကြီးမှ မွေးတဲ့ ပုဂံ မင်းသားဟာ အိမ်ရှေ့မင်း အလောင်းလျာ ဖြစ်လာခဲ့ပြီပေါ့။



ပုဂံမင်းသားဟာ တိုင်းရေးပြည်ရေး၊ တရားရေးများမှာ အလေ့ အလာ မရှိဘူး။ အရွယ်ကလည်းငယ်၊ မိဖုရားခေါင်ကြီးရဲ့ သားတော် လည်း ဖြစ်နေတာကြောင့် အပျော်အပါး ကစားခုန်စားမှာ ဝါသနာကြီးခဲ့ တယ်။ ရွှေနန်းတော်အတွင်းမှာက ဘုရင်မင်းတရားကြီးက လွဲလျှင် မိဖုရားခေါင်ကြီးဟာ အရေးပါသူ ဖြစ်တယ်။ သည်တော့ သူ့သားတော် ပုဂံမင်းသား အဖို့ တွင်ကျယ်နေတာပေါ့။

ပုဂံမင်းသားရဲ့ ဝါသနာဟာ လောင်းကစားသမားပဲ ဖြစ်တယ်။ သူ့အိမ်တော်မှာ တိရိစ္ဆာန်တွေကို မွေးတယ်။ ခါ၊ ချိုး၊ ကြက်၊ ငှက်များကို အိမ်ကလေးများနှင့် ထားတယ်။ ချိုးတည်ခြင်း၊ ခါတည်ခြင်း၊ တောကြက် တည်ခြင်းများကို ဝါသနာပါလှတယ်။ မကြာခဏပဲ တောထွက်ပြီး ချိုးဖမ်း၊ ကြက်ဖမ်း၊ ခါဖမ်းခြင်းတို့ကို ပြုလေ့ရှိတယ်။ သူ့အရှင်သခင် လုပ်သူက သည်လို ဖြစ်နေတော့ အိမ်တော်သားများကလည်း ချိုးတည်ရာ မှာ အလွန်တရာ ကျွမ်းကျင်နေကြသည်။

ဖမ်းမိလာတဲ့ ကြက်၊ ငှက်၊ ချိုး၊ ခါများကို တိုက်ကစားတယ်။ သည်တော့ ကြက်တိုက် ကောင်းတဲ့သူများဟာ ပုဂံမင်းသားရဲ့ လူပျိုတော် များ၊ လက်စွဲတော်များ ဖြစ်လာကြတယ်။ အထူးအဆန်း တိုက်ပွဲတွေကို လည်း ပြုလုပ်လာတယ်။ လိပ်ချင်းတိုက်တယ်။ ပုတ်သင်ညိုချင်း တိုက် တယ်။ ပုဇွန်လုံးချင်း တိုက်တယ်။

သည်အကြောင်းတွေကို ခမည်းတော် မင်းတရားကြီးထံ ဘယ်သူမျှ မလျှောက်တင်ဝံ့ကြဘူး။ ပုဂံမင်းသားကလည်း လူလည်တယ်။ လျင်တယ်။ သည်လို မကောင်းမှုတွေကို ပြောင်ကျကျ လုပ်နေခြင်း မဟုတ်ဘူး။ သိုသိုသိပ်သိပ် လုပ်နေခြင်း ဖြစ်တယ်။ အဲဒီကတည်းက သူ့မှာ စိတ်တူးပြီး သားပဲ။ တစ်နေ့ ငါဘုရင်မင်းတရား ဖြစ်ခဲ့လျှင် ဒါမျိုးတွေ အားပါးတရ လုပ်မယ်ပေါ့။

အခုအခြေအနေတော့ သူလည်း ဟန်ဆောင်နေရတယ်။ ခိုခဲ့ ဝါသနာကို ရှက်အုပ်သီး လုပ်ထားရတယ်။ မင်းသားကြီးတွေရဲ့ ဟုတ် အငြိနှင့် ဟန်ဆောင်နေခဲ့ကြတယ်။ ဒါပဲပေါ့ ခုအချိန်အထိမှာတော့ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်သလို မဖြစ်တဲ့ကာလ မဟုတ်လား။ သည်တော့အရာရာကို အောင့်အည်း သည်းခံရမှာပဲပေါ့။

အသက်ကြီးကာမှ ဘုရင်မင်းတရား ဖြစ်လာရတဲ့ သာယာဝတီမင်းဟာ စိတ်အေးချမ်း ဖို့ရာ နည်းပါးလှတယ်။ သူ့လက်ထက်မှာ အမှုကလည်း အတော်ပွေခဲ့ကြတယ်။ ကြမ်းကြမ်းတမ်းတမ်း ဖြတ်သန်းလာရတဲ့ သူ့ဘဝဟာ သူ့ကို သင်ခန်းစာ အတော်ပေးခဲ့တယ်။

မကြာပါဘူး။ သာယာဝတီမင်းအဖို့ ပရိဒေဝသောကမီးဟာ တပ်ရောက်လာခဲ့ရပြန်တယ်။ သားတော် မိုးနဲပိုလ်မှူးပုခန်းမင်းသားကို ပြည်မင်းသားကဲ့သို့ ချစ်မြတ်နိုးတယ်။ သားတော်ကြီး ပြည်မင်းသားကို စိတ်ကွက်နေတုန်းမှာ သားတော် ပခန်းမင်းသားဟာ အသက်ပျောက်ခဲ့ပြီ။

ညဦးတွင်းချင်းပဲ ရှောင်တခင်လေရောဂါ နှိပ်စက်ပြီး သာယာဝတီမင်းရဲ့ လက်တော်ပေါ်မှာပဲ ကံတော်ကုန်ခဲ့ခြင်း ဖြစ်တယ်။ သည်ဖြစ်ရပ်ဟာ သာယာဝတီမင်းရဲ့ စိတ်တော်ကို ကြီးစွာ ထိခိုက်စေတယ်။ ပခန်းမင်းသားဟာ ရှောင်တခင်ရောဂါနဲ့ ကွယ်လွန်တဲ့အတွက် ရွှေနန်းတော်ထုံးစံအတိုင်း အခမ်းအနား မလုပ်ရတော့ဘူး။

ရွှေချထားတဲ့ ခေါင်းထဲထည့်ပြီး ရွှေသံလျင်နဲ့ ထမ်းယူတယ်။ ပြီးမှ ပခန်းမင်းသားရဲ့ ဝင်းတော်အတွင်းမှာပဲ ချက်ချင်းသင်္ဂြိုဟ်ရတယ်။ ဒါတွေဟာ သာယာဝတီမင်းအဖို့ မခံချိမခံသာ စရာ အကွက်တွေပေါ့။ ခုဆိုလျှင် သူ့အဖို့ အားကိုးရာမဲ့။ သူအလွန်ချစ်ရတဲ့ သားတော်ကြီး ပြည်မင်းသားလည်း စိတ်ဖမ်းတော် မချရဘူး။

ပြည်မင်းသား နောက်အားထားရတဲ့ သားတော် ပုခန်းမင်းသားလည်း လတ်တလော ကံတော်ကုန်သွားခဲ့ချေပြီ။ သည်ကတည်းက သာယာဝတီမင်းရဲ့ စိတ်တော်ဟာ မမှန်တော့ဘူး။ အမျက်တော်ရှိလျှင်လည်း သိမ်းသိမ်းဆည်းဆည်း သည်းညည်းမခံနိုင်ဘူး။ လွန်ကုန်တယ်။ ဒါတွေဟာ သာယာဝတီမင်းအဖို့ သူ့စိတ်တော်ကို သူမနိုင်တော့ဘူး။ ပိုဆိုးစေတာက သူ့ရင်မှာ စွဲငြိပြီးနေတဲ့ ချစ်သဝန်တိုနေမှုတွေဟာ သူ့ကို



ပိုပြီးနှိပ်စက်နေတာပဲ။ တကယ်တော့ ဘုရင်မင်းမြတ်ဆိုတာက တစ်တိုင်းတစ်နိုင်ငံလုံးရဲ့ အရှင်သခင် ဖြစ်တယ်။

သည်တော့ နိုင်ငံတော်ရဲ့ ဖြစ်ရပ်တွေကို ကိုင်တွယ်ဖြေရှင်းရတယ်။ အဲဒီထဲမှာ ပါလာတဲ့ ခပ်သိမ်းကုန်သော အနိဋ္ဌာရုံ၊ ဣဋ္ဌာရုံများကို မတုန်မလှုပ် ခံနိုင်ရည်စွမ်း ရှိရမယ်။ ပြဿနာ အရပ်ရပ်တွေကို နည်းလမ်းမှန်ကန်စွာနဲ့ ဖြေရှင်းပေးနိုင်ရမယ်။

သာယာဝတီမင်းအဖို့မှာတော့ သည်လို မဟုတ်ဘူး။ သူ့အနေနဲ့ စိတ်ဝေဒနာ အစပြု လာသူတစ်ဦးဖြစ်နေပြီ။ သည်တော့ ဖြစ်လာတဲ့ ကိစ္စရပ်များတွေဟာ သူ့ရဲ့စိတ္တဇကို လှုံ့ဆော်ပေးနေတာပဲ။ သည်အသက်အရွယ်အထိ တွေ့ကြုံခဲ့ရသမျှတို့ဟာလည်း အကြီးဆုံးသော တိုက်ပွဲများနဲ့သာ ရင်ဆိုင်ခဲ့ရတယ်။

သဘာဝတရားဆိုတာက သည်အတိုင်းပဲ ဖြစ်ချိန်ပျက်ချိန်ဆိုတာက အချိန်မှန် ရောက်လာတာပဲ။ သာမန်လူတွေအတွက် ပုပင်သောကဗျာပါဒ တရား ရှိတယ်။ ဒုက္ခ ဒေါမနဿတရားလည်း ရှိတယ်။ အဲဒါတွေဟာ လူရဲ့ စိတ်ဓာတ်ကို ရိုက်ခတ်နှိုးကြွစေတယ်။ တကယ်တော့ အတွင်းမှာဖြစ်တဲ့ စိတ်ရောဂါဟာ နူနယ်တယ်။ စဖြစ်ကာစဆိုလျှင် ဘယ်သူမျှ အကဲခတ်လို့ မရဘူး။

လူနာရှင်ဖြစ်တဲ့ မိမိကိုယ်တိုင်ကလည်း မသိနိုင်ဘူး။ အချိန်ကြာလို့ ပေါက်ပြန်လာမှပဲ တခြားသူတွေက သိရတယ်။ အခုတော့ သာယာဝတီမင်းဆိုတာ ပြည်သူတွေက ဦးညွှတ်ရတဲ့ ဘုရင်မင်းမြတ် ဖြစ်နေတယ်။ ဒါကြောင့် အသိအမြင်ဟာ ခက်လှတယ်။ ယဉ်ယဉ်ကလေး စွဲကပ်နေတဲ့ ရောဂါဗီဇအနုသန္တေကို မည်သူတွေက အကဲခတ်ရမှာလဲ။ ဖြစ်ခဲ့တဲ့ အနိဋ္ဌာရုံတွေအားလုံးဟာ သာယာဝတီမင်းကို မီးလောင်ရာ လေပင့်သလို ဖြစ်နေတယ်။

ငိုချင်ရက် လက်တို့မိ ဆိုသလိုပဲ သာယာဝတီမင်းရဲ့ ဝေဒနာ စိတ်တော်ကို နူန်းစေတယ်။ ကိုယ်တော်ကို ချုံးကျစေတယ်။ ... ချုံးကျခြင်းဟာ ကျန်းခန့်တော် မမူဘူးဆိုပြီး သမားတော် ...

www.burmeseclassic.com



ဆတ်သရတယ်။ ပြီးတော့လည်း ပေဒင်ကိန်းခန်းအရ နေပြည်တော်မှ မြောက်အရပ်သို့ ပြောင်းရွှေ့ စံနေစေတော်မူတယ်။ အဲဒီအရပ်ကတော့ မတဲဒေးဝန်းရပ်ပဲပေါ့။

သာယာဝတီမင်းသည် မတဲဒေးဝန်းစံနန်းတော် ရောက်ကတည်းက တိုင်းပြည်ရေးရာ များကို မှူးကြီးမတ်ကြီးများနဲ့ပဲ လွှဲထားတယ်။ သူ့ဘာသာသူပဲ စိတ်လက်အေးချမ်းသာယာစွာ စံနေတယ်။ ဒါကို တာဝန်ရှိတဲ့ မှူးကြီးမတ်ကြီးတချို့က စားပေါက် ထွင်လာကြတယ်။ မတော်မတရားလာဘ်စားမှုတွေ၊ ကြီးနိုင်ငယ်ညှဉ်းမှုတွေဟာ တရစပ် ဖြစ်ပေါ်ခဲ့တယ်။

မင်းမြှောင်ကပ်ပါးတွေသာ ကြီးစိုးနေတယ်။ သည်အကြောင်းတွေကို သာယာဝတီ မင်းတရားထံ ဘယ်သူကမှ မလျှောက်ထားဝံ့ကြဘူး။ စိုးရွံ့နေကြတယ်။ ဒါပေမဲ့ မကောင်းမှုတို့မည်သည်မှာ ကြာရှည်ဖုံးကွယ်လို့ မရပါဘူး။ တစ်နေ့မှာ အတွင်းတော်အထိ ကြားသိသွားခဲ့ တယ်။

အဲဒီအမှုက လာဘ်စားမှုပဲ။ လာဘ်စားမှုထဲမှာ ပါတဲ့သူတွေက အခိက လူတွေချည်းပဲ။ တော်ရုံ၊ တန်ရုံ လူတွေ မဟုတ်ဘူး။ မထင်မှတ်နိုင်တဲ့ လူတွေချည်းပဲ။ ရွှေမြို့တော်ဝန်၊ ရွှေပြည်ရန်အောင်မြင်းဝန်၊ မင်းကြီးမဟာသီရိသီဟသူတို့ပဲ။ သူတို့ရဲ့ လက်အောက်ခံ တပည့်အမှုထမ်းများက လာဘ်သပကာ ယူခဲ့ကြတယ်။

သူတို့ထံ လာရောက်တဲ့ သူတွေဆီက ငွေကြေးတံစိုးလက်ဆောင် လာဘ်စားတယ်။ လက်အောက်ငယ်သားများကို နှိပ်စက်ညှဉ်းပန်းတယ်။ သည်ကိစ္စရပ်တွေကို အတွင်းတော်က အမိန့်နှင့် လွှတ်တော်ကိုအပ်ပြီး စီရင်စေတယ်။ သည်တုန်းက လွှတ်တော်မှာ ထိုင်ပြီးစီရင်နေ တဲ့ သူတွေကတော့ ဘဒွေးတော် မက္ခရာမင်းသားကြီးနှင့် ကောင်းတုံမြို့စားတို့ ဖြစ်တယ်။

တကယ်တော့ အဲဒီတုန်းက နေပြည်တော်မှာ ဖြစ်နေတာက သည်အမှုတစ်ခုတည်း မဟုတ်ဘူး။ အများကြီးပဲ။ ဒါတောင်မှ တစ်ပြည်လုံးနံ့ပြီး နားမဆံ့မှ သာယာဝတီမင်းထံ ရောက်လာရတဲ့ အမှုပဲ။ ဒါ[illegible] အားလုံးက နားစွင့်နေကြတယ်။ အတွင်းတော်ကတောင် သိသွား[illegible]



ဆိုတော့ သည်အမှုဟာ မလွယ်ဘူး။ ရာဇဒဏ်ပြင်းပြင်း ချမှတ်မှာပဲလို့ ထင်နေကြတယ်။

ဒါပေမဲ့ တကယ်တမ်းကျတော့ သည်လို ဖြစ်မလာဘူး။ လာဘ်စားတဲ့ ရွှေဘိုမြို့တော်ဝန်နှင့် မြင်းစုဝန်တို့အား လေးနက်မှု မရှိဘူး။ အပြစ်မရှိဘူးဆိုပြီး လွှတ်ပစ်လိုက်တယ်။ တကယ်တော့ ဒါတွေဟာ သူတို့အချင်းချင်း ရှိုင်းပင်းကြတာပါပဲ။ ပြီးတော့လည်း ဝန်မင်းများက မယားဘက် ခပ်ပါပါဆိုတဲ့ကိန်း ဆိုက်နေကြတာပေါ့။

အဲဒီကိစ္စကို သာယာဝတီမင်းက ကြားသိတော်မူခဲ့တယ်။ ပြင်းစွာသော အမျက်တော် ထွက်တော်မူတယ်။ နေပြည်တော်မှာ ခိုးသားဓားပြ မရှိစေရဘူး။ ငြိမ်ဝပ်ပိပြားစေရမယ်။ ရွှေလွှတ်တော်ဆိုတာက တရားသဖြင့် အုပ်ချုပ်ဖို့ထားတဲ့ နေရာပဲ။ တရားနဲ့အညီ စီရင်ဖို့ လွှဲအပ်ထားတဲ့ မက္ခရာမင်းသားနှင့် ကောင်းတုံမြို့စားဝန်ကြီးတို့ဟာ ထင်ရှားနေတဲ့အမှုကို သက်ညှာစွာ စီရင်ခဲ့တယ်။

ရွှေမြို့တော်ဝန်၊ မြင်းစုဝန်တို့ကဲ့သို့ ရာထူးအဆင့်မြင့်သူအပေါ်မှာ လာဘ်စားမှုဟာ ထင်ရှားသည်။ ဒါကို သက်ညှာစွာ စီရင်ခြင်းဟာ တာဝန်ကို လေးစားမှု မရှိစေဘူး။ ဒါကြောင့် တရားလွှတ်တော်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတယ်ပေါ့။ သည်တော့ တာဝန်ရှိတဲ့ မက္ခရာမင်းသားနှင့် ကောင်းတုံမြို့စားတို့ကို ရာထူးနုတ်သိမ်းလိုက်တယ်။

ဒါပဲပေါ့ နိုင်ငံတော် အုပ်ချုပ်တဲ့ ဘုရင်မင်းမြတ်ဆိုတာက ပြည်သူတွေကို ရင်ဝယ်သား ကဲ့သို့ သနားကြင်နာရတယ်။ ကိုယ်ချင်းစာတရားထားရတယ်။ ငါက အမြင့်မှာနေတာပဲ။ ငါလုပ်ချင်တိုင်း လုပ်မယ်။ တရားတာရော မတရားတာရောဆိုတဲ့ သဘောမထားရဘူး။ သည်ဖြစ်ရပ်က သက်ဦးဆံပိုင်ခေတ်မှာ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်တစ်ခုပဲ။

အဲဒီတုန်းက မတရားမှုတွေ ပေါ်များနေတဲ့ ကာလ[illegible] သားတော် ပုဂံမင်းသားနှင့် သားတော် မင်းတုန်းမင်းသား[illegible] အညီ ရွှေလွှတ်တော်သို့ တက်ရောက် စီရင်စေတယ်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်များနဲ့ ပျော်မွေ့ရာက လွှတ်တော်တက် မင်းသားကြီးရယ်လို့ မားမားမတ်မတ် ဖြစ်လာခဲ့ပြီပေါ့။

သူ့အောက်မှာ အလိုလိုက် အကြိုက်ဆောင်ခဲ့ကြတဲ့ လူပျိုတော်သားများက အားတောင်းလာတယ်။ အဲဒီထဲမှာ ဇေဒဗာရီကုလားတစ်ဦးဟာ ပုဂံမင်းသားရဲ့ မျက်နှာသာပေးမှုကို ထူးထူးခြားခြား ခံရတယ်။ သူဟာ ကြက်၊ ငှက်၊ ချိုး၊ ခါအကြောင်း ကျွမ်းကျင်သူ ဖြစ်တယ်။ တခြားတော့ မတတ်ဘူး။ ဘိုင်ဆပ်ဆိုတာပဲ။ ဗုံးအိုးရွာ မိသားစုက ပေါက်ဖွားခဲ့သူ ဖြစ်တယ်။

ဗုံးအိုးရွာဆိုတာက ကုလားသုံ့ပန်းများနေတဲ့ရွာ ဖြစ်တယ်။ အဲဒီမှာ အမှုထမ်းကုလားများ နေထိုင်ကြတယ်။ အဲဒီရွာသားတွေက ချိုး၊ ခါစတဲ့ ငှက်တိရစ္ဆာန်များကို ဖမ်းဆီး သတ်ဖြတ် ရောင်းစားတဲ့ အလုပ်ကို လုပ်ကိုင်အသက်မွေးကြတယ်။ တခြား နွားမွေး၊ ဆိတ်မွေး အလုပ်များကို လုပ်ကိုင်စားသောက်နေကြသေးတယ်။

သူများတွေထက် လောင်းကစား ကျွမ်းကျင်တဲ့ ဘိုင်ဆပ်ဟာ ပုဂံမင်းသားရဲ့ လက်ပါးစေတစ်ဦးအဖြစ် တွင်ကျယ်လာခဲ့တယ်။ သူဟာ ပုဂံမင်းသားရဲ့ အကြိုက်ကို အကင်းပါးနပ်စွာ သိတယ်။ လူပါးလူလည် ပေါ့။ ဒါပဲပေါ့ သက်ဦးဆံပိုင်ခေတ်အတွင်းတော့ လူလည်မသားတွေ ကြီးစိုးတာ မဆန်းပါဘူး။ မင်းသား၊ မင်းသမီးဆိုတာကလည်း ပုထုဇဉ် လူသား မဟုတ်လား။ သူတို့ကို မြှောက်ပင့်ပြောလို့ မြှောက်မှန်း မသိတတ်တဲ့ လူတွေပဲ။

သည်လို မင်းလိုလိုက် မင်းကြိုက်ဆောင်တတ်တဲ့ လူတွေနဲ့ ဘဝင်မြင့်နေတဲ့ အရှင်တွေကြောင့် သက်ဦးဆံပိုင်ခေတ်မှာ ပြည်သူတွေ ဒုက္ခရောက်ကြတာပဲ။ တိုင်းပြည်မငြိမ်မသက် ဖြစ်ကြတာပဲ။ လူဆိုတာက လည်း ခက်သားကလား နိမ့်နေတုန်းမှာပဲ ငြိမ်နေပြီး နည်းနည်း နေရာရလာခဲ့လျှင် ဘဝကို မေ့တတ်ကြတယ်။ ခက်တာက လွှတ်တက်မင်းသားကြီးတို့ရဲ့ ကိစ္စရပ်တွေပဲ။



ခုဆိုလျှင် ပုဂံမင်းသားနှင့် မင်းတုန်းမင်းသားတို့ဟာ လွှတ်တော် မင်းသားကြီးအဖြစ် ရှိနေတယ်။ ဒါပေမဲ့ မင်းတုန်းမင်းသားတစ်ပါးသာပဲ လွှတ်တော်မှာ တာဝန်ကျေတယ်။ ပုဂံမင်းသားကတော့ လွှတ်တော်ကို တက်ချင်မှ တက်လာတတ်တယ်။ သည်တော့ တာဝန်နှင့်အားဟာ မင်းတုန်းမင်းသားအဖို့ မမျှဖြစ်နေတယ်။ ဒါကြောင့် ပြည်မင်းသားကို လွှတ်တော်မင်းသားနေရာမှာ ထပ်ပြီး ခန့်အပ်ဖို့ အလိုရှိနေကြတယ်။

ပြည်မင်းသားရဲ့ ပညာကို သိထားကြတဲ့ မှူးမတ်များအဖို့ အားမလို အားမရ ဖြစ်နေကြတယ်။ တကယ်တော့ ပြည်မင်းသားဟာ အရင်တုန်းက လွှတ်တက်မင်းသားကြီးပေါ့။ ခုတော့ မင်းသားတို့ အဆောင်အယောင် ပြန်ရပေမဲ့ လွှတ်တော်မင်းသားရဲ့ အာဏာကိုတော့ မရတော့ဘူး။ ဒါဟာ ပြည်မင်းသားအဖို့ မခံချိစရာအကြောင်းတွေ ဖြစ်လာခဲ့တယ်။

သူ့အဖို့ကလည်း သည်အချိန်မှာ တစ်မျိုးတွေးမှာ သေချာနေပြီ။ သူ့ရဲ့ အနာဂတ်ကို လည်း ကြိုပြီး မျှော်ကြည့်တော့မယ်။ မကြည့်လို့ မဖြစ်တဲ့ကိန်းက ဆိုက်နေပြီ အကြောင်းက ရှိပါတယ်။ ခုဆိုလျှင် မိမိအဖို့ လွှတ်တော်မင်းသားအရာက ကျခဲ့ပြီ။ မိမိထက် ငယ်တဲ့ ညီတော် နှစ်ပါးက လွှတ်တက်မင်းသား ဖြစ်နေတယ်။ သည်လို မိမိကို ကျော်ပြီး ခန့်ထားခြင်းဟာ အနာဂတ်ရဲ့ အခြေအနေမှာ မကောင်းဘူး။ လောလောဆယ်ကတော့ သိက္ခာကျ နေပြီ။

သူ့ကို အလွန်ချစ်ပါတယ်ဆိုတဲ့ ခမည်းတော်ရဲ့ စေတနာကိုလည်း မျက်ဝါးထင်ထင် တွေ့နေရပြီ။ သူ့အဖို့မှာ ရွှေဘုံရွှေနန်း မင်းခမ်းမင်းနားနဲ့ အငြိမ့်သားနေရပေမဲ့ စိတ်မော လူမော နေရတဲ့ကာလပဲ။ ဘယ်နေ့မှာ ဘယ်လို ဖြစ်လာမလဲလို့လည်း တွေးနေရတယ်။ မင်းခယောက်ျား [illegible]နှားသစ်ပင် ဆိုသလိုပေါ့။ အချိန်မရွေး ဒုက္ခရောက်နိုင်တယ်။

ရွှေနန်းတော်အတွင်းမှာ သည်လိုစိတ်ဒုက္ခတွေ ရောက်နေ[illegible] [illegible]တော်ရဲ့ အစွန်အဖျားမှာ ပြည်သူတွေဟာ ကာယဒုက္ခတို့ [illegible]တယ်။ ခုဆိုလျှင် နယ်စွန်နယ်ဖျားကို ဇင်းမယ်တို့က [illegible] [illegible]ဆောင့်ယှက်လာခဲ့တယ်။

www.burmeseclassic.com



ဒါကို အင်းဝမြို့ဝန်မင်းကြီး မဟာမင်းလှမင်းခေါင်ကျော် ဗိုလ်ချုပ်ခန့်ထားပြီး မိုးနဲကြောင်း ချီစေတယ်။ လက်ဝဲကြောင်းကို သေနတ်ဗိုလ်မဟာမင်းလှတန်ဆောင်က အုပ်ချုပ်တယ်။ လက်ယာကြောင်းကိုတော့ မဟာမင်းခေါင်သူရိန်က ကြပ်မတ်တယ်။ အမှုထမ်း သေနတ်ကိုင်နှစ်ထောင့်ငါးရာကျော်၊ မြင်းနှစ်ရာကျော်တို့နဲ့ ချီတက်တယ်။

တစ်ချိန်တည်းမှာပဲ ရှမ်းပြည်တောင်ပိုင်းကလည်း လှုပ်ရှားလာပြန်တယ်။ လှုပ်ရှား တယ်ဆိုတာက ဘုရင်မင်းမြတ်ကို ထောင်ထားခြားနားတာပဲ။ ဒါကြောင့် နေပြည်တော်က တပ်ကို ထပ်ပြီး လွှတ်ရတယ်။ အမှုထမ်း လူနှစ်ထောင့်ကိုးရာနဲ့ တောင်ပိုင်မြို့ကို စေလွှတ်လိုက်တယ်။ အဲဒီတပ်မကြီးကို တောင်ကန်သေနတ်ဗိုလ် နေမျိုးမင်းလှရဲတင်က အုပ်ချုပ်တယ်။

ယောမြို့နယ်ကလည်း ထပ်မံလှုပ်ရှားလာပြန်တယ်။ ဖြစ်ပုံကသည်လိုပါ။ ယောနယ် သားများကို အသုံးပြုကိစ္စရှိသဖြင့် အမိန့်တော်နဲ့ဆိုင်ရာက ဆင့်ခေါ်မြဲခေါ်တယ်။ အဲဒီတုန်းက မင်းတုန်းမြို့ဝန်ဟာ မောင်ရွှေတုတ်ပဲ။ သည်လို နေပြည်တော်က ဆင့်ခေါ်တာကို မောင်ရွှေတုတ်ရဲ့ တပည့်တွေက နှောင့်ယှက်တယ်။

မင်းမှုထမ်းများကို တွားဆီးချုပ်နှောင်ထားတယ်။ မင်းမှုထမ်းတို့မှာပါတဲ့ လက်နက်များ၊ ငွေကြေးများကို သိမ်းယူတယ်။ ဒါကို နေပြည်တော်က သိတော့ မင်းတုန်းမြို့နယ်ဝန် မောင်ရွှေတုတ်ကို ခေါ်ယူစစ်ဆေးတယ်။ နှောင့်ယှက်တဲ့ လက်သည်တရားခံများကို တောင်းဆိုတယ်။

ဒါကို မင်းတုန်းမြို့စား မောင်ရွှေတုတ်က တရားခံတွေကို ပေးအပ်ခြင်း မပြုဘူး။ သည်တော့ တာဝန်ရှိတဲ့ မင်းတုန်းမြို့ဝန်ကို ရာဇဒဏ်သင့်စေတယ်။ ဒါပဲပေါ့ ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်နဲ့ တာဝန်ထမ်းဆောင်တဲ့ အမှုထမ်းတွေကို နှောင့်ယှက်ခြင်းဟာ ဘုရင်မင်းမြတ်ကို အာခံတာပဲပေါ့။ မရိုသေ မလေးစားလုပ်တာပဲပေါ့။

အဲဒီတရားခံတွေကို သိလျက်နဲ့ ဖော်ထုတ်မပေးခြင်းဟာလည်း ဘုရင်မင်းမြတ်ရဲ့ အာဏာကို ဖီလာဆန့်ကျင်ပြုတာပဲ။ ဒါကြောင့် အပြစ်ကြီးတယ်။ အပြစ်အလျောက် ရာဇဒဏ် သင့်စေတာပေါ့။ အဲဒီအရေးဟာ



မတရားဘူးလို့ ထင်တဲ့သူတွေက ရှိနေတယ်။ သူတို့က တခြားသူတွေ မဟုတ်ဘူး။

မောင်ရွှေတုတ်ရဲ့ အမျိုးအဆွေတွေပဲ။ သည်တုန်းက မင်းကင်းမြို့ဝန်ရဲ့ ဦးရီးဟာဗန်းကျို တိုက်ဝန်မင်းကြီး မဟာသီဟသူရ ဖြစ်တယ်။ သူ့ရဲ့သားဖြစ်တဲ့ တလုပ်မြို့ဝန် သေနတ်ဗိုလ် မင်းလှသီဟသူနှင့် ညီမင်းလှဇေယျာတို့ပဲ။ သူတို့ဟာ အဲဒီကိစ္စကို မကျေနပ်နိုင်ကြဘူး။ ဒါကြောင့်ပဲ တိတ်တဆိတ် ရွှေမြို့တော်က ထွက်ခွာသွားကြတယ်။

သူတို့ ပိုင်စိုးတဲ့ စီရင်စုအတွင်းမှာရှိတဲ့ အမှုထမ်းအရာထမ်းများကို ကွပ်ညှပ်စည်းရုံးတယ်။ မြန်မြန်ထက်ထက် အားချင်း စုစည်းတာပေါ့။ အမှုထမ်း လူခုနစ်ထောင်ရတယ်။ အဲဒီနယ်တစ်ဝိုက်ကနေပြီး သာယာဝတီမင်းကို ထောင်ထားခြားနားတယ်။ သူတို့ဟာ ဆားလင်းကြီးမြို့ကို ခံတပ်တည်ပြီးနေတယ်။

ပုခန်းကြီးမြို့၊ အမြင့်မြို့များတိုပါ တိုက်ခိုက်လာတယ်။ ဒါကို သာယာဝတီမင်းတရားက ကြားသိတော်မူခဲ့ပြီး ဘုရင်တို့ဘုန်း မိုးသို့ချွန်းဆိုသလိုပဲ လက်ဝဲဝင်းတော်မှူး မင်းကြီးမဟာ ကျော်ခေါင်ကို အလုံစီရင်စုနယ်အတွင်းကို အမှုထမ်းလက်နက်လူသူတို့ သိမ်းကျုံး စည်းကြပ်ရမယ်လို့ စေတော်မူတယ်။

ပုခန်းကြီးမြို့၊ တလုပ်မြို့၊ အမြင့်မြို့၊ အလ္လာကပ္ပမြို့များသို့လည်း စစ်သည်ရဲမက် အမြောက်အမြား စေလွှတ်လိုက်တယ်။ ခုချိန်မှာ သာယာဝတီမင်းအဖို့ ပူပင်သောက အရောက်ရဆုံး အချိန်ပဲ။ မင်းသားဘဝကတည်းက အေးအေးဆေးဆေး မနေခဲ့ရတဲ့သူအဖို့ သောကမီးကို ရင်စီးခံနေရရှာတယ်။

ပုန်ကန်ခြားနားတဲ့ ဗန်းကျိုတိုက်ဝန်ဟောင်းဟာ ဆားလင်းကြီးမြို့က အပြင်းအထန် ခုခံနေတယ်။ သူတို့ကို နေပြည်တော်က တပ်သုံးပြီး အပြင်းလုပ်ကြရတယ်။ အားသွန်ခွန်စိုက် ကြိုးစားရတယ်။ နှစ်ဖက်စစ်တပ်ရဲ့ အကျအဆုံးဟာ များပြားလှတယ်။

www.burmeseclassic.com

www.burmeseclassic.com



သည်တုန်းက ပြည်သူတွေဟာ စစ်ပွဲကာလတွေနဲ့ချည်းပဲ ကြုံခဲ့ရတယ်။ အိုးပြစ်၊ အိမ်ပြစ်နဲ့ ကာလပျက်၊ ခေတ်ပျက်လို ဖြစ်နေတယ်။ တကယ်တော့ သူပုန်ဘက်က စစ်သည်များ ဟာလည်း နေပြည်တော်က စစ်သည်တွေပဲ။ ခေါင်းဆောင်လုပ်တဲ့သူက သူပုန်ထနေလို့ တျှန်တဲ့ငယ်သားတွေလည်း သူပုန်တွေ ဖြစ်ကုန်ကြတာပေါ့။

တိုက်ပွဲ စတယ်ဆိုလျှင်ပဲ နှစ်ဦးနှစ်ဖက်စလုံးအား ညီနေတယ်။ ဗန့်ကျိုတိုက်ဝန်ဟောင်းရဲ့ စစ်သည်များဟာလည်း နေပြည်တော်က လေ့ကျင့်ပြီးသား စစ်သည်တွေ မဟုတ်လား။ စစ်အတွေ့အကြုံကလည်း ရှိပြီးသား။ စစ်ရည်ကလည်း ဝပြီးသားဆိုတော့ လက်အား ညီနေတာပေါ့။ ဝါးလုံးထိုး ဆင်းလာတဲ့ နေပြည်တော်က စစ်သည်များကို ဟန့်တားထားနိုင်တယ်။

ပြီးတော့လည်း ဗန့်ကျိုတိုက်ဝန်ဟောင်းနှင့် သူ့သားတွေဟာ တိုက်ရည်ခိုက်ရည်နှင့် ပြည့်ဝပြီးသားသူတွေပဲ။ သည်တော့ သိပ်မှုစရာ မလိုဘူးပေါ့။ တိုက်ပွဲရဲ့ ဟိန်းဟိန်းထနေတဲ့ အသံတွေဟာ ကြောက်ခမန်းလိလိပဲ။ အသက်လုပွဲ မဟုတ်လား။ သည်တော့ ကိုယ့်အသက် ရှင်ရေးအတွက် တစ်ပါးသူတွေရဲ့ အသက်ကို သတ်ရမှာပဲပေါ့။

တိုက်ပွဲဟာ တစ်နေ့နဲ့တစ်ည ကြာတယ်။ နောက်ဆုံး နေပြည်တော်တပ်က သုံးစုခွဲပြီး လုပ်ကြံကြတယ်။ နောက်တစ်နေ့ အရုဏ်လင်းမှာပဲ ဆားလင်းကြီးမြို့ရဲ့ သစ်တပ်ဟာ ကျိုးပေါက်သွားတယ်။ ဗန့်ကျိုတိုက်ဝန်ဟောင်းတို့ သားအဖလည်း မြို့ထဲက လက်လွတ် ထွက်ပြေးတော့တယ်။ သူတို့ဟာ ပျက်ပြားသွားတဲ့ တပ်မကိုလည်း အုပ်ထိန်းနိုင်ခြင်း မရှိတော့ဘူး။ သူပုန်တပ်အချို့ဟာ နေပြည်တော်က တပ်များနဲ့သွားပြီး ပူးပေါင်းတယ်။

ဗန့်ကျိုတိုက်ဝန် သားအဖတို့က ကန္ဒီမြို့ရဲ့ တောလက်များမှာ ပြေးရှောင်နေတယ်။ အဲဒီကတစ်ဆင့် ပြာပုံတောင်မှာ ဝင်ပုန်းနေပြန်တယ်။ သူပုန်များကို နေပြည်တော်တပ်က လိုက်လံရှင်းလင်းတယ်။ ဗန့်ကျိုတိုက်ဝန်တို့ သားအဖတွေဟာ လူခွဲပြီး ပြေးကြတယ်။



ဗန့်ကျိုတိုက်ဝန်နဲ့ နောက်ပါအချို့တို့ဟာ ပြာပုံတောင်ရဲ့ တောနက်နေရာကို ဝင်ပြေးကြတယ်။ သူ့သား နှစ်ယောက်ကတော့ ထီးလင်းနယ်ထဲ ဝင်ပြေးကြတယ်။ ကာလဝိဘတ် နောက်ပိုးတက်တယ်လို့ ဆိုရမလား။ ကျေးလူးရှင်ကို ကျေးစပ်လို့ ခံရတယ်ပဲ ဆိုမလား။ ဗန့်ကျိုတိုက်ဝန်ဟောင်းဟာ အဲဒီအရပ်မှာပဲ အသတ်ခံရတယ်။

ဘုမသိဘမသိနဲ့ ရာဇဝတ်သင့်တဲ့ နောက်ပါအချို့ဟာ ဗန့်ကျိုတိုက်ဝန်ဟောင်းကို မကျေနပ်ကြဘူး။ သူတို့ဟာ ဘုန်းမင်းမြတ်ကို အာခံပြီး ပြေးနေရတော့ သားတစ်တွဲ မယားတစ်ကွဲနဲ့ ဖြစ်နေကြတယ်။ ကျိုးလန့်စားဘဝကို ပိုပြီး ရွံ့ရှာကြတယ်။ သည်ဘဝက လွတ်မြောက်လိုတယ်။

သည်တော့ ဘာလုပ်ကြမလဲ။ အခွင့်သာအောင် စောင့်ကြည့်ရုံပေါ့။ အားလုံးညီပြီး ဗန့်ကျိုတိုက်ဝန်ဟောင်းကို ဝိုင်းပြီးခုတ်သတ်လိုက်ကြတယ်။ ပြီးမှ ဗန့်ကျိုတိုက်ဝန်ဟောင်းရဲ့ အဆောင်အယောင် ဆေးများ၊ ရွှေထည် ငွေထည် ပစ္စည်းများကို တောင်တွင်းကြီး မြို့ဝန်ထံ သွားအပ်ကြတယ်။ သာယာဝတီမင်းက သူ့တောင်းမြှု ပေးသနားထားတဲ့ ကျောက်စီဓားလည်း ပါတယ်။

အဲဒီ လာရောက်အပ်နှံတဲ့သူအားလုံးကို သူပုန်ထမှုက လွတ်ငြိမ်းခွင့် ပေးလိုက်တယ်။ သည်အရေးကို ကျေကုန်အောင် ထမ်းဆောင်တဲ့ ဝန်းတော်မှူးနဲ့ တောင်တွင်းကြီးမြို့ဝန်တို့ကို ဆုတော်ငွေ ပေးသနားတယ်။ ကျောက်နီလက်စွပ်တစ်ကွင်း၊ ငွေခုနစ်ပိဿာတို့ပဲ။ အဲဒီ ပုန်ကန်ခြားနားမှုကြောင့် လူတွေအတော်များများ အဖမ်းအဆီးခံရတယ်။

ဗန့်ကျိုတိုက်ဝန်ဟောင်းနဲ့ နီးစပ်တဲ့ သူမှန်သမျှ ဆွေမျိုးသားချင်းတွေအားလုံးဟာ လက်လွတ်ထွက်ပြေးကြတယ်။ အိုးပစ်အိမ်ပစ်ပေါ့။ ရန်သူဆို ကျူပင်ခုတ် ကျူငုတ်တောင် ချန်မထားတဲ့ သက်ဦးဆံပိုင်ခေတ်မို့ အသက်ကို လုပြေးကြရတာပဲ။

တောမီးလောင် တောကြောင်လက်ခမောင်းခတ် ဆိုရသလိုပဲ၊ ကိုယ်နှင့်မသင့်မတင့်တဲ့ သူမှန်သမျှကို ဖမ်းဆီးတယ်။ သူ့ဝန်အပြစ်သတ်မှတ်တယ်ပေါ့။ သည်တော့ တချို့လူတွေလည်း ဘာမဆိုင် ညာမဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါကြရတာပေါ့။ တောင်းပန်တိုးလျှိုးလို့လည်း မရဘူး။ နောက်မှ ကြည့်ရှင်းကြပေါ့။

ပုန်ကန်ခြားနားမှုမှာ ပါဝင်သူများဆိုပြီး လူသုံးရာကျော်လောက် ဖမ်းဆီးတယ်။ သူတို့ ကို ရှေ့ဝင်းတော်မှူးနဲ့ တောင်တွင်းကြီးမြို့ဝန်တို့က စစ်ဆေးတယ်။ သေသေချာချာ ဆန်ကာ တင် စစ်ဆေးတာပေါ့။ မိန်းမ၊ ယောက်ျား လူသုံးရာကျော်အနက်က လူလေးဆယ်ပဲ သည်အမှုနဲ့ အကျုံးဝင်နေတယ်။ ကျန်တဲ့သူအားလုံးကို ပြန်လွှတ်လိုက်တယ်။

အဓိက အပြစ်ရှိတဲ့သူတွေကတော့ ဗန်းကျီတိုက်ဝန်ရဲ့သားတွေပဲ။ တလုပ်မြို့ဝန် သေနတ်ဗိုလ် မင်းလှသီဟသူ၊ မင်းလှဇေယျသူ စတဲ့သူတွေပဲ။ သူတို့နှင့်အတူတူ လေးဆယ်ကို သုသာန်ထုတ် ဓားနှင့်ခုတ်သတ်လိုက်တော့တယ်။

သာယာဝတီမင်းအဖို့ စိတ်အေးစရာတစ်ကွက်မျှ မရှိဘူး။ ဇင်းမယ်သားတို့ လာရောက် ထိပါးမှု၊ တောင်ပိုင်းစော်ဘွားရဲ့ ထောင်ထားမှု၊ ဗန်းကျီတိုက်ဝန်သားအဖတစ်တွေရဲ့ ပုန်ကန် ခြားနားမှုတွေဟာ ဘုရင်မင်းမြတ်ရဲ့ စိတ်တော်ကို မကြည်လင်စေဘူး။ အသက်အရွယ်ကလည်း ထောက်လာပြီ။ အုပ်ချုပ်ရေးကိုလည်း ပုဂံမင်းသားနှင့် မင်းတုန်းမင်းသားတို့ကို လွှဲအပ်ထားတယ်။ မှူးကြီးမတ်ရာများက ထိန်းသိမ်းရှိစေတယ်။

နောက်ဆက်ခံမယ့် ပုဂံမင်းသားဟာ အရည်အချင်း ရှိတာမဟုတ်ဘူး။ အချိန်ရလျှင် ရသလို ကြက်တိုက်နေတာပဲ။ သည်အတိုင်းသာသွားလျှင် နိုင်ငံတော်ဟာ ကြာရှည်ခံမှာ မဟုတ်ဘူး။ တိုင်းပြည်မှောက်ဖို့သာ ရှိတော့တယ်။ သူ့ကျွန်ဖြစ်ချေတော့မယ်ဆိုတဲ့ အတွေးများဟာ အမြော်အမြင်ရှိတဲ့သူတွေက သိနေကြတယ်။ တကယ်တော့ နိုင်ငံတော်ရဲ့ ဆိုးကျိုး ကောင်းကျိုးတွေဟာ သာယာဝတီမင်းမြတ်ရဲ့အပေါ်မှာ မူတည်နေတယ်။

ခုတော့ ဘုရင်မင်းမြတ်က ကျန်းမာတော်မမူဘူး။ ဒါကြောင့် တိုင်းပြည်အကျိုးကို လိုလားသူ ဝန်ကြီး၊ မှူးကြီးအချို့ဟာ ပြည်မင်းသားထံ အဝင်အထွက် ပြုကြတယ်။ တိုင်းရေး ပြည်ရေး ဆွေးနွေးကြတယ်။



နိုင်ငံတော် တိုးတက်ဖို့ ဘယ်ပုံ ပြုကြတယ်ဆိုတာ ပြောဆိုကြတယ်။ သည်တုန်းက ပြည်မင်းသားကို ဘုရင်မင်းမြတ် စိတ်တော် ကွက်ခြင်းတို့ ခံနေရဆဲပဲ။

ပြည်မင်းသားထံ ဝင်ထွက်သွားလာနေကြတဲ့ သူတွေထဲမှာ ယင်းတော်ဝန်ကြီးလည်း ပါတယ်။ ယင်းတောဝန်ကြီးဟာ ရေနံချောင်းမြို့ကို စားရသူ ဖြစ်တယ်။ သာယာဝတီမင်းရဲ့ အိမ်တော်ပါ ကျွန်တစ်ဦးပဲ။ ဘုရင်မင်းမြတ်ရဲ့ အထူးယုံကြည် အားထားမှုကို ခံရသူ ဖြစ် တယ်။

စကားအရာမှာ ပွင့်လင်းစွာ ပြောတတ်တယ်။ မဟုတ်မခံ ဇက်ဇက်ကြသမားပဲ။ ဟုတ်တာပြောလွန်းလို့ လူမုန်းများတယ်။ တည့်မတ်သောခိုင်မာသောစိတ် ရှိတယ်။ တိုင်းပြည် သူ့ကျွန်ဖြစ်လာတော့ သူလည်း မနေသာဘူး။ ဒါကြောင့် ပြည်မင်းသားနဲ့ တိုင်ပင် ကြတယ်။

သူ့လိုပဲ ပြည်မင်းသား အိမ်တော်မှာ ဝင်ထွက်နေသူတွေ ရှိသေးတယ်။ ဆင်ဝန်မင်းပဲ ဆင်ဝန်မင်းနဲ့အတူ အင်းဝမြို့ဝန်မင်းလည်း ပါလာတတ်တယ်။ ရွှေနန်းတော်အတွင်းတ တခြားအရာရောက် အရေးပါတဲ့သူတွေများလည်း မကြာခဏ လာရောက်လေ့ ရှိတယ်။ သူတို့ပြောဆိုတဲ့အထဲမှာ မင်းတရားကြီး ကျန်းခန့်တော်မမူကြောင်း၊ ဒုစရိုက်မှုနဲ့ မွေ့လျော်နေတဲ့ ပုဂံမင်းသားအကြောင်း စသည်များကို တွေ့ရာဆောင်းပါး ပြောကြတယ်။

ပြည်မင်းသားအိမ်တော်ကို လာရောက်သူတွေထဲမှာ အလွှာအသီးသီးက ပါတယ်။ ရာထူးမြှုတ်တွေလည်းပါတယ်။ သူတို့လာရောက်ခြင်းဟာလည်း အမှိုသစ်ရှာကြတာပဲပေါ့။ ပြည်မင်းသားရှေ့တော်မှာ မိမိတို့ ခံစားရချက်များကို ဖွင့်အံကြတယ်။ ခုချိန်မှာ တိုင်းပြည်တို့ ထိန်းသိမ်းပဲ့ကိုင်နိုင်မယ့်သူက ပြည်မင်းသားကြီး တစ်ယောက်ပဲ ရှိတယ်လို့ သူတို့ မြင်နေကြတယ်။

ဒါကြောင့် ယင်းတောဝန်ကြီး အပါအဝင် လူအများဟာ ပြည်မင်းသားကိုပဲ ထီးနန်းရစေချင်နေကြတယ်။ အမှန်ဆိုရလျှင် ယင်းတောဝန်ကြီးနဲ့ ဘုရင်မင်းမြတ်ဟာ လွန်စွာ ရင်းနှီးခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



တိုယ့်လက်အောက်ငယ်သားဖြစ်ပေမဲ့ ဘုရင်မင်းမြတ်က သူငယ်ချင်းပေါင်း ပေါင်းတယ်။ နှစ်ဦးချင်း ဆုံတွေ့ကြတိုင်း အလွှာမရှိတော့ဘူး။ အရောတဝင် နေကြပြောကြတယ်။ ယင်းတောဝန်ကြီးက ဘုရင်မင်းမြတ်နဲ့ ပတ်သက်သည့် လျှောက်တင်စရာများကို ရဲရဲဝံ့ဝံ့ တင်လေ့ရှိသည်။

ယင်းတောဝန်ကြီးအဖို့ သာယာဝတီမင်းတရားကြီးအပေါ်မှာ ယုံကြည်စိတ်ချခဲ့တယ်။ဘုရင်မင်းမြတ်ကလည်း စိတ်ဝမ်းသင့်နေခဲ့တယ်။ သူ့အပေါ် မဟုတ်မတရား ကြံစည်လိမ့် မယ် မထင်ဘူး။

သည်လို ပြည်မင်းသားအိမ်တော်ကို ဝင်ထွက်သွားလာနေတဲ့ အကြောင်း အတွင်းတော်က သိခဲ့ပြီ။ ဘာကြောင့် သွားလာနေကြတာပဲ။ ဘာကိစ္စတွေများ အထူးအထွေ ရှိနေကြပါ လိမ့်။ ငါ့ကို ပြန်ပြီး ပုန်ကန်ဖို့ ကြံရွယ်နေကြတာလားဆိုပြီး သာယာဝတီမင်းရဲ့ စိတ်ထဲမှာ ဖြစ်နေတယ်။

နဂိုစိတ်ဓာတ်ကမှ စိတ်တော် မကြည်ရတဲ့အထဲ ခုလို ဖြစ်လာတော့ ဘုရင်မင်းမြတ်အဖို့ ပိုဆိုးတော့တာပေါ့။ သည်တုန်းက သာယာဝတီမင်းဟာ မတဲဒေးဝန်းအရပ်မှာ ယာယီ စံနန်းတော်နဲ့ နေနေတယ်။ မင်းနားတစ်ထောင် မင်းမြှောင်တစ်သိန်း ဆိုတာ ရှိတယ်မဟုတ် လား။

သည်တော့ သည်မင်းလက်ထက်မှာ ကြီးပွားနေတဲ့သူတွေကတော့ အရှုပ်အရှင်း မှန်သမျှ ဘာကိုမျှ မလိုလားဘူး။ အခုလို ပြည်မင်းသားအိမ်တော်မှာ အဝင်အထွက်များနေတာကို မကြည့်လိုကြဘူး။ ဒါဟာ ကောင်းတဲ့အသွင် မရှိဘူး။ ဆိုးလာမယ့် အခြေအနေတွေပဲ လို့ သူတို့ ထင်မှတ်ကြတယ်။

သည်တော့ သည်အကြောင်းတွေကို အတွင်းတော်အထိ ကြားသိစေတယ်။ အထောက်တော်များရဲ့ ထောက်လှမ်းမှုများကလည်း ပိုများလာတယ်။ အထူးသဖြင့် ပြည်မင်းသားအကြောင်းဟာ အတွင်းတော်မှာ အပြောများလာတယ်။ အထောက်တော်တွေရဲ့ သတင်းပေး ပို့ချက်တွေမှာလည်း နေ့စဉ်လိုပါရှိလာတယ်။



အထူးသဖြင့် ယင်းတောဝန်ကြီးကိုယ်တိုင်က ပြည်မင်းသားနဲ့ အဆက်အသွယ် ပြုနေတာပဲ။ ဒါကို ကြားသိတဲ့ ဘုရင်မင်းမြတ်အဖို့ အံ့အားသင့်စေတယ်။ ရာဇမာန်လည်း ရှတော်မူတယ်။ ဒါပေမဲ့ သင်းတို့ အကဲကို ဖမ်းဦးမဟဲ့ဆိုတဲ့ အတွေးနဲ့ ဘာမျှမပြောသေးဘူး။ အခြေအနေ အရပ်ရပ်ကို ငံ့လင့်ကြို နေတယ်။ သည်တုန်းက ပြည်မင်းသားရဲ့ အိမ်တော်မှာ ထမ်းရွက်တဲ့ အမှုထမ်းများက မနည်းလှဘူး။

လက်စွဲတော်များ၊ အဆောင်ကိုင်များ၊ ဘဏ္ဍာစိုး၊ ဘဏ္ဍာထိန်း၊ အသုံးစာရေး၊ ရှေ့တော် ပြေးများ၊ ဝေါတော်ထမ်းများ၊ ဆင်ထိန်းမြင်းထိန်း၊ တံမြက်လှည်း၊ ဆီမီးထွန်း၊ ပန်းပင်ရေလောင်း၊ ပွဲတော်စားဖိုမှူးများပေါ့။

မိဖုရားခဲပေါင် ထိပ်ထားမှာလည်း ခစားကြတဲ့သူ အတော်များတယ်။ အိမ်တော် လက်ပါးစေများ၊ ရံရွေတော်များ၊ အပျိုတော်များ၊ အထိန်းတော်ကြီးများ၊ နို့ထိန်းများ၊ ဝတ်လဲ တော်သိမ်းများ၊ ခေါင်းတော် ယပ်မွှေးခပ်ပေးရာ၊ ဝတ်လဲတော်ဆတ်သူ၊ ပန်းနံ့သာဆက်သသူ၊ ချိုးရေတော် ဆက်ရသူ၊ ထီးတော်မိုး ဖိနပ်တော်ထိုးများ ရှိနေတယ်။

ဒါတွေဟာ မင်းညီမင်းသားတိုင်း မိဖုရားများ၊ ညီမတော်၊ သမီးတော်များရဲ့ အိမ်တော်တိုင်းမှာ မထားမဖြစ်တဲ့ အခြွေအရံတွေ ဖြစ်တယ်။ ဒါပဲပေါ့ မင်းမျိုးမင်းသက်ဆိုတာက ဘယ်ကိစ္စမဆို ကိုယ်ကိုယ်တိုင် မလုပ်တတ်ဘူး။ တခြားသူများကို ခိုင်းစေတယ်။

တကယ်တော့ မဟာမျိုးမဟာနွယ်ဆိုတာက လူပေါ်ကျော့တွေ ငွေအင်အားနဲ့ အရှိန်အဝါကို အသုံးပြုပြီး လက်ကျောမတင်းတဲ့ လူတန်းစားတွေပဲ။ မကြာပါဘူး။ ရှေ့တော်ပြေး အဖြစ်နဲ့ လူအချို့ကို အတွင်းတော်က ဖမ်းစေခဲ့တယ်။

ဘယ်သူဘယ်သူတွေဟာ ပြည်မင်းသားအိမ်တော်မှာ အဝင်အထွက် များနေတယ်ဆို တာကို သိထားပြီး ဖြစ်တယ်။ ဒါကြောင့် [illegible] စာရင်းအရ ဖမ်းစေတာပဲ။ သူတို့ကို စစ်ဆေးတယ်။ နည်းအ[illegible]နဲ့ စစ်ဆေးတာပဲ။ နေလှန်းတယ်။ ထိပ်တုံးခတ်တယ်။ ရိုက်နှက် [illegible]တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ အားလုံးက ဘူးခံကြတာပဲ။ ကြာလာတော့ နှိပ်စက်မှုတွေ များလာတော့ မခံနိုင်ကြတော့ဘူး။ မဟုတ်တာကို အဟုတ်လုပ်ပြီး ပြောရတော့တယ်။ တကယ်တော့ သူတို့ဟာ ပြည်မင်းသားနှင့် စိတ်ဝမ်းတူညီတဲ့ သူတွေ ရှိချင်ရှိမယ်။ အများကတော့ သာမန်ချစ်ခင်မှု ရှိရုံကြောင့် အဝင်အထွက် ပြုမိကြခြင်း ဖြစ်တယ်။

ထင်းထင်းကြီး ပေါ်လာတဲ့ ခေါင်းဆောင်လုပ်သူတွေကတော့ ယင်းတောဝန်ကြီး၊ ဆင်ဝန်၊ အင်းဝမြို့ဝန်တို့ ဖြစ်တယ်။ ဒါပေမဲ့ အခုချိန်အထိတော့ ဘုရင်မင်းမြတ်က သားတော်ကြီး ပြည်မင်းသားကို အပြစ်မယူသေးဘူး။

မိဘတို့၏ ချစ်ချင်းမေတ္တာအဟုန်ကား သားတော်အပေါ်မှာ ရှိနေသေးတယ်။ အခြား သူများကို ဖမ်းဆီးနေတယ်။ ထောင်သွင်းအကျဉ်းချထားတဲ့အချိန်မှာ သားတော် ပြည်မင်းသားဟာ စည်းစိမ်မပျက်ဘဲ အိမ်တော်မှာ ချမ်းသာစွာ စံနေရဆဲ ဖြစ်တယ်။

သာယာဝတီမင်းအဖို့ သားတော်ကြီးအပေါ်မှာ ချစ်တဲ့ဇောက များနေတယ်။ ဒါကြောင့် သည်ဖြစ်ရပ်ကို ရပ်တန်းက ရပ်စေတယ်။ ပြီးပြီးပျောက်ပျောက် စိတ်နှလုံး မှတ်ချင်တယ်။ အခုဆိုရင် အဲဒီအရေးကြောင့် ထောင်သွင်းအကျဉ်းခံရသူတွေလည်း မနည်းဘူး။ မပြီးပြတ်သေးတဲ့သူတွေကိုလည်း ဆက်လက် စစ်ဆေးနေဆဲပဲ။ သည်တော့ တစ်နွယ်ငင်တစ်စင်ပါမယ့်အရေးကို ရှောင်ကွင်းပြေးကြတဲ့သူတွေလည်း မနည်းဘူး။

အဲဒီအရေးနဲ့ ပတ်သက်ပြီး အရာမှကျနေတဲ့ ဆောအတွင်းဝန်တောင်း ဦးရစ်၊ သံတော်ဆင့် လက်ဝဲတို့ နှစ်ဦးမှာ ကွပ်မျက်ခံရတယ်။ သူတို့နဲ့အတူ သားမယားတွေလည်း အဆုံးစီရင် ခြင်းခံရတယ်။ ဒီအရေးမှာ ရှေးဦးစွာ သတ်ပစ်ခံရတဲ့သူတွေပဲ။

ဒါဟာ သက်ဦးဆံပိုင်ခေတ်ရဲ့ ဆိုးကွက်တွေပဲ။ တကယ်တော့ ဖြစ်သင့်တာက လက်ညှိုးမကောင်း လက်ညှိုးပဲ ဖြတ်သင့်တာပေါ့။ ဆောအတွင်းဝန် မကောင်းလျှင် သူ့ပဲ အဆုံးစီရင်ဖို့ သင့်တာပေါ့။ ခုလိုသူ့သားမယားတွေကို အဆစ်ပါဖို့ မကောင်းဘူး။ ဒါပေါ့လေ အဲဒီခေတ်ကာလဆို



တာက သူဘုရင်သူမင်းပဲ။ သူလုပ်ချင်ရာ လုပ်လို့ ဖြစ်နေတာပေါ့။ တင့်တယ်နေတာပေါ့။

တခြားဖမ်းဆီးခြင်း ခံနေရသူတွေမှာလည်း မိမိတို့အလှည့် ဘယ်နေ့ကျရောက်မလဲ ဆိုတာပဲ ရင်တထိတ်ထိတ် ရှိနေကြတယ်။ သူတို့အဖို့ လွတ်လမ်းက မမြင်တော့ဘူး။ ထောင်ကျမိန့်နဲ့ သေမိန့်တစ်ခုခုသေချာနေပြီလေ။

ဒါကို ပြည်မင်းသားကလည်း ကြိုတင်သိနေတယ်။ မိမိအလှည့် ဘယ်နေ့ ကြုံမလဲဆိုတာ ငံ့လင့်နေတယ်။ ငံ့လင့်ခြင်းနှင့်အတူ လုပ်ရမယ့် အလုပ်တွေကိုလည်း သိုသိုသိပ်သိပ်နဲ့ လုပ်နေတယ်။ ရာဇဝတ်ဘေးကျခဲ့သော် အဖမ်းမခံဘူး။ လက်လွတ် ထွက်ပြေးမယ်ပေါ့။ သည်အတွက် ကိုယ်နဲ့မကွာ ထားရှိအပ်တဲ့ ပစ္စည်းများကို စုဆောင်းနေတယ်။

သတိဆိုတာ ပိုတယ် မရှိဘူးပေါ့။ လွယ်မယောင်နဲ့ ခက်တိမ်မယောင်နက်တဲ့မင်းတို့ သဘောဟာ နားလည်ဖို့ ခက်တယ်။ သည်တော့ အိမ်တော်ရဲ့ အစောင့်အနေများကို ခါတိုင်းထက် ပိုပြီး ခန့်ထားတော်မူတယ်။ ဒါကလည်း ပြည်မင်းသားရဲ့ အကြံအစည်ပဲ။ ဟုတ်တာပေါ့။ လူဆိုတာက မသေမချင်း တက်နိုင်ဖျားရောက်တဲ့သူတွေပဲ။ ဖြစ်လာတဲ့ ရာဇဝတ်ဘေးကို လည်စင်းမခံချင်ဘူး။

လွယ်လွယ်ကူကူနဲ့ အဖမ်းမခံချင်ဘူး။ တစ်နေရာမှာ ရှောင်နေခြင်းဟာ မိမိအတွက် လုပ်ရည်ကြံရည် ရှိပါက အထွဋ်အထိပ် ရောက်နိုင်တယ်။ ခမည်းတော်မင်းတရားအပေါ် ပြစ်မှားစိတ် မရှိပေမဲ့ လောလောဆယ် အခြေအနေက ဖြစ်နေတော့ မတတ်သာဘူးပေါ့။

ပြည်မင်းသားအဖို့ ခမည်းတော်အပေါ် အနည်းနှင့်အများတော့ စိတ်ကွက်မိမှာပဲ။ ခုဆိုလျှင် လွတ်တက်မင်းသားဘဝကနေပြီး သာမန်မင်းသားကြီးဘဝ လျှောကျနေပြီ။ သူ့ထက်ငယ်တဲ့ ပုဂံမင်းသားနှင့် မင်းတုန်းမင်းသားတို့ကို လွှတ်တော်မင်းသားကြီးအဖြစ် ခန့်ထားတယ်။ ဒါဟာ သူ့အတွက် ကောင်းတဲ့ အခြေမဟုတ်ဘူး။ [illegible] တစ်နေ့မှာ ရာဇဒဏ်သင့်မှာ သေချာနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခုဆိုလျှင် ပြည်မင်းသားဟာ အစစအရာရာကို အဆင်သင့်ဖြင့်ထားပြီး ဖြစ်နေတယ်။ နေကား မင်းဝံတောင်ရိုးကို မေးတင်ထားချေပြီ။ တစ်နေ့တာရဲ့ လည်ပတ်မှုဟာ ကုန်ဆုံးတော့မယ်။ လေအဝှေ့မှာ ယိမ်းထားနေတဲ့ ပန်းပွင့်များဟာ စည်းချက်ညီညီ ရှိနေတယ်။ တသင်းသင်း မွှေးကြိုင်နေတဲ့ ပန်းရနံ့များဟာလည်း ဟိုမှာသည်မှာ ပျံ့ဝဲနေတယ်။ ထိုအဝေးမှာ သင်္ဂဇာချောင်းကလည်း တသွင်သွင် စီးဆင်းနေတယ်။

သင်္ဂဇာချောင်းရဲ့ ကမ်းနဖူးမှာ စေတီနှစ်ဆူဟာ တစ်ဖက်တစ်ခုကျစီ ရပ်တည်နေတယ်။ ချမ်းသာကြီးဘုရားနဲ့ ချမ်းသာရဘုရားများပဲ။ အဲဒီက ဆည်းလည်းသံများဟာ ဒေးဝန်းစံနန်းတော်အထိ လွင့်ဝဲလာနေတယ်။ ငှက်ကျေးတိရစ္ဆာန်များအဖို့လည်း ပူပင်သောက မရှိဘဲ ပြေးလွှားနေကြတယ်။ နေဝင်ချိန်ကား နီးလာပြီ။ ရွှေနန်းတော်ရဲ့ ဝင်းကျင်မှာ တိတ်ဆိတ်နေတယ်။

နေရာကား စံနန်းတော်ဦးနဲ့ မြောက်ဘက်လှေကားမှာပဲ။ ယင်းတောဝန်ကြီးဟာ ပျပ်ဝပ်စွာနဲ့ ရှိနေတယ်။ ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်နဲ့ အခစားဝင်နေတာပဲ။ သာယာဝတီမင်းဟာ ယင်းတောဝန်ကြီးကို စူးစူးစိုက်စိုက် ကြည့်နေတယ်။ လွန်စွာအားကိုးတကြီး ပြုခဲ့ရတဲ့ သင်းဟာ မသင့်တဲ့ အကြံများ ကြံစည်နေသလား။ သားတော်ကြီးကို အားပေးအားမြှောက်ပြုတာ ဟုတ်ရဲ့လား။ သူများတွေကို ကျော်ပြီး မျက်နှာတော်ပေးခဲ့တဲ့ ငါ့ကို အလိုလိုက်လို့ အမိုက်စော်ကားလေသလားလို့ တွေးနေတယ်။

ဘုရင်မင်းမြတ်ရဲ့ မနီးမဝေးမှာတော့ လက်သုံးတော် လှံကိုင်ရဲမက်တာ ခစားနေတယ်။ တခြားအမှုထမ်းများဟာလည်း သင့်ရာမှာ ခစားနေကြတယ်။ ခုဆိုလျှင် ဘုရင်မင်းမြတ်ရဲ့ ရှေ့တော်မှောက်မှာ ယင်းတောဝန်ကြီးတစ်ဦးသာ အနီးဆုံး ခစားနေတယ်။

ယင်းတောဝန်ကြီးအဖို့လည်း လိမ်လည်ပြောရမှာ အလွန်ရွံ့ရှာတယ်။ ဘုရင်မင်းမြတ်ဟာ နိုင်ငံတော်ကို ဆက်လက်အုပ်ချုပ်သွားဖို့ မလွယ်တော့ဘူးဆိုတာလည်း သိထားတယ်။ သည်တော့ သူသင့်တော်မယ်ထင်တဲ့ ပြည်မင်းသားကို ခစားတာ ဖြစ်တယ်။



သာယာဝတီမင်းဟာ ယင်းတောဝန်ကြီးရဲ့ ရိုးသားမှု အလုံးစုံကို သိတယ်။ သည်အရေးမှာတော့ ဟုတ်ခဲ့စေကာမူ ငြင်းပယ်စေချင်တယ်။ အရာရာကို ဘူးကွယ်စေချင်တာပေါ့။ မဟုတ်ပါဘုရားရယ်လို့ ငြင်းပယ်ခဲ့လျှင်တော့ နှုတ်တော်နဲ့တင် အပြစ်တင်မယ်ပေါ့။ ရှိထားတဲ့ အရာမှ မချဘူး။ ရှိမြဲရှိစေမယ်ပေါ့။

ဒါနဲ့ပဲ ဘုရင်မင်းမြတ်က အမေးတော် ရှိလိုက်တယ်။ သားတော်ပြည်မင်းသားနဲ့ ပူးပေါင်းပြီး ငါ့ရဲ့ ထီးနန်းကို လုယူဖို့ ကြံစည်နေတာဟုတ်သလားလို့ မေးလိုက်တယ်။ ဒါကို ယင်းတော်ဝန်ကြီးက ဟုတ်မှန်ကြောင်း လျှောက်တင်တယ်။

သည်တွင် သာယာဝတီမင်းအတွင်းစိတ်ဟာ ဝုန်းခနဲ ကြွသွားတယ်။ သူ့အဖို့ ဘာကိုမှ မမြင်တော့ဘူး။ အခုလို ယင်းတောဝန်ကြီးက လျှောက်တင်ခြင်းဟာ သူ့ကို စော်ကားတယ်။ မထေမဲ့မြင်ပြုတယ်လို့ ယူဆလိုက်တယ်။ ချက်ချင်းပဲ သူ့မျက်နှာပြင်ဟာ နီရောင်သန်းလာတယ်။ သူ့ရဲ့ မတည်ငြိမ်တဲ့ စိတ်ကို အစိုးမရတော့ဘူး။

အနားမှာရှိတဲ့ လှံတော်ကိုင်ဆီက လှံကို ယူလိုက်တယ်။ ပြီးမှ ငါရှိလျက်နဲ့ သည်လို မသင့်တင့်တဲ့အကြံ ကြံစည်ခြင်းဟာ ငါ့လှံတော်ကို မကြောက်ဘူးလားလို့ မေးလိုက်တယ်။ ဘုရင်မင်းမြတ်လည်း တုန်တုန်ယင်ယင် ဖြစ်နေပြီ။

လှုပ်ရှားနေတဲ့ အတွင်းစိတ်ကို ချုပ်တည်းလို့ မရတော့ဘူး။ ဒီတုန်းက ယင်းတောဝန်ကြီးကလည်း မခံဘူး။ စိတ်ထဲရှိရာကို ပြောချလိုက်တယ်။ သူ့အဖို့ရာက ယခင်တုန်းကလို ပြောရိုးပြောစဉ် ပြောလိုက်တာပဲ။ *__အရှင့် လှံတော်ထက် တိုင်းပြည်ကျွန်ဖြစ်မှာကို ပိုပြီး ကြောက်မိပါတယ်ဘုရား__*လို့ ပြောလိုက်တယ်။

သည်တုန်းက သူ့အသွင်ဟာ ရဲရင့်နေတယ်။ သူ့အဖို့ လုပ်ချင်တဲ့ အလုပ်တစ်ခုကို လုပ်လိုက်ရလို့ ကျေနပ်နှစ်သိမ့်သွားတဲ့ ပုံစံပဲ။ ဘာဆိုဘာမှ မမြင်တော့ဘူး။ ဘယ်အထိ ဖြစ်သွားသလဲဆိုလျှင် ပျပ်ဝပ်ခစားနေရာက ကိုယ်ကို မတ်လိုက်တယ်။ ပြီးတော့ ရင်ကို ကော့ထားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သည်တွင် သာယာဝတီမင်းရဲ့ စိတ်တော်ဟာ ဝုန်းခနဲ ကြွေတော့တာပဲ။ ယင်းတော်ဝန်ကြီးရဲ့ ပြတ်သားလှတဲ့ အဖြေအဆုံးမှာပဲ ဘုရင်မင်းမြတ်ရဲ့ လက်သုံးတော်လှံဟာ ရင်ဝကို တည့်တည့်မတ်မတ် ဝင်သွားတော့တယ်။ ရင်ကော့လိုက်တဲ့ အချိန်နဲ့ ပစ်လွှတ်လိုက်တဲ့ လှံတော်ရဲ့ အရှိန်ဟာ ချိန်ကိုက် ဖြစ်သွားတယ်။

သည်အတွက် ယင်းတော်ဝန်ကြီးအဖို့ တစ်ချက်တည်းနဲ့ နောက်ကို ပက်လက်ကျသွားရတော့တယ်။ လှံတော်ဟာ နှလုံးတည့်တည့်ကို စိုက်မိသွားတယ်။ သွေးတို့ဟာ ပန်းပြီး ထွက်နေတယ်။ ကြမ်းပြင်အနှံ့မှာလည်း ရဲရဲနီနေတယ်။ သွေးစက်တို့ဟာလည်း မနည်းဘူး။

ချက်ချင်းပဲ အမှုတော်ထမ်းများဟာ ယင်းတော်ဝန်ကြီးကို သယ်ထုတ်သွားကြတယ်။ လက်ဝဲဝင်းတံခါးအပြင် ရောက်တာနဲ့ ယင်းတော်ဝန်ကြီးလည်း အသက်ပျောက်တော့တယ်။ တကယ်တော့ သည်ဖြစ်ရပ်ဟာ မဖြစ်သင့်ဘူး။ မှန်ရာ ပြောတတ်တဲ့ မင်းမှုထမ်းတွေ သတိပြုရမယ့် သင်ခန်းစာပဲ။ မှန်တာပြောတိုင်း ကောင်းတယ်လို့ မယူမှတ်ရဘူး။

မင်းမှုထမ်းဆိုတာက စကားပြော လည်ရတယ်။ အရှင်သခင်ရဲ့ အရိပ်အခြည်ကို ကောင်းကောင်းနားလည်ရမယ်။ ဘုရင်မင်းမြတ်ရဲ့ အလိုက်ကို တင်လျှောက်တတ်ရတယ်။ သူ့အထိုက်အလျောက်ပေါ့။ သူ့ရှေ့မှာ သူပြောတာ နားထောင်ပြီး နောက်ကွယ်မှာ ကိုယ်လုပ် ချင်သလို လုပ်လည်း ရနေတာပဲ။

ဒါကို ယင်းတော်ဝန်ကြီးက ဂရုမစိုက်ဘူး။ ငါဟုတ်တာ လုပ်တာပဲ။ တုတ်တာပြောတာပဲ။ ဘယ်သူ့ကိုမှ ဂရုစိုက်ဖို့ မလိုဘူးပေါ့။ သည်အတွေးဟာ သူ့မှာ အမြဲရှိနေတယ်။ သည်ဖြစ်ရပ်ရဲ့ မြစ်ဖျားခံတာကလည်း နိုင်ငံတော်အတွက်ပါပဲ။ သာယာဝတီမင်းပြီးရင် နိုင်ငံတော်ကို အုပ်ချုပ်နိုင်မယ့် မင်းလျာကို သူမမြင်ဘူး။

သူတွေ့တာက ပြည်မင်းသားပဲ။ လုပ်ရည်ကိုင်ရည်နှင့် ပြည့်စုံတဲ့ အဲဒီမင်းသားကို မင်းအဖြစ်တင်မယ်ပေါ့။ ပြီးတော့လည်း အကြောင်းက ရှိပါတယ်။ သူနှင့် ဘုရင်မင်းမြတ်ဟာ အလွန်တရာ ရင်းနှီးတဲ့သူတွေ



မဟုတ်လား။ သည်တော့ မှန်ရာ ပြောလို့လည်း ခုလို အသက် ကြွေရတဲ့အထိ ဘယ်သူကရော လုပ်ရက်မှာလဲပေါ့။

အမှန်ပါပဲ။ ယင်းတော်ဝန်ကြီးနဲ့ ဘုရင်မင်းမြတ်ဟာ ချစ်ခင်ခဲ့ကြတယ်။ ယင်းတော်ဝန်ကြီးအပေါ်မှာ နောက်နောင်ပြောင်ပြောင် ရှိခဲ့တယ်။ အထူးသဖြင့်ကတော့ ဝန်ကတော် ဒေါ်ကြင်ဥနဲ့ ပတ်သက်လို့ပဲ။ ဝန်ကတော်ကြီးဟာ ယင်းတော်ဝန်ကြီးနဲ့ဆိုလျှင် အိမ်ထောင်ဆက်လေးဆက်ပေါ့။

ယင်းတော်ဝန်ကြီးက နောက်ဆုံး အိမ်ထောင်ဖြစ်တယ်။ ဒါကို ဘုရင်မင်းမြတ်က မကြာခဏ ရယ်သွမ်းသွေးကျီစယ်တော်မူလေ့ ရှိတယ်။ ဝန်ကတော်ကြီးနဲ့လည်း ရင်းနှီးခင်မင်သူ ဖြစ်တယ်။ ဒါကြောင့် ယင်းတော်ဝန်ကြီးဟာ ဘုရင်မင်းမြတ်ကို ပွင့်ပွင့်လင်းလင်း ဆက်ဆံဝံ့တယ်ပေါ့။

သည့်နောက်ပိုင်းမှာ သာယာဝတီမင်းရဲ့ ဝေဒနာတော်ဟာ ပိုပြီး ဆိုးဝါးလာတယ်။ အနားမှာရှိတဲ့ အမှုထမ်းများကို တွေ့ကရာနဲ့ ကောက်ပေါက်နေတယ်။ ကြမ်းကြမ်းရမ်းရမ်း ဆဲဆိုမြည်တွန်နေတယ်။ သူ့အဖို့ ရာဇဣန္ဒြေဆိုတာ မရှိတော့ဘူး။

သည်အချိန်မှာပဲ ယင်းတော်ဝန်ကြီးသေဆုံးသွားပြီဆိုတာကို ပြည်မင်းသား သိရှိသွားခဲ့ပြီ။ သည်တော့ ငါ့အလှည့်ရောက်ဖို့ပဲ ရှိတော့တယ်။ မိမိအလှည့် ကြုံလျှင်လည်း သက်သာဖွယ် မမြင်တော့ပြီဆိုတဲ့ အတွေးများဟာ တရစပ် ဝင်လာတယ်။ ယင်းတော်ဝန်ကြီး အနိစ္စရောက်ခြင်းဟာလည်း အားလုံးက မြန်မြန်ကြားသိသွားခဲ့ပြီ။

ဒါပဲပေါ့ လူ့လောကမှာ ကောင်းသတင်းဟာ ချက်ချင်း မကျော်ဘူး။ မကောင်းသတင်းဟာ တောမီးလိုပဲ ချက်ချင်းပြန့်နှံ့သွားတတ်တယ်။ မကြာပါဘူး။ အတွင်းတော် အမိန့်နဲ့ လာရောက် ခေါ်ယူတော့တယ်။ စံအိမ်တော်ဝင်းအနောက်ဘက်မှာ အမှုထမ်းလေးရာကို ရွှေမြို့တော်ဝန်က ကြီးကြပ်အုပ်ချုပ်တယ်။

စံအိမ်တော်ဝင်း အရှေ့မျက်နှာနဲ့ တောင်ဘက်မျက်နှာများမှာ အမှုထမ်းငါးရာ စောင့်ကြပ်နေတယ်။ ဒါကို မြောက်ဒလယ်ဗိုလ်၊ ခင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



မတောမင်းလှမင်းခေါင်တင်နဲ့ တော်မာရဘင် သေနတ်ဗိုလ်မင်းကြီး မဟာမင်းခေါင် နော်ရထာတို့က ကြီးကြပ်တယ်။

သာယာဝတီမင်းတရားကြီးဟာ သူ့သားတော်ကို ယုံကြည်မှု ကင်းမဲ့သွားပြီ။ ယုံကြည် တော်မမူလို့လည်း သည်မျှ ကြီးသော တပ်တော်များနဲ့ စေလွှတ်ခေါ်ယူခြင်း ဖြစ်တယ်။

ပြည်မင်းသားအဖို့မှာတော့ အိမ်တော်အပြင်မှာရှိနေတဲ့ တပ်တော်ကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ သည်မျှ ကြီးမားတဲ့ တပ်တော်များနဲ့ လာခေါ်ခြင်းဟာ သူ့အတွက် ရာဇဝတ်ဘေး အလွန်ကြီးပြီဖြစ်ကြောင်း သိနေတယ်။ အိမ်တော်မှာကလည်း ကြိမ်မီးအုန်းတမျှ ဖြစ်နေရပြီ။ ချောက်ချားနေကြရပြီပေါ့။

သူတို့ မျှော်လင့်ထားခဲ့တဲ့ ရာဇဝတ်ဘေးဟာ သင့်ပြီပေါ့။ ရောက်ခဲ့ပြီပေါ့။ ခမည်းတော် ခေါ်ရာကို လိုက်မလား။ လွတ်မြောက်ရာလမ်းကို ရှာမလား။ သုတ်သုတ် သူတွေးနေတယ်။ သည်အတိုင်းဆို ခမည်းတော် ရောက်လည်း ခန္ဓာစဲရမယ်။ ခမည်းတော် အလွန်တရာ အားကိုးယုံကြည်တဲ့သူအဖို့မှာ ခုဆိုလျှင် အားကိုးဖွယ် မမြင်တော့ပြီ။

တကယ်ဆိုလျှင် ယင်းတောဝန်ကြီးဟာ ခမည်းတော် အလွန်ယုံကြည် ကိုးစားခံရတဲ့သူပဲ။ သူ့ကိုတောင် ကိုယ်တော်တိုင် လှံတော်နဲ့ သတ်ပစ်ခဲ့သေးလျှင် မိမိအဖို့မှာတော့ သည်ကိစ္စမှာ ထိပ်ဆုံးကလူ ဖြစ်နေတော့ လုံးဝသက်ညှာမယ် မထင်ဘူး။ ရာဇဝတ်တော်သင့်မှဖြင့် ဘာမှမဆိုင်တဲ့ မိဖုရားနဲ့ သားတော် သမီးတော်ကလေးများပါ အသက်သေရတော့မှာပဲ။

သည်တော့အားလုံး လွတ်ကြောင်းရှာမှပဲ။ ဒါပဲပေါ့ အသေခံရတာက မြတ်တယ် မဟုတ်လား။ မစွန့်စားလို့ကလည်း မဖြစ်တော့ဘူး။ နောက်ရက်ဆိုလျှင် ခမည်းတော်ရှေ့မှောက် အခစား ဝင်ရတော့မယ်။ ဒီတော့ လက်ဦးမှုကို ရယူရတော့မှာပဲ။

ကိုယ်က မဦးလျှင် သူက ဦးတော့မယ့် အခြေမှာ နီးကပ်နေပြီ။ သားအဖချင်း ဖြစ်ပေမဲ့ တကယ့်အရေးဆိုလျှင် မိမိကိုယ်ကို အစိုး



ထားတတ်ကြတာပဲ။ ခက်တာက ဘုရင်မင်းမြတ်ပဲ။ မယားတွေ အများကြီးယူပြီး သားတော်တွေ အများကြီး မွေးထားတယ်။ နောက်တော့လည်း ကိုယ့်ရင်မှဖြစ်တဲ့ သားတော်တွေကို ယုံကြည်မှု မရှိတော့ဘူး။

ဘယ်နေ့ ဘယ်အချိန်မှာ ငါ့ရွှေထီးနန်းကို လုမလဲလို့ မယုံသင်္ကာဖြစ်နေတယ်။ သူတို့ဟာ လောကရဲ့ သင်္ခါရတရားကို သိဟန်မတူဘူး။ အနိစ္စ ဒုက္ခ အနတ္တတရားကိုလည်း ရှုမြင်တတ်ဟန် မတူဘူး။ ဘယ်ရှုတတ်မလဲ။ သူတို့ဟာ အထက်တန်းလွှာမှာနေပြီး စည်းစိမ်နဲ့သာ ဇိမ်နှင့်နေကြတော့ အနိဋ္ဌာရုံများကို မတွေ့ဆုံလိုဘူး။ မရှုလိုဘူးပေါ့။

ပြည်မင်းသား ကြိုတင်လုပ်ထားတဲ့ အစီအစဉ်အတိုင်း အားလုံးအသင့် ဖြစ်နေစေတယ်။ အိမ်တော်အမှုထမ်းများဟာ ဝင်းတော်အတွင်းမှာ စုပြီးသား အသင့်ဖြစ်နေစေတယ်။ စံအိမ်တော်ကို ဝိုင်းရံထားတဲ့ တပ်တော်များဟာ လေးဖက်လေးတန် ဝိုင်းထားတာပဲ။ ဒါပေမဲ့ မြောက်ဘက် မျက်နှာတော်ဟာ အင်အားနည်းပါးပုံရတယ်။

သည်တော့ အဲဒီမျက်နှာတော်ကို ဆင်တော်နဲ့ ထိုးဖောက်ပြီး ထွက်မယ်ပေါ့။ သူ့ရဲ့ အိမ်တော်သူ အိမ်တော်သားနဲ့ အခြားပတ်သက်တဲ့ သူတွေက မနည်းလှဘူး။ သည်တော့ မိန်းမသားများ လွယ်လွယ်ကူကူ ထွက်နိုင်စေဖို့ တိုက်ပွဲဆင်ပြီး ထွက်မှ ဖြစ်မယ်။ ဒါမှလည်း အချိန်ရပြီး နောက်တပ်တွေ လိုက်မလာနိုင်ခင်မှာ အိမ်သူအိမ်သားတွေ လွတ်မြောက်မှာပေါ့။

ညကား ဝင်းပနေတယ်။ လဆုတ်ရက် ဖြစ်ပေမဲ့ ဝိုင်းဝန်းသောလရဲ့နဂိုရ်ဟာ မပျက်သေးဘူး။ ခဲဖြူရောင်လွှမ်းထားတဲ့ အလင်းရောင်ဟာ ဒေးဝန်းတစ်ရပ်လုံးကို ဖြန့်ကျက်ထားတယ်။ စံအိမ်တော်ရဲ့ ဘေးဘက်လေးလံမှာ မီးရောင်များဖြင့် လင်းနေတယ်။

အပြင်ဘက်မှာ စောင့်ကြပ်နေတဲ့ နေပြည်တော်တပ်မှ မီးပုံတွေဝဲ။ လူသံများဟာ တိတ်ဆိတ်နေပြီး တစ်ခါတစ်ရံသာ မြင်းဟီသံများသာ ထွက်ပေါ်လာတတ်သည်။ ညကား တစ်ချက်တီးပြီ။ စံအိမ်တော်အခန်းလုံးက လှုပ်လှုပ်ရွရွ ရှိနေတယ်။ သည်လို ဘယ်သူမျှ အိပ်စက်ခြင်းကြတန်မတူဘူး။

www.burmeseclassic.com

www.burmeseclassic.com



မကြာပါဘူး။ စံအိမ်တော်ထဲက စစ်ချီသံများဟာ ထွက်ပေါ်လာခဲ့တယ်။ ဒါနဲ့အတူတူပဲ အရှေ့မြောက် ဝင်းထရံဟာ လဲပြိုကျသွားတယ်။ ရှေ့ဆုံးက ဆင်တော်နဲ့ ပြေးဝင်လာတဲ့ ရဲမက်များကို ခြေဖြင့် နင်းသတ်နေတယ်။ နှာမောင်းဖြင့် ရိုက်နှက်နေတယ်။ အပြင်က ပြေးဝင်လာတဲ့ စစ်သည်တော်များဟာ တန့်သွားတယ်။

သည်အချိန်မှာ အိမ်တော် အမှုထမ်းများက တရကြမ်း ဝင်တိုက်တော့တယ်။ တိုက်ပွဲဆိုတာက လူသေရမှာပဲ။ လူသေတာ မဆန်းဘူး။ တစ်ဦးတစ်ယောက် ကောင်းစားဖို့အတွက် တခြားသူတွေ သေပေးရတာကလည်း သက်ဦးဆံပိုင်ခေတ်ရဲ့ ဓမ္မတာပဲ။ သည်တိုက်ပွဲကို အိမ်တော်အတွင်းဝန်နှင့် မြို့ဝန်လက်စွဲခေါင်း မင်းလှမင်းထင် နော်ရထာက ဦးစီးတယ်။

သွှတပ်သားများနှင့် အတွင်းတော်က ရဲမက်များကို ခုခံတယ်။ ပြည်မင်းသားနောက်သို့ တိုက်ရိုက် မလိုက်နိုင်အောင် အချိန်ဆွဲထားခြင်းဖြစ်တယ်။ သည်လိုဖြစ်နေတဲ့ ကာလမှာ တခြားမျက်နှာက စောင့်နေတဲ့ ရဲမက်တွေ ချက်ချင်း ရောက်မလာဘူး။ သူတို့တပ်ကို သူတို့ လုံခြုံအောင် ကာကွယ်နေရတယ်။

ဒါကြောင့်လည်း ပြည်မင်းသားနှင့် အိမ်သူအိမ်သားများ ဟာ မတ္တရာဘက်ကို စောစွာ ရောက်သွားတာပဲ။ ခရီးမှာလည်း အဆန်နှင့် လှေမှာလည်း အကြံနှင့် ဆိုသလို ပြည်မင်းသားရဲ့ ပွဲဦးထွက်ဟာ လှလှပပ ဖြစ်ခဲ့တယ်။

အဝမြို့ဝန်အောင်ပင်ကြီး ဗိုလ်စစ်ကိုင်း ဗိုလ်နက်ကျော်နှင့် ဆင်ဝန်တို့ ဖြစ်တယ်။ သည်လို အိမ်တော်ဝင်းထရံကို ဆင်တော်နှင့် တိုက်ပြီး ထွက်ပြေးကြောင်းကို အတွင်းတော်က သိသွားခဲ့သည်။ ဒါကြောင့် ပြည်မင်းသားနဲ့ ယှက်နွယ်မှု ရှိနေတဲ့ သူတွေကို ချက်ချင်းဖမ်းဆီးစေတယ်။

ဖမ်းဆီးထားဆဲဖြစ်တဲ့ ဆင်ဝန်၊ အဝမြို့တော်ဝန်နှင့် ငါးဦးကို ချက်ချင်း ကွပ်မျက် သုတ်သင်စေတယ်။ သူတို့မှာ ဘုရင့်ကျေးဇူးသစ္စာတို့ မစောင့်ထိန်းကြဘူး။ မဖြောင့်မမှန် ကြံသူများ ဖြစ်သည်။



နောင်ကိုလည်း အဖြောင့်အမှန် သုံးရမယ့်သူတွေ မဟုတ်ဘူး။ သည်တော့ အားလုံးကို သုတ်သင်စေတာပေါ့။ သည်အချိန် သည်ကာလမှာ သာယာဝတီမင်းအဖို့ ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်းနေတော့တယ်။ သူကိုယ်တိုင်က နောင်တော်ဘကြီးတော်မင်းကြီးကို ပုန်ကန်ပြီး တက်လာရသူ မဟုတ်လား။

ဒီတော့ ပုန်ကန်မှုနဲ့ ပတ်သက်လို့ ဘယ်သူ့ကိုမျှ ချမ်းသာ မပေးဘူး။ ခုလည်း ကြည့်လေ သူ့အလွန်တရာ ချစ်မြတ်နိုးရတဲ့ သားတော် ပြည်မင်းသားကို သုတ်သင်ဖို့ နေပြည်တော်က တပ်များကို စေလွှတ်နေပြီ။ အဲဒီ ပြည်မင်းသားနဲ့ ပတ်သက်ပြီး အသက်သေရတဲ့ သူတွေကလည်း မနည်းလှဘူး။ ခုလည်း သေဆဲနောက်မှာလည်း သေကြရဦးမယ်။

တော်မာရဘင် သေနတ်ဗိုလ်လေးဗိုလ်ကို အမှုထမ်း လူသုံးရာကျော်နှင့် အပြင်းချီစေတယ်။ သူ့နောက်က မြောက်ဒဝယ်ဗိုလ် တောင်တွင်းကြီးမြို့ဝန်အား အမှုထမ်းသုံးရာနှင့် တပ်ဖြည့်အဖြစ် လိုက်ပါစေတယ်။

မင်းကြီးမဟာမင်းခေါင်ရာဇာအား အမှုထမ်းသုံးရာနှင့် တပ်တူ လိုက်စေတယ်။ သူတို့ ဟာ စစ်ကြောင်းသုံးကြောင်း ခွဲပြီး လိုက်ကြတယ်။ ပြည်မင်းသားတို့ဟာ မိုင်းလုံနယ်ထဲသို့ ဝင်ရောက်နေပြီ။

ဒုတိယစစ်ကြောင်းချီတဲ့ မြောက်ဒဝယ်ဗိုလ် တောင်တွင်းကြီးမြို့ဝန်ဟာ တဖြည်းဖြည်းနှင့် မှန်မှန်ပဲ ချီတက်နေတယ်။ ပထမစစ်ကြောင်းလောက် လောမကြီးဘူး။ ရှေ့ဆုံးတပ်ဟာ ရှေ့ကို အပြင်းပဲ ချီတက်နေတယ်။

သားတော်၊ သမီးတော်တွေ များပြားတဲ့ ပြည်မင်းသားတို့မှာလည်း ခပ်ဖြည်းဖြည်းပဲ သွားနေရတယ်။ ဒုတိယစစ်ကြောင်းချီလာတဲ့ တောင်တွင်းကြီး မြို့ဝန်မှာ အကြောင်းရှိတယ်။ ခုလို ဖြည်းဖြည်းအေးအေး လုပ်နေခြင်းဟာ ပြည်မင်းသားအတွက် လွတ်လွတ်ကျွတ်ကျွတ် ဖြစ်စေချင်တယ်။ တကယ်တော့ ပြည်မင်းသားနဲ့အတူ သူလည်း လိုက်ထားချင်ရဲ့၊ ဝေဒနာ ခံစားနေရပြီဖြစ်တဲ့ ဘုရင်မင်းတရားဟာ နိုင်ငံတော်ကို အုပ်ချုပ်နိုင်တော့ဘူး။ သားတော်ဖြစ်တဲ့ ပြည်မင်းသားတစ်ဦးဟာ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးမှာ ဦးဆောင်နိုင်မှာ ဖြစ်တယ်။

www.burmeseclassic.com



သည်တော့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ထွက်ပြေးတဲ့ ပြည်မင်းသားကို အချိန်ရစေဖို့ လွှတ်ပေးနေတာပဲ။ ဒါကြောင့် မိမိရဲ့ တစ်ထို ခပ်အေးအေးပဲ ချီတက်ခဲ့တယ်။ စခန်းကိုလည်း ခဏခဏနားတယ်။ သည်လိုတပ်မကို ခဏခဏနားနေခြင်းဟာ သူ့အဖို့ ဒုက္ခတွေ့တော့မယ်ဆိုတာ မသိဘူး။

သူ့ရှေ့က ချီသွားတဲ့ လေးဗိုလ်တပ်မဟာ တရကြမ်းပဲ ချီတယ်။ ထွက်ပြေးသွားတဲ့ ပြည်မင်းသားဟာ အရင်တုန်းက အရှင်သခင် ဖြစ်တယ်။ အခုတော့ ရာဇဝတ်ဘေး သင့်နေတဲ့သူ ဖြစ်တယ်။ ဒါကြောင့် ခုနေ သည်မင်းသားကို အမိဖမ်းခဲ့နိုင်ပါက ဘုရင်မင်းမြတ်ရဲ့ မျက်နှာတော်ရမယ်။ ဆုတော်လာဘ်တော်ရမယ်။ ရာထူးတိုးမြှင့်ခံရမယ်။

သည်တော့ ရာဇဝတ်ဘေးသင့်နေတဲ့ ပြည်မင်းသားကို အမိဖမ်းဖို့ အရေးကြီးတယ်ပေါ့။ သည်လို အမြော်အမြင်နဲ့တပ်ကို အပြင်းချီလာတဲ့ လေးဗိုလ်တပ်မဟာ ပြည်မင်းသားတို့ ကို မီလုမီခင် ရောက်နေပြီ။ ဒါပဲ ဝေါ့ မင်းခစားယောက်ျားဆိုတာက ကိုယ့်အရှင်သခင်ရဲ့ အမိန့်တော်ကို ဦးထိပ်ရွက်ပန်ဆင်ရမယ်ပေါ့။

ဘုရင်မင်းမြတ် စေခိုင်းတာကို ဦးလည်မသုန် ဆောင်ရွက်ရမယ်။ နှောင့်နှေးကြန့်ကြာမှုတွေ လုံးဝမရှိရဘူး။ ဘုရင်မင်းမြတ်က သေဆိုသေ၊ ရှင်ဆိုရှင်ရမှာပေါ့။ တောင်တွင်းကြီးမြို့ဝန်ဟာ တိုင်းပြည်အကျိုးကို များစွာလိုလားသူ ဖြစ်တယ်။ အခုလို သားအဖတစ်တွေ ဖမ်းဟယ်ဆီးဟယ်ကိုလည်း မမြင်လိုဘူး။ သတ်တယ် ဖြတ်တယ်ကိုလည်း မကြည့်လိုဘူး။

ဒါကြောင့်မို့ စဉ်းစဉ်းစားစား ဆောင်ရွက်နေတာပဲ။ သူဖမ်းမယ်ဆိုလျှင် ပြည်မင်းသား အိမ်တော်ဝင်းကို ဆင့်တော်နှင့် ထွက်ကတည်းက ဖမ်းလို့ရတာပဲ။ နေရာကောင်းရဖို့ အချိန်အခါ ကြီးမြင့်ဖို့အတွက် လေးဗိုလ်တပ်ကတော့ အပြင်းချီနေတယ်။

ပုဂံမင်းသားဟာ မတ္တရာမြို့မှာ တပ်စွဲထားတယ်။ စစ်ရေးအခု လည်း အေးအေးပဲ ရှိတယ်။ ဒါကြောင့်မို့ သူ့ရဲ့ ဝါသနာကြီးတဲ့ အလုပ်ကို ဆက်လုပ်နေတယ်။ မတ္တရာနယ်ဘက် မှာရှိတဲ့ ချိုး၊ ခါ၊ ကြက်၊ ငှက်များကို



ဖမ်းဆီးစုဆောင်းတယ်။ ဒီတိရစ္ဆာန်တွေကို တိုက်တယ်။ လောင်းကစားပွဲတွေ ကျင်းပနေတာပေါ့။

သူ့ရဲ့ လက်စွဲတော်ကြီးဖြစ်တဲ့ ဘိုင်ဆပ်ကလည်း အားကိုးရတယ်။ လျင်တယ်။ ကွက်ကျော် မြင်တတ်တယ်ပေါ့။ ဒါပဲပေါ့။ ခေတ်ရဲ့ ရေစီးကြောင်းအတိုင်း မျှောလိုက်တတ်ရင် ပြီးတာပါပဲ။ အထူးသဖြင့် ဘယ်သူ သေသေ ငတေမာပြီးရောဆိုတဲ့ ထုံးနှလုံး မူတတ်ဖို့ လိုတယ်။ အဲဒီလိုပဲ မဟုတ်တာများများ လုပ်ရတယ်။ သည်လိုမှပဲ ဂုဏ်ဒြပ်နှင့် နေရတာပေါ့။

သူဟာ မတ္တရာဘက်မှာ တိုက်ကြက်ကလေးတွေကို စုဆောင်းပေးတယ်။ ရှာဖွေပေးတယ်။ ခါတည်ခြင်း၊ ချိုးတည်ခြင်းများကိုလည်း ပြုလုပ်ပေးတယ်။ သည်ကိစ္စတွေဟာ ရွှေမြို့တော်မှာကတည်းက လုပ်ခဲ့တာပဲ။ ဒါပေမဲ့ ခိုးကြောင်ခိုးဝှက် လုပ်ခဲ့ရတယ်။ အတွင်းတော်က မသိအောင် လုပ်ခဲ့ရတယ်။

ခုတော့ မတ္တရာမှာ မဟုတ်လား။ နေပြည်တော်နှင့်ကလည်း အလှမ်းဝေးတယ်။ ကိုယ့်မင်းကိုယ့်ချင်း နေချင်သလို နေနိုင်တော့ လုပ်ချင်သလို လုပ်လို့ဖြစ်နေတယ်။ နေပြည်တော်မှာလို လူသိမှာ မစိုးရဘူး။ ပုဂံမင်းသားအဖို့သည်မှာတ ပိုပြီးအခြေအနေ ကောင်းနေတယ်။ လွတ်လွတ်လပ်လပ် နေရတဲ့အချိန်လည်း ဖြစ်တယ်။

သည်တုန်းက မတ္တရာနယ်တွင်းဟာ ပျော်ရွှင်စရာအတိ ပြီးတယ်။ ဥယျာဉ်ခြံမြေများ ပေါများတယ်။ စိမ့်ကြီးမြိုင်ကြီးသဖွယ် အုပ်အုပ်ဆိုင်းဆိုင်း ရှိနေတယ်။ ကြည့်လိုက်တိုင်း ကွမ်းပင်အုန်းပင်များဟာ လေထဲမှာ တလွင့်လွင့်ရှိနေတယ်။ ငှက်ကျေးတိရစ္ဆာန်များကလည်း ပေါတယ်။ ထန်းပင်များကလည်း ဒုစရိုက်သမားများအတွက် အထောက်အကူ ပေးနေတယ်။

ပုဂံမင်းသားရဲ့ လက်စွဲတော်၊ လူပျိုတော် သားများဟာ ဒုစရိုက် သမားတွေချည်းပဲ။ သည်တော့ အစစအရာရာ ပြည့်စုံကြွယ်ဝနေတဲ့ သည်အရပ်ကိုပဲ မခွာချင်ကြဘူးပေါ့။ ကြောက်ရမယ့်သူ မရှိတဲ့ အရှင်မှာ ထင်တိုင်းကြရတာဟာ အရသာအရှိဆုံးပဲ။ ဒုတိယတပ်ကို အုပ်ချုပ်လာတဲ့ တောင်တွင်းကြီးမြို့ဝန်ဟာလည်း ခုထိဘာလုပ်ရမယ်မှန်း မသိသေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူဟာ ခုထိဘုရင်မင်းမြတ်ရဲ့ ကျေးဇူးတရားကို စောင့်သိနေတုန်းပဲ။ မင်းတုန်းမြို့ဝန် မင်းနှင့် ဗန့်ကျိုတိုက်ဝန်ဟောင်းတို့ ပုန်ကန်ထကြွတဲ့ အခွင့်တုန်းက ဦးဆွေးဆံမြည့် ဆောင်ရွက် ခဲ့တာပါပဲ။ အသက်နှင့်ရင်းပြီး နှိမ်နင်းခဲ့ရတာပဲ။ ဒါကို ဘုရင်မင်းမြတ်ကလည်း အသိသားပဲ။

ခုအရေးမှာတော့ သူ့အဖို့ ပြည်မင်းသားဘက်ကို ခပ်ပါပါ ဖြစ်နေပြီ။ ဒါကြောင့် မိမိရဲ့ တပ်ကို နှောင့်နှောင့်နှေးနှေး လုပ်နေတာပဲ။ သူ့အဖို့ သည်လိုလုပ်နေခြင်းဟာ မသက်သာတဲ့ အနိဋ္ဌာရုံကို အစပျိုးပေးလိုက်တာပဲ။ ခုဆိုလျှင် သူ့ရဲ့ တပ်မဟာ နောက်မှာ အများကြီး ကျန်ရစ်ခဲ့ပြီ။ လေးဗိုလ်တပ်ဟာ ပြည်မင်းသားတို့ကို မီလုမီခင် ဖြစ်နေပြီ။

ကြံ့တောင့်ကြံ့ခဲ သည်အရေးကို ခုတုံးလုပ်ပြီး နေရာမြင့်ဖို့ ကြိုးစားသူက သူတို့ပဲ။ အဖေနှင့်သားဆိုတာကို ဒေါးချိတ်ထားတယ်။ ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်ကို ဦးထိပ်ပန်တယ်။ တာဝန်ကို ကျေပွန်တယ်ဆိုတဲ့ နာမည်ရဖို့ ကြိုးစားနေတာပဲ။

လူလူချင်း သတ်ဖို့ ဖြတ်ဖို့ မနုဿသားကောင် တောလိုက်ခံနေရ သလိုပေါ့။ လူလူချင်း အမဲလိုက်ခံရတဲ့ သဘောပဲ။ လူ့ငရဲသားတွေပေါ့။ လူ့ဘဝ လူလာဖြစ်တယ်။ ပြီးတော့ ချစ်ခြင်း မေတ္တာ၊ သနားခြင်း ဂရုဏာ၊ ညှာတာမှု၊ စာနာမှုတွေ ကင်းမဲ့တယ်။ သူတစ်ပါးအသက်ကို သတ်ဖို့ ကြိုးစားနေကြတယ်။ ဒါဟာ လူတွေရဲ့ အရှင်လတ်လတ် လောကငရဲခံနေရပါတယ်။

တကယ်တော့ လူတွေဟာ ပုထုဇဉ်တွေပဲ။ ပုထုဇဉ်ဆိုတာက အရှုးတွေချည်းပဲပေါ့။ အရူးလေးနှင့် အရူးကြီးပဲ ကွာတယ်။ လူအချင်းချင်း ဒုက္ခဖြစ်စေတယ်။ သူတို့ ချမ်းသာကြွယ်ဝစေတယ်။ သူတစ်ပါး ဒုက္ခရောက်မှ ကိုယ်လည်း ချမ်းသာရခြင်းဟာ လူစစ်၊ လူမှန်၊ လူမြတ်တွေရဲ့ လက္ခဏာ မဟုတ်ဘူး။ လူယုတ်မာတွေရဲ့ အကျင့်စရိုက်ပဲ။

လူစစ် လူမှန်ဆိုတာက မိမိရဲ့ အကျိုးကို သိတယ်။ မကောင်းမှုမှ ရှက်ကြောက်တယ်။ ဟိရိဩတ္တပ္ပတရားနှင့် ပြည့်စုံတယ်။ ချစ်ခြင်းမေတ္တာ၊ သနားခြင်းဂရုဏာတို့နှင့် ပြည့်စုံတယ်။ မကောင်းမှု အကုသိုလ် ဒုစရိုက် ဒုရာဇီဝတရားတို့ကို လွတ်တင်းအောင် ရှောင်ကြဉ်တယ်။



ကောင်းမှုကုသိုလ်၊ သုစရိုက်တရားတို့ကို ပြုလုပ်အားထုတ်တယ်ပေါ့။ ဒါပဲပေါ့ လူသား ဖြစ်နေပြီး လူလူချင်း အမဲလိုက်ခံရတဲ့ ဘဝဟာ နာကျည်းဖို့ကောင်းတယ်။ ပြည်မင်းသားရဲ့ နောက်ချန်တပ်နှင့် လေးဗိုလ်တပ်များဟာ တိုက်ပွဲစဖြစ်နေပြီ။ မကြာဘူး။ တောင်တွင်းကြီး မြို့ဝန်ဟာ သူ့ မမျှော်လင့်တဲ့သတင်းကို ကြားသိလိုက်ရတယ်။

"ပြည်မင်းသား မိသားစုအားလုံးကို လေးဗိုလ်တပ်က ဖမ်းဆီးမိရပြီ" ဆိုတာပါပဲ။

တောင်တွင်းကြီးမြို့ဝန်အဖို့ တပ်ကို နားထားလိုက်တယ်။ ရှေ့ဘာလုပ်ရမလဲဆိုတာ စဉ်းစားရပြီ။ နေပြည်တော်ကို မကြာခင် အခေါ်တော် ရှိတော့မယ်။ သူ့ သည်လို တပ်တော် ကို နှောင့်နှေးအောင် လုပ်နေ ခြင်းဟာ အတွင်းတော်က သိဟန်မတူဘူး။ သိခဲ့လျှင်လည်း အကြောင်းအမျိုးမျိုးပြပြီး ပြောလို့ရတယ်။

သူ့ချီတက်ရတဲ့ စစ်ကြောင်းဟာ တောင်ထူထပ်တယ်။ တောကြီးတယ်။ မြစ်ချောင်းတွေကို အများကြီး ဖြတ်ရတယ်ပေါ့။ ဒါက သူ့အတွေးပဲ။ အပြစ်ပေးလျှင်လည်း အရှင်အမှုတော် ထမ်းရွက်ခဲ့တာတွေ ကို ကြည့်ပြီး သက်ညှာစရာကောင်းရဲ့လို့ ထင်နေတယ်။ သူ့အဖို့ အကောင်းဆုံးကို တွေးနေတယ်။ ဆိုးဆိုးဝါးဝါးကို မတွေးမိဘူး။

အတွင်းတော်ကို အပြေးအလွှား သံတော်ဦးတင်ရသူက မြေနုပွဲ့နင်း ဗလကျော်ထင် ဖြစ်တယ်။ စစ်ချီတပ်မ သုံးခုရဲ့ အကွာအဝေး လှုပ်ရှားမှု အပေါင်းကိုလည်း စေ့စုံအောင် တင်လျှောက်ရတယ်။ မကွယ်မဝှက် အလုံးစုံကို လျှောက်တင်ရတယ်။ သည်တော့ တောင်တွင်းကြီးမြို့ဝန်ရဲ့ အမှုထမ်းဟာ ကွက်ကွက်ကွင်းကွင်းကြီး ပေါ်လာတယ်။

လေးဗိုလ်တပ်ဟာ စေသောကျွန်၊ ထွန်သောနွားကဲ့သို့ အမှုတော်ထမ်းရွက်သည်မှာ ကျေပွန်လှတယ်။ ဒါကို သာယာဝတီမင်းဟာ ပြင်းပြစွာ ရာဇမာန် ရှတော်မူတယ်။ တောင်တွင်းကြီးမြို့ဝန်မင်းကြီး ဆိုတာ မင်းလှမင်းခေါင်တင်ဟာ အမှုတော်ကို လေးလေးစားစား မထမ်းရွက်ဘူး။

ပြည်စားကို အမိလိုက်ဖမ်းရမှာကို မဖမ်းဘဲ တမင်နှောင့်နှေးနေတယ်။ ဒါဟာ တခြားသော အကြံအစည် ရှိနိုင်တယ်။ ပြည်စားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပူးပေါင်းတာလည်း ဖြစ်နိုင်တယ်။ ရန်သူ အားပေးတဲ့ သင်းကို အရှင် မထားရဘူး။ ခါးပွားသတ်ရမယ်ပေါ့။ ခါးပွားသတ်တယ်ဆိုတာက တောင်တွင်းကြီးမြို့ဝန်ကို ပေးသနားထားတဲ့ ကျောက်စီခါးနှင့်ပဲ စီရင် ရမယ်ပေါ့။

သည်အရေးကို ပန်းတည်းဝန်ရွှေလှံဗိုလ်က ဆောင်ရွက်ရတယ်။ ဒါပဲပေါ့။ အာရုံ မပြတ်တဲ့ တောင်တွင်းကြီးမြို့ဝန်ဟာ ရာဇဝတ်သား လုံးလုံး ဖြစ်ရတော့တယ်။ သက်ဦးဆံပိုင် ခေတ်ဆိုတာကလည်း ခက်သား ကလား။ အရှင့်အမှုတော်ကို သေလုမခမ်း ထမ်းရွက်ခဲ့ပါစေ။ ဘုရင်မင်း မြတ် မကြည်သာပါက ခေါင်းနှင့်ကိုယ် အိုးစားကွဲရတာပဲ။

သူတို့မှာ ကျေးဇူးတရားဆိုတာ လုံးဝမသိဘူး။ မကျေနပ်လျှင် မကျေနပ်သလို ပြုမူတတ်တယ်။ သည်ဖြစ်ရပ်တွေကြောင့် ပညာရှိ လူတော် လူကောင်းတွေ မသေသင့်ဘဲ သေဆုံးခဲ့ရတယ်။ ဒါတွေဟာ နိုင်ငံတော်အတွက် ကောင်းတာတွေ မဟုတ်ဘူး။ ဆိုးကျိုးတွေ ဖြစ်လာ တယ်။

နိုင်ငံတော်ဟာ ကျွန်ဖြစ်ဖို့ ကြုံလာရတယ်။ ပြည်မင်းသားကို မိပြီးတာနဲ့ အားလုံးဟာ ကိစ္စပြီးသွားတော့တယ်။ တပ်တော်ကြီးတွေကို လည်း နေပြည်တော်ကို ပြန်မျှလာစေတယ်။ သူတို့ကို ပုဂံမင်းသားက အအုပ်အထိန်း လုပ်ပြီး ပြန်ခဲ့တယ်။ ပုဂံမင်းသားဟာ နောင်တော် ပြည် မင်းသားကို နေပြည်တော်သို့ ယူဆောင်လာခဲ့တယ်။ တောင်တွင်းကြီး မြို့ဝန်မှာကား သူ့ရဲ့ ကျောက်စီခါးနှင့်ပဲ ပြန်ပြီး အဆုံးစီရင်ခြင်း ခံခဲ့ရ တယ်။

ဒါဟာ ပြည်မင်းသားအရေးတော်ပုံမှာ ယင်းတောဝန်ကြီးနောက် တောင်တွင်းကြီး မြို့ဝန် ရာဇဝတ်သင့်ရပြန်တာပဲ။ ဟကယ်တော့ ယင်းတောဝန်ကြီးနှင့် တောင်တွင်းကြီး မြို့ဝန်တို့ဟာ ဘုရင်မင်းမြတ်ရဲ့ အားထားမှုကို ခံယူရတဲ့ သူတွေပဲ။ သူတို့ကို သုတ်သင်လိုက်ခြင်းဟာ နိုင်ငံတော်ရဲ့ အနာဂတ်အဖို့ ကြေကွဲဝမ်းနည်းစရာတွေနှင့် တွေ့ကြုံရ တော့တာ ဖြစ်တယ်။



တကယ်တော့ ပြည်မင်းသားရဲ့ အဖြစ်ဟာ ကြေကွဲစရာပဲ။ ထံမှီး ဉာဏ်ရှိတိုင်း မအောင်မြင်နိုင်တဲ့သူ အဖြစ်ဟာ ခံပြင်းစရာ ကောင်းလှ တယ်။ လွတ်ရာလွတ်ကြောင်း ထွက်ပြေး လွတ်မြောက်နေပြီးမှ ပြန်မိရ တာဟာဆိုလျှင် ငါညံ့လို့ပဲဆိုပြီး မကျေမနပ် ဖြစ်နေတယ်။ တောက် တခေါက်ခေါက်နှင့်ရှိနေတယ်။ ခုဆိုလျှင် ရာဇဝတ်သင့်သည့်သူများ ဖြစ်နေပြီ။

ဒါကြောင့် တခြားစီ သီးသန့်ခွဲပြီး ချုပ်နှောင်ထားတယ်။ အခန်း ငယ်အတွင်းမှာ စကြံ့ လျှောက်နေတဲ့ ပြည်မင်းသားဟာ တောက် တခေါက်ခေါက်နဲ့ ရှိတယ်။ သူ့ရဲ့ ကံကြမ္မာဟာ ကောင်းမဲ့အနေမှာ မရှိဘူး။ ဆိုးဝါးတော့မယ်။ သူတိုက် တိုယ်တိုက်နှင့် တိုက်ပွဲမှာ သေဖို့ပဲ ကောင်း တယ်။ ခုလို ကြက်ကလေး ငှက်ကလေး သတ်သလို သတ်ချင်တဲ့ အချိန် မှာ ခေါ်သတ်ခံရတာဟာ နာကြည်းဖို့ ကောင်းတယ်ပေါ့။

တကယ်တမ်းဆိုလျှင် သူ့အဖို့မှာ ဘုရင်မင်းမြတ်ရဲ့ ရာဇဝတ်တော် ဘေးကို ကြောက်ရွံ့လို့ ပြေးခဲ့တာပဲ။ ပုန်ကန်ခြားနားဖို့အတွက်က ဘာဆို ဘာမျှ မလုပ်ရသေးဘူး။ စံအိမ်တော်ကို လာတဲ့သူအချို့နှင့်တော့ ပြောမိ မှာပဲ။ အဲဒါ ပြောတာလေးနဲ့တော့ အသက်ကို မသေစေလောက်ဘူးပေါ့။ ဘာပဲဖြစ်ဖြစ်လေ ဘုရင်ဆိုတာက သူ့လုပ်ချင်တိုင်း ဖြစ်နေတယ် မဟုတ် လား။

သည်အရေးတွေကြောင့် ထင်ရဲ့။ သာယာဝတီမင်းတရားကြီးဟာ ပိုပြီး ကျန်းခန့်တော် မမူဘူး။ သူ့ဝေဒနာဟာ တိုးလာခဲ့ပြီ။ မရှိကို အရှိထင်တယ်။ အရှိကို မရှိထင်ပြီး လုပ်ချင်သလို လုပ်နေတယ်။ ခက်တာ က ဘုရင်မင်းမြတ်ဆိုတော့ သူဘာပဲလုပ်လုပ် ဘယ်သူကမှ ပြောရဲကြတာ မဟုတ်ဘူး။

ယင်းတောဝန်ကြီး ကိစ္စနှင့် ပြည်မင်းသားတို့ ကိစ္စဟာ မင်းတရား ကြီးရဲ့ ဝေဒနာကို ပိုပြီးဆိုးဝါးစေတယ်။ ပြည်မင်းသားအရေးကို ပုဂံ မင်းသား ဦးဆောင် စစ်ဆေးရတယ်။ သည်တွင် ပြည်မင်းသားနှင့်အတူ ကြံစည်သူတွေ တသီကြီး ပေါ်လာခဲ့တယ်။ အဲဒီထဲမှာ သူတို့လုံးဝ အင် မထားတဲ့သူ တစ်ယောက်လည်း ပါတယ်။ သူဟာ ဘုရင်မင်းမြတ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အထူးချစ်ခင်ယုယမြတ်နိုးမှုကို ခံယူနေရတဲ့ အနောက်နန်းမိဖုရား မြွေတလေးပဲ ဖြစ်တယ်။

သည်တုန်းက မမြကလေးဟာ အနုပညာအရာမှာ သတင်းပျံ့နှံ့နေသည့် အချိန်ဖြစ်တယ်။ အလှဂုဏ်သတင်းကလည်း လျှံတက်နေတယ်။ ဒါကြောင့် မင်းကြီး၏ မြတ်နိုးမှုကို ခံယူနေရတယ်။ ဒါကို အခြားမိဖုရားတွေက ကျေနပ်မယ် မထင်ဘူး။ မနှစ်မြို့ကြဘူးပေါ့။ သည်တော့ အခွင့်သာဖို့ ချောင်းနေကြတယ်။ ခုတော့ ဘုရင်မင်းမြတ်ကလည်း စိတ်ကွက်နေတယ်။ မမြကလေးအတွက် တစ်ဇာတ်သိမ်းသွားမယ်ပေါ့။ ဒါကို ကြည့်နေတဲ့သူတွေက အတတ်သိတယ်။

ဒါကြောင့် ပြည်မင်းသားအရေးမှာ အနောက်နန်းမတော်မိဖုရား မြကလေးပါကြောင်းကို သတင်းလွှင့်ကြတယ်။ သည်အချိန်မှာ ဘုရင်မင်းမြတ်မှာလည်း ဝေဒနာပြင်းစွာ ခံစား နေရတယ်။ စိတ်တော်နှင့်ယှဉ်ပြီး ဖြစ်တဲ့ ကိစ္စမို့ သမားတော်များနှင့် ကြပ်မတ်ကုသနေရတယ်။ အတွင်းတော်ကို ဘယ်သူမှ အဝင်မခံဘူး။

တစ်နေ့ကဖြစ်တဲ့ ကိစ္စကိုပဲကြည့်လေ။ သာယာဝတီမင်းဟာ အိမ်သာတော် ဝင်တယ်။ သူ့နောက်ပါးမှာ ဗိုလ်မောင်ဆိုင်နှင့် မိန်းမစိုးတို့ ပါလာတယ်။ သူတို့က အပြင်မှ ဝပ်ပြီး ခစားနေတယ်။ မကြာပါဘူး ဘုရင်မင်းမြတ်ဟာ အိမ်သာတော်ထဲက ထွက်တော်မူလာတယ်။

ထွက်ထွက်ချင်းပဲ အပြင်မှ ခစားနေကြတဲ့ မိန်းမစိုးနှင့် ဗိုလ်မောင်ဆိုင်တို့ကို ဓားနှင့် ခုတ်သတ်တယ်။ ပါးစပ်တော်မှလည်း "ရန်သူတော်တွေ ကွပ်မျက်ကြဟဲ့" လို့ မြည်တမ်းနေတယ်။ သည်အတိုင်းသာ ဘုရင်မင်းမြတ်ရဲ့ စိတ်တော်ဟာ မမှန်တော့ဘူးဆိုတာ သိကြပြီပေါ့။

ဒါကြောင့် မမြကလေးအဖို့ အတွင်းတော်ဝင်ဖို့ အခွင့်မသာဖြစ်နေတယ်။ ခက်တာက ရွှေနန်းတော်မှာ စည်းကမ်းက အလွန်များတယ်။ အရေးကြီးလို့ ကိုယ့်လင်ကိုယ့်သားဆိုပြီး ဘုရင်မင်းမြတ်နှင့် တွေ့ချင်တိုင်း တွေ့လို့ မရဘူး။ သူက အခေါ်တော်ရှိမှ လိုချင်တာကလေး ရှိမှ သွားရတာပဲ။ အတွင်းတော်မှာက မိဖုရားခေါင်ကြီးတစ်ပါးပဲ ရှိနေတယ်။



သည်တုန်းက ဘုရင်မင်းမြတ်အတွက် နံနက် (၅း၃၀) နာရီမှာ စက်တော်မှ ထတယ်။ ရွှေနန်းတော်မှာ စက်တော်ခေါ်လေ့ ရှိတယ်။ မှန်နန်းတော်ရဲ့ မြောက်ဘက်အဆောင်သည် ရွှေနန်းတော် ဖြစ်တယ်။ ရွှေနန်းတော်မှာ အရှေ့ပိုင်းနှင့် အနောက်ပိုင်းရယ်လို့ နှစ်မျိုးခွဲထားတယ်။ အရှေ့ပိုင်းမှာ အမှုထမ်းများ ခစားဖို့ နေရာမှာ အသီးသီး ရှိတယ်။

ရွှေနန်းတော် အနောက်ပိုင်းမှာ နန်းမတော်မိဖုရားခေါင်ကြီး အခန်း ရှိတယ်။ များသောအားဖြင့် နန်းမတော်မိဖုရားကြီးဟာ နန်းမဆောင်မှာပဲ စံနေလေ့ရှိတယ်။ တစ်နေ့မှတစ်ခါပဲ ရွှေနန်းတော်သို့ အခစားဝင်တယ်။ ဘုရင်မင်းမြတ်ဟာ တောင်နန်းဆောင်မှာ စာကြည့်လေ့ ရှိတယ်။

အနောက်ပိုင်းနဲ့ဆိုင်တဲ့ ရွှေငွေအထည် ပစ္စည်းများထားတဲ့ ဘဏ္ဍာခန်းလည်း ရှိတယ်။ အဲဒီပစ္စည်းတွေကိုကိုင်တဲ့ ဘဏ္ဍာစိုး မိဖုရားအခန်းလည်း သီးသန့်ထားတယ်။ သူက မိဖုရား သားတော်၊ သမီးတော်များရဲ့ စာရင်းကိုလည်း ကိုင်ရတယ်။ တခြားမိဖုရားတွေလို နေရင်းအဆောင်ကို မပြန်ရဘူး။ အပါးတော်မှာ ခစားရတယ်။

ညအခါ ရှင်ဘုရင် စက်တော်ခေါ်တဲ့ သလွန်တော် ခြေရင်းမှာ အိပ်ရတယ်။ ရှင်ဘုရင်မင်းမြတ်ရဲ့ ဝတ်လဲတော် အခန်းနှင့် စက်တော်ခေါ်တဲ့ အခန်းဟာ ရွှေနန်းတော်မှာ ရှိတယ်။ တောင်နန်းတော်ဆိုတာက မှန်နန်းတော်ရဲ့ တောင်ဘက်မှာ ရှိတယ်။ ရွှေတော်ဆောင်ဆိုတာက တောင်နန်းတော်ဦးက အဆောင်ကို ခေါ်တယ်။

အဲဒီနန်းတော်များမှာ အိမ်သာတော်များ ထားတယ်။ နန်းတော်ဆောင်တိုင်းမှာ အရှေ့ပိုင်း၊ အနောက်ပိုင်း ခွဲခြားထားလေ့ ရှိတယ်။ ဘုရင်မင်းမြတ်ဟာ နံနက် (၅း၃၀) နာရီမှာ နိုးတော်မူတယ်။ ဒါပေမဲ့ အခန်းတော်ပြင်ကို မထွက်သေးဘူး။ အလှည့်ကျ မိဖုရားများက ခြင်ထောင်တော်တွင်း ဝင်ရတယ်။ သလွန်တော်အောက်နေပြီး လိမ်းတော်ဆီနှင့် သုတ်လိမ်း ပွတ်သတ်ကြတယ်။

ဆီမှာလည်း နှစ်မျိုးခွဲထားတယ်။ ကိုယ်လိမ်းဆီနှင့် ခေါင်းလိမ်းတော်ဆီပေါ့။ အဲဒီဆီတွေဟာ စံပယ်မှုလေးဆီတွေပဲ။ မွှေးပျံ့သင်းကြိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ ဘုရင်မင်းမြတ်ဟာ ချိုးတော်ရေ သုံးစွဲခြင်း မလုပ်ဘူး။ ကြီးကျယ်တဲ့ မလွဲမရှောင်သာတဲ့ အခြေမှသာ ပြုတယ်။ ကျန်တဲ့ အချိန်မှာဆိုလျှင် ရေအစား ဆီကိုပဲ အသုံးပြုတယ်။ ချေးညှော်နှင့် မကောင်းသည့် အနံ့ အသက်များကို ဆီနှင့်ပဲ ပွတ်လိမ်းသုတ်သင်တယ်။

ပထမဦးဆုံး လိမ်းတော်ဆီများနှင့် သုတ်သင်ပွတ်သပ်စေတယ်။ ပြီးမှ ကိုယ်ပွတ်တော် မှုန့်များနှင့် တစ်ကိုယ်လုံးစေ့ နှံ့အောင် ပွတ်သပ်သုတ်လိမ်းပေးတယ်။ ကတိုးမှုန့်၊ ပန်းပေါင်းမှုန့်များကို ကိုယ်ပွတ်တော်မှုန့်လို့ ခေါ်တယ်။ ပြီးမှ အနှိပ်တော်များက အလှည့်ကျ အနှိပ်တော် ဆက်ရတယ်။

အနှိပ်တော် ဆက်ပြီးတာနဲ့ အိမ်သာတော် ဝင်လေ့ရှိတယ်။ အိမ်သာတော်ဝင်တဲ့အခါ အလှည့်ကျ မိဖုရားများက လိုက်ပါရတယ်၊ အိမ်သာတော်ထဲမှာ နေရာတော်၊ အုန်းတော်၊ မျက်နှာကျက်တော်များ သီးခြားထားတယ်။ ကိုယ်လက်သန့်ရှင်းတဲ့ အပေါက်နှင့် နေရာတော်ထားတဲ့ နေရာမှာ ဆယ်ပေလောက်ကွာတယ်။ ထောက်လှမ်းသိကြရသမျှကို အဲဒီမှာ လျှောက်တင်ရတယ်။

သည်တော့ ပုဂံမင်းသားနှင့် မယ်တော် မိဖုရားခေါင်ကြီးတို့သာ အတွင်းတော်မှာ ကြီးစိုးရတယ်။ တကယ်တော့ ပြည်မင်းသားနှင့် ပုဂံမင်းသားတို့ဟာ နောင်တော်ညီတော် ဖြစ်တယ်။ ဖအေတူ မအေကွဲပဲ၊ ဒါကြောင့် ထီးမွေနန်းမွေ ဆက်ခံဖို့ များနေတယ်။ ဒါပေမဲ့ နောင်တော် ပြည်မင်းသားဟာ သူ့ထက် ထက်ထက်မြက်မြက် ရှိတယ်။ သည်တော့ ထီးနန်း ရရှိရေးမှာ အနှောင့်အယှက် ဖြစ်မှာပဲလို့လည်း တွေးမိဟန် ရှိတယ်။

သည်တုန်းက ရွှေပွင့်ဆိုတာက မလွန်မြို့သူကြီး ဖြစ်တယ်။ သူဟာ ပုဂံမင်းသားရဲ့ အမှုတော်ထမ်းတစ်ဦးပဲ။ ပြည်မင်းသားနှင့် မမြကလေးတို့ကို တစ်စိတ်တစ်ဝမ်းတည်း ကြံစည်နေတယ်လို့ သတင်းလွှင့်တဲ့ထဲမှာ သူလည်း ပါတယ်။ အပြစ်ကို မကြီးကြီးအောင် ဆင်ကြတာပေါ့။ ဒါမှ လည်း အတစ်ဖက်လူတွေမှာ သူတို့လုပ်ချင်ရာ လုပ်နိုင်မယ်ပေါ့။



မကြာပါဘူး။ အတွင်းတော်က အမိန့်တော် ထွက်လာတယ်။ ပြည်မင်းသားနှင့် သားတော် လေးပါးတို့ကို ပုန်ကန်ပြုမှုအတွက် ထုံးစံနှင့်အညီ စီရင်စေဆိုတာပဲ။ သူတို့ သားအဖတစ်တွေကို ရေမှာဖျောက်ဖျက် ကွပ်မျက်လိုက်ကြတယ်။ အပြစ်အလျှောက် ရာဇဝတ်ပြစ်ဒဏ်ကို အသက်နှင့် ခံယူရသူများလို့ သတ်မှတ်ရတယ်။

အနောက်နန်းမိဖုရား မမြကလေးလည်း ပြည်မင်းသားနှင့် နှလုံးစိတ်ဝမ်း မကွဲဘဲ တရောတယှက်တည်း ပါဝင်သူ ဖြစ်တယ်။ ဒါကြောင့် မိဖုရား မမြကလေးနှင့် မယ်တော် မယ်အိတို့အား ထုံးစံနှင့်အညီ စီရင်စေလို့ အမိန့်တော် ချမှတ်လိုက်တယ်။ တကယ်တော့ မမြကလေးအဖို့ မိဖုရား ဖြစ်လာရခြင်းဟာ တံဆိုးမှုတစ်ခုပေါ့။

လူတစ်ခု ပူမှုရယ်တဲ့ ဆယ်တုရှေ့ဆိုတာ ရှိတယ်။ ဒါပေမဲ့ မိဖုရား မြကလေးရဲ့ သောကမီးကို ဘယ်သူက လိုက်မီမယ်မထင်ဘူး။ လူ့လောကရဲ့ အမြင့်ဆုံးကို ရထားခဲ့ပေမဲ့ မင်းရဲ့ အပြစ်ဒဏ်ကြောင့် အသက်သေခဲ့ရတယ်။ သူတင်မဟုတ်ဘူး။ သူ့မယ်တော်ပါ အဆစ်ပါခဲ့ရတယ်။ လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို လုပ်တတ်တဲ့ ဘုရင်မင်းမြတ်တွေကြောင့် နိုင်ငံတော်ရဲ့ လူတော်လူကောင်းတွေ ဆုံးရှုံးခဲ့ရတယ်။

ဘုရင်မင်းမြတ်အပါးကပ်ပြီး အကြိုက်လိုက်နေကြတဲ့ အမှုထမ်းတွေကလည်း မနည်းဘူး။ တကယ်တော့ ဘုရင်မင်းမြတ်ဆိုတာက ပုထုဇဉ်သားပဲ။ သူတို့တစ်တွေကြောင့် ဘုရင် မင်းမြတ်လည်း မြှောက်လို့ မြှောက်မှန်း မသိတဲ့ကိန်း ဆိုက်ကြတာပေါ့။ ဘာပဲဖြစ်ဖြစ်ပေါ့ လူဆိုတာ လူ့အသိတော့ ရှိသင့်တာပေါ့။ မိမိနှင့်မတည့်တိုင်း အရေးယူ အပြစ်ပေးနေတာတော့ မကောင်းပါဘူး။

တစ်ခုတော့ ရှိပါတယ်လေ သာယာဝတီမင်းအဖို့ နာမကျန်း ဖြစ်နေတယ်။ သည်တော့ အဲဒီတုန်းက အရေးတွေကို မိဖုရားခေါင်ကြီးနှင့် သားတော် ပုဂံမင်းသားတို့ကပဲ ဦးဆောင်နေကြတာမဲ့။ သည်တော့ ပြည်မင်းသားနှင့် အနောက်နန်းမိဖုရားအရေးတို့မှာ သူတို့ သားအမိရဲ့ လက်ချက်မပါဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အနောက်နန်းမိဖုရား မြကလေးဟာ ကံမကောင်း အကြောင်းမလှလို့ မင်းရဲ့ အကောက်ခံခဲ့ရတယ်။ သူ့ရဲ့ ရုပ်ရည်ဟာ သူ့ကို နှိပ်စက်ခဲ့တာပဲ။ အချစ်နှင့်သစ္စာအပေါ်မှာ သာယာဝတီမင်းရဲ့ အကြင်နာ နည်းပါးမှုကို ခံရတယ်။ ခံစားရုံသာမကဘူး။ အသက်ပါ ပေးအပ်ခဲ့ရတယ်။

သူဟာ စာပေအခြေခံ ရင့်ကျက်တယ်။ ကဗျာဉာဏ် ရင့်သန်တယ်။ ထက်မြက်တယ်။ အတွေးပိုင်းမှာ နှံ့စပ်တယ်။ သူ့ဘဝတစ်လျှောက်လုံးမှာ အဆင့်မြင့်မြင့် နေခဲ့ရပေမဲ့ လောကဓံကို ကြိတ်မှိတ်ခံစားခဲ့ရရှာတယ်။ သူ့ရဲ့ ခံစားချက်တွေဟာ ဂီတအဖြစ် ကျန်ရစ်ခဲ့ တယ်။

ပြည်မင်းသားဟာ သာယာဝတီမင်းရဲ့ အလယ်နန်းမိဖုရား တောင်ပိုင်မြို့စားမှ မွေးဖွားတယ်။ ငယ်အမည် မရွှေဦး ခေါ်တယ် မိဖုရားဘွဲ့ကတော့ သီရိမဟာစန္ဒာဘိရတနာဒေဝီလို့ တွင်တယ်။ ငယ်အမည် မောင်ဖေပု ဖြစ်သည်။

သည်လိုအားဖြင့် အရည်အချင်း ပြည့်ဝတဲ့ မင်းညီမင်းသားတွေဟာ လမ်းခုလတ်တင်ပဲ ဘဝဆုံးကြရတယ်။

သက္ကရာဇ် ၁၂၀၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ (၁၄) ရက်နေ့မှာ သာယာဝတီ မင်းကြီးဟာ နတ်ရွာစံတော်မူတယ်။ သူချစ်တဲ့ သားတော် ပြည်မင်းသားနှင့် မိဖုရားမမြကလေးတို့နောက် တစ်နှစ်ပဲ ကြာတယ်။ ဒါပဲပေါ့ ဘုရင်မင်းမြတ်ဆိုတာကလည်း သွေးနှင့် ကိုယ်သားနှင့်ကိုယ်ပဲ။ ကိုယ်ခန္ဓာနှင့် ဖြစ်ပျက်မှုအပေါ်မှာ တည်တာပဲ။ ဘုရင်မင်းမြတ်ဆိုပြီး သေချင်တိုင်းသေ၊ နေချင်တိုင်း နေလို့ မရတာပေဘူး။

ခမည်းတော် နတ်ရွာစံလို့ ပုဂံမင်းသားဟာ မင်းဖြစ်တော်မူတယ်။ သက္ကရာဇ် ၁၂၀၈ ခုနှစ်၊ တပေါင်းလဆန်း၊ (၁၃) ရက်နေ့တွင် ရွှေထီးရွှေနန်းကိုသိမ်း အုပ်ချုပ်မင်းလုပ်စိုးစံတော် မူတယ်။ မိဖုရားခေါင်ကြီးမှာ မက္ခရာမင်းသား၏ သမီးတော် ဖြစ်တယ်။ သီရိသုရတနာပဘာဒေဝီလို့ ခေါ်တယ်။ ပုဂံမင်းသားဟာ သီရိသုဓမ္မာတိလောကမဟာရာဇမည်တဲ့ နာမည်တော်ကို ခံယူတယ်။



အဲဒီနေ့မှာ နိုင်ငံတော်အတွင်းမှာရှိတဲ့ ထောင်တန်းကျခံနေရတဲ့ သူတွေကို လွှတ်တယ်။ လှောင်ထားတဲ့ သားငှက်တိရစ္ဆာန်များကို အမိန့်တော်အတိုင်း ဘေးမဲ့ပေးတယ်။ မင်းတုန်းမင်းသားက သီရိသုဓမ္မတိလောကရေမဟာရာဇာအမည်ရှိတဲ့ ဘွဲ့ရွှေပြားကို ဆက်ရတယ်။ ကနောင်မင်းသားက မိဖုရားခေါင်ကြီး၏ ဘွဲ့ရွှေပြားကို ဆက်ရတယ်။ အဲဒီမင်းသားနှစ်ပါးဟာ သာယာဝတီမင်းရဲ့ တောင်တော်ဆောင်ကျောက်မော်မြို့စားမိဖုရားမှ ဖွားမြင်တဲ့ သားတော်တွေ ဖြစ်တယ်။

ပုဂံမင်းသား ထီးနန်းရပြီးတာနှင့် အိမ်တော်ပါ အမှုထမ်းတွေကို တိုးမြှင့်ပေးတော့တယ်။ တကယ်တော့ သူ့ရဲ့အိမ်တော်ပါများဟာ ခိုတိုက်၊ ကြက်တိုက်ကြသည့်သူတွေချည်းပဲ။ ဒုစရိုက်သမားတွေပေါ့။ သည်ဒုစရိုက်သမားတွေကို မြှောက်စားလိုတ်သည့်အတွက် နေပြည်တော်မှာ ဖြစ်ချင်သလို ဖြစ်နေတော့သည်။

တကယ်ဆိုတော့ ပုဂံမင်းဟာ ရွှေနန်းတော်အတွင်းမှာ နေတာပဲ။ တိုင်းပြည်ကို ထိထိတွေ့တွေ့နှင့် အုပ်ချုပ်နေရတာက သူ့လက်အောက်ခံအရာရှိတွေပဲ။ သူခန့်အပ်ထားလိုက်တဲ့ အမှုထမ်းတွေဟာ မကောင်းမှုပြုကြတာပေါ့။ နဂိုကတည်းက ဒုစရိုက်သမားဆိုတော့ မကောင်းမှုကို ပြုဖို့ရာ ဝန်မလေးဘူးပေါ့။

ပုဂံမင်းဟာ အိမ်တော်ပါ ငယ်ကျွန် ဘိုင်ဆပ်ကို မြို့တော်ဝန်အဖြစ် ခန့်အပ်လိုက်တယ်။ သူဟာ မြို့တော်ဝန် ဖြစ်တာနှင့် နေပြည်တော်မှာ ဝက်သားမပေါ်ရဘူးလို့ အမိန့် ထုတ်တယ်။ အဲဒီတုန်းက သူ့တန်ခိုးဟာ အင်မတန် ထက်တယ်။ တံစိုးလက်ဆောင်စားခြင်း၊ အမှုမတရားစီရင်ခြင်း၊ သားပျိုသမီးပျိုများကို ဖျက်ဆီးခြင်း လုပ်တော့တယ်။ ဘယ်လိုပဲ မတရားလုပ်ပေမဲ့ မော်မကြည့်ဝံ့ကြဘူး။

မင်းတရားကြီး ကိုယ်တိုင်က မြှောက်စားထားတယ် မဟုတ်လား။ အိမ်တော်ပါ ကျွန်ကလည်း ဖြစ်နေတယ်။ သူနှင့်အတူ ဆိုးသွမ်းနေတဲ့သူကတော့ ငပိန်ဆိုတာပဲ။ သူဟာ ရွှေမြို့တော်ရဲ့ စာရေးပဲ။ တကယ်တော့ သူတို့နှစ်ဦးတည်းဆိုတော့ မထောင်းသာလှပါဘူး။ သူတို့ရဲ့ တပည့်တပန်း

www.burmeseclassic.com

www.burmeseclassic.com



တွေက အနိုင်အထက် လုယက်တယ်။ ဥစ္စာပစ္စည်းများကို အဓမ္မသိမ်းယူတယ်။

အဲဒီလိုရတဲ့ ပစ္စည်းတွေကို မြို့တော်ဝန် ဘိုင်ဆပ်ကို ပေးအပ်တယ်။ မြို့စာရေး ငပိန်ကို ပေးကြတယ်။ မပေးလို့ကလည်း မဖြစ်ဘူးလေ။ သည်လို ပေးနိုင်ကမ်းနိုင်မှ လုပ်ချင်ရာ လုပ်လို့ ဖြစ်ကြတာပဲ။ အထူးသဖြင့်ကတော့ မကောင်းမှုတွေ များများပေါ့။ တကယ်တော့ ရွှေမြို့တော်ဝန် လုပ်တယ်ဆိုတာက တော်ရုံတန်ရုံ အရည်အချင်းနှင့် လုပ်လို့ရတာ မဟုတ်ဘူး။

နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာပိုင် မင်းနေပြည်တော် မဟုတ်လား။ သည်တော့ မြို့တော်ဝန် လုပ်သူဟာ အရည်အချင်း ပြည့်ဝရမယ်။ လုပ်ရည်ကိုင်ရည်ရှိသူ ဖြစ်ရမယ်။ နေပြည်တော်မှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူများကို ရင်ဝယ်သားကဲ့သို့ ညှာတာရမယ်။ နိုင်ငံတော်ကို အုပ်ချုပ်တဲ့ ဘုရင်တစ်ပါးပဲပေါ့။

သူဟာ ရာဇဝတ်မှုများကို စီရင်ရတယ်။ ဓမ္မဝတ်၊ ရာဇဝတ်၊ လောကဝတ်၊ အကြောင်း သုံးပါးကို ကျွမ်းကျင်သိနားလည်ရမယ်။ ပစ္စုပ္ပန် သံသရာကျိုး နှစ်ပါးကို ထောက်ထောက် ထားထား ရှိမယ့်သူကိုပဲ ရွေးချယ်ခန့်ထားရတယ်။

နေပြည်တော် မြို့တွင်း၊ မြို့ပြင်မှစပြီး နယ်လေးရပ်စလုံးမှာ မြဲမြံခိုင်လုံအောင် မပြတ်စစ်ရတယ်။ နေပြည်တော်အနှံ့မှာ ရောင်းဝယ်ဖောက်ကားနေတဲ့ ကုန်သည်ပွဲစားများရဲ့ အလေး၊ တင်း၊ တောင်းများ မှန်ကန်မှု ရှိမရှိ စစ်ဆေးပေးရမယ်။ တံစိုးလက်ဆောင် မယူရဘူး။

မြို့တော်ရဲ့ တံခါးဆယ့်နှစ်ရပ်ကို မြဲမြံလုံခြုံအောင် ထားရမယ်။ မြင်ပမှ လူစိမ်းသူစိမ်းများရဲ့ အဝင်အထွက်ကို ဂရုစိုက်ထားပြီး ကြည့်ရှုတတ်ရမယ်။ အစောင့်အနေ အမှုထမ်းများကို ကြီးကြပ်လုပ်ဆောင်နိုင်တတ်ရမယ်။ ရွှေမြို့တော်ကြီးနှင့်တကွ ဆင်ခြေဖုံးအရပ်များအထိ ရာဇဝတ်ကြီးငယ် ရှိပါက ကိုယ်တိုင် ကွပ်ကဲပြီး စီရင်တတ်ရမယ်။

ရွှေမြို့တော်တစ်ခုလုံးမှာ လောင်းကစားမှု မရှိရဘူး။ ဘိန်းဘင်း အရက်ထန်းရည် မသောက်စားစေရဘူး။ ဘုရင်မင်းမြတ် ထွက်တော်မူ



လျှင် လမ်းပြုပြင်ရတယ်။ ရွှေမြို့တော်ရဲ့ လက်အောက်မှာ လေးမြင်ထောင်မှူး၊ ရုံးထိုင်မြို့စာရေး၊ ထောင်စာချီ အရာရှိဆိုတာများလည်း ရှိတယ်။ ရွှေမြို့တော်ဝန် ဘိုင်ဆပ်နှင့် သူ၏စာရေး မောင်ပိန်တို့ဟာ သူတော်ချင်း သတင်းလွှေ့လွှေ့ ဖြစ်နေကြတာပေါ့။

သည်တုန်းက နေပြည်တော်မှာ ချိုးတယ်ခြင်း၊ ကြက်တိုက်ခြင်း၊ ခါလိုက်ခြင်း စတဲ့ အတတ်ပညာများကို လူတိုင်းလိုလို တတ်ကျွမ်းတယ်။ မတတ်ကျွမ်းသည့်သူဟာ မင်းတရားကြီးအနားမှာ ခစားဖို့ မရဘူး။ အနားတော် မသီရဘူးပေါ့။

သည်တော့ မတတ်ကျွမ်းလို့ မဖြစ်ဘူးလေ။ ပုဂံမင်းကိုယ်တိုင်က နှစ်လိုအားပေးနေ တော့ မျက်လိုမျက်နှာရ လုပ်ကြတာပေါ့။ ဒါကြောင့် ရွှေမြို့တော်မှာရှိတဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းများ၊ မှူးကြီးမတ်ကြီးများဟာ ကြက်တိုက်ခြင်း၊ ခါလိုက်ခြင်း အတတ်ပညာနှင့် ထင်ပေါ်ကျော်ကြားမှုကို ရယူနေကြတယ်။

အပြိုင်အဆိုင် လုပ်နေကြတယ်။ ကြက်တိုက်ခြင်း၊ ခါတိုက်ခြင်း ပညာကို တတ်ကျွမ်းလို့ ဘိုင်ဆပ်ဟာ မြို့တော်ဝန် ဖြစ်လာတယ်။ သူ့လတ်ထက်မှာ အိမ်တွေမှာရှိတဲ့ ဝက်ကောင်တွေကို ဘေးမဲ့ပေးစေတယ်။ သတ်ဖြတ်ခြင်း လုံးဝ မပြုဘူး။ ပြည်သူတွေအဖို့ တစ်သက်လုံး စားလာတဲ့ ဝက်သားကို လုံးဝမစားသောက်ရဘူး။

မကြာပါဘူး။ မထင်မှတ်တဲ့ ဘယ်လိုမှ ကြံစည်လို့မဖြစ်တဲ့ ပြဿနာက ပေါ်လာခဲ့တယ်။ သည်လို မတရားမှုတွေ လုပ်နေတဲ့ မြို့တော်ဝန် ဘိုင်ဆပ်ကို ပြန်ပြီး လက်စားချေတာပဲ။ ချေပုံချေနည်းကလည်း သင်းလှပါတယ်။

တစ်နေ့တော့ သူ့ရပ်ရွာဖြစ်တဲ့ ဗုံးအိုးရွာမှာ ပွဲလမ်းသဘင် ကျင်းပတယ်။ ပျော်ပွဲရွှင်ပွဲ လုပ်တာပေါ့။ အဲဒီပွဲမှာ သူ့ရဲ့အိမ်သားတွေလည်း လာကြတယ်။ သည်တုန်းက သူ့မှာ သမီးတစ်ယောက် ရှိတယ်။ ဘိုင်ဆပ်ဟာ သူများသားသမီးတွေအပေါ်မှာ ဖျက်လိုဖျက်ဆီး လုပ်ခဲ့တယ်။ သူ့သမီးကျတော့ အိမ်ထဲက အိမ်ပြင်တောင် မထွက်ရဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို လက်တုံ့ပြန်ဖို့ အလစ်ချောင်းနေတဲ့သူတွေ ရှိနေတယ်။ သည်တော့ အဲဒီအခွင့်အရေးဟာ ရခဲ့တယ်။ ပွဲကြည့်နေတဲ့ ဘိုင်ဆပ်ရဲ့ သမီး အရိပ်အခြည်ကို စောင့်နေတယ်။ ညနက်လို့ သူငိုက်နေတဲ့ အချိန်မှာ အတင်းဆွဲပြေးကြတယ်။ လူစုလူဝေးနှင့် အငိုက်မှာ လုပ်ကြတာပဲ။ တောင်သမန်အင်းကို ဖြတ်ပြီး အနောက်ဘက်ကမ်းကို ပြေးကြတာပဲ။

မြန်းဆို ပွဲဟာ ပျက်လုမခန်းပဲ။ အတင်းရှာကြဖွေကြတယ်။ မတွေ့ဘူး။ ဘိုင်ဆပ်အဖို့ ခံပြင်းခြင်း၊ နာကြည်းခြင်းတို့ဟာ ဖြစ်နေတယ်။ တစ်ညလုံး မအိပ်နိုင်ဘူး။

နောက်တစ်နေ့ နံနက်ကျမှပဲ ရွှေမြို့တော်ရဲ့ တောင်ပြင်ဇရပ်တန်ဆောင်းမှာ သွားတွေ့တယ်။ အဲဒီအချိန်မှာ ဘိုင်ဆပ်သမီးဟာ မေ့မြောနေပြီ။ ဝတ်ထားသည့် အဝတ်တွေဟာလည်း လုံလုံခြုံခြုံ မရှိတော့ဘူး။ စုတ်ပြတ်နေပြီ။ ဘိုင်ဆပ်အဖို့ ဆွေ့ဆွေ့ခုန်တော့တာပေါ့။

ဒါဟာ မတရားလုပ်နေသည့် သူ့ကို ခံရသည့် သူက လက်တုံ့ပြန်တာပဲ။ လက်စားချေတာပဲ။ အဲဒီအမှုဟာ လုံးဝ မေးမြန်းလို့ မရဘူး။ ဘယ်သူ့ကို ထင်ရမှန်းလည်း မသိဘူး။

နိမိတ်အင်းလို့ ခေါ်တဲ့ တောင်သမန်အင်းဟာ အလွန်ကျယ်ပြောတယ်။ အရှေ့ထိပ်မှာ ရှိတဲ့ တောင်သမန်ရွာကို ရောက်ဖို့မလွယ်ဘူး။ သည်တော့ မြို့စာရေး မောင်ပိန်က အကြံရလာတယ်။ ဘုရင်မင်းမြတ်ကို ခုတုံးလုပ်ပြီး သူ့နာမည်ကောင်းရဖို့အတွက်ပေါ့။

တောင်သမန်အင်းကို ဖြတ်ပြီး တံတားဆောက်ဖို့ပဲ။ သည်တုန်းက အင်းဝမြို့တော်ဟောင်းမှာ နန်းတော်ဟောင်းတွေ ရှိတယ်။ စစ်ကိုင်းမြို့ဟောင်းမှာလည်း ရှိတယ်။ အဲဒီ နန်းတော်တိုင်တွေကို သယ်ယူစေတယ်။ အဲဒီနန်းတော်ဟောင်းများက သစ်သားများဟာ အပို ဖြစ်နေတယ်။

ဘာကို အသုံးချရမယ်ဆိုတာလည်း မသိကြဘူး။ မှူးကြီးမတ်ရာတို့ကလည်း မစဉ်းစားမိကြဘူး။ ဒါကို ကြံကြံစည်စည် မြို့စာရေးငပိန်က အကြံရလာတယ်။ ရလာတဲ့ အကြံအစည်ကို ချက်ချင်း အကောင်အထည်ဖော်တာ ဖြစ်တယ်။



မြို့စာရေးငမိန်က အတွင်းတော်က အမိန့်ကျကျခြင်းပဲ တံတားကို ကိုယ်တိုင်ကြီးကြပ် ဆောက်လုပ်တယ်။ အနီးပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေကို ဆင့်ဆိုတယ်။ လုပ်ခ တစ်ပြားမျှ မပေးဘူး။

သူ့ရွာနှင့်သူ့အလှည့်၊ သူ့ရပ်ကွက်နှင့် သူ့အလှည့်ကျ လုပ်ဆောင်ပေးကြရတယ်။ မလုပ်လို့ကလည်း မရကြဘူး။ မင်းမိန့်အာဏာနှင့် ခိုင်းစေတာ ဖြစ်တယ်။ ပြီးတော့လည်း မင်းတရားကြီး၏ အရေးပေးခြင်း ခံရတဲ့သူ မဟုတ်လား။

တောင်သမန်တံတားဆောက်တာ (၂) နှစ်ကြာတယ်။ ကြီးကြပ်ဆောက်လုပ်တဲ့ ငပိန်ကို အစွဲပြုပြီး ငပိန်တံတားလို့ ခေါ်ကြတယ်။ ဖြစ်သင့်တာကတော့ တောင်သမန်အင်းကို ဖြတ်ပြီး တောင်သမန်ရွာအထိ ဆောက်လုပ်ထားလို့ တောင်သမန်တံတားလို့ပဲ ဖြစ်သင့်တာပေါ့။ တကယ်တော့ ပဒေသရာဇ်ခေတ်ဟာ သခင်လည်းယစ်၊ ကျွန်လည်းယစ်တဲ့ခေတ်ပဲ။

တောင်သမန်တံတားကို ၁၂၁၀ ခုနှစ်မှာ စပြီးဆောက်လုပ်တယ်။ နဝအဌမယ မောင်ပိန်ဆိုတဲ့အတိုင်း တိုင်ပေါင်း ၉၈၄ တိုင် ရှိတယ်။ ခရီးသွား နားနေဖို့ ဇရပ် ၄ ဆောင် ရှိတယ်။ အဲဒီဇရပ် ၄ ဆောင်မှ တိုင်တွေပါ ထည့်ရေတွက်လျှင် တိုင်ပေါင်း ၁၀၈၆ တိုင် ရှိတယ်။

မောင်းကြောင်း ၉ ခု၊ အခန်းပေါင်း ၄၈၂ ခန်း၊ အခန်းကြမ်းပြင်မှာ ခင်းထားတဲ့ ပျဉ် ၉ ချပ် ရှိတယ်။ တံတားပေအရှည် ၃၉၆၇ ပေ ရှိတယ်။ မြို့ဝန်ဘိုင်ဆပ်၊ မြို့စာရေး ငပိန်တို့လိုပဲ မားထက်နေတဲ့ မင်းသားတစ်ပါး ရှိတယ်။ မင်းသား မောင်ကျောက်လုံးဆိုတာပဲ။ ပုဂံမင်းရဲ့ သီပေါမြို့စား မြောက်နန်းတော်မိဖုရား သီရိမဟာရတနာဒေဝီက မောင် ကျောက်လုံးရဲ့ နှမတော်အရင်း ဖြစ်တယ်။

နှမကောင်းစားတော့ မောင် အိမ်ဦးခန်းပေါ့။ သူဟာ သာမန်အရင်းသား တစ်ဦးပဲ။ ဒါပေမဲ့ ဘုရင်မင်းမြတ်က မြောက်စားထားတော့ မောင်ကျောက်လုံးက မင်းသားအဆောင်အယောင် ရတော့တာပေါ့။

ခုဆိုလျှင် သူလည်း နေပြည်တော်မှာ လုပ်ချင်တာ လုပ်လို့ရတဲ့ မင်းသား ဖြစ်နေပြီ။ ပုဂံမင်းကို နှမပေးထားပြီး သူလည်း သူ့နည်း

www.burmeseclassic.com

www.burmeseclassic.com



သူတန်နှင့် ဆိုးသွမ်းခဲ့သူတစ်ဦး ဖြစ်တယ်။ မင်းသားမောင် ကျောက်လုံးဟာ မိန်းမတွေရဲ့ ကောင်းကြောင်းကို ရေးခဲ့တယ်။ အဲဒါကတော့ ဇွေသဃဝါစာ မေတ္တာစာ ခေါ်တယ်။

'ကျော်သစ်နီတုံ၊ ကသိုဏ်းပုံ၊ လေ့ကြုံစီးတတ်သည်၊ ယောကျ်ားနှင့် မနည်းစေနှင့်၊ စောင့်အမှောင့်ရှောင့်လည်း များသည်၊ ကုန်ဈေးဝလည်း ကျသည်၊ မောင်တို့အရပ်က တခို လူပျိုလည်း များသည်၊ လပ်ကော့ကော့ အဝတ်သစ်များနှင့် တန်းလျားဆိုင်ပေါ်မှာ၊ မျှော်သလို မနေစေနှင့်၊ ကာလလူကို နှစ်လုံးသွင်း၊ နိုင်နင်းအောင်ဆို၊ ညီလို ထင်လို့ပြောသည်၊ သဘောမကျလျှင် မင်းအဖေကိုမေး၊ နောင်ရေးကို ထောက်ထား၍ စကားကို အကုန်မကြား သင့်၊ မယားကို မယုံစားနှင့်၊ စကားကို အကုန်ကြားက အလကား ဖြစ်တတ်သည်၊ မယားကို ယုံစားက အကျား ချစ်တတ်သည်၊ အတည်တည်မှာသမျှကို ပဒုမဇာတ်ကို ထောက်ထား၍ နှစ်လုံးပြု၊ တစ်ခုမတိမ်းရအောင်ဆက်၊ တစ်နေ့သုံးကြိမ် ကျက်၊ အနက်အဓိပ္ပာယ်ကို သရုပ်ရှာယ်၍ရှု၊ လူ့အမှုကို ကျွမ်းကျင်က မုပြေစာပြီးသည်။ ဟော့ရမ်းကိုပယ်၊ သင့်အကျင့်ကို မလိုက်နှင့်၊ မိုက်ရမယ် အရွယ်ပေ မောင်သိုင်း။'

သည်တုန်းက တချို့မိဘတွေဟာ အသိဉာဏ်ကင်းမဲ့ဟန်တူတယ်။ သူတို့ရဲ့သားသမီးများကို ဆုံးမဖို့ မလွယ်ဘူး။ ခက်တယ်ဆိုလျှင် ရွှေမြို့တော်ဝန်ထံ ပို့အပ်ပြီး ဆုံးမခိုင်းတယ်။ တစ်နေ့တော့ ဖိုးသူတော်တစ်ဦးဟာ သူ့သားတစ်ယောက်ကို ဆုံးမဖို့ ခက်နေတယ်။ ဘယ်လိုမှ မနိုင်ဘူး။

သည်တော့ သူ့သားကို ခေါ်လာပြီး ဆုံးမပေးဖို့ မြို့တော်ဝန်ဘိုင်ဆပ်ကို အပ်နှံတယ်။ ရွှေမြို့တော်ဝန် ဘိုင်ဆပ်က ဆုံးမပေးမယ်ဆိုပြီး ရှေ့တင်မှာပဲ ရိုက်သတ်ပစ်ခဲ့တယ်။ သည်လိုနည်းနှင့် လူပေါင်းမြောက်များစွာကို သတ်ပစ်ခဲ့တယ်။

လူတွေရဲ့ အသက်ပေါင်း ခြောက်ရာနီးပါးဟာ သေကျေခဲ့ရတယ်။ သည်တုန်းက လူတွေအဖို့တော့ မကြည့်ချင်လျှင်လည်း မနေရဘူး။ မသိချင်လျှင်လည်း မနေရဘူးပေါ့။ လူပုံလူလတ်က အေးတိအေးစက် မည်းနက်နက်ရှိတဲ့ ငပိန်ကလည်း ဒုစရိုက်သမားပဲ။



ရွှေနန်းရှင်ဘုရားအဖို့မှာတော့ တိုင်းရေးပြည်ရေးကို မင်းညီမင်းသားနှင့် မှူးမတ်များကို လွှဲထားတယ်။ အပျော်အပါးမှု၊ တိရစ္ဆာန်တိုက်မှု၊ လက်ပွေ့၊ လက်ဝှေ့တိုက်မှုများမှာ ဝင်စားပျော်မွေ့နေတယ်။ အတွင်းမှာလည်း အတွင်းဝန်၊ ကျိဝန်ဦးပွားဟာ ဩဇာကြီးတယ်။ ထိထိရောက်ရောက်ရှိတယ်။ တစ်နှစ်ပတ်လုံး ရာသီပွဲမှာလည်း ကစားနေတာ ဖြစ်တယ်။

ပုဂံမင်းဟာ နံနက်မျက်နှာသစ်တော် ရေကပ်ပြီးတာနှင့် ယနေ့ဘာပွဲများ ရံထားသလဲ ဆိုတာ အမြဲမေးလေ့ ရှိတယ်။ ဒါကို ဆိုင်ရာအရာရှိက လူဆင့်ကစပြီး တခြားတိရစ္ဆာန်တွေ မည်မျှ တွဲဖက်ထားကြောင်း တင်လျှောက်ကြရတယ်။

အဲဒါတွေပြီးမှ ညီလာခံထွက်လာဖို့ လိုသေးသလားလို့ မေးတယ်။ ဒါတွေကို မင်းသား မောင်ကျောက်လုံးနှင့် အတွင်းဝန် မောင်ပွားတို့က ရှိလျှင်ရှိကြောင်း၊ မရှိပါက မရှိကြောင်း လည်း လျှောက်ထားရတယ်။ အတွင်းတော်မှာ သူတို့နှစ်ဦးဟာ ချယ်လှယ်ချင်သလို ချယ်လှယ် နေကြတာပဲ။

ဒါကို တခြားအရာရှိကြီးငယ်တို့ဟာ လိုက်နာကြရတယ်။ မလိုက်နာလို့ကလည်း မရဘူး။ တစ်ခါတုန်းကပေါ့။ အတွင်းဝန်မောင်ပွားကို မလေးစားတဲ့ ဝန်ထောက်တစ်ဦးနှင့် နာခံတော် တစ်ဦးတို့ဟာ အရာက အနုတ်ခံရတယ်။ ထောင်ကျခံရတယ်။

သည်တုန်းက တောင်သမန်အင်းကို ဘေးမဲ့ပေးတော်မူထားတယ်။ အဲဒီဝန်ထောက်နှင့် နာခံတော်တို့က အတွင်းတော် မောင်ပွားထံ အဝင်အထွက် မလုပ်ဘူး။ ခပ်မှန်မှန်ပဲ နေတယ်။ ဒါကို မောင်ပွားက မကျေနပ်ဘူး။ သည်တော့ ပုဂံမင်းကို ကျိဝန်မောင်ပွားက တင်လျှောက်တယ်။

အဲဒီဝန်ထောက်နှင့် နာခံတော်တို့ဟာ ဘေးမဲ့အင်းထဲက ငါးဖမ်းတယ်ပေါ့။ ပုဂံမင်းကလည်း မစဉ်းစားဘူး။ ချက်ချင်းပဲ အရာထနုတ်ပြီး ထောင်ချလိုက်တယ်။ တကယ်တော့ အိမ်တော်ဝန် မောင်ပွားထံ မခစားလို့ ခံရတာပဲ။ ဒါကို သိကြပေမဲ့ ဘယ်သူကမှ မပြောရဲကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ဟာ ထွက်တော်မူ မလာတော့ မောင်ပွားနှင့် မောင်ကျောက်လုံးတို့ရဲ့ အမိန့်တော် ပြန်သမျှ ခံကြရတာပေါ့။ မြို့တော်ဝန်ဘိုင်ဆပ်ဟာ နေပြည်တော်မှာ ပုဂံမင်းပြီးလျှင် သူ့ကိုပဲ ကြောက်နေရတယ်။ ခက်တာက အမရပူရရွှေမြို့တော်ဟာ မင်းနေပြည်တော် ဆိုပေမဲ့ နေရထိုင်ရတာ ထိန့်လန့်စာစား ဖြစ်နေတယ်။ ရွှေနန်းတော်အတွင်းမှာကလည်း အခြေအနေ မကောင်းဘူး။ အနိဋ္ဌာရုံရဲ့ ရှေ့ပြေးအရိပ်များဟာ ထိုးကျနေပြီ။

သည်အရေးကို သရက်မင်းသားက ဦးဆောင်နေတယ်။ သူဟာ ပုဂံမင်းတရားရဲ့ ညီတော် ပခန်းမင်းသား သီရိသီဟသူရဓမ္မရာဇာရဲ့ သားတော် ဖြစ်တယ်။ ပုဂံမင်းတရားကြီးရဲ့ ဟာကွက်ပျော့ကွက်ကို ကြည့်ပြီး ထီးနန်းသိမ်းယူဖို့ ကြံစည်ခြင်း ဖြစ်တယ်။ အားလုံး စုစုစည်းစည်းနှင့် တိုင်ပင်ပြောဆိုကြသည်။

သရက်မင်းသားအဖို့ သည်အရေးကို လုပ်ကိုင်ဖို့ မစဉ်းစားခဲ့ဘူး။ ဒါပေမဲ့ သူ့နောက်မှာ ရွှေနန်းတော်အတွင်းက ပုဂ္ဂိုလ်အချို့ ပါရှိတော့ ဆက်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ပခန်းမင်းသားကြီးကော၊ အတွင်းဝန်ဝတိုး၊ ငထွေးတို့လည်း ပါတယ်။ တကယ်တော့ သရက်မင်းသားက ရုပ်ပြပဲ။ သူဦးဆောင်တယ်ဆိုတာထက် သူတို့က ဦးဆောင်တယ်ဆိုလျှင် ပိုမှန်တယ်။

ခဲပေါင်မြို့စား၊ ရွှေတိုက်ဝန်ငဟောန်လည်း သည်အရေးမှာ ပါတယ်။ သူက ရွှေတိုက်ဝန် ဆိုတော့ နန်းစဉ်ကျောက်ရွှေငွေ ဘဏ္ဍာတော်အချို့ကို ထုတ်ပေးတယ်။ သူနှင့်အတူ ရွှေတိုက်စိုး ငချစ်ဘက်၊ ငရွှေသိုင်း၊ ရွှေတိုက်ကြပ်ငရွှေသီး၊ ကြီးတို့လည်း ပါတယ်။

လူဆိုတာကလည်း ခက်သားကလား။ မပြောပါနှင့် ဆိုတာကို သိပ်ပြောချင်ကြတယ်။ ဗူးတစ်ရာအပေါက်ကို လုံအောင် ပိတ်နိုင်တယ်။ ပါးစပ်တစ်ပေါက်ကို လုံအောင်ပိတ်နိုင်ဖို့တော့ ခဲယဉ်းတယ်။

သည်တော့ သည်လျှို့ဝှက်သတင်းကို အတွင်းတော်က သိသွားပြီ။ ချက်ချင်းပဲ အားလုံး ကို ဖမ်းစေတယ်။ တူတော်ဖြစ်သည့် သရက်မင်းရဲ့ စားကျေးမြို့ရွာများကို နုတ်သိမ်းလိုက်တယ်။



အပေါင်းအပါ လူတစ်ဆယ့်ငါးဦးကို သုသာန်ထုတ် ဓားနှင့် ခုတ်သတ်စေတယ်။ သူတို့ဟာ ဘာမျှ မလှုပ်ရှားလိုက်ရဘူး။ ခဲဝေါင်မြို့စား ရွှေတိုက်ဝန်ငဟောန်နှင့် သူ့နှမ မိဖြူ သားမယားတို့ကို ထောင်သွင်း အကျဉ်းချထားလိုက်တယ်။ ကျန်တဲ့ ရွှေတိုက် အမှုထမ်းများကိုတော့ ထုံးစံနှင့်အညီ စီရင်တော်မူတယ်။ သတ်ပစ်တာပေါ့။

တစ်ခါတော့ ပုဂံမင်းက အိမ်နှင့်လှောင်ထားတဲ့ တိုက်ချိုးများ လွတ်ထွက်သွားသည့်အတွက် ချိုးစောင့်တဲ့ အမှုထမ်းတွေ အရိုက်ခံရတယ်။ အချို့တို့မှာ အရိုက်ခံရပြီးနေရာမှာပဲ သေဆုံးသွားကြတယ်။ ချိုးအိမ်လုပ်သည့်သူလည်း တောင်းမွန်အောင် မလုပ်ဘူးဆိုပြီး တုံးဒိ နေလှန်းတယ်။ ဒါပေါ့ သက်ဦးဆံပိုင်ခေတ်ဆိုတာ သည်လိုမှ တော်ရုံ ကျတာပဲ။

အလုံမြို့၊ စီရင်စု၊ ညောင်တန်ရွာ၊ ပုတလင်းရွာတို့ကို ကျောက်တိုင် နယ်နိမိတ် သတ်မှတ် တယ်။ ကျောက်တိုင် စိုက်မတ်ပြီး သားငှက်တိရစ္ဆာန်များကို ဘေးမဲ့ပေးတယ်။ အဲဒီနေရာကို ဘကြီးတော်မင်းတရား လက်ထက်တုန်းကလည်း ဘေးမဲ့ပေးတော်မူခဲ့သေးတယ်။

အဲဒါဟာ ပုဂံမင်းရဲ့ ကုသိုလ်ကောင်းမှုများထဲက တချို့ပဲ ဗားကရာ တိုက်မှာ ကျောင်းဦးပြာသာဒ်နှင့် စံကျောင်းတော်ကြီး ဆောက်လုပ် လှူဒါန်းတယ်။

၁၂၀၉ ခု၊ တန်ဆောင်မုန်း လဆန်း၊ ၁၃ ရက်နေ့မှာ ထောင် အကျဉ်းခံရသူ ၃၈ ယောက်ကို ဘေးမဲ့ပေးတော်မူတယ်။ သည်တုန်းက မြန်မာတို့ရဲ့ သမိုင်းကို ပြန်ကြည့်လျှင် တိုင်းပြည်ရေးက သည်လောက် ရှုပ်ထွေးတာ မဟုတ်ဘူး။ ရွှေနန်းတော်အတွင်းရေး ရှုပ်ထွေး နေတာပဲ။ ဘုရင်မင်းမြတ်ရဲ့ အိမ်တွင်းရေးတွေဟာ သပွတ်အူလို ပွေလိမ်နေတယ်။

မြန်မာတို့ရဲ့ ဘုရင်မင်းတရားကြီးတွေဟာ မိဖုရား ၄ ပါး ရှိရတယ်။ ဒါက အစဉ်အလာ တစ်ရပ်ပဲ။ အဲဒီအစဉ်အလာအတိုင်း မထားလို့ မရဘူးလား မသိဘူး။ တောင်နန်းတော် မိဖုရား၊ မြောက်နန်းတော် မိဖုရား၊ အလယ်နန်းတော် မိဖုရား၊ အနောက်နန်းတော် မိဖုရားတို့ ပေါ့။ အဲဒါက နန်းရမိဖုရားတွေ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အပြင် တောင်တော်ဆောင် မိဖုရား၊ မြောက်ဆောင် မိဖုရား၊ တောင်ရွှေရေးဆောင် မိဖုရား၊ မြောက်ရွှေရေးဆောင် မိဖုရားတို့ ဖြစ်တယ်။ ဒါက အဆောင်ရ မိဖုရား ၄ ပါးပဲ။

သည်လို နန်းရ၊ အဆောင်ရ မိဖုရား ရှစ်ပါးအပြင် တခြားအဆင့် နိမ့်တဲ့ မိဖုရားတွေ ရှိသေးတယ်။ တန်းလျားရ မိဖုရား၊ တန်းလျားမရ မိဖုရား၊ ဒေဝီဘွဲ့ခံ မိဖုရား၊ မဟေသီဘွဲ့ခံ မိဖုရားငယ်တို့လည်း ရှိတယ်။

ဝတီဘွဲ့ခံ ကိုယ်လုပ်တော်ကြီး၊ သီရိဘွဲ့ခံ ကိုယ်လုပ်တော်လတ်၊ မင်းတပ်ဘွဲ့ခံ ကိုယ်လုပ် တော်ငယ်တို့ပဲ ဖြစ်တယ်။

မင်းတရားကြီး ကောက်တော်မူတိုင်းလည်း မိဖုရား အခေါ်ခံရတာ မဟုတ်ဘူး။ နန်းရ မိဖုရား ၄ ပါးနှင့် အဆောင်ရ မိဖုရား ၄ ပါးတို့မှ လွဲလျှင် ကျန်မိဖုရားများကို ကိုယ်လုပ်တော် လို့ သိမ်းကြုံးခေါ်တယ်။

မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့၏ မယ်တော်လည်း အဆောင်ရ မိဖုရား ဖြစ်တယ်။ တောင်ရွှေရေးဆောင် မိဖုရားပေါ့။ တောင်ရွှေရေးဆောင်ကို နှစ်ထပ်လည်ပေါ်နှင့် အဆောင်မကြီးအား တဲဆောင် နှစ်ဆောင်ရှိပြီး ဆောက်လုပ်ထားတယ်။ အလယ်ဆောင်မကြီးဟာ ဟင်္သာပြဒါးအနီခံပြီး နှုတ်ခမ်းသတ် ရွှေရေးထားတယ်။

ဘယ်လိုပဲ မကောင်းမှု ပြုပါစေ။ စေတနာဆိုတာ ချက်ချင်း အကျိုးပေးတတ်တာပဲ။ အမှန်တရားဆိုတာကလည်း တစ်နေ့မှာ တစ်နည်း မဟုတ်တစ်နည်းနှင့် ပေါ်လာတာပဲ။ ဟောအခုလည်း ကြည့်လေ တစ်သက်လုံး ဖုံးသမျှ ကုန်းထမှ ပေါ်သလို မြို့ဝန်ဘိုင်ဆပ်နှင့် မြို့စာရေးငပိန်တို့ ကံကြမ္မာဟာ သေတွင်းနှင့် တိုးလာပြီ။ သံသရာနှင့် စာလိုက်လျှင် တစ်ဘဝဆိုတာ ခဏလေးပဲ။ သည်တော့ သည်တစ်ဘဝကို မကြည့်ဘဲ သံသရာကို မျှော် ကြည့်ပြီးမှ လုပ်သင့်တယ်။

သံသရာဆိုတာက သေပြီးမှ ဘဝကူးတာ မဟုတ်ဘူး။ နာမ်ရုပ်တွေ အဆက်မပြတ် ဖြစ်ပျက်နေတာကို ခေါ်တာပဲ။ လူ့ဘဝမှာ စည်းစိမ်ချမ်းသာနှင့်နေပြီး သေခါနီးမှ ဒုက္ခပါပဲလို့ သိတာဟာ ရှက်စရာအတိကောင်းတယ်။



တကယ်တော့ ကောင်းကျိုးရှိရာ ကောင်းကျိုးလာတယ်။ မကောင်းမှု ရှိရာကိုလည်း မကောင်းကျိုးပေးရမှာပဲ။ ဘိုင်ဆပ်တို့မှာတော့ မကောင်းအာရုံများဟာ အလတားနေရင်း ပေါ်နေတယ်။ ပေါ်နေသည်နှင့်အမျှ မွေ့လျော်တယ်ပေါ့။ သူတို့ဟာ မင်းတရားကြီးရဲ့ အိမ်တော်ဝါတွေ။ သည်လို မာနတွေ တစ်ခွဲသားနဲ့ နေလို့ပဲ တခြားသူတွေကို အထင်သေးနေတာ။ ဒါဟာ သဘာဝပဲပေါ့။

အပျော်အပါးများတဲ့ မြို့ရွာနိုင်ငံတွေဟာ ဆင်းရဲစမြဲပဲ။ အဲဒီမှာ မှီတင်းနေထိုင်ကြတဲ့ လူအများဟာလည်း ပျော်ပါးမှုနောက်မှ တကောက်ကောက် လိုက်နေရတယ်။ သည်တော့ ဆင်းရဲတာ မဆန်းဘူး။

ခုဆိုလျှင် သူတို့ရဲ့ လုပ်ရပ်တွေဟာ တစ်ခုချင်း အမျှင်တန်း ပေါ်လာပြီ။ လူတွေကို နှိပ်စက်၊ သတ်ဖြတ်မှုတွေဟာလည်း ဖုံးကွယ်လို့ မရတော့ဘူး။ သည်လို စဖြစ်ဖို့ ကြုံလာတာကလည်း အင်ပူမိဖုရားတစ လာတာပဲ။

တစ်နေ့တော့ အင်ပူမိဖုရားရဲ့ အိမ်တော်မှာ ပစ္စည်းပျောက်တယ်။ မိဖုရားရဲ့ လက်ဝတ် ရတနာအချို့ပေါ့။ ဒါကို ပုဂံမင်းက မြို့ဝန်ဘိုင်ဆပ်ကို စစ်ဆေးစေတယ်။ ဘိုင်ဆပ်ဟာ အနောက်ဆောင်ထဲကို တန်းဝင်သွားတယ်။ တကယ်တော့ အနောက်ဆောင်ဆိုတာက မင်းရဲ့ မိဖုရားတွေ၊ မိန်းမသားတွေ နေရတဲ့ နေရပ်ပဲ။

ဘယ်ယောကျာ်း တစ်ယောက်မျှ မသွားမလာရဘူး။ အရေးကြီးငယ်ရှိလို့ သွားလာချင်လျှင် အနောက်ဝန်၊ အနောက်စာရေးတို့ကို အခွင့်ပန်ရတယ်။ အသိပေးရတယ်။

ခုတော့ သည်လို မဟုတ်ဘူး။ ဘိုင်ဆပ်ဟာ မိဖုရားဆောင်တွေထဲမှာ တစ်ကိုယ်တော် ဝင်ထွက်သွားလာနေတယ်။ အဲဒီအဆောင်တွေက သင်းကွပ်ထားတဲ့ မိန်းမစိုးတွေပဲ ဝင်ခွင့် ရှိတယ်။ ဘုရင်မင်းမြတ်ရဲ့ ညီတော်၊ သားတော် ဘယ်သူမျှ သွားလာဝင်ထွက်ခွင့် မရှိဘူး။

ယောကျာ်းသားတွေအဖို့ လုံးဝ တားမြစ်ထားတဲ့ အရှင်ပိုင်နယ် ဖြစ်တယ်။ သည်အကြောင်းကို အင်ပူမိဖုရားက ပုဂံမင်းတရားထံ

www.burmeseclassic.com

www.burmeseclassic.com



တင်လျှောက်တယ်။ မယားထိ မားကြည့် ဆိုသလိုပဲ။ သူအလွန် ယုံကြည်တဲ့ ဘိုင်ဆပ်ကို ချက်ချင်း ဖမ်းဆီးစေတယ်။ ထောင်တွင်း ချထားစေတယ်။

သည်တွင်မှ သူ့ရဲ့ အစော်ကားခံ၊ အနှိပ်စက်ခံရသူတွေအားလုံးတို့က သတ်ဆိုင်ရာကို တိုင်ကြားရဲတော့တယ်။ ခုဆိုလျှင် ဘိုင်ဆပ်နှင့် မြို့စာရေး ငပိန်တို့ဟာ လက်မရွံ့ထောင်ထဲမှာ စံမြန်းနေကြရပြီ။

တကယ်တော့ ပုဂံမင်းအဖို့ သူမွေးသည့်မျောက်က သူ့ကို ပြန်ချောက်တာပဲ။ ဘိုင်ဆပ်ကို စစ်ဆေးမေးမြန်းရင်းက သည့်ထက် အရေးကြီးတဲ့ ပြဿနာတွေဟာ အားလုံးပေါ်လာခဲ့တယ်။ ဒါက တခြားမဟုတ်ဘူး။

ပုဂံမင်းဟာ ဘိုင်ဆပ်ကို အဖမ်းမြန်လို့ပဲ။ နို့မဟုတ်လျှင် ရွှေထီးရွှေနန်းကိုတောင် လုယူဖို့ ကြံစည်တယ်ဆိုပါလား။ အားလုံး အံ့အားသင့်ကြရတယ်။ ဒါပဲပေါ့ ဟုတ်လို့ပေါ်လာတယ်ဆိုတာ ရွှေမြို့တော်ဝန်ဆိုတာက ပုဂံမင်းရဲ့ ယုံကြည်စိတ်ချတော်မူလို့ ခန့်အပ်ထားတာပဲ။

ဒါကို ဘိုင်ဆပ်အဖို့ အေးအေးဆေးဆေး မနေဘူး။ သည့်ထက်ပိုပြီး ကြီးထွားချင်ဟန်တူရဲ့။ မတန်မရာကို ကြံစည်တယ်ပေါ့။ သည်တော့ သူ့ကို အတွင်းတော်က အဆုံးစီရင်စေလို့ အမိန့်တော် မှတ်တော်မူတယ်။ သူနှင့်အတူ မြို့စာရေးမောင်ပိန်လည်း အဆုံးစီရင်ရမယ်ပေါ့။

ဘိုင်ဆပ်နှင့်ငပိန်ကို အဆုံးစီရင်စေဆိုတာကို ကြားသိတဲ့လူတွေဟာ လက်မရွံ့ထောင် နားမှာ စုဝေးနေကြတယ်။ အဲဒီအထဲမှာ လင်သေ၊ သားသေ၊ သမီးသေ စတဲ့လူတွေချည်းပဲ။ သားအသတ်ခံရတဲ့ သူတော်ကတော့ မားမကို ထမ်းလျက်သားစောင့်နေတယ်။

သည်တုန်းက သူတို့အားလုံးရဲ့ ဆန္ဒဟာတစ်ခုတည်းပဲ ရှိတယ်။ ဘိုင်ဆပ်နှင့်ငပိန်ကို သူတို့လက်ချက်နဲ့ သတ်ချင်နေကြတာပဲ။ လူတွေဟာ ရှုတ်ရှုတ်သဲသဲနှင့် ထောင်ဘက်ဝန်း ကျင်မှာ ရှိနေတယ်။

နေကားစောင်းပြီ။ အချိန်တန်လို့ သူတို့နှစ်ဦးကို လှည်းပေါ်တင်ပြီး အနောက်တံခါး အတိုင်း ထွက်လာတယ်။ သရက်တစ်ပင် သုသာန်မှာ မားနှင့်ခုတ်သတ်တော့မယ်ပေါ့။ အနောက်တံခါး လွန်တာနှင့် အခြေအနေဟာ တစ်မျိုးပြောင်းသွားတယ်။



အာဏာသား၊ ပါးကွက်သားတွေကလည်း ပေါ့ပေါ့လျော့လျော့ရှိတယ်။ နှောင်ကြိုး တဲလာတဲ့ ငမိုက်သား နှစ်ဦးဟာ လှည်းပေါ်မှာ အငူသား ရှိနေတယ်။ ဘိုင်ဆပ်အဖို့ တန်ခိုး ကြီးခဲ့တဲ့ မိမိဘဝဟာ ခုတော့ အလကားပဲဆိုတာ သိနေပြီ။

သတ္တိမရှိပေမဲ့ အာဏာကလေး ရှိနေတော့ လုပ်ချင်ရာတွေ လျှောက်လုပ်ခဲ့တဲ့ ငပိန်ဟာလည်း ခုတော့ စကားတောင် မဟဝံ့တော့ဘူး။ အနောက်တံခါးလွန်တာနှင့် လူစုလူဝေးဟာ ပိုများလာတယ်။

သူတို့လက်ထဲမှာ တုတ်တိုတွေ အများဆုံး ကိုင်လာကြတယ်။ အရင်က မော်လို့ မကြည့်ဝံ့တဲ့သူတို့တစ်တွေဟာ အခုတော့ တံတွေးတွေနဲ့ ဝိုင်းထွေးကြတယ်။ ချက်ချင်းပဲ လှုပ်ရှားမှု တစ်ခုကြောင့် လူတွေကို အံကြွစေတယ်။ သွေးဆူစေတော့တယ်။ သားအသတ်ခံခဲ့ရတဲ့ ဘိုးသူတော်ဟာ ရှေ့ဆုံးက မားကိုင်ပြီး လှည်းပေါ် ပြေးတက်လိုက်တယ်။ ပြီးမှ ဘိုင်ဆပ်နှင့် ငပိန်တို့ကို အားရပါးရ ခုတ်တော့တယ်။ တခြားသူတွေကလည်း သူ့လိုလက်ထဲမှာရှိသည့် ရရာလက်နက်များနှင့် တိုက်ခိုက်တော့တယ်။

တာဝန်ရှိတဲ့ အာဏာပါးကွက်သားတွေလည်း သူတို့အသက်ကို လုပြေးရတော့တယ်။ သည်လိုအားဖြင့် ဘိုင်ဆပ်နှင့် ငပိန်တို့ဟာ ပြည်သူတွေရဲ့ လက်ချက်နှင့် သေဆုံးသွားတော့ တယ်။

ဒါပဲပေါ့ မဟုတ်တာ လုပ်လျှင် မဟတ်တာ ဖြစ်တာပါပဲ။ လူဆိုတာကလည်း အမြဲတမ်း အသက်ရှင်ကြရတာ မဟုတ်ဘူး။ တိုတောင်းတဲ့ လူ့ဘဝမှာ မဟုတ်တာများများလုပ်လျှင် အသက်တိုတတ်တာပဲ။ စေတနာဆိုတာ တူသော အကျိုးကို ပေးတတ်တယ်ပေါ့။

ပုဂံမင်းဟာ ပခန်းမင်းကြီး ဦးမှိုကို ရန်ကုန်မြို့တွင် အိမ်တော်ဆာ စေတီ တည်စေတယ်။ ပဲခူးရေဝန်မင်းကြီးက တာဝန်အားလုံးတို့ ယူ တယ်။ သာယာဝတီမင်းတရားကြီး ရန်ကုန်မြို့သို့ စုန်စဉ်က စံအိမ်ဆောင် နေရာမှာ ဖြစ်တယ်။

နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးဟာ ပုဂံမင်းနန်းတက်ပြီးတာတည်းက ပြောင်းလွဲလာတယ်။ နိုင်ငံတော်ရဲ့ စည်းလုံးရေးအင်အား ချည့်နဲ့လာ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူဟာ ခမည်းတော်မင်းတရားလို နိုင်ငံတော်ကို မအုပ်ချုပ်နိုင်ဘူး။ ထထကြွကြွလည်း မရှိဘူး။ ပုဂံမင်းဟာ တောပစ်လယ်ခြင်း၊ ကြက်တိုက်ခြင်းနှင့်သာ အချိန်ကုန်နေတယ်။

နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးကို ညီတော်မင်းတုန်းမင်းနှင့် မကွေးရာမင်းသား မှူးမတ်များကိုပဲ လွှဲထားတယ်။ သည်တော့ ပုဂံမင်းအုပ်ချုပ်စဉ်ကာလမှာ နိုင်ငံတော်ရဲ့ အခြေအနေဟာ မကောင်းလှဘူး။

ကစင့်ကလျား ဖြစ်နေပြီ။ ပိုခက်တာက အသားထဲက လောက်ထွက်နေကြတဲ့သူတွေပဲ။ သည်တုန်းက အင်္ဂလိပ်တို့ဟာ အတွင်းတော်ထဲအထိ သူလျှိုများထားခဲ့တယ်။ လူဆိုတာက ငွေဘက်ပါတာတွေချည်းပဲ။

မတန်တဆ ရလာတဲ့ ငွေမျက်နှာကိုကြည့် အတွင်းတော်က သတင်းများကို ပေးပို့တယ်။ သူတို့အဖို့ နိုင်ငံတော်ရဲ့ မျက်နှာကို မကြည့်တော့ဘူး။ ငါတို့ သည်လိုသစ္စာဖောက်ခြင်းအတွက် နိုင်ငံတော်ဟာ ကျွန်ဖြစ်တော့မယ် ဆိုတာလည်း မသိကြဘူး။ မတွေးတောကြဘူးပေါ့။

အင်္ဂလိပ်တို့ဟာ မြန်မာတို့ရဲ့ အားနည်းနေတဲ့ ကာလအထိ စောင့်ကြည့်နေတယ်။ မိမိကိုယ်ကို အထင်တကြီး ရှိနေတဲ့ မြန်မာတို့ကလည်း အမူမဲ့ အမှတ်မဲ့ နေနေကြတယ်။ တကယ်ဆိုတော့ ခမည်းတော် သာယာဝတီမင်းရော သားတော် ပုဂံမင်းကပါ ရန္တပိုစာချုပ် ကို စိတ်နာကြတယ်။ ရွံမုန်းကြတယ်။

အထူးသဖြင့် အင်္ဂလိပ်တို့ရဲ့ ကျူးကျော်ရန်စမှုကို ဖြစ်တယ်။ မတရား အနိုင်အထက် ပြုမူတယ်ဆိုတာကလည်း သိတယ်။ ဒါကြောင့် ခံပြင်းမှု ဖြစ်ကြရတယ်။ အဲဒီ ရန္တပိုစာချုပ်ဟာ သူနှင့်သူတို့ချင်း မဟုတ်ဘူး။

သည်တော့ မသိလိုက် မသိဘာသာပဲ နေတယ်။ အင်္ဂလိပ်တို့ရဲ့ ကိုယ်စားလှယ်ကိုလည်း ဂရုမစိုက်ဘူး။ ဒါကို အိန္ဒိယဘုရင်ခံချုပ် ဖြစ်တဲ့ လော့ဒ်ဒါလဟိုဇီက အခံရခက်နေတယ်။ သည်ကတည်းက အင်္ဂလိပ်တို့ဟာ မြန်မာတို့ကို တိုက်ခိုက်ဖို့ စစ်ပြင်နေတယ်။ သည်အတွင် မကြာပါဘူး။ မြန်မာကို ကျွန်ဖြစ်ဖို့ ကြံလာတော့အကြောင်းက ဖန်လာတယ်။



ခရစ်နှစ် ၁၈၅၈ ခုနှစ်၊ ဇွန်လမှာ မိုးနတ်ခေါ်တဲ့ သင်္ဘောတစ်စင်းဟာ ရန်ကုန် ဆိပ်ကမ်းကို ရောက်လာတယ်။ အဲဒီသင်္ဘောကို ကပ္ပိတန်ရောဘတ်ရှက်ပတ်က ဦးစီးတယ်။ အဲဒီတုန်းက ရန်ကုန်မြို့ဝန်ဟာ မဟာမင်းလှမင်းခေါင်ကျော်ဆိုတဲ့ ဦးအုပ် ဖြစ်တယ်။ မကြာခင်ပဲ ကပ္ပိတန်ရောဘတ်ရှက်ပတ်ကို မြို့ဝန်က ဖမ်းဆီးလိုက်တယ်။

အကြောင်းက ရှိတယ်မဟုတ်လား။ သူ့ရဲ့သင်္ဘောမှာ ရေကြောင်းပြတဲ့ အီစွတ်ဆိုသူ အား ပင်လယ်ထဲ ပစ်ချသတ်ဖြတ်တဲ့ ကိစ္စပဲ။ ဒါကို သေဆုံးသွားတဲ့ အီစွတ်ရဲ့ညီ ဟာရှင်က မြို့ဝန်ထံ တိုင်တယ်။

သည်အတွက် မြို့ဝန်က ရှက်ပက်အား ဒဏ်ငွေ ၄၆ ပေါင် ရိုက်တယ်။ နောက်တစ်ခုက အင်္ဂလိပ်စစ်သင်္ဘောမှာ အမှုထမ်းနေတဲ့ ဒေဝါဒလီကလည်း တိုင်ကြားလာပြန်တယ်။ သူဟာ သေဆုံးသူ အီစွပ်ရဲ့ အစ်ကို ဖြစ်တယ်။ အီစွပ် မသေဆုံးမီက အီစွပ်နှင့်အတူ ငွေငါးရာကျပ် ပါသွားတယ်။ ဒါကြောင့် အလျော်တောင်းပေးဖို့ ထပ်တိုင်တာ ဖြစ်တယ်။

အခုဖြစ်သည့် အမှုတွေဟာ မြန်မာမင်းပိုင်သည့် ဒေသအတွင်းမှာပဲရှိလို့ မြန်မာတို့က အရေးယူပိုင်ခွင့် ရှိတယ်။ ဒါကြောင့် မြို့ဝန်ဟာ ရှက်ပတ်ကို ထပ်မံ ဒဏ်ရိုက်လိုက်တယ်။ ဒါကို ရှက်ပတ်က မကျေနပ်ဘူး။

ဒါကြောင့် သည်ကိစ္စကို တနင်္သာရီတိုင်းမှာ အုပ်ချုပ်နေတဲ့ အင်္ဂလိပ်တိုင်းမင်းကြီးထံ လှမ်းတိုင်တယ်။ သူတို့က ရန္တပိုစာချုပ်ကို ကိုင်ပြီး ပြောကြတယ်။ ရန္တပိုစာချုပ် အပိုဒ် ၄ အရ တနင်္သာရီ၊ ရခိုင်၊ ထားဝယ်နယ်များကို အင်္ဂလိပ်တို့က ပိုင်နေပြီမဟုတ်လား။

သည်ကိစ္စက သည်မှာ ရပ်မသွားဘူး။ ငြိမ်မသွားဘူး။ နောက်ပြဿနာတစ်ခုက ပေါ်လာခဲ့ပြန်တယ်။ မကြာခင်ပဲ ချန်ပီယံအမည်ရှိတဲ့ သင်္ဘောတစ်စင်းဟာ ရန်ကုန်ကို ရောက်လာပြန်တယ်။ ကပ္ပိတန်ထ တာရှိုးလူးဝစ် ဖြစ်တယ်။

သူဟာလည်း လမ်းမှာ သင်္ဘောသားတို့ကို သတ်ဖြတ်ခဲ့တယ်။ ဒါကြောင့် အရေးယူပေးဖို့ တိုင်ကြားတယ်။ သင်္ဘောသားတွေက မြို့ဝန်ထံ တိုင်ကြားတယ်။ ဒါကို မြို့ဝန်က လူးဝစ်အား ဖမ်းစေတယ်။ ဒဏ်ငွေ ၇ ပေါင် ဒဏ်ရိုက်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတို့ ရှုတ်ပတ်နှင့် လူးဝစ်တို့က မကျေနပ်ဘူး။ အထူးသဖြင့် မြန်မာတို့ရဲ့ အရေးယူ ခံရမှုကို ပိုပြီး မကျေနပ်ဘူးပေါ့။ ဒါကြောင့် အိန္ဒိယဘုရင်ခံချုပ်ထံ တိုင်ကြတယ်။ သူတို့ ဆုံးရှုံးတဲ့ ငွေပေါင်း ၁၆၂၀၀ ကျပ်ကို လျော်ကြေး ရလိုကြောင်းလည်း ပါတယ်။ အိန္ဒိယဘုရင် ခံချုပ် လော့ဒ်ဒါလဟိုဇီက များတယ်ဆိုပြီး ၉၂၀၀ ကျပ် တောင်းဆိုဖို့ ဆုံးဖြတ်လိုက်တယ်။

သည်တုန်းက အင်္ဂလိပ်တို့ဟာ အာဖဂ္ဂန်နစ္စတန်နှင့် ဖြစ်နေတဲ့ စစ်ပွဲဟာ ပြီးသွားပြီ။ ဒါကြောင့် ဘာကိစ္စပဲလုပ်လုပ် လွတ်လွတ်ကျွတ်ကျွတ် လုပ်နိုင်ပြီပေါ့။ တကယ်တော့ အင်္ဂလိပ်ကုန်သည် နှစ်ဦးရဲ့ ကိစ္စဟာ ဘာမျှမဖြစ်လောက်ဘူး။ သာယာဝတီမင်းလက်ထက်က ဖြစ်ခဲ့တဲ့ အင်္ဂလိပ်၊ မြန်မာ နယ်စပ်အရေး မြန်မာတို့အပေါ် စစ်တိုက်ဖို့ ခြိမ်းခြောက်ခံရခြင်းက သည်ထက်ကြီးမားတယ်။

နှစ်ခုယှဉ်လိုက်လျှင် အခုဖြစ်သည့် ကိစ္စဟာ အလွန်သေးငယ်တယ်။ ဒါပေမဲ့လို့ အင်္ဂလိပ်တို့က ခံပြင်းနေတယ်။ ရန္တပိုစာချုပ်ကို ပစ်ပစ်ခါခါ လုပ်နေခြင်းကို မကျေနပ်ကြဘူး။ ဒါကြောင့် သည်အသေးအဖွဲ ကိစ္စလေးကိုပဲ အစပြုရတော့တာပဲ။

သည်ကုန်သည်နှစ်ဦးအတွက် လျော်ကြေးငွေ တောင်းရန် မြန်မာ အစိုးရက ပြတ်ပြတ်သားသား ငြင်းမယ်ဆိုတာကို အင်္ဂလိပ်တို့က သိတယ်။ သိပေမဲ့ သည်ကိစ္စမှာ ပုံကြီးချဲ့ချင်နေကြတယ် မဟုတ်လား။

ပြီးတော့လည်း မြန်မာတို့ မခံမရပ်ဖြစ်အောင် ဆွပေးရမယ်ပေါ့။ မကြာခင်မှာပဲ ဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီက မြန်မာအစိုးရထံ တန့်ကွက်စာတစ်စောင် ပေးပို့လိုက်တယ်။ အဲဒီကန့်ကွက်စာကို သွားပေးဖို့ စစ်သင်္ဘော ၄ စင်းနှင့် လွှတ်လိုက်တယ်။

ကွန်မင်ဒိုလမ်းဘတ်က ဦးဆောင်သွားခြင်း ဖြစ်တယ်။ တကယ်တော့ သည်ဖြစ်ရပ်က ရှင်းပါတယ်။ ဟံသာဝတီမြို့ဝန်ဆိုတာက ပုဂံမင်းတရားရဲ့ကိုယ်စား အုပ်ချုပ်တာပဲ။ သည်တော့ မြန်မာ့မြေပေါ်မှာ နေသည့်သူမှန်သမျှကို မြန်မာတို့ရဲ့ ဥပဒေနှင့် စီရင်ဆုံးဖြတ် ပိုင်ခွင့်ရှိတာပဲ။



ဘယ်သူပဲဖြစ်ဖြစ်ပေါ့ မြန်မာ့မြေပေါ်မှာ နေသူတို့ဟာ မြန်မာတို့ရဲ့ ဥပဒေထုံးတမ်းစဉ်လာများကို လိုက်နာရမှာပဲ မဟုတ်လား။ သည်တော့ မြန်မာမြို့ဝန်ဆိုတာက တရားပိုင်၊ ဓားပိုင်၊ သက်ဦးဆံပိုင် ဖြစ်တယ်။ တရားစီရင်မှုမှာ သေမိန့် သတ်မိန့်များကို ပေးပိုင်ခွင့် ရှိတယ်။ သည်ဖြစ်ရပ်မှာ ကြည့်လျှင် မြန်မာမြို့ဝန်မင်းရဲ့ သက်ညှာစွာ တရားစီရင်ကြောင်း တွေ့ရမယ်။ တရားမှုရှိကြောင်းလည်း တွေ့ရမယ်။ ဒါကို အင်္ဂလိပ်တို့က မကျေနပ်ဘူး။

မိမိတို့လူမျိုးတွေဟာ လက်နက်အင်အား တောင့်တင်းတယ်။ လူအင်အားလည်း များတယ်။ နယ်မြေကလည်း ကြီးမားတယ်။ သည်တော့ အင်္ဂလိပ်တို့အဖို့ လျော်ကြေးငွေ တောင်းခံခြင်းထက် လက်နက်နှင့် တိုက်ခိုက်ဖို့ ကြိုးစားနေကြတယ်။ အင်္ဂလိပ်တို့ရဲ့ အဓိက တောင်းဆိုချက်က ရန်ကုန်မြို့ဝန် ဦးအုပ်အား ရာထူးမှ ပြောင်းရွှေ့ပြီး ၎င်းနေရာတွင် မြို့ဝန်အသစ် ခန့်ထားပေးရန်နှင့် မတရား ဒဏ်ရိုက်ခံရသော ရှုတ်ပတ်နှင့် လူးဝစ်တို့အတွက် တောင်းဆိုထားတဲ့ လျော်ကြေးငွေ ၉၂၀၀ ကျပ်ကို ပေးရန်တို့ပဲ ဖြစ်တယ်။

ကွန်မင်ဒိုလင်းဘတ်က စစ်သင်္ဘော ၄ စင်းနှင့်အတူ ရန်ကုန်ကို ရောက်လာတယ်။ ဒါကို ရန်ကုန်မှာရှိနေသည့် အင်္ဂလိပ်ကုန်သည်များတဝိုင်းဝန်းတိုင်ကြပြန်တယ်။ မြန်မာ မြို့ဝန်ဟာ ၎င်းတို့အပေါ် မတရားမှုပြုနေကြတယ်ပေါ့။ ဒါကို လင်းဘတ်က တစ်ဦးချင်းရဲ့ နစ်နာချက်များကို စာနှင့်ရေးသားတိုင်ကြားဖို့ ပြောလိုက်တယ်။

တကယ်ဆိုရလျှင် လင်းဘတ်ဟာ လူရှုပ်တစ်ယောက်ပဲ။ သူ့ကို အိန္ဒိယဘုရင်ခံချုပ်က လူးဝစ်နှင့် ရှုတ်ပတ်ကိစ္စအတွက် စေခိုင်းလိုက်တာပဲ။ ခုလို ဟိုပါသည်ပါ ပါနေဖို့ မဟုတ်ဘူး။ ခုလိုလုပ်နေခြင်းဟာ သူထင်ရာ လုပ်နေတာပဲ။

ဒါပေမဲ့ မြန်မာတို့က သည်းခံတယ်။ မြန်မာဘုရင်အစိုး[illegible] အင်္ဂလိပ်တို့၏ တောင်းဆိုမှုအတိုင်း ရေရှည်ဆက်ဆံမှု ပြေ[illegible] ရန်ကုန်မြို့ဝန် ဦးအုပ်အား လူသစ်ခန့်ထားမည် ဖြစ်ကြောင်း [illegible]ပြန်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပဲ ရွှေမြို့တော်ဝန် သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော် (ခ) ဦးမှုန်ကို လူစားခန့်ထားလိုက်တယ်။ သည်တုန်းက ရန်တုန်မှာနေတဲ့ အင်္ဂလိပ်ကုန်သည်တွေဟာ အလွန်ရိုင်းပျကြတယ်။

မြန်မာ့မြေပေါ်မှာ လာနေပြီး မြန်မာတို့ကို မခန့်လေးစား လုပ်တယ်။ အထူးသဖြင့်ကတော့ သူတို့နေတဲ့ အိမ်ဝင်းထဲမှာ ယူနီယံ ဂျက်အလံ အမြဲလွှင့်ထားခြင်းပဲ။ ဒါကို မြို့ဝန်အသစ် ဦးမှုန်က အင်္ဂလိပ်အလံကို ပြန်ချထားဖို့နှင့် အလံတိုင်အနီးမှာထားတဲ့ ခြောက်ပေါင်ဒါအမြောက်ကို ရွှေ့ပြောင်းပစ်ဖို့ အမိန့်ထုတ်လိုက်တယ်။

ဒါကို ကုန်သည် ဗိုးရိုးက လိုက်နာခြင်း မရှိဘူး။ အလံလွှင့်ထူထားခြင်းဟာ အင်္ဂလိပ် စစ်သင်္ဘောမှ ကွန်မင်ဒိုလင်းဘတ်ရဲ့ အမိန့်အရ လွှင့်ထားခြင်း ဖြစ်တယ်။ လင်းဘတ်ထံမှ အမိန့်မရမချင်း အလံကို ပြန်ချထားခြင်း မပြုနိုင်ပါလို့ အကြောင်းပြန်တယ်။

သည်ကြားမှာလည်း လင်းဘတ်ရဲ့ အပြုအမူတွေဟာ မထိမ့်မြင်ရှိလှတယ်။ ဒါကို မြန်မာပြည်မြို့ဝန်လည်း စိတ်ရှည်ရှည်ထားတယ်။ ခုထိ လင်းဘတ်တို့ဟာ ရန်ကုန်နယ်နိမိတ် အတွင်းက မဆုတ်ခွာသေးဘူး။

ခုဆိုလျှင် မြန်မာဘုရင်အစိုးရအဖွဲ့၏ အကြောင်းပြန်ကြားချက်ကိုလည်း ရရှိပြီး ဖြစ်တယ်။ အင်္ဂလိပ်တို့နှင့်အချင်းဖြစ်တဲ့ မြို့ဝန်ဦးအုပ်ကိုလည်း နေပြည်တော်ကို ပြန်ခေါ်ပြီး ဖြစ်တယ်။ ဒါကြောင့် ပြန်ဖို့သင့်နေပြီ။

သည်လို မပြန်ဘဲနေခြင်းဟာ အင်္ဂလိပ်တို့ရဲ့ အကြံအစည်ဟာ မသေးဘူးဆိုတာ သိနိုင်တယ်။ သည်တော့ လင်းဘတ်ဟာ ရန်ကုန်မြို့မှာရှိတဲ့ အင်္ဂလိပ်ကုန်သည်များနှင့် နိုင်ငံခြားသားများကို သူ့ရဲ့ စစ်သင်္ဘောများပေါ်မှာ ပြောင်းရွှေ့နေစေတယ်။

အားလုံးပြီးစီးတာနှင့် လင်းဘတ်ဟာ မြန်မာတို့ရဲ့ ရေနန်းယာဉ်သာ သင်္ဘောကို ခိုးယူသွားတယ်။ ဟာမီးဆိုသည့် တိုက်သင်္ဘောနှင့်တွဲပြီး ယူသွားတာပဲ။ ရန်ကုန်မြို့ရဲ့ အောက်ဘက် ၅ မိုင်ခန့်အကွာမှာ စခန်းချနေတယ်။



ရန်ကုန်၊ ပုသိမ်၊ မော်လမြိုင် မြစ်ကြောင်းများကိုလည်း ပိတ်ဆို့ထားလိုက်တယ်။ ရန်ကုန်မြို့ဝန်မင်းကြီးက ဒလမြို့ဝန်ကို လင်းဘတ်ထံ စေလွှတ်တယ်။ ခိုးယူသွားတဲ့ မြန်မာ သင်္ဘောကို ပြန်လွှဲပေးအပ်ဖို့ပဲ။ ဒါကို လင်းဘတ်က မထေမဲ့ ပြန်ငြင်းပယ်လိုက်တယ်။

အင်္ဂလိပ်တိုက်သင်္ဘော မီးနဲ့ဖောက်တို့ဟာ စနက်တွင်း ခံတပ်အထိ စုန်ဆင်းလာတယ်။ ဖောက်စစ်သင်္ဘောကို လင်းဘတ်က ဦးစီးတယ်။ သူဟာ မြန်မာခံတပ်နှင့် မလှမ်းမကမ်းမှာ ကျောက်ဆွဲရပ်နေတယ်။

ဖံလေဂျွန်သင်္ဘောက လိုက်လာတယ်။ စနက်တွင်းခံတပ်နားရောက်တာနှင့် မြန်မာတပ်များက အမြောက်နှင့် ပစ်ခတ်တယ်။ ထိတယ်။ လင်းဘတ် ဦးစီးတဲ့ အင်္ဂလိပ်တို့ စစ်သင်္ဘောကလည်း ပြန်ပစ်ခတ်တယ်။ သူတို့ဟာ ကမ်းပေါ်တက်ပြီး ခံတပ်များကို တိုက်ခိုက်တယ်။

ကမ်းခြေမှာရှိသည့် မြန်မာတို့ရဲ့ စစ်လှေ၊ စစ်ဖောင်များကို ဖျက်ဆီးနှစ်မြှုပ်ကြတယ်။ လင်းဘတ်ဟာ ရန်ကုန်မြို့ဝန်နှင့် ဆက်ဆံရာမှာ ရိုင်းပါတယ်။ မောက်မာတယ်။ မြန်မာတို့ရဲ့ သင်္ဘောကိုလည်း ဝှတ်အတင်းလုပြေးတယ်။ သည်တော့ အင်္ဂလိပ်တို့ရဲ့ လုပ်ပုံမှာ လုယက်မှု ဖြစ်နေတယ်။

ဒါတွေဟာ တစ်ဖက်သတ်ကျူးလွန်းတယ်။ အနိုင်ကျင့်တယ်ပေါ့။ သူတို့ဟာ လျော်ကြေးငွေကို လက်နက်အားကိုးဖြင့် တောင်းဆိုခြင်းမှတစ်ပါး တခြားရွေးချယ်ဖို့ နည်းလမ်း မရှိတော့ဘူးပေါ့။

သည်သို့အားဖြင့် ၁၈၅၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၈ ရက်နေ့မှာ မြန်မာအစိုးရအဖွဲ့ထံ အိန္ဒိယဘုရင်ခံချုပ် ပြင်းထန်သော တောင်းဆိုချက်များနှင့် ရာဇသံကို ပေးလိုက်တယ်။

အင်္ဂလိပ်တို့ စစ်တိုက်ရန် ပြင်ဆင်တဲ့အတွက် ကုန်ကျငွေစစ်စရိတ်ငွေဒင်္ဂါးတစ်သန်းကို ပေးရမယ်ဆိုတာပဲ။ အဲဒီတောင်းဆိုချက်ကို လိုက်လျောမည် မလိုက်လျောမည်ဆိုတာကို ဧပြီလ၊ ၁ ရက်နေ့ မတိုင်မီ အကြောင်းပြန်ကြားရမယ်လို့လည်း ပါရှိတယ်။

အင်္ဂလိပ်တို့ဟာ ပုဂံမင်းတရားထံ လက်နက်ပြပြီး အခွင့်အရေးတစ်ရပ်ကို တောင်းဆိုလိုက်တာပဲ။ မြန်မာတို့က အင်္ဂလိပ်ကုန်သည်များကို

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆိုစာချုပ်အတိုင်း မဆောင်ရွက်ခဲ့ဘူး။ ညှဉ်းပန်းနှိပ်စက်တယ်။ ငွေကြေးအခြောက်အခြား တောင်းဆိုတယ်။ သည့်အတွက် အင်္ဂလိပ်ကုန်သည်တို့ကို စောင့်ရှောက်ဖို့ မြန်မာမင်း ပိုင်နက်မှာ အရေးပိုင်ထားလိုတယ်။

နောက်တစ်ချက်က ပုဂံမင်း ခန့်ထားတဲ့ ရန်ကုန်မြို့ရှိ မင်းကြီးဦးမှုန်ဟာ အင်္ဂလိပ် စစ်ဗိုလ်များသဝဏ်လွှာ ပို့ဆက်ရန် လာခြင်းကို အတွေ့ မခံဘူး။ ဒါကြောင့် အင်္ဂလိပ်တို့ အရှက်ရတယ်။ ဒါအတွက် မင်းကြီးဦးမှုန်က အင်္ဂလိပ်တို့အား တောင်းပန်စေရမယ်။

ဒါ့အပြင် ပုဂံမင်းက ကပ္ပိတန်လူးဝစ်နှင့် ရှက်ပက်တို့အား ညှဉ်းပန်းနှိပ်စက်ပြီး ယူထားသည့် ငွေကို ပြန်ပေးရမယ်။ အဲဒီတောင်းဆိုချက်တွေဟာ ဘယ်ထောင့်ကပဲကြည့်ကြည့် မတရားမှန်း လူတိုင်းသိတယ်။ အနိုင်ကျင့်တာပဲ။ ဒါကြောင့် ပုဂံမင်းဟာ စစ်သည်ဗိုလ်ပါတို့ အား လက်နက်ပြင်ဖို့ အမိန့်တော် ထုတ်လိုက်တယ်။

သည်လိုနဲ့ပဲ ပုဂံမင်းတရားကြီး ထီးနန်းစိုးစံသက် ၅ နှစ်ကြာမှ မြန်မာနှင့်အင်္ဂလိပ်တို့ဟာ ဒုတိယအကြိမ် စစ်ဖြစ်ရပြန်တော့တယ်။ တကယ်တော့ ဒါတွေဟာ မြန်မာတို့အဖို့ ကျွန်ဖြစ်ဖို့ ကြုံလာရတော့ပြီဖြစ်တဲ့ ရှေ့ပြေးတွေပဲ။

သည်လို အင်္ဂလိပ် မြန်မာ ဆက်ဆံရေး ဆိုးဝါးလာချိန်မှာတောင် မြန်မာတို့ဘက်မှ အတော်လိုက်လျောခဲ့သေးတယ်။ သည်းခံခဲ့သေးတယ်။ အင်္ဂလိပ်ကုန်သည်တွေ ပြောသလို သူတို့ကို ဖိနှိပ်တယ်၊ ညှဉ်းပန်းတယ်၊ မတရားလာဘ်စားတယ်ဆိုတာဟာ သူတို့ရဲ့ စွပ်စွဲချက်တွေပဲ။

တကယ်လို့ အင်္ဂလိပ်တို့ရဲ့ မတရားမှုတွေကို ပုဂံမင်းတရားက အတော်များများ လိုက်လျောစေခဲ့သေးတယ်။ စိတ်တော်ချုပ်တည်းမှု ထားခဲ့သေးတယ်။ တကယ်ဖြစ်တာက မြန်မာတို့ဟာ နိုင်ငံခြားသားများကို ကျူးကျော်နှိပ်စက်ခြင်းထက် နိုင်ငံခြားသားများကသာ မြန်မာတို့ကို ကျူးကျော်နှိပ်စက်မှု ရှိခဲ့တယ်။ အဲဒီဖြစ်ရပ်တွေဟာ အင်္ဂလိပ်ကုန်သည်များရဲ့ မတရား လီဆယ်တိုင်တန်းတာ ဖြစ်နေတယ်။



အင်္ဂလိပ်ကုန်သည်များ ရန်စခဲ့တယ်။ ဒါတွေအပြင် အင်္ဂလိပ်စစ်သားများကလည်း ရန်ကုန်မြို့ဝန်ရဲ့ နေအိမ်ဝင်းထဲကို ဖိနပ်စီးပြီး ဓားစွဲပြီး အတင်းဝင်ခဲ့တယ်။ ဒါကို မြို့ဝန်ရဲ့ အစောင့်တပ်သားများက မသင့်တော်ကြောင်း တားဆီးတယ်။ သည်တော့ အင်္ဂလိပ်စစ်သား များက ရန်မူပြီး ဓားနှင့် လိုက်ခုတ်တယ်။

သူတို့ကို မြန်မာတို့က လိုက်ဖမ်းတယ်။ သဘောပေါ် တက်ပြေးကြတယ်။ ဒါကို တာဝန်ရှိတဲ့ လင်းဘတ်က ဆင်ခြေပေးတယ်။ လူကြီးလူကောင်းတစ်ယောက်ဟာ မှန်တယ် ထင်ရာကို လုပ်ကိုင်ခွင့် ရှိတယ်။ မြို့ဝန်အိမ်မှာရှိတဲ့ စစ်သားများကို အရေးထား ဆက်ဆံဖို့ မလိုဘူး။

ဂုဏ်သိက္ခာကျမယ်။ လူမိုက်တို့က အင်္ဂလိပ်စစ်တပ်ရဲ့ ဓားတို့ အတင်းလုတယ်။ ဒါကြောင့် ရန်ပွဲဖြစ်တယ်ပေါ့။ တကယ်ဆိုရလျှင် စစ်ပွဲဆိုသည်မှာ တိုင်းပြည်နှင့်လူမျိုးကို ထိခိုက်စော်ကားမှုကြောင့် စစ်တိုက်ရတာပဲ။

အခုဖြစ်တဲ့ အင်္ဂလိပ် မြန်မာ ဒုတိယစစ်ပွဲဟာ တမင်သက်သက် ကျူးကျော်ခြင်း ဖြစ်တယ်။ စစ်ပွဲဟာ တစ်ဖတ်သတ် ကျတယ်။ အင်္ဂလိပ်တို့က နိုင်ငံကြီးများအချင်းချင်း စောင့်စည်းရမည့် ထုံးတမ်းစဉ်လာကို ဖောက်ဖျက်ခဲ့တယ်။

သူတို့ဘက်က လုံးဝ စစ်ကြေငြာခြင်းမရှိဘဲ ၁၈၅၂ ခုနှစ်၊ ဧပြီလ၊ ၅ ရက်နေ့မှာ ရန်ကုန်၊ မုတ္တမနှင့် ပုသိမ်မြို့များကို တစ်ပြိုင်နက်တည်း အလစ်ဝင်တိုက်ခဲ့တယ်။ သည်တွင် မိမိပိုင်တိုင်းပြည်နယ်မြေကို ခုခံကာကွယ်ဖို့ မြန်မာတပ်များက ပြန်လည်တိုက်ခိုက်တော့တယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ဒါတွေဟာ မြန်မာတွေအဖို့ ကျွန်ဖြစ်ဖို့ ကြုံလာရတော့မယ့် ရှေ့ပြေးနိမိတ်တွေပဲ။ သည်တုန်းက မြန်မာနိုင်ငံအဖို့ စက်မှုအင်အား တိုးတက်မှု မရှိသေး ဘူး။ တခြားနိုင်ငံပြည်ပသို့လည်း အမြင်ကျယ်စွာ မလေ့လာကြသေးဘူး။ သယံဇာတ ပေါကြွယ်ဝတဲ့ မိမိတို့ နိုင်ငံလေးထဲမှာပဲ ကျေနပ်နေကြတယ်။

နိုင်ငံကို တိုးတက်အောင်လုပ်ဖို့ကလည်း ခေါင်းဆောင်ကောင်း မရှိခဲ့သေးဘူး။ ပြီးတော့လည်း ပဒေသရာဇ် သက်ဦးဆံပိုင်ခေတ် ခေတ်

www.burmeseclassic.com



လာ။ သည်တော့ တစ်မင်း၊ တစ်မိန့်၊ တစ်ဩဇာရဲ့ လက်အောက်မှာ ပြားပြားဝပ်ခဲ့ရတာပဲ။

အဲဒီတုန်းက ဘုရင်မင်းတရားတွေမှာ မိဖုရားတွေ အများကြီးပဲ။ သည်လို မိဖုရားများရတာကလည်း များချင်လွန်းလို့ ဟုတ်ဟန်မတူဘူး။ ချစ်ကြည်ရေးကြောင့်၊ အုပ်ချုပ်ရေးကြောင့်၊ အင်အားတောင့်တင်းရေးကြောင့်၊ စီးပွားရေးကြောင့်၊ လူမှုရေးတွေကြောင့်ပဲ သမီးပေး သမီးယူတဲ့ ကိစ္စတွေ ဖြစ်လာကြတယ် ထင်ပါတယ်။

ဘာပဲဖြစ်ဖြစ်လေ သည်မိဖုရားတွေက ပွားလာတဲ့ သားတော် သမီးတော်များမှာ ပြဿနာ ရှိလာတယ်။

နိုင်ငံတော်ရဲ့ ထီးနန်းစည်းစိမ်ကို မျက်စောင်းထိုးကြတယ်။ ဒီတော့ သူ့ငါသတ်၊ ငါ့သူသတ်ဆိုတဲ့ကိန်းက ထပ်ဆင့်လိုက်လာတယ်။ တစ်ဆက်တည်း စည်းစိမ်ယစ်မူးဖို့အတွက် သွေးရင်းသားရင်းကိုတောင် မညှာတော့ဘူး။ ဘယ်သူသေသေ ငတေမာလျှင် ပြီးရောဆိုတဲ့ ကိန်းဆိုက်နေကြတာပဲ။

ဒါကို နယ်ချဲ့ချင်တဲ့ အင်အားကြီးနိုင်ငံတွေက ကြည့်နေတယ်။ အခြေအနေပေးတယ်ဆိုလျှင် ပေးတဲ့အခြေအနေကို အရယူတယ်။ အစကတည်းက ဝါးမျိုဖို့ ကြိုးစားတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါလေ။ အဲဒီတုန်းက အင်္ဂလိပ်တွေဟာ မြန်မာနိုင်ငံကို သိမ်းယူဖို့ ခြေကုန်နေတာပဲ။ အိန္ဒိယပြည်ကို အခြေခံပြီး အရှေ့တောင်အာရှတစ်ခွင်မှာ ကိုလိုနီနိုင်ငံ ချဲ့ထွင်ဖို့ ကြိုးပမ်းနေပြီပဲ။

သူ့အချိန်နှင့်သူတော့ မြန်မာနိုင်ငံကို သိမ်းယူမှာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် တစ်နေ့မှာတော့ သေသေချာချာ သိမ်းယူမှာ ဖြစ်တယ်။ ဒါပေမဲ့ ခုလို စောစောစီးစီး သိမ်းယူဖို့ မကြိုးစားခဲ့ဘူး။ အခြေအနေအရပ်ရပ်ကို စောင့်ကြည့်နေတာပဲ။ ဒါကို အရင်းစစ် အမြစ် မြေက လှန်လိုက်လျှင်တော့ မြန်မာတွေ ကျွန်ဖြစ်ဖို့ ကြုံလာတဲ့ အရေးဟာ ဗြိတိသျှနယ်ချဲ့စနစ်ပဲလို့ ဆိုရလျှင် မည်သူကကော ငြင်းဆန်လို့ ရကောင်းမှာတဲ့လဲ။

မေတ္တာဖြင့်
မောင်စေယျ
၈ ဒီဇင်ဘာ ၂၀၀၀
ည ၈း၀၀ နာရီ
ရန်ကုန်မြို့

## ကျမ်းကိုး


၁။ ဦးဘသန်း(B.A) ကျောင်းသုံးမြန်မာစာ
၂။ ကုန်းဘောင်မင်းဆက် ရာဇဝင်တော်ကြီး (တတိယတွဲ)


www.burmeseclassic.com